The Commerce Journal
http://www.commercejournal.com.mm
စီးပွားရေးသတင်းဂျာနယ်
စီးပွားရေးအောင်မြင်ရန်သတင်းအချက်အလက်ကိုအခြေခံ
VOL. 18, NO. 52 | တနင်္လာနေ့တိုင်းထုတ်ဝေသည် | December 31, 2018

# ပြည်ပပို့ကုန်အတွက် အားထားရမည့် ပိုးစာစိုက်ပျိုးရေးနှင့် ပိုးစာစိုက် တောင်သူများ ဝင်ငွေတိုးစေမည့် ပိုးမွေးမြူခြင်းလုပ်ငန်းအဆင့်ဆင့်


စာမျက်နှာ - ၁၈ ➢



## နိုင်ငံခြားကုမ္ပဏီများ၊ အစိုးရမဟုတ်သော ပြည်ပအဖွဲ့အစည်းများနှင့် နိုင်ငံခြားကုမ္ပဏီများ၏ ရုံးခွဲများအား ရုံးလုပ်ငန်းသုံးပစ္စည်းများ၊ ဝန်ဆောင်မှုလုပ်ငန်းများနှင့် ဆက်နွယ်နေသောပစ္စည်းများ တင်သွင်းခွင့်ပြုကြောင်းထုတ်ပြန်

စာမျက်နှာ - ၃ ➢

## လက်မှုပညာဖြင့် ပေါင်းစပ်ထုတ်လုပ်ထားသော ဂျုံရိုးဦးထုပ်လေးများ



စာမျက်နှာ - ၁၁ ➢

## ဈေးငြိမ်နေတဲ့ ရော်ဘာ ဒီတစ်ပတ် မြင့်တက်လာ

စာမျက်နှာ - ၂၂ ➢

Pro Plus Furniture Factory
PVF Premium Valiant Family Co.,Ltd
Valiant Seating
bello
Since SGS Testing
16 Years Experience in Furniture Field



Creative Quality Service
* Office Furniture,
* Home Furniture,
* Restaurant Furniture,
* School Furniture,
* Sofa & Chairs
Service
*FREE Measurement
*FREE Layout Plan
*FREE Consulting
*FREE Quotation
*FREE Delivery & Installation

Adress - No.3,Than Chet Wun,U Myu Road, East Dagon Industrial Zone (2),East Dagon Township,Yangon,Myanmar
Contact - +959 764 800 881, +959 764 800 882, +959 955 100 881, +959 955 100 882
Email - info@proplusfurniture.com
Web Link - www.proplusfurniture.com, www.facebook.com/proplusfurniturefactory
Our Products Warranty



INTERNATIONAL BANKING
www.mwdbank.com
MYAWADDY BANK LIMITED
မြဝတီဘဏ်လီမိတက်
MYAWADDY BANK LIMITED
Foreign Banking Services
နိုင်ငံခြားငွေကြေး (USD/ SGD/ EUR/ THB) တို့ဖြင့် စာရင်းရှင်စာရင်း ဖွင့်လှစ်ခြင်း။
Import L/C ဖွင့်လှစ်ခြင်း။
Export L/C အကြောင်းကြားပေးခြင်း။
T.T စနစ်ဖြင့် ငွေလွှဲပေးပို့ခြင်း။
ဘဏ်အာမခံထုတ်ပေးခြင်း။
နိုင်ငံခြားငွေကြေး (USD/ SGD/ EUR/ THB) တို့ကို ဝယ်ယူ/ရောင်းချလဲလှယ်ခြင်းလုပ်ငန်းများ။
Western Union Company နှင့် ချိတ်ဆက်၍ငွေလွှဲဆောင်ရွက်ပေးခြင်း။
ပြည်ပနိုင်ငံများ မှ ငွေလွှဲပို့ခြင်း။
ပြည်ပနိုင်ငံများ သို့ ငွေလွှဲပို့ခြင်း။
Export Earning ဝယ်ယူရောင်းချပေးခြင်း
Trade Financing Facility
Trade Financing Facility ကို သတ်မှတ်အတိုးနှုန်း အသီးသီးဖြင့်
(က) ပို့ကုန်တင်ပို့ပြီးနောက် ချေးငွေထုတ်ချေးခြင်း (Postshipment Financing)
(ခ) ပစ္စည်းဝယ်ယူပြီးနောက် ငွေပေးချေခြင်း
(ဂ) ကုန်ပစ္စည်းများတင်သွင်းရန် ကြိုတင်ငွေပေးခြင်း စသည့်လုပ်ငန်းများအတွက် ဝန်ဆောင်မှုပေးခြင်း။
International Remittance
ပြည်ပဘဏ်များမှ မြန်မာနိုင်ငံ မြဝတီဘဏ်သို့ငွေလွှဲပေးပို့ခြင်း (Inward Remittance) နှင့် မြန်မာနိုင်ငံ မြဝတီဘဏ်မှ ပြည်ပဘဏ်များမှတဆင့် ငွေလွှဲပေးပို့ခြင်း (Outward Remittance) လုပ်ငန်းများကို နိုင်ငံခြားသုံးငွေစီမံခန့်ခွဲမှု ဥပဒေ၊ နည်းဥပဒေတို့နှင့်အညီ S.W.I.F.T ဖြင့် လျင်မြန်စွာ ဆောင်ရွက်ပေးပါသည်။
Secure, Secret, Swift and Correct, Myawaddy Bank
MPU
JCB
UnionPay




SAILUN TIRE
ATREZZO SH406
ATREZZO SVA1
S702
S911
Exclusive Distributor:
SAN NGWE YAUNG CO., LTD.
Yangon:No.(59-60), Hlay Thin Ah Twin Wun U Chain Street, Industrial Zone(2),Hlaing Thar Yar Township, Yangon, Myanmar.
Tel:09-442377775,442377776,442377779
Mandalay:PaPa(21/1), Corner of Yaw Min Gyi Street & 66 Street, Industrial Zone(1), Mandalay, Myanmar.
Tel:02-5154403,5153970,5152224,5153100,5152117

# ဆန်နဲ့ဆန်ကွဲတင်ပို့မှု တန်ချိန်ရှစ်သောင်းခုနစ်ထောင်ကျော်ရှိပြီး ယခင်တစ်ပတ်ထက် တင်ပို့မှုပိုမို

မြန်မာ-တရုတ်နယ်စပ်ရှိ ကုန်သွယ်ရေးစခန်းများမှ ဒီဇင်ဘာ ၁၅ ရက် မှ ၂၁ရက်အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၉ ဒသမ ၀၉၉ သန်းတန်ဖိုးရှိ ဧည့်မထဆန် ၃၀၇၂၆ တန်တင်ပို့ခဲ့ကြောင်း သိရပါတယ်။ ယခုတစ်ပတ်မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်မှ ၂၂၅၀၆ တန်၊ ချင်းရွှေဟော်ကုန်သွယ်ရေးစခန်းမှ တန်ချိန် ၁၇၀၀၊ လွယ်ဂျယ်ကုန်သွယ်ရေးစခန်း မှ တန်ချိန် ၆၅၂၀ တင်ပို့ခဲ့ပြီး ယခင် တစ်ပတ် တင်ပို့မှုနဲ့နှိုင်းယှဉ်ပါက ၆၄၅၃ တန်ပိုမိုတင်ပို့ခဲ့ကြောင်း သိရှိရပါတယ်။

ယခုတစ်ပတ် လွယ်ဂျယ်ကုန်သွယ်ရေးစခန်းများမှ အမေရိကန်ဒေါ် လာ သုည ဒသမ ၀၃၅ သန်းတန်ဖိုးရှိဆန်ကွဲ ၁၂၈တန်ကျော်တင်ပို့ခဲ့ပြီး ယခင်တစ်ပတ်တင်ပို့မှုထက် ၆၉ တန် ပိုမိုတင်ပို့ခဲ့ကြောင်း သိရှိရပါတယ်။

ပင်လယ်ရေကြောင်းကုန်သွယ်မှုမှ ဒီဇင်ဘာ ၁၆ ရက်မှ ၂၂ ရက်အထိ သီတင်းတစ်ပတ်အတွင်း အမေရိကန် ဒေါ်လာ ၁၅ ဒသမ ၄၅၄ သန်းတန်ဖိုးရှိ ဧည့်မထဆန်၊ ငစိန်ဆန်နဲ့ ပေါင်းဆန် ၄၇၀၆၆ တန် တင်ပို့ခဲ့ကြောင်း သိရပါတယ်။ ယခုတစ်ပတ်မှာ ဖိလစ်ပိုင်နိုင်ငံသို့ ၂၂၄၈၅ တန်တင်ပို့ပြီး အများဆုံးတင်ပို့ခဲ့တာဖြစ်ပါတယ်။ အခြားတင်ပို့တဲ့နိုင်ငံများမှာ အိုင်ဗရီကို့စ်နိုင်ငံသို့ တန်ချိန် ၁၁၅၀၀၊ ဂီနီနိုင်ငံသို့ ၂၂၉၅ တန်၊ တရုတ်နိုင်ငံသို့ ၇၆ တန်ကျော်နဲ့ အီးယူနိုင်ငံများသို့ တန်ချိန် ၁၀၇၁၀ တင်ပို့ပါတယ်။ ယခင်တစ်ပတ်တင်ပို့မှုနဲ့ နှိုင်းယှဉ်ပါက တန်ချိန် ၂၂၃၉၀ ပိုမိုတင်ပို့ခဲ့ကြောင်း သိရပါတယ်။

ယခုတစ်ပတ်ကုန်သွယ်မှုမှာ ဆန်အပြင် ဆန်ကွဲလည်း ပိုမိုတင်ပို့နိုင်တာတွေ့ရပါတယ်။ အမေရိကန်ဒေါ်လာ ၂ ဒသမ ၆၈၀ သန်းတန်ဖိုးရှိဆန်ကွဲ ၉၆၃၅ တန်တင်ပို့ခဲ့ပြီးယခင်တစ်ပတ် တင်ပို့မှုထက် တန်ချိန် ၁၃၀၀ ပိုမိုတင်ပို့ နိုင်ကြောင်း သိရပါတယ်။ တစ်ပတ်အတွင်းဆန်နဲ့ဆန်ကွဲ တင်ပို့မှုစုစုပေါင်းမှာ ဆန် ၇၇၇၉၂ တန် နဲ့ဆန်ကွဲ ၉၇၆၃ တန်ဖြစ်ပြီး ယခုတစ်ပတ်မှာ ဆန်ရောဆန်ကွဲပါ ပိုမိုတင်ပို့နိုင်ကြောင်း သိရပါတယ်။

**ယဉ်ယဉ်အေး**

## အရောင်းအဝယ်အေးတဲ့အတွက် ဆန်ချောအချို့ဈေးကျ

ယခုတစ်ပတ် ရန်ကုန်ဆန်ဈေးကွက်မှာ ဝါးတန်းကုန်စည်ဒိုင်သို့ ဆန်အဝင်ပုံမှန်ရှိပြီး အရောင်းအဝယ်အေးတဲ့အတွက် ဆန်ချောတချို့ဈေးကျကြောင်း သိရပါတယ်။ ကုန်စည်ဒိုင်ရဲ့ဆန်လက်ကားဈေးနှုန်းများအရ ဖျာပုံပေါ်ဆန်းဆန်ထိပ်စတစ်အိတ်လျှင် ကျပ် ၃၈၀၀၀ နဲ့ လတ်စတစ်အိတ် လျှင် ကျပ် ၃၇၀၀၀၊ ပုသိမ်ပေါ်ဆန်းဆန်ထိပ်စတစ်အိတ်လျှင် ကျပ် ၄၂၀၀၀ နဲ့ လတ်စတစ်အိတ်လျှင် ကျပ် ၄၀၀၀၀၊ ကျိုက်လတ်ပေါ်ဆန်းဆန်ထိပ်စတစ်အိတ်လျှင် ကျပ် ၃၅၀၀၀ နဲ့လတ်စတစ်အိတ်လျှင် ကျပ် ၃၄၀၀၀၊ ရွှေဘိုပေါ်ဆန်းဆန်တစ်အိတ်လျှင် ကျပ်၆၂၀၀၀- ကျပ်၆၄၀၀၀ရှိပြီး ယခင်တစ်ပတ်အတိုင်း ဈေးငြိမ်နေပါတယ်။ အရောင်းအဝယ်အေးတဲ့အတွက် ဆန်ချောတစ်ချို့ဖြစ်တဲ့ နယ်စုံပေါ်ဆန်းအသစ်နဲ့ ကျားပျံအသစ်ဈေးအနည်းငယ်ကျကြောင်း သိရပါတယ်။ နယ်စုံပေါ်ဆန်းဆန်တစ်အိတ်လျှင် ကျပ် ၃၂၀၀၀-ကျပ် ၃၄၀၀၀၊ ကျားပျံပေါ်ဆန်းအသစ်တစ်အိတ်လျှင်ကျပ် ၃၅၀၀၀- ကျပ် ၃၇၀၀၀ ရှိပြီး တစ်အိတ်ကိုကျပ် ၁၀၀၀ ခန့် ဈေးကျကြောင်းသိရပါတယ်။

ယခုတစ်ပတ် ဆန်ကြမ်းဈေးကွက်မှာ ဆန်သစ်ပေါ်တဲ့ ရာသီချိန်ဖြစ်တဲ့အတွက် ပုံမှန်အဝင်ရှိသော်လည်း အရောင်းအဝယ်အေးကြောင်း၊ ဈေးလည်းပုံမှန်ရှိကြောင်း သိရပါတယ်။ ဧည့်မထ ၂၅ မှတ်တစ်အိတ်လျှင် ကျပ် ၂၁၀၀၀- ကျပ် ၂၁၅၀၀၊ ရက် (၉၀) ဆန်တစ်အိတ်လျှင် ကျပ် ၂၉၀၀၀- ကျပ် ၃၁၀၀၀၊ သီးထပ်(ရှယ်) တစ်အိတ်လျှင် ကျပ် ၂၃၀၀၀- ကျပ် ၂၄၀၀၀ ရှိပြီး ယခင်တစ်ပတ်အတိုင်းဈေးငြိမ်နေကြောင်း ကုန်စည်ဒိုင်မှ သိရပါတယ်။

**ယဉ်ယဉ်အေး**

# ဒီဇင်ဘာနောက်ဆုံးပတ်တွင် ဧရာဝတီတိုင်းဒေသကြီး မြို့နယ်အချို့၌ ဆန်၊ စပါး ဈေးအတက်/အကျဖြစ်

ဧရာဝတီတိုင်းဒေသကြီး ဆန်/စပါးဈေးကွက်တွင် ဒီဇင်ဘာနောက်ဆုံးပတ်၌ ပုသိမ်ခရိုင်အတွင်းရှိမြို့နယ်အချို့တွင် စပါးသစ်များ လှိုင်လှိုင်ထွက်ရှိမှုကြောင့် ပုသိမ်မြို့နယ်တွင် ယခင်ပေါ်ဆန်းစပါး ၄၆ ပေါင် တင်း ၁၀၀ ကို ကျပ် ၉၀၆၀၀၀မှ ယခုဈေး ကျပ် ၈၈၀၀၀၀၊စပါးတင်း ၁၀၀ ကိုကျပ် ၂၆၀၀၀ ဖြင့် ဈေးကျဆင်းသွားပြီး ကန်ကြီးထောင့်မြို့နယ်တွင် ပေါ်ဆန်းစပါး ၄၆ ပေါင် တင်း ၁၀၀ ကို ကျပ် ၉၂၀၀၀၀ မှ ယခုကျပ် ၈၈၀၀၀ ဖြင့် စပါးတင်း ၁၀၀ ကို ကျပ် ၄၀၀၀၀ခန့် ဈေးနှုန်းကျဆင်းသွားကြောင်း၊ မိုးဧည့်မထစပါး ၄၆ ပေါင် တင်း ၁၀၀ ကို ယခင် ကျပ် ၅၈၀၀၀၀ မှ ယခု ကျပ် ၅၇၀၀၀၀ ဖြစ်သွား၍ စပါးတင်း ၁၀၀ ကို ကျပ် ၁၀၀၀၀ ဝန်းကျင်၊ယခင်ဆန်တစ်အိတ်ကို ကျပ် ၂၂၀၀၀ မှ ယခု ကျပ် ၂၁၀၀၀ ဖြင့်ဆန်တစ်အိတ်ကို ကျပ် ၁၀၀၀ ဝန်းကျင် ဈေးနှုန်းကျဆင်းသွားကြောင်း၊ ကြံခင်းမြို့နယ်တွင် ယခင်မိုးဧည့်မထစပါး ၄၆ ပေါင်တင်း ၁၀၀ ကို ကျပ် ၅၂၅၀၀၀ မှ ယခုဈေးကျပ်၅၄၀၀၀၀ ဖြစ်သောကြောင့် စပါးတင်း ၁၀၀ ကို ကျပ် ၂၀၀၀၀ဝန်းကျင် ဈေးနှုန်းမြင့်တက်သွားပြီး ဆန်တစ်အိတ်ကို ၂၁၅၀၀ ကျပ်မှ ၂၁၀၀၀ ကျပ်ဈေးဖြစ်သွား၍ ဆန်တစ်အိတ်ကို ကျပ် ၅၀၀ခန့် ဈေးနှုန်းမြင့်တက်သွားကြောင်း ဆန်စပါးဈေးကွက်သတင်းများမှ သိရသည်။

ဖျာပုံခရိုင်အတွင်းရှိမြို့နယ်များတွင် ယခင်မိုးဧည့်မထစပါး ၄၆ ပေါင် တင်း ၁၀၀ ကိုယခင် ကျပ် ၅၂၀၀၀၀-၅၃၀၀၀၀ မှ ယခု ကျပ် ၅၂၅၀၀၀-၅၅၃၃၀၀ ဝန်းကျင်ဖြစ်သွားသောကြောင့် စပါးဈေးထောင်ဂဏန်းဝန်းကျင်ဈေးနှုန်း မြင့်တက်လျက်ရှိပြီး ကျန်မြို့နယ်များတွင် ဈေးနှုန်းတည်ငြိမ်လျက်ရှိကြောင်း သိရသည်။

**မင်းမင်းဦး(ပသ)**

## မိုးစပါးဈေး အနည်းငယ်ကျလျက်ရှိ

တောင်ငူခရိုင်အတွင်းရှိ ၂၀၁၈- ၂၀၁၉ မိုးစပါးဈေးမှာ၊ ပေါင် ၅၀ ကိုက် စပါးတင်း ၁၀၀ လျှင် ကျပ် ၅၇၀၀၀၀ အထက်ရှိသော်လည်း ယခုအပတ်တွင် စပါးဈေးအနည်းငယ်ကျဆင်းလာပါသည်။ စက်ပိုင်/ ကုန်သည်များမှ မိမိ၏ ကြိတ်နှုန်းအားဝယ်ယူသိုလှောင်နိုင်သည့်အနေအထားရှိသည့်အတွက် စပါးဝယ်ယူမှုနှေးကွေးလာသဖြင့် စပါးဈေးကျဆင်းလာကြောင်း နောက်ပိုင်းတွင် လည်းစပါးဈေးနှုန်းဆက်လက်ကျဆင်းဖွယ်ရှိကြောင်း ဆန်စက်ပိုင်ရှင်တစ်ဦးနှင့် ကုန်သည်ပွဲစားတစ်ဦးထံမှ သိရှိရသည်။၄၆ပေါင်ကိုက် စပါးတင်း ၁၀၀ ဈေးနှုန်းမှာ ကျပ် ၅၂၅၀၀၀ခန့်ရှိကြောင်း၊ ၂၀၁၈-၂၀၁၉ (မိုးစပါး) ဆန်တစ်အိတ်ဈေးမှာ ကျပ် ၂၀၅၀၀ ရှိကြောင်း သိရှိရပါသည်။

**စောသန်းထိုက်ကျော်(တောင်ငူ)**

## အာရှနိုင်ငံတွေက FOB ဆန်ဈေးနှုန်းများ

၂၈-၁၂-၂၀၁၈ ဒေါ်လာ/တန်

| | ထိုင်း | | | ဗီယက်နမ် | | | အိန္ဒိယ | | | ပါကစ္စတန် | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် |
| ဆန်ဖြူ ၁၀၀ % | ၃၈၈ | ၃၉၀ | △ | - | - | - | - | - | - | - | - | - |
| ဆန်ဖြူ ၅% | ၃၇၈ | ၃၇၀ | △ | ၃၇၄ | ၃၇၅ | △ | ၃၇၀ | ၃၇၀ | □ | ၃၄၈ | ၃၄၈ | □ |
| ဆန်ဖြူ ၁၀% | ၃၇၆ | ၃၇၈ | △ | ၃၇၂ | ၃၇၂ | □ | - | - | - | ၃၄၃ | ၃၄၃ | □ |
| ဆန်ဖြူ ၁၅% | ၃၇၄ | ၃၇၆ | △ | ၃၇၀ | ၃၇၀ | □ | - | - | - | ၃၃၈ | ၃၃၈ | □ |
| ဆန်ဖြူ ၂၅% | ၃၆၈ | ၃၇၀ | △ | ၃၆၅ | ၃၆၄ | ▽ | ၃၆၀ | ၃၆၀ | □ | ၃၃၃ | ၃၃၃ | □ |
| ပေါင်းဆန် | ၄၀၄ | ၄၀၆ | △ | - | - | - | ၃၇၂ | ၃၇၈ | △ | ၄၀၀ | ၄၀၀ | □ |

***Source: liverice***

## ပြည်တွင်းမြို့ကြီးများ၏ (၂၈-၁၂-၂၀၁၈)ရက်နေ့ ဆန်၊ စပါးဈေးနှုန်းများ

ရေတွက်ပုံ-ကျပ်/စပါး(တင်း)၊ ဆန်(တစ်အိတ်)

| မြို့ | ဧည့်မထအုပ်စု | | | | ပေါ်ဆန်းအုပ်စု | | | |
|---|---|---|---|---|---|---|---|---|
| | စပါး | | ဆန် | | စပါး | | ဆန် | |
| | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် |
| **ဆန်ပိုဒေသများ** | | | | | | | | |
| ပြည် | ၅၃၀၀ | □ | ၂၁၅၀၀ | □ | ၈၅၀၀၀ | □ | ၄၃၀၀၀ | □ |
| ပုသိမ် | ၅၇၀၀ | □ | ၂၁၀၀၀ | □ | ၈၈၀၀၀ | □ | ၃၇၀၀၀ | □ |
| ပဲခူး | ၅၃၀၀ | □ | ၂၂၅၀၀ | □ | - | □ | ၅၃၀၀၀ | □ |
| ရွှေဘို | ၆၅၀၀ | □ | ၂၆၀၀၀ | □ | ၁၅၅၀၀ | □ | ၅၄၀၀၀ | □ |
| စစ်တွေ | ၅၀၀၀ | □ | ၂၂၀၀၀ | □ | ၇၆၀၀ | △ | ၃၆၀၀၀ | △ |
| **ဆန်လိုဒေသများ** | | | | | | | | |
| နေပြည်တော် | ၆၀၀၀ | □ | ၂၄၀၀၀ | □ | - | - | ၄၅၀၀၀ | □ |
| ရန်ကုန်(ဝါးတန်း) | ၅၀၈၀ | □ | ၂၁၂၀၀ | □ | - | - | ၃၄၀၀၀ | □ |
| မန္တလေး | ၆၅၀၀ | □ | ၂၄၀၀၀ | □ | - | - | ၅၀၀၀၀ | □ |
| မကွေး | ၆၀၀၀ | □ | ၂၈၀၀၀ | △ | - | - | ၄၉၀၀၀ | □ |
| မော်လမြိုင် | ၆၃၀၀ | △ | ၂၂၀၀၀ | △ | ၁၁၀၀၀ | □ | ၃၈၀၀၀ | △ |
| လှိုင်ကော် | ၈၃၁၀ | ▽ | ၃၆၀၀၀ | □ | - | - | ၆၅၀၀၀ | ▽ |
| မြိတ် | ၆၈၀၀ | □ | ၂၃၀၀၀ | ▽ | - | - | ၄၁၀၀၀ | ▽ |
| ဘားအံ | ၅၅၀၀ | □ | ၂၁၅၀၀ | □ | - | - | ၅၀၀၀၀ | □ |

မှတ်ချက်။ ။ပေါ်ဆန်းအုပ်စုတွင် ပဲခူး၊ မော်လမြိုင်၊ မုံရွာ၊ ဘားအံတို့မှာဒေသထွက်ဆန်ဖြစ်ပြီး၊ ပြည်ဆန်ဈေးမှာ နတ္တလင်းဆန်ဈေးဖြစ်ပါသည်။ ဧည့်မထအုပ်စုတွင် နေပြည်တော်၊ မန္တလေး၊ မကွေး၊ လှိုင်ကော်တို့မှာ မနောသုခဆန်၊ ရွှေဘိုမှာအသွယ်စ နွေ(သစ်)အမျိုးအစားဖြစ်ပါသည်။ ရန်ကုန်၏ စပါးဈေးမှာ သန်လျင် မြို့နယ်၏ စပါးဈေးနှုန်းဖြစ်ပါသည်။

| ၂၄-၁၂-၂၀၁၈ မှ ၂၈-၁၂-၂၀၁၈ ထိ CO Form များ ထုတ်ပေးမှုစာရင်း ရန်ကုန်တိုင်းဒေသကြီးရုံး | | | |
|---|---|---|---|
| **Sr.No.** | **Forms** | **Copies** | **Total Value (US$)** |
| 1 | Form A | 339 | 24,930,954.846 |
| 2 | Form D | 84 | 8,524,236.460 |
| 3 | Form E | 134 | 3,941,345.610 |
| 4 | Korea GSP | 9 | 284,692.130 |
| 5 | Form AK | 102 | 7,174,120.110 |
| 6 | Form AJ | 12 | 753,249.110 |
| 7 | Form AI | 87 | 3,478,527.250 |
| 8 | Form AANZ | 8 | 159,653.510 |
| 9 | Form DFTP | 2 | 273,168,000 |
| 10 | Form CHINA | 1 | 10,800,000 |
| **Grand Total** | | **778** | **49,530,747.026** |

## ပြည်တွင်းဈေးကွက်များမှ ပဲမျိုးစုံဈေးနှုန်းအပြောင်းအလဲ

၂၈-၁၂-၂၀၁၈ ကျပ်/ပိဿာ

| ပဲအမျိုးအမည် | ရန်ကုန် | | | မန္တလေး | | | မုံရွာ | | | မကွေး | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | ၂၁/၁၂ | ၂၈/၁၂ | ပြောင်းလဲမှု | ၂၁/၁၂ | ၂၈/၁၂ | ပြောင်းလဲမှု | ၂၁/၁၂ | ၂၈/၁၂ | ပြောင်းလဲမှု | ၂၁/၁၂ | ၂၈/၁၂ | ပြောင်းလဲမှု |
| မတ်ပဲ | ၁၃၁၃ | ၁၂၉၅ | ▼ | ၁၁၆၇ | ၁၁၆၇ | ■ | ၁၁၅၀ | ၁၂၀၀ | ▲ | ၁၂၅၀ | ၁၂၀၀ | ▼ |
| ပဲစင်းငုံ | ၁၂၄၁ | ၁၂၂၀ | ▼ | ၁၂၀၀ | ၁၁၆၇ | ▼ | ၁၁၉၀ | ၁၁၉၂ | ▲ | ၁၁၃၅ | ၁၁၃၅ | ■ |
| ပဲတီစိမ်း | ၁၇၅၀ | ၁၅၀၀ | ▼ | ၂၁၃၃ | ၁၈၆၇ | ▼ | ၁၇၃၆ | ၁၈၄၂ | ▲ | ၁၈၇၀ | ၁၇၆၅ | ▼ |
| ကုလားပဲရိုးရိုး | ၁၀၁၅ | ၁၀၂၅ | ▲ | ၁၃၃၃ | ၁၂၉၃ | ▼ | ၁၃၀၀ | ၁၂၆၃ | ▼ | ၁၁၅၅ | ၁၁၃၅ | ▼ |
| ပဲလွန်းဖြူ | ၁၂၈၀ | ၁၁၃၀ | ▼ | ၁၄၅၀ | ၁၄၁၇ | ▼ | ၁၇၈၉ | ၁၇၈၉ | ■ | ၁၂၁၀ | ၁၁၃၅ | ▼ |
| ထောပတ်ပဲ | ၂၆၀၅ | ၂၄၃၀ | ▼ | ၂၄၀၀ | ၂၄၇၉ | ▲ | ၂၁၀၅ | ၂၁၀၅ | ■ | ၃၁၆၀ | ၂၃၇၀ | ▼ |

* မှတ်ချက်။ ဖော်ပြပါဈေးနှုန်းများမှာ အနိမ့်ဈေးများသာဖြစ်ပါသည်။

## အပတ်စဉ် ပဲမျိုးစုံတင်ပို့မှု FOB အရောင်းအဝယ်ဖြစ်မှု အခြေအနေ

ရေတွက်ပုံ-တန်ချိန်

| ပဲအမျိုးအစား | ပြည်ပတင်ပို့မှု | | ပြည်ပတင်ပို့မှု |
|---|---|---|---|
| | ယခင်တစ်ပတ် | ယခုတစ်ပတ် | (၁.၁.၁၈) မှ |
| | (၁၅.၁၂.၁၈)ထိ | (၂၂.၁၂.၁၈)ထိ | (၂၂.၁၂.၁၈) ထိ |
| မတ်ပဲ | ၅၇၅၀၉၇ | ၈၆၀၅ | ၅၈၃၇၀၂ |
| ပဲတီစိမ်း | ၁၁၉၈၃၅ | ၃၁၇၀ | ၁၂၃၀၀၅ |
| ပဲစင်းငုံ | ၁၈၅၉၂၈ | ၁၄၀၇ | ၁၈၇၃၃၅ |
| ကုလားပဲ | ၆၂၈၀၇ | ၃၃၀၅ | ၆၆၁၁၂ |
| ပဲလွန်းဖြူ | ၂၃၆၃၂ | ၁၂၇ | ၂၃၇၅၉ |
| မြေထောက်ပဲ | ၁၀၀၉၆ | ၄ | ၁၀၁၀၀ |

## ပဲတီစိမ်းအရောင်းသွက်ပြီး ဈေးကောင်းရလျက်ရှိ

ဒီဇင်ဘာလနောက်ဆုံးသီတင်းပတ်အတွင်း သာယာဝတီပဲမျိုးစုံ ဈေးကွက်မှာအရောင်းအဝယ်သွက်လျက်ရှိတဲ့ သီးနှံကတော့ ပဲတီစိမ်းသီးနှံဖြစ်ပါတယ်။ ခရိုင်အတွင်း ကျေးရွာများမှထွက်ရှိပြီး ကုန်သည် ဝယ်လိုအားရှိနေတဲ့အတွက် ထွက်ရှိပဲများအရောင်းအဝယ်ဖြစ်နေပြီး ပဲဈေးမှာယခင်သီတင်းပတ်အတွင်း ပိဿာ(၂၀)တစ်တင်းလျှင် ကျပ် ၂၇၀၀၀ ခန့်ရှိရာမှ ယခုဒီဇင်ဘာလနောက်ဆုံး သီတင်းပတ်တွင်ကျပ် ၃၄၀၀၀ ခန့်ထိ ရရှိပြီး ယခင်သီတင်းပတ်များထက် ကျပ်၇၀၀၀ခန့်ဈေးပိုလာကြောင်းသိရပါတယ်။

**ဝေဝေဖြိုး (သာယာဝတီ)**

## ပြည်ပဲစိမ်းငုံသစ် ဈေးကွက်သို့ဝင်ရောက်လာပြီဖြစ်

ဒီဇင်ဘာလကုန်ပတ်မှာ ပြည်ပဲဈေးကွက်သို့ ပဲစင်းငုံသစ်များ တစ်ရက်အိတ် ၂၀/၃၀ ကျော်ခန့် အနည်းငယ်စီ ဝင်ရောက်လာခဲ့ပါတယ်။ ပြည်အနီးတစ်ဝိုက်ဒေသများမှ ဝင်ရောက်လာခြင်းဖြစ်ပြီး ပဲဟောင်းရော၊ ပဲသစ်ပါ ရောင်းဝယ်နေခဲ့ကြပေမယ့် နေ့စဉ် အရောင်းအဝယ်မဖြစ်ဘဲ ရက်ခြားရောင်းဝယ်မှုဖြစ်ပြီး အရောင်းအဝယ်ဖြစ်သည့်ရက်တွင် အိတ် ၁၀၀/၂၀၀ ကျော် ရောင်းဝယ်ခဲ့ကြရတယ်လို့ သိရပါတယ်။

ပဲဈေးနှုန်းမှာတော့ ပဲသစ်ဈေးတစ်တင်း ကျပ် ၂၆၅၀၀ နှင့် ပဲဟောင်းဈေးတစ်တင်း ကျပ် ၂၄၀၀၀ အသီးသီးရရှိခဲ့ပြီး ပဲသစ်အဖွင့်ဈေးအနေဖြင့် ဈေးကောင်းရနေတယ်လို့ ဆိုရမှာဖြစ်ပါတယ်။

**ခင်ဆွေဝင်း(ပြည်)**

## ပြည်ဘိုကိတ်ပဲသစ် လက်လီ/လက်ကား အရောင်းအဝယ်ဖြစ်

ပြည်ပဲဈေးကွက်မှာ ဆောင်းပဲသစ်အချို့ဝင်ရောက်မှုများရှိလာခဲ့လို့ ဘိုကိတ်ပဲသစ်များလည်း ပဲသစ်အဝင်ဆက်ရှိလာနေခဲ့ပါတယ်။ တစ်ရက်အိတ် ၁၀၀/၁၅၀ ကျော်ဝင်ရောက်မှုရှိလာပြီး ဝယ်လက်အနေဖြင့် ဒေသတွင်းဝယ်လက်များအပြင် ရန်ကုန်ဝယ်လက်ပါ ဝယ်ယူနေလို့ လက်လီလက်ကား အရောင်းအဝယ်ဖြစ်လျက်ရှိကြပါတယ်။

ပဲဈေးနှုန်းမှာ တစ်တင်းကျပ် ၁၉၅၀၀ ဖြင့် ပဲအဝင် များလာသော်လည်း အဖွင့်ဈေးထက် သိသိသာသာ လျော့နည်းသွားခြင်းမရှိဘဲ အရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။ ယခင်နှစ်က ဘိုကိတ်ပဲသစ်ဈေးမှာ အဖွင့်ဈေးတစ်တင်း ကျပ် ၂၆၀၀၀ ရရှိခဲ့လို့ ယခုနှစ်ပဲသစ်ဈေးမှာ ယခင်နှစ်ဈေးနှုန်းကို မမီခဲ့ဘူးလို့သိရပါတယ်။

**ခင်ဆွေဝင်း (ပြည်)**

# ကယားပြည်နယ်အတွင်း ကုန်စည်စီးဆင်းမှုအခြေအနေများ

၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၁၅ ရက်နေ့မှ ၂၁ ရက်နေ့အတွင်း မယ်စဲ့နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းဖြစ်သော ကယားပြည်နယ်၊ လွိုင်ကော်မြို့မှ ထိုင်းနိုင်ငံ မယ်ဟောင်ဆောင်သို့ကုန်ပစ္စည်းတင်ပို့မှုမှာ အမေရိကန်ဒေါ်လာ၇၄၉၄၆ တန်ဖိုးရှိ ငရုတ်သီးခြောက် ၃၇၈၀၀ ကီလိုဂရမ် တင်ပို့ခဲ့ပြီး ထိုင်းနိုင်ငံ မယ်ဟောင်ဆောင်ဘက်မှတစ်ဆင့် ပြန်လည်တင်သွင်းမှုမှာ အမေရိကန် ဒေါ်လာ ၃၅၀၀ တန်ဖိုးရှိ သန့်ရှင်းရေးသုံးဆပ်ပြာရည် ၂၈၀၀၀ ကီလိုဂရမ်၊ အမေရိကန်ဒေါ်လာ ၈၀၀ တန်ဖိုးရှိ ကော်ဖီမစ်(ဘာဒီ) ၂၀၀ ကီလိုဂရမ်၊ အမေရိကန်ဒေါ်လာ ၂၁၆၀ တန်ဖိုးရှိ ဟင်းချိုမှုန့် ၁၈၀၀ ကီလိုဂရမ်တို့ဖြင့် စုစုပေါင်းကုန်သွယ်မှု ပမာဏတန်ဖိုး ၈၁၄၀၆ဒေါ်လာ ကုန်သွယ်မှုပြုနိုင်ခဲ့ကြောင်း မယ်စဲ့ကုန်သွယ်ရေးစခန်းစာရင်းများအရ သိရှိရပါတယ်။

၂၀၁၈ ခုနှစ် ဒီဇင်ဘာလ ၂၀ ရက်နေ့မှ ဒီဇင်ဘာလ ၂၆ ရက်နေ့အတွင်း ကယားပြည်နယ်မှ မန္တလေးမြို့သို့ ဒေသထွက်ဧည့်မထဆန်အိတ် စုစုပေါင်း ၄၈၈၀ အိတ် တန်ချိန်အားဖြင့် ၂၄၅ ဒသမ ၀၃ တန်ခန့် တင်ပို့ခဲ့ကြောင်း၊ ရန်ကုန်မှ လွိုင်ကော်သို့ ဆန်တင်သွင်းမှုမှာ ၃၂၆၀ အိတ်၊ မန္တလေးမြို့မှ ၄၄၅ အိတ်၊ ရွှေဘိုမြို့မှ ၆၁၀အိတ် တင်သွင်းခဲ့ရာ ဆန်အိတ်စုစုပေါင်း ၄၃၁၅ အိတ် တန်ချိန်အားဖြင့် ၂၁၆ ဒသမ ၆၆ တန်တင်သွင်းခဲ့ကြောင်း သိရှိရပါတယ်။

လက်ရှိပြောင်းဈေးနှုန်းများမှာ ပြောင်း(ခြောက်) တစ်ပိဿာလျှင် ကျပ် ၄၀၅ ဈေးပေါက်ကြောင်း၊ စပါးဈေးနှုန်းများမှာ ဧည့်မထ(မိုး) စပါးတင်း(၁၀၀)လျှင် ကျပ် ၈၃၁၀၀၀ ဈေးပေါက်ကြောင်း၊ ဆန်ဈေးနှုန်းမှာ ပေါ်ဆန်းဆန်တစ်အိတ်လျှင် ကျပ် ၆၅၀၀၀၊ ပေါ်ကျွဲဆန်တစ်အိတ်လျှင် ကျပ်၃၆၀၀၀၊ ဧည့်မထဆန် တစ်အိတ်လျှင် ကျပ် ၄၁၀၀၀၊ ငစိန်ဆန် တစ်အိတ်လျှင် ကျပ် ၂၈၅၀၀ ဈေးပေါက်ကြောင်း ကယားပြည်နယ်စားသုံးသူကုန်ဈေးနှုန်းသတင်းများအရ သိရှိရပါတယ်။

ကယားပြည်နယ်မှ မန္တလေးနှင့်အခြားမြို့ကြီးများသို့ ပြောင်းတင်ပို့မှုမှာ စုစုပေါင်း ၃၉၁၈၉ အိတ် တန်ချိန်အားဖြင့် ၁၉၁၉ ဒသမ ၇၄ တန် တင်ပို့ထားကြောင်း ပြည်နယ်အထွက်ဂိတ်စာရင်းများအရ လေ့လာသိရှိရပါတယ်။

**ဖြိုးဝေအောင်(လွိုင်ကော်)**

## ဝယ်လက်နည်းလို့ နှမ်းဈေးပြန်ကျလာတဲ့ ပြည်ဈေးကွက်

ပြည်ဈေးကွက်တွင် ယခုတစ်ပတ်၌ နှမ်းဈေးပြန်ကျလာတာတွေ့ရပါတယ်။ ဈေးကွက်သို့ နှမ်းဝင်ရောက်မှုနည်းသွားပြီး ဝယ်လက်များက အဝယ်နည်းသွားလို့ ဈေးပြန်ကျလာတာ တွေ့ရပါတယ်။ မန္တလေးဝယ်လက်များက တစ်ခါတစ်ရံ အဝယ်ရှိလျှင် အိတ် (၅၀) အိတ် (၁၀၀) လောက်သာ ဝယ်ယူမှုရှိသဖြင့် ဈေးကွက်တွင် အရောင်းအဝယ်ပုံမှန်ဖြစ်လျက်ရှိပါတယ်။ ယခုတစ်ပတ်နှမ်းဈေးများမှာ နှမ်းနီတစ်တင်းလျှင် ကျပ် ၅၃၀၀၀ နှင့် နှမ်းနက်တစ်တင်းလျှင် ကျပ် ၆၃၀၀၀ ဖြင့် ယခင်တစ်ပတ်ကထက် နှမ်းဈေးမှာ ကျပ် ၁၀၀၀၀ ဈေးကျသွားတာတွေ့ရပါတယ်။ စမုံနက်နှမ်းမှာ တစ်တင်းလျှင် ကျပ် ၇၃၀၀၀ ဖြင့် ကျပ် ၅၀၀၀ ဈေးကျလာတာတွေ့ရပါတယ်။

**ဝေဝေမင်း(ပြည်)**

## ဈေးဆက်လက်ငြိမ်နေတဲ့ ပြည်မြေပဲဆန်

ယခုတစ်ပတ် ပြည်ဈေးကွက်တွင် မြေပဲဆန်ဈေးများမှာ ပုံမှန်ဖြစ်လျက်ရှိပါတယ်။ ပြည်ဈေးကွက်သို့ ဝင်ရောက်မှုမှာ အနည်းငယ်သာရှိသေးတဲ့အတွက် အရောင်းအဝယ်ပုံမှန်ဖြစ်တာတွေ့ရပါတယ်။ ဆောင်းမြေပဲများ စိုက်ပျိုးချိန်ဖြစ်လို့ မျိုးပဲများဈေးမြင့်လာသော်လည်း ရိုးရိုးမြေပဲဆန်မှာ ဈေးငြိမ်နေတာ တွေ့ရပါတယ်။ မန္တလေးဝယ်လက်များက အဝယ်ပုံမှန်ရှိလို့ ပြည်ဈေးကွက်တွင် အရောင်းအဝယ်ဖြစ်လျက်ရှိပါတယ်။ ယခုတစ်ပတ် မြေပဲဆန်ဈေးမှာ ဆီကြိတ်ဆန် (အဖြူ) တစ်ပိဿာလျှင် ကျပ် ၂၅၅၀၊ (အနီ) တစ်ပိဿာလျှင် ကျပ် ၂၅၆၀ ဖြစ်ပြီး၊ မြေပဲဆန်လုံးဆန် (အဖြူ) တစ်ပိဿာလျှင် ကျပ် ၂၇၅၀ နှင့် (အနီ) တစ်ပိဿာလျှင် ကျပ် ၂၈၀၀ ဖြင့် ယခင်တစ်ပတ်ကအတိုင်း ဈေးငြိမ်နေတာတွေ့ရပါတယ်။

**ဝေဝေမင်း(ပြည်)**

## ပြည်ပဲတီစိမ်းသီးနှံ ဈေးကောင်းရသလို အရောင်းအဝယ်သွက်

ယခုတစ်ပတ် ပြည်ပဲဈေးကွက်သို့ပဲတီစိမ်းသစ်များ အဝင်များလာခဲ့လို့ တစ်ရက်အိတ် ၇၀၀/၈၀၀ကျော်ထိ ဝင်ရောက်လာခဲ့တာကိုတွေ့ရပါတယ်။ ပဲဈေးနှုန်းမှာလည်း ဈေးပိုရလာပြီး ဝယ်လိုအားရှိသလောက် အရောင်းအဝယ် ဖြစ်နေခဲ့ပါတယ်။ ရန်ကုန်၊ မန္တလေးအဝယ်ရှိခဲ့လို့ ဈေးကွက်အတွင်းမှာ အရောင်းအဝယ်သွက်နေတဲ့ ပဲသီးနှံဖြစ်ခဲ့ပြီး ပဲတစ်တင်း ကျပ် ၃၈၅၀၀ ဖြင့် ယခင်တစ်ပတ်ကထက် တစ်တင်းကျပ် ၃၀၀၀ ခန့် ဈေးပိုရလာခဲ့ပါတယ်။ မတ်ပဲ၊ ပဲစင်းငုံသီးနှံများထက်လည်း ဈေးကောင်းနေပြီး နှစ်စဉ်လိုလို ဈေးကောင်းခဲ့တဲ့ သီးနှံဖြစ်နေခဲ့ပါတယ်။

**ခင်ဆွေဝင်း (ပြည်)**

## တောင်ကြီးမြို့နယ် ကျောက်တလုံးကြီးဒေသထွက် လိမ္မော်သီးများလူကြိုက်များလျက်ရှိ

ယခုလိုပွင့်လင်းရာသီမှာ အနယ်နယ်အရပ်မှ ရှမ်းပြည်နယ်သို့ လာရောက်လည်ပတ်ကြသော ခရီးသွားများဟာ ရှမ်းပြည်လက်ဆောင်အနေဖြင့် ဝယ်ယူမှုများထဲတွင် လိမ္မော်သီးကလည်း တစ်မျိုးပါဝင်နေပါတယ်။ ရှမ်းပြည်နယ်ဟာ ဉယျာဉ်မြို့တော်ဖြစ်သလို ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့နယ်တွင် လိမ္မော်သီး စိုက်ပျိုးသည့်ဧက ၂၆၀ ကျော်ရှိပြီးအခြားမြို့နယ်များဖြစ်တဲ့ဟိုပုံး၊ရပ်စောက်၊ရွာငံ၊ပင်းတယ၊ပင်လောင်း၊ ကလောတို့မှလည်း လိမ္မော်သီးထွက်ရှိပါတယ်။

အဲဒီလို လိမ္မော်သီးထွက်ရှိကြသည့်ထဲမှာ ကျောက်တလုံးကြီးဒေသမှထွက်ရှိသည့်လိမ္မော်သီးမှာအရသာကောင်းမွန်၍ လူကြိုက်များလှပါတယ်။ အပင်စိုက်ပျိုးမှုမှာ မိရိုးဖလာနည်းဖြင့် စိုက်ပျိုးခြင်း၊ သဘာဝမြေဩဇာများကို အသုံးပြုခြင်း၊ ကိုယ်တိုင်အပင်ပြုစုထိန်းသိမ်းခြင်းတို့ကြောင့် အထွက်နှုန်းအနေဖြင့် အသီးစတင်သီးတဲ့နှစ်မှာ ပိဿာချိန် ၁၀၀ ခန့်ထွက်ရှိ၍ နောင်နှစ်များတွင် အသီးအထွက်ကောင်းပါကပိဿာချိန် ၁၀၀၀၀ခန့်ထိ ထွက်ရှိပြီး အပင်သက်တမ်းရင့်လေ အထွက်နှုန်းကောင်းလေဖြစ်ပါတယ်။ တချို့အပင်များဆိုလျှင် နှစ်ပေါင်း ၄၀ ကျော်ခန့် သက်တမ်းရှိတယ်လို့ သိရပါတယ်။ ကျောက်တလုံးကြီးဒေသရှိ လိမ္မော်ပင်များမှာ ဒေသမျိုးဖြစ်သည့်အတွက် ထွက်ရှိသည့် လိမ္မော်သီးအလုံးအရွယ်အစားမှာ မကြီး/မသေးလွန်းဘဲ အရွယ်တော်သာရှိပါတယ်။ တောင်သူအနေဖြင့် ခြံပြတ်ရောင်းချသည့်စနစ်နှင့် ကိုယ်တိုင်ရောင်းချသည့်စနစ်ဖြင့် ရောင်းချကြကြောင်း၊ ခြံပြတ်ရောင်းချမှုအနေဖြင့် သိန်း ၂၀ မှ သိန်း ၃၀ ကျော်ထိရှိကြောင်း၊ ကိုယ်တိုင်ရောင်းချမှုမှာတော့ ထွက်ရှိရာဒေသတွင် တစ်ပိဿာပေါက် ဈေးမှာ ကျပ် ၁၀၀၀ ခန့်ရှိပြီး ဈေးကွက်ဖြစ်သော တောင်ကြီး၊ အင်းလေး၊ ဆီဆိုင်၊ ဆိုက်ခေါင်၊ အောင်ပန်းဒေသများတွင် တစ်ပိဿာပေါက်ဈေး ကျပ် ၁၅၀၀ မှ ကျပ် ၂၀၀၀ ခန့် ရှိကြောင်း၊ ယခင်က ဒေသတွင်းသာ အဓိကရောင်းချသော်လည်း ယခုအခါ ပြည်တွင်းရှိ မြို့ကြီးများသို့ စီးပွားဖြစ်တင်ပို့ရောင်းချနိုင်ရန်အတွက် ကြိုးစားလျက်ရှိကြောင်း သိရှိရပါတယ်။

**မိုမို-တောင်ကြီး**

# ပိုးသတ်ဆေးကြောင့်ကျရသည့် မျက်ရည်ပေါက်များ ခန်းခြောက်စေလို

**အောင်ဆန်း (စိုက်ပျိုးရေး)**

လူသားသက်ရှိသတ္တဝါတို့၏ စားနပ်ရိက္ခာဖူလုံရေးအတွက် သစ်ပင်သီးနှံများကို စိုက်ပျိုးလာကြရသည်။ သစ်ပင်သီးနှံများကို တိုးချဲ့စိုက်ပျိုးလာရလေလေ သစ်ပင်သီးနှံများနှင့်အတူ ဖွားဘက်တော်အဖြစ် ပေါ်ပေါက်လာ သည်မှာ သစ်ပင်သီးနှံဖျက်ဆီးသည့်ပိုးမွှားများပင်ဖြစ်သည်။ သီးနှံသစ်ပင်များကို ပိုးမွှားဖျက်ဆီးသဖြင့် ဆုံးရှုံးရသည်မှာ နှစ်စဉ် အမေရိကန်ဒေါ်လာသန်း ၅၀ ကျော်ပင်ရှိသည်ဟု ဆိုပါသည်။

သစ်ပင်သီးနှံများကို ဖျက်ဆီးသည့် ပိုးမွှားများကို ကာကွယ် နှိမ်နှင်းရန် ပိုးသတ်ဆေးအမျိုးမျိုးကို သုံးစွဲလာကြသည်။ ပိုးသတ်ဆေးအပျော့စားမှသည် အပြင်းစားအထိ လက်လွန်လာကြသည်။ ဤသည်ကို အကြောင်းပြု၍ စီးပွားရေးသမားများက အကွက်မြင်လာကြသည်။ ပိုးသတ်ဆေးများကို တိုး၍တိုး၍ ထုတ်လုပ်လာကြပြီး ဈေးကွက်တွင် သူ့ထက်ငါ အပြိုင်တိုးနေကြသည်။ ဤသို့ဖြင့် ကမ္ဘာပေါ်တွင် ပိုးသတ်ဆေးအမျိုးပေါင်း ၁၀၀၀ ကျော်ရှိလာပြီး တန်ချိန် ၃ ဒသမ ၅ သန်းကျော်ရှိနေပြီဖြစ်သည်။

မြန်မာနိုင်ငံတွင် စိုက်ပျိုးရေးကဏ္ဍအတွက် တစ်နှစ်လျှင် ပိုးသတ်ဆေးတန်ချိန်သုံးသောင်းကျော် နှစ်စဉ်တင်သွင်းအသုံးပြု နေကြသည်ကို တွေ့ရသည်။ ဤသို့ အသုံးပြုရာတွင် လူနှင့်သတ္တဝါတို့အတွက် အန္တရာယ်ဖြစ်စေနိုင်သော ပိုးသတ်ဆေး ၃၉ မျိုးကို လုံးဝအသုံးမပြုရန် ကမ္ဘာ့စားနပ်ရိက္ခာအဖွဲ့မှ တားမြစ်ထားသည်။

ဤသို့ သီးနှံသစ်ပင်တို့အား ဖျက်ဆီးသည့်ပိုးမွှားများအား ကာကွယ်နှိမ်နင်းရာတွင် အသက်အန္တရာယ်ကင်းဝေးစေရန်အတွက် စိုက်ပျိုးရေးဦးစီးဌာနမှ ပိုးသတ်ဆေးများစနစ်တကျကိုင်တွယ် အသုံး ပြုနည်းကို ပညာပေးဖြန့်ဝေထားပါသည်။ ပိုးသတ်ဆေးဝယ်လျှင် အဖုံးလုံသောဆေးများကို စိစစ်ဝယ်ယူဖို့၊ ပိုးသတ်ဆေးများကို မိမိအိမ်သို့ သယ်ယူလျှင် အစားအစာ၊ ဟင်းလျာများနှင့်ရောနှောမသယ်ယူဖို့၊ မိမိအိမ်ရောက်လျှင်လည်း ကလေးများမမီသောနေရာ၊လုံခြုံစိတ်ချရသောနေရာတွင် စနစ်တကျထားဖို့၊ အသုံးပြုပြီး ပိုးသတ်ဆေးဗူးခွံများတွင်စားသုံးဆီ၊ငံပြာရည်စသည့်တို့ ထည့်မသုံးဖို့၊ ဗူးခွံများကို မြေကျင်းနက်နက်တူးမြှုပ်ဖို့၊ ဆေးကျန်၊ ဆေးဖျန်းပုံးဆေးသော ရေများကိုလည်း မြစ်ချောင်းအင်းအိုင်ထဲ မစွန့်ပစ်ဖို့၊ မြက်ခင်းများအပေါ် လွယ်လွယ်မစွန့်ပစ်ကြဖို့၊ ဆေးဖျန်းသည့်အခါမှာလည်း လူတစ်ကိုယ်လုံး လုံလုံခြုံခြုံ ဝတ်ဆင်ဖို့၊ နှာခေါင်းစီးတပ်ဖို့၊ အဖုံးလုံပိုက်ပေါက်မဖြစ်သော ဆေးဖျန်းပုံးကိုသာ သုံးဖို့၊ ဆေးဖျော်ရာမှာ မဖိတ်စင်ဖို့၊ ဆေးကို လက်နဲ့မမွှေဘဲ တုတ်နဲ့မွှေဖို့၊ နေ့လယ် နေပြင်းပြင်းပူချိန် ဆေးမဖျန်းဖို့၊ ဆေးဖျန်းရင်လည်း လေတိုက်နေသောဘက်ကို မျက်နှာမူပြီး မဖျန်းဖို့၊ ဆေးဖျန်းပိုက်ခေါင်းကိုနှိမ့်ပြီး အပင်အရွက်တွေကို ထိအောင်ဖျန်းဖို့၊ ဆေးဖျန်းပိုက်ခေါင်း နော်ဇယ်ပိတ်ရင် ပါးစပ်နဲ့မမှုတ်မိဖို့၊ မစုပ်မိဖို့၊ ဆေးဖျန်းပြီးလျှင် ဆေးအာနိသင် ပျက်ပျယ်သည့်ကာလကျော်မှ အသီးအနှံများ ဆွတ်ခူးဖို့ စသည့် အန္တရယ်ကင်းအောင် သတိပေးချက်တွေ အားလုံးပါဝင်ပါသည်။

မြန်မာနိုင်ငံတွင် ဤသို့သတိပေးချက်များကို မျက်ကွယ်ပြု၍ ပိုးသတ်ဆေးများကို သုံးစွဲနေကြသဖြင့် တောင်သူဦးကြီးများ အသက်ဆုံးရှုံးရခြင်း၊ ဘေးအန္တရယ်များကြုံခြင်း စသည့် အနိဋ္ဌာရုံသတင်းများ သတင်းစာ၊ ဂျာနယ်များတွင် နေ့စဉ်နှင့်အမျှ ဖတ်ရှုကြားသိနေရ သည်မှာ အလွန်ဝမ်းနည်းစရာကောင်းလှပါသည်။

"လယ်သမား၏သားလေး မောင်ကျောက်ဒိုး ဆေးဖျန်းရင်း ဆေးဖျန်းပိုက်ခေါင်းပိတ်ရာ ပါးစပ်နှင့် မှုတ်/စုပ်သဖြင့် စိုက်ခင်းထဲ မှာပင် တုံးလုံးလဲ၍အသက်ဆုံးရှုံးသွားတဲ့သတင်း" သေသူ မောင်ကျောက်ဒိုး၏ မိဘများ၊ ညီအစ်ကိုမောင်နှမများ၊ ဆွေမျိုးသားချင်းများ ၊ ဦးကြီး၊ ဦးဒွေး၊ ဒေါ်ကြီး၊ ဒေါ်လေး ၊ သူငယ်ချင်းများအားလုံး ဝမ်းနည်းပတ်လက်ဖြင့် ကျခဲ့ရသည့် မျက်ရည်ပေါက်များ၊

"အသက် (၇)နှစ်အရွယ်ရှိ သမီးလေး မနှင်းမိုး ပိုးသတ်ဆေးရည် ပုလင်းနှင့် အချိုရည်ပုလင်း မှားသောက်မိတဲ့အတွက် မဖြစ်သင့်ဘဲ အသက်ဆုံးရှုံးသွားရတဲ့သတင်း" သေဆုံးသွားတဲ့ သမီးလေး မနှင်းမိုး၏ မိဘနှစ်ပါး၊ ညီအစ်ကိုမောင်နှမများ၊ ဦးကြီး၊ ဦးဒွေး၊ ဒေါ်ကြီး၊ဒေါ်လေး ၊ ဆွေမျိုးသားချင်းများ ၊ကျောင်းနေသူ သူငယ်ချင်းများ တစ်လှိုက်လှိုက်ဖြင့် ရင်ဖို၍ ကျခဲ့ရသည့် မျက်ရည်ပေါက်များ၊

"အဖုံးမလုံသော ပိုးသတ်ဆေးပုလင်းကို ဆိုင်က ဝယ်ယူပြီး၊ ဈေးမှဝယ်ယူသော ဟင်းလျာများဖြင့် ဈေးခြင်းတောင်းတွင် ရောနှောသယ်ယူခဲ့သော တောင်သူလယ်သမားကြီး ဦးစံထွေး အဆိုပါ ဟင်းလျာများကို ချက်စားမိရာမှ မိသားတစ်စုလုံး အသက်ပါသွားတဲ့သတင်း" သေဆုံးသူမိသားစု တစ်စုလုံးအတွက် တစ်ရွာလုံးမှ ဖြစ်မှဖြစ်ရလေဆိုပြီး အပူလုံးကြီးထ၍ ကျခဲ့ရသည့် မျက်ရည်ပေါက်များ၊

စာရေးသူ၏ ကိုယ်တွေ့ဖြစ်ရပ်တစ်ခုကို တင်ပြပါမည်။ တစ်နေ့တွင် ရန်ကုန်တိုင်းအတွင်းက ရွာကြီးတစ်ရွာ၏ စိုက်ပျိုးရေးစခန်းသို့ လယ်သမားများနှင့် တွေ့ဆုံဆွေးနွေးပွဲရောက်ပါသည်။ လယ်သမားကြီးများ ၃၀၀ ကျော်ခန့် တက်ရောက်ပါသည်။ အဆိုပါရွာသည် မကြာခဏဆိုသလို ဆွေးနွေးပွဲများဖြင့် ရောက်ရှိခဲ့ရာ ခင်မင်ရင်းနှီးသော လယ်သမားအတော်များများရှိပါသည်။ အချို့က မိသားစုတစ်ဝိုင်းနီးပါးထိ ခင်မင်ရင်းနှီးမှုရှိကြပါသည်။

ဆွေးနွေးပွဲအပြီးတွင် ဆွေးနွေးပွဲတက်ရောက်လာသော ခင်မင်ရင်းနှီးတဲ့ လယ်သမားကြီး ဦးမြရွှေက စာရေးသူအနားကပဲ လာပြီး တိုးတိုးလေးပြောပါသည်။ သူပြောတာကတော့ "ဆရာ၊ ဆရာ့မိတ်ဆွေကြီး အောင်မိုး ဆေးရုံရောက်နေတယ်။ ဒီဆွေးနွေးပွဲ ဆရာလာမယ်ဆိုတာတောင် ဒီကောင်မတက်နိုင်ဘူး၊ အဲဒါဆရာဆေးရုံလိုက်ပြီး အားပေးပါဦးဆရာ"ဟု ဆိုပါသည်။ စာရေးသူလည်း "အေးဗျာ ဘယ်လိုဖြစ်တာတုံး၊ သွားရမှာပေါ့ဗျာ၊ ကဲ-ခုပဲ ဆေးရုံသွားကြတာပေါ့"ဟု ပြောပြောဆိုဆို ထိုင်ရာမှထပြီး ဆေးရုံလိုက်သွားကြပါသည်။

ဆေးရုံမှာ ကိုအောင်မိုးရဲ့ လူနာကုတင် ဘေးမှာ ရပ်ပြီး အားပေးစကားပြောရပါသည်။ ကိုအောင်မိုးမှာ စကားပင် ပြန်မပြောနိုင်ပါ။ မျက်လုံးမှ မျက်ရည်များ တွင်တွင်စီးကျနေပြီး စာရေးသူ၏ လက်ကို သူ၏လက်ဖြင့် ကျစ်ကျစ်ပါအောင်ဆုပ်ထားပါသည်။ စားရေးသူလဲ သူကိုကြည့်ပြီး စိတ်မထိန်းနိုင်ဘဲ မျက်ရည်ပေါက်များ စီးကျခဲ့ရပါသည်။

အခြားရွာသားများအား ဖြစ်ကြောင်းစုံလင်မေးကြည့်ပါသည်။ အလှူတွင် ကျွေးသော မုန်ညင်းသီးစုံချဉ်ရည်၊ ပန်းဂေါ်ဖီကြော်၊ ဝက်သားအိုးကြီးနှပ်၊ ငါးပိကြော်စားရာမှ ကိုအောင်မိုးအပါအဝင် လူ ၁၀၀ ကျော်ခန့် မူးဝေအော့အန်ပြီး ဆေးရုံကိုရောက်ကုန်ကြောင်း၊ ကံဆိုးသူ(၂)ယောက်မှာ အသက်ဆုံးရှုံးသွားကြောင်း အသေးစိတ် သိရပါတော့သည်။ အစာအဆိပ်သင့်ခြင်းဖြစ်ပါသည်။ မုန်ညင်းသီးစုံနှင့် ပန်းဂေါ်ဖီတွင် ပိုးသတ်ဆေးဓာတ်ကြွင်းများကျန်နေကြောင်း၊ ဓာတ်ခွဲစစ်ဆေးချက်အဖြေက ဆိုသည်ဟု ပြောပါသည်။ အဆိုပါ မုန်ညင်းသီးစုံနှင့် ပန်းဂေါ်ဖီစိုက်ခင်းများမှာ ရွာတွင် စိုက်ပျိုးသာ စိုက်ခင်းများဖြစ်ပါသည်။ ပိုးသတ်ဆေးဖျန်းပြီး ဆေးပျက်ပျယ်သော ကာလကျော်လွန်အောင် မထားဘဲ တစ်ပတ်ကြိုတင်ခူးဆွတ်ခြင်းက တရားခံဖြစ်နေသည်ကို တွေ့ရပါသည်။ လူနာကို နှုတ်ဆက်ပြီး စာရေးသူအိမ်သို့ ပြန်လာခဲ့ပါသည်။

အိမ်ရောက်ပြီး ခေတ္တနားနေ၍ စားပွဲပေါ်ရှိ ဂျာနယ်တစ်စောင် ကိုယူဖတ်လိုက်မိပါသည်။ "နွားစာကျက်မြက်ခင်းပေါ်တွင် ဆေးဖျန်းပုံးဆေးသော ရေများ လွယ်လွယ်စွန့်ပစ်သဖြင့် မြစ်ကြီးနားမြို့ မချမ်းဘောတွင် ကျွဲအကောင် ၃၀ သေဆုံးသည့်သတင်း" -"ပိုးသတ်ဆေးဓာတ်ကြွင်းရှိ ဟင်းသီးဟင်းရွက်များ ချက်ကျွေးရာမှ ကျောင်းသား၊ ကျောင်းသူ ၆၀ ဦး မူးဝေအော့အန်သဖြင့် ဆေးရုံပို့လိုက်ရသည် ဆိုသည့် အိန္ဒိယနိုင်ငံ၊ ပန်ချပ်ပြည်နယ် ကျောင်းတစ်ကျောင်းကဖြစ်ရပ်သတင်း"များကို ဖတ်လိုက်မိရာ စာရေးသူရင်ထဲ တစ်ပူပေါ်နှစ်ပူဆင့်သလို ခံစားလိုက်ရပါသည်။

သို့ပါ၍ ပိုးသတ်ဆေးကြောင့် ကမ္ဘာအနှံ့၊ မြန်မာနိုင်ငံအနှံ့တွင် အသက်ခန္ဓာဆုံးရှုံးနစ်မွန်းရသည့် အနိဋ္ဌာရုံများဖြင့် ကျခဲ့ရသော မျက်ရည်ပေါက်များ ထာဝရ ခမ်းခြောက်သွားစေရန် "ပိုးသတ်ဆေးအန္တရာယ် သတိပြုကိုင်တွယ်"ပါ အချက်များကို အထူးဂရုပြုလိုက်နာကြစေရန် နှိုးဆော်လိုက်ရပါသည်။

## မြန်မာ့ဆိပ်ကမ်းတွင် ၂၇.၁၂.၂၀၁၈ နေ့ ကုန်တင်ကုန်ချသင်္ဘောများစာရင်း

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့ဆိပ်ကမ်းများတွင် ကုန်တင်/ကုန်ချဆဲနှင့် ရောက်ရှိမည့် ကုန်သင်္ဘောများ၊ ကုန်သေတ္တာသင်္ဘောများစာရင်းကို ကြည့်ရှုနိုင်ရန် ဖော်ပြလိုက်ပါတယ်။

### (က) ကုန်တင်ကုန်ချဆောင်ရွက်နေသောသင်္ဘောများ

| ဆိပ်ကမ်းအမည် | သင်္ဘောအမည် | ကုန်တင်/ကုန်ချအခြေအနေ |
|---|---|---|
| ကြည့်မြင်တိုင်ဆိပ်ကမ်း(၁) | - PRIMROSE | P'Oil(In Bulk) ၄၃၀၀ချဆဲ |
| ထီးတန်းဆီဆိပ်ကမ်း | - MT ARMONIA | P'Oil(In Bulk) ၅၇၈၀ချဆဲ |
| ထီးတန်းဆိပ်ကမ်း(၂) | - PACAO | ကုန်သေတ္တာ ၄၉၉ တင် ၃၆၇ ချဆဲ |
| အေးရှားဝေါလ်ဆိပ်ကမ်း(၁) | - ALS SUZURAN | ကုန်သေတ္တာ ၃၅၀တင် ၃၄၈ ချဆဲ |
| အေးရှားဝေါလ်ဆိပ်ကမ်း(၃) | - SINAR BANDUNG | ကုန်သေတ္တာ ၆၅၅ တင် ၄၉၁ ချဆဲ |
| အလုံဆိပ်ကမ်း(၁) | - AS FLONA | ကုန်သေတ္တာ ၄၅၀တင် ၃၆၄ ချဆဲ |
| အလုံဆိပ်ကမ်း(၂) | - HAN FENG | Steel Bar& Equipment ၄၉၅၆ချဆဲ |
| စက်မှုဆိပ်ကမ်း(၂) | - ANAN BHUM | ကုန်သေတ္တာ ၆၃၃တင် ၃၃၄ ချဆဲ |
| စက်မှုဆိပ်ကမ်း(၃) | -CHERRY VESTA | ကုန်သေတ္တာ ၅၂၀ တင် ၄၇၂ ချဆဲ |
| ဆူးလေဆိပ်ကမ်း (၁) | - ELPIDA.GR | ဆန် ၁၁၅၀၀ တင်ဆဲ |
| သီလဝါဆိပ်ကမ်း (၁) | - AREZOO | ကုန်သေတ္တာ ၇၀၀ တင် ၂၅၂ ချဆဲ |
| သီလဝါဆိပ်ကမ်း (၂) | - KOTA HARMUNI | ကုန်သေတ္တာ ၆၄ ချဆဲ |
| သီလဝါဆိပ်ကမ်း (၅) | - RAINBOW IVY | Steel Product ၁၀၂၈၃ချဆဲ |
| MMTM JETTY | - MT FLY SEAL | DIESEL OIL 8500ချဆဲ |
| PUMA JETTY | - MT OCEAN AUTUMN | Mogas(92 Ron)+Jet A-1 ၂၇၂၈၈ ချဆဲ |

### (ခ) ကုန်တင်ကုန်ချရန် စောင့်နေသောသင်္ဘောများ

| သင်္ဘောအမည် | ကုန်အမျိုးအစား | လာ/သွားရောက်မည့်ဆိပ်ကမ်း | ဆိုက်ကပ်မည့်ရက် |
|---|---|---|---|
| TAN BINH-127 | ဆန် ၁၁၀၀၀ကုန်ချရန် | - | ၂၆.၁၂.၂၀၁၈ |
| CHANG SHUN II | Fertilizer &Steel Product ၂၇၂၆၆ကုန်ချရန် | CHINA | ၂၇.၁၂.၂၀၁၈ |
| HOANG PHUONG LUCKY | UREA(In Bulk) ၁၀၅၀၀ကုန်ချရန် | MALAYSIA | ၂၈.၁၂.၂၀၁၈ |
| DA HONG XIA | G/C ၂၀၃၇ ကုန်ချရန် | CHINA | ၂၉.၁၂.၂၀၁၈ |
| YANGTZE GALAXY | Steel Product ၂၂၃၀၀ ကုန်ချရန် | CHINA | ၂၉.၁၂.၂၀၁၈ |
| EFTI CHIA | ဆန် ၂၅၀၀၀ ကုန်ချရန် | W/AFRICA | ၃၀.၁၂.၂၀၁၈ |
| SEA CORAL | Steel Plate1742 ကုန်တင်ရန် | JAPAN | ၃၀.၁၂.၂၀၁၈ |
| ALBIOK BAY | Steel Produce ၂၀၈၅ ကုန်ချရန် | CHINA | ၃၁.၁၂.၂၀၁၈ |
| MODERN LINK | Unit Vehicle (RO/RO)၅၂၂ကုန်ချရန် | SINGAPORE | ၁၅.၁.၂၀၁၉ |

### (ဂ) ဝင်ရောက်မည့် ကုန်သေတ္တာ သင်္ဘောများစာရင်း

| သင်္ဘောအမည် | လာမည့်ဆိပ်ကမ်း | ဆိုက်ကပ်မည့်ဆိပ်ကမ်း | ဆိုက်ကပ်မည့်ရက် |
|---|---|---|---|
| PACITA | SINGAPORE | သီလဝါ/အလုံဆိပ်ကမ်း | ၂၉.၁၂.၂၀၁၈ |
| AS SOPHIA | SINGAPORE | သီလဝါ/စက်မှုဆိပ်ကမ်း | ၃၀.၁၂.၂၀၁၈ |
| GSS YANGON | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၃၀.၁၂.၂၀၁၈ |
| ISEACO GENESIS | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၃၀.၁၂.၂၀၁၈ |
| CAPE FLORES | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၂.၁.၂၀၁၉ |
| KOTA HASIL | SINGAPORE | သီလဝါ/အေးရှားဝေါလ်ဆိပ်ကမ်း | ၃.၁.၂၀၁၉ |
| OCEAN PROBE | SINGAPORE | စက်မှုဆိပ်ကမ်း | ၄.၁.၂၀၁၉ |

### (ဃ) ဆိုက်ရောက်ရန် မျှော်လင့်လျက်ရှိသော စက်သုံးဆီ/စားအုန်းဆီ သင်္ဘောများစာရင်း

| သင်္ဘောအမည် | ကုန်ပစ္စည်း | ဆိုက်ကပ်မည့်ဆိပ်ကမ်း | ရောက်မည့်ခန့်မှန်းရက် |
|---|---|---|---|
| MT.TASCO-1 | BITUMEN | MALAYSIA | ၂၀.၁၂.၂၀၁၈ |
| MT.OCEAN WINNER | MOGAS(92)RON | - | ၂၇.၁၂.၂၀၁၈ |
| MT.TASCO-1 | BITUMEN | MALAYSIA | ၂၇.၁၂.၂၀၁၈ |
| MT.TAK SAORN | P'Oil(In Bulk) | INDINESIA | ၂၇.၁၂.၂၀၁၈ |
| MT.PENYUAN | P'Oil(In Bulk) | INDONESIA | ၂၇.၁၂.၂၀၁၈ |
| MT.OCEAN MANTA | Diesel | SINGAPORE | ၂၇.၁၂.၂၀၁၈ |
| MT.OCEAN PORPOISE | Diesel | SINGAPORE | ၂၇.၁၂.၂၀၁၈ |
| MT.CHAO ANOMA | P'Oil(In Bulk) | INDONESIA | ၂၇.၁၂.၂၀၁၈ |
| MT.OCEAN WINTER | Diesel & MOGAS (92) | SINGAPORE | ၂၇.၁၂.၂၀၁၈ |
| MT.FLY GURNARD | MOGAS(92)RON | SINGAPORE | ၂၈.၁၂.၂၀၁၈ |
| MT.YU HAI | Diesel&MOGAS(92)RON | SINGAPORE | ၂၈.၁၂.၂၀၁၈ |
| MT.SK LINE-1 | P'Oil(In Bulk) | INDONESIA | ၂၉.၁၂.၂၀၁၈ |
| MT.BABYLON | Diesel | SINGAPORE | ၃၀.၁၂.၂၀၁၈ |
| MT.OCEAN LARK | Diesel | SINGAPORE | ၃၀.၁၂.၂၀၁၈ |
| MT.FLY MARLIN MOGAS | (92RON) | SINGAPORE | ၃၀.၁၂.၂၀၁၈ |
| MT.MESON | P'Oil(In Bulk) | INDONESIA | ၁.၁.၂၀၁၉ |
| MT.PRIMROSE | P'Oil(In Bulk) | INDONESIA | ၁.၁.၂၀၁၉ |
| MT.ORCA PACIFIC | Diesel | SINGAPORE | ၃.၁.၂၀၁၉ |
| MT.BLUE LINE-1 | P'Oil(In Bulk) | INDONESIA | ၅.၁.၂၀၁၉ |
| MT.GLORY OCEAN | Diesel | SINGAPORE | ၆.၁.၂၀၁၉ |
| MT.PHUBAI PATTRA-2 | Diesel | SINGAPORE | ၇.၁.၂၀၁၉ |
| MT.GREAT DIAMOND | Diesel | SINGAPORE | ၇.၁.၂၀၁၉ |

## သားငါးဈေးနှုန်းများ ပုံမှန်အရောင်းအဝယ်ဖြစ်လျက်ရှိ

ယခုဒီဇင်ဘာလနောက်ဆုံးတစ်ပတ် သား/ငါးလက်လီဈေးကွက်မှာ ယခင် တစ်ပတ်ကဈေးနှုန်းအတိုင်း နေ့စဉ်ပုံမှန်အရောင်းအဝယ်ဖြစ်လျက်ရှိနေပြီး ဝက်သားတစ်ပိဿာလျှင် ကျပ် ၈၀၀၀၊ ဆိတ်သားတစ်ပိဿာလျှင် ကျပ် ၁၅၀၀၀၊ အမဲသားတစ်ပိဿာလျှင် ကျပ်၉၀၀၀၊ ကြက်သား(CP) တစ်ပိဿာလျှင် ကျပ်၇၀၀၀၊ ကြက်သား (ဒေသတောကြက်) တစ်ပိဿာလျှင်ကျပ် ၁၂၀၀၀၊ ငါးခူတစ်ပိဿာလျှင် ကျပ် ၈၀၀၀၊ ငါးရံ့တစ်ပိဿာလျှင် ကျပ်၇၀၀၀၊ ငါးကြင်းဖြူတစ်ပိဿာလျှင် ကျပ်၇၀၀၀၊ ငါးဖယ်ခြစ် တစ်ပိဿာလျှင် ကျပ် ၁၂၀၀၀၊ ပုဇွန်အကြီးတစ်ပိဿာလျှင် ကျပ်၁၆၀၀၀၊ ပုစွန်အလတ်တစ်ပိဿာလျှင် ကျပ် ၁၃၀၀၀ ဈေးဖြင့် ဈေးနှုန်းအတက်အကျမရှိဘဲ ပုံမှန်အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း စုံစမ်းသိရှိရပါသည်။ **သန်းသန်း (ပဲခူး)**

## ကြက်သွန်

# ဥစိုက် ကြက်သွန်ဝင်ရောက်မှုများသဖြင့် ဈေးကျနေ

မကွေးတိုင်းဒေသကြီး ရေနံချောင်းမြို့နယ်ရှိ ကိုင်းမြေများတွင်စိုက်သည့် ဥစိုက်ကြက်သွန်နီများ ဝင်ရောက်မှုများနေသဖြင့် ဈေးကျနေကြောင်း စိုက်ပျိုးသူများထံကသိရသည်။ မြို့နယ်အတွင်းမှာ ကျေးရွာပေါင်းသုံးဆယ်နီးပါး မြေနုကျွန်းများနှင့် ကိုင်းမြေစိုက်ဥစိုက်ကြက်သွန်နီများ၌စိုက်ကြကြောင်း ဒီဇင်ဘာနောက်ဆုံးပတ်တွင် လှိုင်လှိုင်ဝင်ရောက်နေကြောင်းပြည်တွင်းဈေးကွက်တွင်ဆိပ်ဖြူ ပခုက္ကူမြို့၊ ချောက်မြို့နယ်များတွင်အပြိုင်ပေါ်နေကြောင်း ဒီအတွက်ဈေးကျနေကြောင်း ရောင်းဝယ်သူတစ်ဦးကပြောသည်။

လက်ရှိကြက်သွန်နီအသစ်တစ်ပိဿာကျပ်၆၀၀ပေးဝယ်နေပြီး ယခင်တစ်ပတ်တွင်ဥကြက်သွန်နီကျပ်၁၀၀၀၊ ဥလတ်တစ်ပိဿာ ကျပ်၈၀၀ ဈေးဖြစ်ကြောင်းခဲ့လက်ရှိကြက်သွန်သောင်းပြောင်းစိုက်စုံကြက်သွန်နီတစ်ပိဿာကျပ်၆၀၀သာ ရောင်းရကြောင်းရေနံချောင်းမြို့နယ်ဘုရဲကျွန်းကျေးရွာမှတောင်သူတစ်ဦးက ပြောသည်။

“တောင်သူတွေကတော့ ငွေပေါ်အောင်ရောင်းကြတာရှိသလိုယခင်နှစ်ပေါ်တဲ့ ကြက်သွန်အဟောင်းလက်ကျန်မရှိတာကြောင့် ဈေးတက်နိုင်တယ်ဆိုပြီး မရောင်းဘဲထားကြတာလည်းရှိတယ်”ဟု ရေနံချောင်းမြို့နယ် မိန်းမလှကျွန်းကျေးရွာမှ တောင်သူတစ်ဦးက ပြောသည်။

**ရွှေစင်**

# ပြည်ဈေးကွက်အတွင်း ကြက်သွန်နီ(အသစ်)များ အရောင်းအဝယ်ပိုဖြစ်လာ

ပြည်ဈေးကွက်အတွင်းသို့ ယခုတစ်ပတ်တွင် ကြက်သွန်နီ(အသစ်)များသာ ဆက်လက်ဝင်ရောက်မှုရှိနေပြီး ပခုက္ကူ ဆိပ်ဖြူ ရေနံချောင်း စတဲ့နယ်များ မှ ပိဿာ ၃၀ ဝင်အိတ် ၃၀၀ မှ ၄၀၀ ခန့် နေ့စဉ် ဝင်ရောက်မှုရှိနေကြောင်း သိရပါတယ်။

ကြက်သွန်နီ (အသစ်) မှာ အစိုဓာတ်များ ရှိနေသေးပြီး အူပွကာ အရည်အသွေး မကောင်းသေးသည့်အတွက် လုပ်ငန်းရှင်များမှ အရောင်းအဝယ်ဖြစ်မည့် ပမာဏလောက်ကိုသာ မှာယူရောင်းဝယ်လျက်ရှိနေကြောင်းလည်း သိရပါတယ်။ ကြက်သွန်နီ(အသစ်)များကို ဒေသတွင်း ပုံမှန်ဝယ်လက်များ၊ အိတ်ဆွဲဝယ်ရောင်းသမားများနှင့် ဧရာဝတီ၊ ရခိုင်တို့သို့ တင်ပို့မှုအပါအဝင် ဝင်ရောက်မှုရဲ့သုံးပုံနှစ်ပုံခန့် အရောင်းအဝယ်ဖြစ်နေကြောင်း သိရပါတယ်။ ကြက်သွန်နီ(အသစ်)ဈေးနှုန်းများအနေနဲ့ ပွဲရုံလက်ကားဈေးတစ်ပိဿာလျှင်(ကြီး) ကျပ် ၁၀၀၀-၁၁၀၀၊ (လတ်) ကျပ် ၉၀၀-၁၀၀၀၊ (သေး) ကျပ် ၇၀၀-၈၀၀ ခန့်ရှိပြီး လက်လီဈေးအသေးများတွင် (ကြီး) ကျပ် ၁၃၀၀-၁၄၀၀၊ (လတ်) ကျပ် ၁၂၀၀-၁၃၀၀၊(သေး) ကျပ် ၉၀၀-၁၀၀၀-၁၁၀၀ စသည်ဖြင့် ရောင်းဝယ်လျက်ရှိကြောင်း သိရပါတယ်။

ပြည်လက်လီဈေးကွက်အတွင်း ကြက်သွန်နီအသစ်များ အရောင်းအဝယ်ပိုဖြစ်သဖြင့် ယခင်တစ်ပတ်ဈေးနှုန်းထက် တစ်ပိဿာလျှင် ကျပ် ၁၅၀-၂၀၀ ခန့် ယခုတစ်ပတ်တွင် ဈေးအနည်းငယ် ပိုရနေကြောင်းသိရပါတယ်။ ဈေးကွက်အတွင်း ကြက်သွန်နီအဟောင်းများမှာ ပြည်ပွဲရုံများတွင် ကျန်ရှိနေသည့် လက်ကျန်များကို တစ်ပိဿာလျှင် ကျပ် ၆၀၀-၇၀၀-၈၀၀ခန့်သာရှိတော့ပြီး အရည်အသွေး အလွန်ညံ့သည့်အတွက် အစားအစာ ချက်ပြုတ်ရောင်းချသူများမှသာ ဝယ်ယူမှုရှိနေကြောင်းလည်း သိရပါတယ်။

**ဝင်းလှဲ့ဝါ(ပြည်)**

## ပြောင်း



# တရုတ်နယ်စပ်ရှိ ကုန်သွယ်ရေးစခန်းများမှ ပြောင်းပိုမိုတင်ပို့

မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ်၊ လွယ်ဂျယ်နဲ့ ချင်းရွှေဟော်ကုန်သွယ်ရေးစခန်းများမှ ဒီဇင်ဘာ ၁၅ ရက်မှ ၂၁ ရက်အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၆ ဒသမ၆၃၀ သန်း တန်ဖိုးရှိ ပြောင်းတန်ချိန် ၃၃၄၂၅ တန်ကို တရုတ်နိုင်ငံသို့ တင်ပို့ခဲ့ပါတယ်။ စခန်းအလိုက်တင်ပို့မှုမှာ မူဆယ်မှ ၁၉၆၃၂ တန်ခွဲ၊ လွယ်ဂျယ်မှ ၉၁၄ တန်ခွဲနဲ့ ချင်းရွှေဟော်မှ ၁၂၈၇၈တန် ဖြစ်ပါတယ်။ ယခင်တစ်ပတ်က တရုတ်နယ်စပ်ရှိ ကုန်သွယ်ရေးစခန်းစုံမှ ၃၀၂၈၈ တန်သာ တင်ပို့ခဲ့တဲ့အတွက် ၃၁၃၇တန် ပိုမိုတင်ပို့နိုင်ခဲ့ပါတယ်။ ယခင်တစ်ပတ်က ပြောင်းတစ်တန်လျှင် ကျပ် ၃၀၇၃၅၀ ရှိရာမှ ဒီဇင်ဘာ ၁၅ ရက်မှ ၂၁ ရက်အတွင်း ၃၁၀၄၆၁ ကျပ်သို့ဈေးအနည်းငယ်မြင့်တက်ခဲ့ကြောင်း၊ မူဆယ်သို့ ပြောင်းကား ၅၉၁ စီး ဝင်ရောက်ခဲ့ကြောင်း သိရပါတယ်။

အလားတူ မြန်မာ-ထိုင်းနယ်စပ်ရှိမြဝတီကုန်သွယ်ရေးဇုန်မှလည်း အဆိုပါသီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၅၀၅၀၅ တန်ဖိုးရှိ ပြောင်းတန် ၂၄၀ ကျော်ကို ထိုင်းနိုင်ငံသို့ တင်ပို့ခဲ့ပါတယ်။

**မော်မော်အောင်**

# ပြောင်းဖူးစေ့နှင့်အဖူးအသစ်များဝင်လာပြီး ပြောင်းဖူးစေ့ထက်အဖူးများဈေးကောင်းရ

ဒီတစ်ပတ်မှာရေနံချောင်းမြို့နယ်နှင့် ပွင့်ဖြူမြို့နယ်စိုက်ပြောင်းဖူးများနှင့်ပြောင်းဖူးစေ့များအသစ်ပေါ်နေပြီး ပြောင်းဖူးဈေးကောင်းတဲ့အတွက်ပြောင်းဖူးစေ့အဝင်နည်းလာကာရောင်းလိုအားလည်းနည်းလာကြောင်း ရေနံချောင်းဈေးကွက်မှသိရသည်။“ပြောင်းဖူးအဖူးတစ်ရာကို ကျပ်၁၃၀၀၀နဲ့ရောင်းနေရတာပါ။ ပြောင်းဖူးအခင်းတစ်ခင်းပြောင်းဖူး အဖူး၁၀၀၀၀ထွက်တယ်။ စုစုပေါင်း ကျပ်၁၃၀၀၀၀ရတယ်။ ဒီတော့တောင်သူကထိုင်ဝမ်ပြောင်းစိုက်ကြတာ။ ပြောင်းအစိုက်နည်းတာကြောင့် အဝင်နည်းတာပါ”ဟုပြောသည်။လက်ရှိဈေးကွက်တွင်ပြောင်းဖူးစေ့တစ်တင်း ကျပ်၁၂၀၀၀နီးကျင်ပေါက်ဈေးရှိကြောင်း လက်လီအဖြစ်ဝယ်ရောင်းလုပ်ကြောင်းသိရသည်။

**ရွှေစင်**

## နှမ်း

# ဒီတစ်ပတ်နှမ်းတန်ချိန် ၇၀ကျော်တင်ပို့

ဒီဇင်ဘာ ၁၆ ရက်မှ ၂၂ ရက် သီတင်းပတ်အတွင်း နှမ်း၇၇ တန်ကို ပင်လယ်ရေကြောင်းကုန်သွယ်မှုလမ်းမှ တင်ပို့ခဲ့ပါတယ်။ ဒီတစ်ပတ် အာရပ်စော်ဘွားများပြည်ထောင်စုနိုင်ငံသို့ ၆၂ တန်နဲ့မလေးရှားနိုင်ငံသို့ ၁၅ တန် တင်ပို့ခဲ့တယ်လို့ သိရပါတယ်။ နှမ်းတစ်တန်ကိုပျမ်းမျှအမေရိကန်ဒေါ်လာ ၄၀၀-၄၂၀ ရရှိခဲ့တယ်လို့ သိရပါတယ်။ ယခင်သီတင်းပတ်ကတင်သွင်းခဲ့တဲ့ နှမ်းတန်ချိန် ၁၁၀ ကျော်နဲ့ နှိုင်းယှဉ်ရင် တန်ချိန် ၃၀ ကျော် လျော့နည်းတင်ပို့ခဲ့တယ်လို့ သိရပါတယ်။ ဒီတစ်ပတ်နှမ်းတင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၃၂၅၀၀ ဝင်ငွေရရှိခဲ့တယ်လို့ သိရပါတယ်။

**သီတာဝင်း**(DOT)

## မန်ကျည်း

# ဒီတစ်ပတ် မန်ကျည်းတန်ချိန် ၃၀၀ကျော်တင်ပို့

ဒီဇင်ဘာ ၁၆ ရက်မှ ၂၂ ရက်အထိသီတင်းပတ်အတွင်း မန်ကျည်း၃၀၇ တန်ကို ပင်လယ်ရေကြောင်းကုန်သွယ်မှုလမ်းမှတင်ပို့ခဲ့ပါတယ်။ဒီတစ်ပတ် ဘင်္ဂလားနိုင်ငံသို့ တန်ချိန် ၅၀နဲ့ ရီမန်နိုင်ငံသို့ တန် ၅၀ နဲ့ စင်ကာပူနိုင်ငံသို့၂၀၇ တန် တင်ပို့ခဲ့တယ်လို့ သိရပါတယ်။ မန်ကျည်းတစ်တန်ပျမ်းမျှအမေရိကန်ဒေါ်လာ ၂၅၀-၂၇၀ ရရှိခဲ့တယ်လို့ သိရပါတယ်။ ယခင်သီတင်းပတ်က မန်ကျည်းတန်ချိန် ၂၀၀ တင်ပို့ခဲ့တာကြောင့် ဒီတစ်ပတ်တင်ပို့မှုနဲ့နှိုင်းယှဉ်ရင် တန်ချိန် ၁၀၀ ကျော် ပိုမိုတင်ပို့နိုင်ခဲ့တယ်လို့ သိရပါတယ်။ မန်ကျည်းတင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၈၄၇၇၅ ဝင်ငွေရရှိခဲ့တယ်လို့ သိရပါတယ်။

**သီတာဝင်း**(DOT)

## ချင်း

# ချင်းတန်ချိန် ၆၀၀ကျော်တင်ပို့

ဒီဇင်ဘာ ၁၆ ရက်မှ ၂၂ ရက်အထိ သီတင်းပတ်အတွင်းချင်း ၆၆၈ ဒသမ ၅ တန်ကိုပင်လယ်ရေကြောင်းကုန်သွယ်မှုလမ်းမှ တင်ပို့ခဲ့ပါတယ်။ ဒီတစ်ပတ် စင်ကာပူနိုင်ငံသို့ ၅၄ တန်နဲ့ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ၆၁၄ ဒသမ ၅တန် တင်ပို့ခဲ့ပါတယ်။ ချင်းတစ်တန်ပျမ်းမျှအမေရိကန်ဒေါ်လာ ၁၃၅ ဝန်းကျင်ရရှိခဲ့တယ်လို့သိရပါတယ်။ ယခင်သီတင်းပတ်ကတင်ပို့ခဲ့တဲ့ ချင်းတန်ချိန် ၃၆၀ ကျော်နဲ့ နှိုင်းယှဉ်ရင် တန်ချိန် ၃၀၀ ကျော် ပိုမိုတင်ပို့ခဲ့တယ်လို့ သိရပါတယ်။ ဒီတစ်ပတ် ချင်းတင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၁၃၄၃၇၅ ဝင်ငွေရရှိခဲ့တယ်လို့ သိရပါတယ်။ **သီတာဝင်း**(DOT)

## ဝဥ

# မူဆယ်နဲ့ချင်းရွှေဟော်မှ ဝဥ ပိုမိုတင်ပို့

ဒီဇင်ဘာ ၁၅ ရက်မှ ၂၁ ရက်ထိ ရက်သတ္တပတ်အတွင်း မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ်မှ အမေရိကန်ဒေါ်လာ ၁၁၁၅၅ တန်ဖိုးရှိ ဝဥခြောက် တန် ၆၀ ကျော်ကိုလည်းကောင်း၊ ချင်းရွှေဟော်မှ အမေရိကန်ဒေါ်လာ ၅၇၃၀၀ တန်ဖိုးရှိ ဝဥအစိုတန် ၃၀၀ ကိုလည်းကောင်း တရုတ်နိုင်ငံသို့ တင်ပို့ခဲ့ပါတယ်။ ယခင်တစ်ပတ်က မူဆယ်မှ ဝဥခြောက် ၃၈ တန်ကျော်၊ ချင်းရွှေဟော်မှ ဝဥခြောက် ၁၅ တန်သာ တင်ပို့ခဲ့လို့ ယခုတစ်ပတ် မူဆယ်ရော၊ချင်းရွှေဟော်မှပါ ဝဥပိုမိုတင်ပို့ခဲ့တာတွေ့ရပါတယ်။ ဝဥစားသုံးခြင်းဖြင့် သွေးတိုး၊ ဆီးချို၊ နှလုံးရောဂါ၊ အူမကြီးရောဂါ၊ အဝလွန်ရောဂါများကို တိုက်ဖျက်ကာကွယ်ပေးတာကြောင့် တရုတ်နိုင်ငံမှာ တိုင်းရင်းဆေး ဖော်စပ်ရာမှာ ထည့်သွင်းအသုံးပြုကြတာလို့ သိရပါတယ်။

**မော်မော်အောင်**

## သကြား

# တရုတ်နိုင်ငံသို့ သကြားပိုမိုတင်ပို့

ဒီဇင်ဘာ ၁၅ ရက်မှ ၂၁ ရက်ထိ ရက်သတ္တပတ်အတွင်း မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ်၊ လွယ်ဂျယ်နဲ့ ချင်းရွှေဟော်ကုန်သွယ်ရေးစခန်းများမှ အမေရိကန်ဒေါ်လာ ၄ ဒသမ ၂၆၅ သန်းတန်ဖိုးရှိ Re-export သကြား ၇၀၂၅ တန်ကို တရုတ်နိုင်ငံသို့ တင်ပို့ခဲ့ပါတယ်။ စခန်းအလိုက်တင်ပို့မှုမှာ မူဆယ်မှ တန်ချိန် ၅၆၀၀ ကျော်၊ လွယ်ဂျယ်မှ ၄၄၄ တန်ကျော်နဲ့ ချင်းရွှေဟော်မှ တန် ၉၈၀ ဖြစ်ပါတယ်။ ယခင်တစ်ပတ်က မူဆယ်နဲ့ ချင်းရွှေဟော်မှ သကြား ၅၃၄၈ တန်သာ တင်ပို့ခဲ့လို့ ယခုတစ်ပတ် ၁၆၆၇၇ တန် ပိုမိုတင်ပို့နိုင်ခဲ့ပါတယ်။ ဒီဇင်ဘာ ၁၅ ရက်မှ ၂၁ ရက်အတွင်း မူဆယ်ကုန်စည်ဒိုင်မှာ သကြား တစ်တန်ရဲ့ မိမိဘက်ပေါက်ဈေးမှာ ကျပ် ၉၈၀၉၁၀ ရှိပြီး တစ်ဘက်နိုင်ငံဈေးမှာ ၄၃၄၁ ယွမ်ရှိတယ်လို့သိရပါတယ်။

**မော်မော်အောင်**

# ပဲပုပ်သီးနှံ တိုးချဲ့စိုက်ပျိုးခြင်းဖြင့် ပြည်တွင်းစားသုံးမှု ဖူလုံပြီး ပြည်ပဝင်ငွေရရှိရေး ကြိုးပမ်းကြပါစို့. . . .

**စောမောင်(တောင်ကြီး)**

မြန်မာနိုင်ငံတွင် ပဲပုပ်ကို ပဲမျိုးစုံသီးနှံအဖြစ် လူသိများသော်လည်း ဆီထွက်သီးနှံအဖြစ် လူသိနည်းကြပါတယ်။ ပဲပုပ်မှဆီထုတ်လုပ်မှုမှာလည်း နည်းပါးကြပါသေးတယ်။ပဲပုပ်ကိုသဲဆန်သောမြေအမျိုးအစား မှအပ မြေဩဇာအသင့်အတင့်မှ ထက်သန်တဲ့မြေများမှာ စိုက်ပျိုးဖြစ်ထွန်းနိုင်ပါတယ်။ ရေဝပ်စိမ့်ကိုင်ခြင်း မရှိတဲ့မြေမှာ ဖြစ်ထွန်းနိုင်ပြီး တစ်နှစ်ပတ်လုံးမိုးရေချိန် ၂၀လက်မမှ ၆၀ လက်မကြား ရှိလျှင် အကောင်းဆုံးဖြစ်ပါတယ်၊ အပူချိန် ၂၀မှ ၄၀ဒီ ဂရီစင်တီဂရိတ်အတွင်းရှိရန် လိုအပ်ပါတယ်။ မြန်မာနိုင်ငံတွင်ပဲပုပ်ကို ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီးတို့မှအပ ကျန်တိုင်းဒေသကြီးနဲ့ ပြည်နယ်များမှာ စိုက်ပျိုးကြပါတယ်။ ရှမ်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ဧရာ ဝတီတိုင်းဒေသကြီးတို့မှာ အများဆုံး စိုက်ပျိုးကြပါတယ်။

ရှမ်းပြည်နယ်(မြောက်ပိုင်း)မှာတော့ ပဲပုပ်ကိုလားရှိုးခရိုင်၊ ကျောက်မဲခရိုင်၊ မိုးမိတ်ခရိုင်၊ မူဆယ်ခရိုင်တို့မှာ အများဆုံးစိုက်ပျိုးကြပြီး ယခုနှစ်မိုးပဲပုပ်စိုက်ဧက ၃၃၀၅၀ ရှိပြီး၊ ဆောင်းစိုက်ဧက၁၄၅၃၁ နဲ့ စုစုပေါင်းစိုက်ဧက၄၇၅၈၂ ရှိကြောင်း သိရပါတယ်၊ ရှမ်းပြည်နယ်(တောင်ပိုင်း)မှာတော့ ကျောက်တစ်လုံးကြီး၊ ဆီဆိုင်၊ ဟိုပုံး၊ မိုင်းကိုင်၊ လဲချား၊ မိုင်းနောင်၊ မိုးနဲ၊ မောက်မယ်၊ လင်းခေးနဲ့ မိုင်းပန်မြို့နယ်တွေမှာ အများဆုံးစိုက်ပျိုးပြီး ယခုနှစ်မိုးပဲပုပ်စိုက်ဧက ၅၄၀၀၈ ဧကနဲ့ ဆောင်းပဲပုပ်စိုက်ဧက ၁၃၂၄၁ ဧက၊ စုစုပေါင်းဧက ၆၇၂၄၉ ရှိကြောင်း သိရပါတယ်။ ရှမ်းပြည်နယ်အရှေ့ပိုင်းမှာတော့ အများဆုံးစိုက်ပျိုးတဲ့မြို့နယ်တွေကတော့ မိုင်းယဉ်၊ မိုင်းခတ်၊ ကျိုင်းတုံ၊ မိုင်းလား၊ မိုင်းဖြတ်မြို့နယ်များဖြစ်ပါတယ်၊ ယခုနှစ်မိုး+ ဆောင်း ပဲပုပ်စိုက်ဧက ၃၀၀၀၀ ကျော်စိုက်ပျိုးထားတယ်လို့ သိရပါတယ်။ ရှမ်းပြည်နယ်မှာစိုက်ပျိုးထားတဲ့ ပဲပုပ်မျိုးတွေကတော့ ဒေသမျိုးများ၊ ရေဆင်း(၆)၊ ရေဆင်း(၁၁)၊ ရေဆင်း(၁၄)၊ ရေဆင်း(၁၅)နဲ့ တာချီလိတ်လုံးကြီးမျိုးတွေကိုစိုက်ပျိုးကြပြီး မိုးပဲပုပ်ကိုတော့ ဧပြီလနှင့် မေလမှာ စိုက်ပျိုးပြီး၊ စိုက်ပျိုးချိန် ရေရရှိရန် လိုအပ်သဖြင့် ရေရရှိနိုင်မယ့် နေရာများမှာ စိုက်ပျိုးသင့်ပါတယ်၊ ဇူလိုင်လကုန် ဩဂုတ်လမှာ ရိတ်သိမ်းကြပါတယ်၊ ဆောင်း ပဲပုပ်ကိုတော့စပါးအပြီး နိုဝင်ဘာလနှင့် ဒီဇင်ဘာလတွေမှာ စိုက်ပျိုးပြီး ဖေဖော်ဝါရီလမှာ ရိတ်သိမ်းကြပါတယ်။ ပဲပုပ်ကို မြန်မာနိုင်ငံအလယ်ပိုင်းဒေသများတွင် ဩဂုတ်လဆန်းနှင့် စက်တင်ဘာလဆန်းတွင် စိုက်ပျိုး ကြပြီး၊ အောက်မြန်မာနိုင်ငံ(ကိုင်းကျွန်းဒေသများ)တွင် အောက်တိုဘာလအတွင်း စိုက်ပျိုးကြပါတယ်။ ပဲပုပ်စိုက်ကာနီးမှာ မျိုးစေ့တွေကို ပဲမြစ်ဖုမြေဩဇာ တစ်ဧက (၁-၂)ထုတ်နှုန်း လူးနယ်ပြီး စိုက်ပျိုးရပါတယ်။ ပဲပုပ်ကို တန်းကြား ၁၈လက်မ၊ ပင်ကြား ၂ လက်မ- ၄လက်မ အတွင်းစိုက်ပျိုးပြီး တစ်ကျင်းကို(၂)ပင်နှုန်းထားပါက တစ်ဧက အပင်ရေ ၂ ဒသမ ၃ သိန်းဝင်အောင်စိုက်ပျိုးနိုင်ပါတယ်။ စိုက်ချိန်နောက်ကျပါက တန်းကြား ၁၂လက်မ၊ ပင်ကြား ၂ လက်မ-၄လက်မ တစ်ကျင်း နှစ်ပင်နှုန်းဖြင့်တစ်ဧက အပင်ရေ၃ဒသမ ၄ သိန်းဝင်အောင် စိုက်ပျိုးနိုင်ပါတယ်။ ပဲပုပ်သီးတောင့်ဖြစ်ထွန်းချိန်မှာတော့ အစိုဓာတ်လုံလောက်မှုရှိစေရန် ဆောင်ရွက်ပေးရပါတယ်။ စိုက်ပြီးတစ်လသားအတွင်းမှာတော့ ပေါင်းမြက်တွေကို ကင်းစင်အောင်ဆောင်ရွက်ပေးရပါတယ်။

ပိုးမွှားကာကွယ်ခြင်းအနေဖြင့် အဓိကကျရောက်တဲ့ ဖျက်ပိုးတွေကတော့ ရွက်စုံစားခူမွေးစုတ်၊ သီးတောင့်ထိုးပိုး၊ ရွက်လိပ်ပိုး၊ ရွက်ထွင်းပိုး၊ ယင်ဖြူ၊ ရွက်စုံစားကျိုင်းနဲ့ ပင်စည်ထိုးယင်တို့ဖြစ်ပါတယ်၊ ရွက်စားပိုးများအတွက် ထိသေ၊ စားသေပိုးသတ်ဆေးနဲ့ သီးလုံးဖောက်ပိုး၊ ပင်စည်ထိုးပိုး၊ ရွက်ထွင်းပိုးများအတွက် ပင်လုံးပြန့်အာနိသင်ရှိတဲ့ ပိုးသတ်ဆေးများဖြင့် ကာကွယ်နှိမ်နင်းနိုင်ပါတယ်။ ထိသေပိုးသတ်ဆေး များအနေဖြင့်ဖန်လိုအိတ်၊ မာလာသီယွန်၊ အင်ဒိုင်ဆာလဖန်၊ တမာပိုးသတ်ဆေးများကို အသုံးပြုနိုင်ပါတယ်။ ပင်လုံးပြန့် ပိုးသတ်ဆေးအနေဖြင့် ဒိုင်မီသိုအိတ်၊ ဒိုင်ယာဇီနွန်(၁၀)ဂျီ၊ ဖျူရာဒန်(၃) တို့ကို အသုံးပြုနိုင်ပါတယ်။

ရောဂါကာကွယ်ခြင်းတွေကတော့ တောင်ပေါ်ဒေသတွေမှာ သံချေးရောဂါနဲ့ ဖားဥမှိုရောဂါတွေ ကျရောက်တတ်ပြီး မြေပြန့်ဒေသ



တွေမှာတော့ ဘက်တီးရီးယား ရွက်ပြောက်ရောဂါများ ရင့်မှည့်ချိန်မှာ ကျရောက်တတ်ပြီး အထွက်နှုန်းကို ထိခိုက်စေနိုင်ပါတယ်၊ သံချေးရောဂါအတွက် မန်ကိုဇက်ပိုးသတ်ဆေး ၁၀ ဂရမ်ကို ရေတစ်ဂါလံ ရောပြီး ၁၀ ရက်ခြားလေးကြိမ်ပက်ဖျန်းပေးရပါတယ်၊ ရောဂါပိုးမွှား ကျရောက်မှု သက်သာစေရန် သီးနှံတစ်မျိုးကိုတစ်နှစ်အတွင်း တစ်ရာသီသာ စိုက်ပျိုးခြင်းသည် အကောင်းဆုံးဖြစ်ပါတယ်။ ပဲပုပ်ကို မစိုက်ပျိုးမီ ရှေ့သီးနှံများ စိုက်ပျိုးပြီးပါကထယ်ရေး နက်နက်ထိုးပြီး နှစ်ပတ်မှ လေးပတ်အထိ စိုက်ခင်းကိုနေလှန်းပြီး သီးနှံအကြွင်းအကျန်များ ပေါင်းများကင်းစင်အောင် ပြုလုပ်ပေးရပါတယ်။ ရှမ်းပြည်နယ်ရဲ့ ပဲပုပ်တစ်ဧကအထွက်နှုန်းကတော့ ၁၉-၂၀ တင်းခန့် ထွက်ရှိနိုင်ပြီး ပျဉ်းမနားနဲ့ နေပြည်တော်တပ်ကုန်းဘက်မှာတော့ တစ်ဧကတင်း ၂၀ အထက်ထွက်ရှိနေတယ်လို့သိရပါတယ်။ ပဲပုပ်တစ်ဧကထုတ်လုပ်မှုကုန်ကျစရိတ်ကတော့ နေရာဒေသနဲ့ သွင်းအားစုသုံးစွဲမှုပေါ်မူတည်၍ ၂၃၀၀၀၀-၂၅၀၀၀၀ကျပ်အထိ ကုန်ကျနိုင်ပါတယ်။ ရှမ်းပြည်နယ်တွင် ၂၀၁၇-၂၀၁၈ ခုနှစ်ကမိုး+ဆောင်း ပဲပုပ် ၁၈၅၇၂၉ ဧကစိုက်ပျိုးခဲ့ပြီး၊ ပျမ်းမျှအထွက်နှုန်း ၁၉ ဒသမ ၄၈ တင်းနှုန်းထွက်ရှိခဲ့လို့ မက်ထရစ်တန်ချိန် ၁၁၈၁၉၂ တန် ထုတ်လုပ်နိုင်ခဲ့ပါတယ်။ ရှမ်းပြည်နယ်(မြောက်ပိုင်း)မှာတော့ မိုးပဲပုပ်ပေါ်ချိန် တစ်ပိဿာ ၁၂၀၀-၁၃၀၀ ကျပ်ဈေးရှိပြီး ပိုလျှံတဲ့ ပဲပုပ်တွေကိုတော့ မန္တလေးမြို့ရှိ ပဲပြားစက်ရုံများသို့ အများဆုံးတင်ပို့ကြပါတယ်။ ရှမ်းပြည်နယ်(တောင်ပိုင်း)မှာတော့ မိုးပဲပုပ်ပေါ်ချိန် တစ်ပိဿာ ၁၀၀၀-၁၁၀၀ ကျပ်ဈေးရှိပြီး၊ ဒေသတွင်း လိုအပ်ချက်မှ ပိုလျှံတဲ့ပဲပုပ်ကိုတော့ ရန်ကုန်မြို့နဲ့ မန္တလေးမြို့ရှိစက်ရုံများသို့ အများဆုံးတင်ပို့ကြကြောင်း သိရပါတယ်။ ကားခအနေနဲ့ ရန်ကုန်သို့ ၁၂၀၀ ကျပ်နဲ့ မန္တလေးမြို့သို့ ၉၀၀ ကျပ် ပေးချေရပါတယ်။ ရှမ်းပြည်နယ်(အရှေ့ပိုင်း) မှာ မိုးပဲပုပ်ပေါ်ချိန် တစ်ပိဿာ၁၂၀၀-၁၃၅၀ကျပ်ဈေးရှိပြီး ဒေသတွင်း သုံးစွဲမှုသာပြုလုပ်တာများကြောင်း သိရပါတယ်။ ပဲပုပ်တောင်သူတွေကတော့ ထွက်ရှိလာတဲ့ ပဲပုပ်တွေကို သိုလှောင်ခြင်းမပြုကြတော့ဘဲ ဈေးကွက်ရှိတဲ့ နေရာတွေကို ချက်ချင်းရောင်းချလေ့ရှိပါတယ်။ ပဲပုတ်များပြည်တွင်းဈေးကွက်သို့ သယ်ယူပို့ဆောင်ရာမှာ ပွင့်လင်းရာသီတွင် အခက်အခဲမရှိသော်လည်း ပွင့်လင်းရာသီတွင် သယ်ယူပို့ဆောင်ရေးကြောင့် မိုးစိုပါက ပဲပုပ်များ မိုးစိုပျက်စီးနိုင်ပါတယ်။

ပဲပုပ်ကို အထူးဂရုပြုရမယ့် အချိန်ကတော့ ပဲပုပ်က မိုးများလွန်းတဲ့နှစ်တွေမှာ ရင့်မှည့်လာပါက ရိတ်သိမ်းချိန်မလွန်ဖို့ လိုအပ်ပါတယ်။ ရိတ်သိမ်းချိန်လွန်ပါက မှိုတက်ပြီး ပျက်စီးနိုင်ပါတယ်။ ပဲပုပ်ကို အရွက်များ ဝါခြောက်ပြီး သီးတောင့်များ ညိုဝါရောင်ပြောင်းချိန်မှာ တစ်ပတ်အတွင်း ရိတ်သိမ်းရပါတယ်။ မျိုးအလိုက် သက်တမ်း (၉၅-၁၂၀)ရက်ထက်ရိတ်သိမ်းမှု နောက်ကျခြင်းကြောင့် သီးတောင့်များကွဲပြီး လေလွင့်မှုမရှိအောင် အထူးဆောင်ရွက်ရပါမယ်။ ပဲပုပ်စေ့အခွံသည် အလွန်ပါးသည့်အတွက် ခြွေလှေ့စက်သုံးပြီး ခြွေလှေ့မည်ဆိုပါက အရှိန်မပြင်းရန် အထူးသတိပြုရပါမယ်။ မျိုးစေ့မကွဲရန် အနည်းဆုံး ၅ ပေအမြင့်လောက်မှ မလောင်းထည့်မိဖို့ဂရုပြုရပါမည်။

မြန်မာနိုင်ငံရဲ့ ပဲပုပ်အရည်အသွေး သတ်မှတ်ချက်တွေကတော့ မျိုးကွဲ ၁. ၀၀%၊ ပိုးထိုးပိုးကိုက် ၃. ၀၀%၊ အပျက်အစီး၃. ၀၀%၊ အခြားပဲ၀. ၅၀% အကျိုးအကြေ၀. ၅၀%၊ ပဲညီအစ်မ ၁. ၀၀%၊ အစိုဓာတ်၁၄. ၀၀%တို့ ဖြစ်ပါတယ်။

ပဲပုပ်စေ့သည် ပဲအနံ့ရပြီး အနည်းငယ်သက်ပြီး ဆိမ့်တဲ့အရသာရပါတယ်။ အရောင်ကတော့ အဝါ၊ အစိမ်း၊ အညိုရောင် ၊ အရောင်ရောတွေလည်းတွေ့ရပါတယ်။ ပုံသဏ္ဌာန်က လုံးဝန်းပါတယ်၊ အလျား ၆ ဒသမ ၅ မှ ၇ ဒသမ မီလီမီတာ၊ အနံ ၅ ဒသမ ၅ မှ ၆ ဒသမ ၃ မီလီမီတာ၊ အထူ ၃ဒသမ ၉ မီလီမီတာမှ ၅ဒသမ ၃မီလီမီတာရှိပါတယ်၊ ပဲပုပ်စေ့အတောင့်ကတော့ ၂ ဒသမ ၇ မီလီမီတာခန့်ရှိပြီး ပဲသီးတောင့်တွင်အစေ့နှစ်စေ့မှ ခြောက်စေ့အထိ ပါဝင်ပါတယ်။ ပဲပုပ်တစ်စေ့မှာ ၀. ၁၂ ဂရမ်ခန့် ရှိပါတယ်။

အထူးသဖြင့် ရှမ်းပြည်နယ်မှာတော့ မိုးပဲပုပ်ကိုကုန်းမြင့်ဒေသတွေမှာစိုက်ပျိုးကြပြီး၊ မြေပြန့်တဲ့နေရာတွေမှာတော့ ဆောင်းရာသီမိုးစပါးအပြီး လယ်တွေမှာ စိုက်ပျိုးကြတာတွေ့ရပါတယ်။ အဓိကဒေသရိုးရာ အစားအစာအဖြစ် စိုက်ပျိုးကြပြီး၊ ပြည်ပတင်ပို့နိုင်မှုအနည်းငယ်ရှိတာတွေ့ရပါတယ်။ ပဲပုပ်ဒေသ ပေါက်ဈေးနှုန်းနဲ့ FOB ဈေးနှုန်းကတော့ ၂၀၁၂-၂၀၁၃ ခုနှစ်က ဒေသပေါက်ဈေး အနိမ့်ဈေး ကျပ် ၅၅၀၉၈၀-၅၆၃၂၂၄နဲ့ FOBဈေးနှုန်း ၆၆၂ ရှိခဲ့သော်လည်း ၂၀၁၅-၂၀၁၆ ခုနှစ်မှာတော့ ဒေသပေါက်ဈေး အနိမ့်ဈေး (ကျပ်) ၆၁၂၂၀၀-၇၀၄၀၃၀ နဲ့ FOB ဈေးနှုန်းက ၅၅၅သာရှိခဲ့တာကိုလည်း တွေ့ရပါတယ်။ ပြည်တွင်းစားသုံးမှုမြင့်တက်လာ၍ ပြည်တွင်းဈေးနှုန်းကြီးမြင့်လာကာ ပြည်ပဝယ်ဈေးနှုန်းက နည်းနေတာကို တွေ့ရပါတယ်။ သို့အတွက် ၂၀၁၂-၂၀၁၃ ခုနှစ်က ပြည်ပသို့တင်ပို့တန်ချိန် ၆၁၃၆ တန် တင်ပို့နိုင်ခဲ့ပေမယ့် ၂၀၁၅-၂၀၁၆ ခုနှစ်မှာတော့ တန်ချိန် ၃၉၆၁ တန်သာ လျော့နည်းတင်ပို့နိုင်ခဲ့တာကို ပြည်တွင်းပြည်ပကုန်သွယ်ရေးစာရင်းများအရ သိရပါတယ်။ ပြည်ပဝင်ငွေရရှိရေးအတွက် ပဲပုပ်ကိုပြည်တွင်းစားသုံး ပိုလျှံအောင်ထုတ်လုပ်ပြီး ပြည်ပသို့ တိုးချဲ့တင်ပို့နိုင်ရေး ကြိုးစားဆောင်ရွက်သွားကြရမှာဖြစ်ပါတယ်။

ပဲပုပ်ကို Value Added အမျိုးမျိုးပြုလုပ်ပြီး ဒေသသုံးအစားအသောက်အဖြစ် ပဲပုပ်စေ့လှော်၊ ပဲပုပ်စေ့အကြော်၊ ပဲနို့အရည်၊ ပဲပြား၊ ပဲပုပ်ခြောက်၊ တိုဟူး၊ အသားတု၊ အမှုန့်ပြုလုပ်ပြီး မုန့်မျိုးစုံပြုလုပ်ခြင်း၊ ပဲပုပ်ဆီများ ပြုလုပ်ရောင်းချကြပါတယ်။ ပဲပုပ်ဆီကတော့ ဟင်းချက်ရာမှာ အထူးကောင်းမွန်ပါတယ်။ ပဲပုပ်ဆီကြိတ်ဖတ်ကို တိရစ္ဆာန်အစားအစာအဖြစ်သာမက မုန့်များပြုလုပ်ရာမှာလည်း ထည့်သွင်းအသုံးပြုနိုင်ပါတယ်။ ပဲပုပ်စေ့ရဲ့ ထူးခြားချက်ကတော့ အသား ၃၀မှ၄၆ ရာခိုင်နှုန်းပါဝင်တဲ့ သီးနှံဖြစ်ပါတယ်။ ပဲပုပ်ဆီဟာ စားဆီအဖြစ်သာမက ပိုးသတ်ဆေးဆပ်ပြာ၊ အိမ်သုတ်ဆေး၊ ပုံနှိပ်မင်နဲ့ ဆေးဝါးထုတ်လုပ်မှုလုပ်ငန်းတွေမှာလည်း အသုံးပြုနိုင်ပါတယ်။

ပဲပုပ်ကို ယခင် မတ်ပဲနဲ့ ပဲတီစိမ်း စိုက်ဒေသများမှာအစားထိုးသီးနှံအဖြစ် စိုက်ပျိုးသွားနိုင်ရေးအတွက် စိုက်ပျိုးရေးဦးစီးဌာနနဲ့ မြန်မာ့ပဲပုပ်စိုက်တောင်သူများ၊ အများပိုင်ကုမ္ပဏီတို့က ရေဆင်း(၆) နဲ့ ရေဆင်း ၁၄ မျိုးများကို နေပြည်တော်၊ ပျဉ်းမနား၊ တပ်ကုန်း၊ ပဲခူးတိုင်း၊ ဧရာဝတီနဲ့ ရန်ကုန်တိုင်းဒေသကြီးတို့မှာ ဖြန့်ဝေပေးလျက်ရှိတယ်လို့ သိရပါတယ်။ အဆိုပါကုမ္ပဏီက ပဲပုပ်မျိုးတစ်ပိဿာ ၃၀၀၀ ကျပ်နှုန်းနဲ့ဖြန့်ဝေပေးပြီး ပဲပုပ်ပိဿာ၃၀ ပါ အိတ်ကြီးတစ်အိတ်ဝယ်ယူသူအဖို့ ပိုင်အိုနီးယား လေလုံအိတ်ဖြင့်ထည့်ပေးခြင်း၊ ပဲမြစ်ဖုဇီဝမြေဩဇာ ၁၀၀ ကီလိုဂရမ်ပါ အထုပ်နှစ်ထုပ်ထည့်ပေးခြင်း၊ စိုက်ခင်းများ ပိုးမွှားရောဂါကျရောက်မှု ကြည့်ရှုစစ်ဆေးပေးခြင်းတို့ကို ဝန်ဆောင်မှုပေးတယ်လို့ သိရပါတယ်။ ဒါ့အပြင် ထွက်ရှိလာတဲ့ ပဲပုပ်များကို ကြမ်းခင်းဈေး တစ်ပိဿာ ၉၀၀ ကျပ်နဲ့ဝယ်ယူမယ့်အကြောင်း၊ မျိုးဖြန့်စဉ်ကတည်းက စာချုပ်ချုပ်ခဲ့ခြင်းနဲ့ ကုမ္ပဏီရဲ့ ရည်ရွယ်ချက်ကတော့ ပဲပုပ်စိုက်တောင်သူများကို ပြည်တွင်း၊ ပြည်ပ ဈေးကွက်ချိတ်ဆက်ပေးရေးနဲ့ Value Added များထုတ်လုပ်ပြီး ဒေသတွင်း အစားအစာများ ထုတ်လုပ်ရောင်းချသွားနိုင်ရေးဖြစ်တယ်လို့သိရပါတယ်။

ပြည်တွင်းသုံးဖူလုံပြီး ပြည်ပသို့ တိုးချဲ့တင်ပို့နိုင်ရေးအတွက် ကုန်းမြင့်လယ်ယာမြေများ ဖော်ထုတ်ခြင်း၊ အလယ်ပိုင်းနဲ့ မြောက်ပိုင်းဒေသတွေမှာ စပါးအပြီး ဆောင်းရာသီတွင် ယခင်မတ်ပဲနှင့် ပဲတီစိမ်းစိုက်သည့်နေရာတွေမှာ အစားထိုးသီးနှံအဖြစ် အစားထိုးစိုက်ပျိုးသွားခြင်း စိုက်ပျိုးရေးဦးစီးဌာနနဲ့ ကုမ္ပဏီများ ပူးပေါင်းကာ မြေယာတစ်ဆက်တစ်စပ်တည်း ဖော်ထုတ်ခြင်း၊ စိုက်ပျိုးရေးနည်းပညာများ ပို့ချပေးခြင်း၊ ဖလှယ်ခြင်း၊ ရယူခြင်း၊ အရင်းအနှီးများ စိုက်ထုတ်ခြင်း၊ နှစ်ရှည်အတိုးမဲ့ချေးငွေများရရှိရေး ဆောင်ရွက်ပေးခြင်း၊ စုဖွဲ့ပြီး ဈေးကွက်ချိတ်ဆက်ရောင်းဝယ်မှု ဆောင်ရွက်သွားမည်ဆိုပါက ပဲပုပ်စိုက်ဧကများ ပိုမိုများပြားလာပြီး အထွက်နှုန်းများလည်း ပိုမိုထွက်ရှိလာမှာဖြစ်ပါတယ်။ ဒါ့အပြင် အရည်အသွေးပိုင်းမှာလည်း စံချိန်စံညွှန်းမီပဲပုပ်များ ထွက်ရှိလာမှာဖြစ်တဲ့အတွက် ပြည်တွင်းသုံးဖူလုံကာ ပြည်ပသို့ ပဲပုပ်များ ပိုမိုတိုးချဲ့ရောင်းချလာနိုင်မှာဖြစ်ပါကြောင်း တိုက်တွန်းရေးသားအပ်ပါသည်။

# ဒီတစ်ပတ် ဓာတ်ဆီ၊ ဒီဇယ်အဝင်လျော့

ဒီဇင်ဘာ ၁၆ ရက်မှ ၂၂ ရက်အထိသီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၃၄၆၈၆၈၃၀ တန်ဖိုးရှိ ဒီဇယ် ၆၃၄၁၈ ဒသမ ၀၁တန်နဲ့ အမေရိကန်ဒေါ်လာ ၁၆၉၉၁၂၆၇ တန်ဖိုးရှိဓာတ်ဆီ ၃၅၉၉၂ ဒသမ ၉၀ တန်၊ စုစုပေါင်း ၉၉၄၁၀ ဒသမ ၉၁ တန်ကို ပင်လယ်ရေကြောင်းကုန်သွယ်မှုလမ်းမှ တင်သွင်းခဲ့ပါတယ်။ ယခင်သီတင်းပတ်က တင်သွင်းခဲ့တဲ့ဓာတ်ဆီတန်ချိန် ၆၂၀၄၀ကျော်နဲ့နှိုင်းယှဉ်ရင် တန်ချိန် ၂၆၀၄၀ကျော် အဝင်လျော့သလို ယခင်သီတင်းပတ်က တင်သွင်းခဲ့တဲ့ ဒီဇယ်တန်ချိန် ၆၃၉၈၀ ကျော်နဲ့ နှိုင်းယှဉ်ရင် တန်ချိန် ၅၆၀ ကျော် အဝင်လျော့ခဲ့ပါတယ်။ ဒါကြောင့် ဒီတစ်ပတ် ဓာတ်ဆီရောဒီဇယ်ပါ အဝင်လျော့ခဲ့ပါတယ်။

နယ်စပ်စခန်းဖြစ်တဲ့ မူဆယ်(၁၀၅)မိုင်ကုန်သွယ်ရေးဇုန်မှ အမေရိကန်ဒေါ်လာ သုညဒသမ ၈၀၉ တန်ဖိုးရှိ **Re-export** ဒီဇယ် ၁၁၃၈ ဒသမ၄၇ တန်တင်ပို့ခဲ့ပြီး တာချီလိတ်ကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ ၆၂၄၁၆၂ တန်ဖိုးရှိ ဓာတ်ဆီ ၁၃၈၆ ဒသမ ၉၀ တန်နဲ့ အမေရိကန်ဒေါ်လာ ၅၉၁၄၉၀ တန်ဖိုးရှိ ဒီဇယ် ၁၁၀၈ ဒသမ ၀၅ တန်ကိုတင်သွင်းခဲ့တယ်လို့ သိရပါတယ်။ **သီတာဝင်း(DOT)**

# တရုတ်နိုင်ငံသို့ ဝါဂွမ်းပိုမိုတင်ပို့

ဒီဇင်ဘာ ၁၅ ရက်မှ ၂၁ ရက်အထိ ရက်သတ္တပတ်အတွင်း မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ်မှ အမေရိကန်ဒေါ်လာ ၇၄၅၈၀၀ တန်ဖိုးရှိ ငွေချည် ၆ ဝါ ၃၃၉ တန်ကို တရုတ်နိုင်ငံသို့ တင်ပို့ခဲ့ရာ ယခင်တစ်ပတ်က တင်ပို့ခဲ့တဲ့ တန် ၂၅၀ ကျော်နဲ့နှိုင်းယှဉ်ပါက ၈၉ တန် ပိုမိုတင်ပို့နိုင်ခဲ့တာ တွေ့ရပါတယ်။

မြန်မာနိုင်ငံတွင် ဝါကို ရှေးယခင်ကတည်းက စိုက်ပျိုးလာခဲ့ရာ ဒေသတွင်းနိုင်ငံများအကြား ဝါအဓိက တင်ပို့တဲ့နိုင်ငံဖြစ်ခဲ့ပြီး ပြည်တွင်းမှာ ချည်မျှင်စက်များ တည်ထောင်လာကြောင်း၊ ယခင်သုံးနှစ်အတွင်းက နှစ်စဉ် ဝါစိုက်ဧက ခုနစ်သိန်းကျော် စိုက်ပျိုးခဲ့ကြောင်း သိရပါတယ်။ **မော်မော်အောင်**

# မူဆယ်သို့ ပရဆေးကုန်ကြမ်း ပိုမိုတင်ပို့

မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ်(၁၀၅)မိုင်ကုန်သွယ်ရေးဇုန်မှတစ်ဆင့် တရုတ်နိုင်ငံသို့ ဒီဇင်ဘာ ၁၅ ရက်မှ ၂၁ ရက်ထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၁ ဒသမ ၃၂၃ သန်းတန်ဖိုးရှိ ပရဆေးကုန်ကြမ်းအမယ် ၁၃ မျိုးကို တန်ချိန်အားဖြင့် ၇၇၂ တန်ကျော်တင်ပို့ခဲ့ရာ ယခင်တစ်ပတ်က တင်ပို့ခဲ့တဲ့ ၇၃၈ တန်ကျော်နဲ့ နှိုင်းယှဉ်ပါက ၃၄ တန် ပိုမိုတင်ပို့ခဲ့ပါတယ်။ ယခုတစ်ပတ်တင်ပို့ခဲ့တဲ့ ပရဆေးအမယ်တွေကတော့ မိချောင်းကွမ်းဖတ်စေ့၊ ကြောင်လျှာစေ့၊ ကြောင်ပန်းစေ့၊ ဆီးဆန်၊ဆီးသီးခြောက်၊ ဝဥခြောက်၊ ပျားရည်၊ နနွင်းတက်၊ ကွမ်းသီး၊ ချဉ်ပေါင်ဖာလာ(အခွံပါ)၊ နာနတ်လျှော်၊ တောချင်းနဲ့ တောင်ထန်းတို့ဖြစ်ပါတယ်။ ချင်းရွှေဟော်ကုန်သွယ်ရေးစခန်းမှလည်း အဆိုပါ ရက်သတ္တပတ်အတွင်း အမေရိကန်ဒေါ်လာ ၅၇၃၀၀ တန်ဖိုးရှိ ဝဥအစိုတန် ၃၀၀ နဲ့ အမေရိကန်ဒေါ်လာ ၁၃၉၅ တန်ဖိုးရှိ အုံတုံခေါက် ၁၅ တန်တို့ကို တရုတ်နိုင်ငံသို့ တင်ပို့ခဲ့ပါတယ်။ **မော်မော်အောင်**

# တရုတ်နိုင်ငံသို့ ပျားရည်ပုံမှန်တင်ပို့

ဒီဇင်ဘာ ၁၅ ရက်မှ ၂၁ ရက်အထိ ရက်သတ္တပတ်အတွင်း မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ်မှ အမေရိကန်ဒေါ်လာ ၂၁၀၀၀ တန်ဖိုးရှိ ပျားရည် တန် ၃၀ ကို တရုတ်နိုင်ငံသို့ တင်ပို့ခဲ့ပါတယ်။ ယခင်တစ်ပတ်ကလည်း တန် ၃၀ တင်ပို့ခဲ့တာကြောင့် မူဆယ်မှ ပျားရည်တင်ပို့မှု ပုံမှန်ရှိနေပါတယ်။ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်က ပြည်ပနိုင်ငံများသို့ မြန်မာ့ပျားရည် တန် သုံးထောင်နီးပါး တင်ပို့နိုင်ခဲ့ပြီး ပုံမှန်လမ်းကြောင်းမှ တန်ချိန် နှစ်ထောင်ခန့် တင်ပို့ခဲ့ပြီး နယ်စပ်တင်ပို့မှုမှ တန် ငါးရာကျော်သာရှိတယ်လို့ သိရပါတယ်။ **မော်မော်အောင်**

## Energy NYMEX 28-12-2018

| | Price | Change | Change % |
|---|---|---|---|
| WTI Crude Future (USD/bbl.) | 45.73 | 1.12 | 2.51 |
| Brent Crude Futr (USD/bbl) | 53.27 | 1.11 | 2.13 |
| Gasoline Rbob Fut (Cent/gal) | 132.56 | 2.16 | 1.66 |
| Natural Gas Futr (USD/MMBtu) | 3.49 | -0.05 | -1.47 |
| Heating Oil Futr (Cent/gal) | 169.46 | 1.63 | 0.97 |

## World Metal Price (US$)

| Date | Silver/Oz | Zinc/Ton | Aluminium/Ton | Copper/Ton | Platinum/Oz |
|---|---|---|---|---|---|
| 24-December | 14.68 | 2551.79 | 1919.46 | 5941.76 | 790.00 |
| 25-December | 14.80 | 2533.06 | 1902.93 | 5932.07 | 788.00 |
| 26-December | 14.81 | 2533.06 | 1902.93 | 5932.07 | 790.00 |
| 27-December | 14.96 | 2570.08 | 1908.44 | 5993.56 | 798.00 |
| 28-December | 15.29 | 2576.92 | 1890.37 | 5995.54 | 798.00 |

# ပြည်တွင်းငွေလဲနှုန်းဈေးကျလာခဲ့သည့် ရက်သတ္တပတ်

ပြည်တွင်းငွေလဲဈေးကွက်သည် ယခုရက်သတ္တပတ်အတွင်း ဈေးနှုန်းကျဆင်းလာကြောင်း ပြည်တွင်းငွေလဲဈေးကွက်အတွင်းမှ စုံစမ်းသိရှိရသည်။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ကလည်း ရည်ညွှန်းငွေလဲနှုန်းကို အမေရိကန်တစ်ဒေါ်လာလျှင် ၁၅၇၀ကျပ်မှ ၁၅၅၀ကျပ်သို့ ပြောင်းလဲသတ်မှတ်ခဲ့ကြောင်းသိရသည်။

ငွေကြေးဈေးကွက်အခြေအနေမှာ မြန်မာငွေစက္ကူအတုများထွက်ပေါ်နေခြင်း၏ အရင်းအမြစ်ပြဿနာကို မဖြေရှင်းနိုင်ခြင်းကြောင့် ငွေကြေးဈေးကွက်မှာ အရောင်းအဝယ် အေးနေခဲ့ပြီး ဈေးနှုန်းကျဆင်းခဲ့ခြင်းဖြစ်ကြောင်း၊ ငွေလဲနှုန်းကျဆင်းခဲ့သည့်အတွက် ပြည်တွင်းစက်သုံးဆီဈေးနှုန်းမှာလည်း ဆက်လက်ကျဆင်းလာကြောင်း၊ နိုင်ငံတကာတွင်လည်း နှစ်သစ်ကူးရုံးပိတ်ရက် ကာလဖြစ်သည့်အပြင် အမေရိကန်နိုင်ငံရေးလောကအတွင်း အငြင်းအခုံ များကြောင့် အမေရိကန်ဒေါ်လာအပေါ် သက်ရောက်မှုရှိခဲ့ကြောင်း၊ မြန် မာနိုင်ငံဗဟိုဘဏ်ကလည်း ငွေလဲနှုန်းတည်ငြိမ်စေရန်အတွက် ထိန်းညှိမှုများ ဆက်လက်ဆောင်ရွက်နေကြောင်း ပြည်တွင်းငွေကြေး အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်နေသူတစ်ဦးက ဆိုသည်။

ပြည်တွင်းငွေလဲနှုန်းဈေးကွက်တွင် ဒီဇင်ဘာ ၂၄ရက်က အမေရိကန်တစ်ဒေါ်လာရောင်းဈေး ၁၅၅၆ကျပ်၊ ဝယ်ဈေး ကျပ် ၁၅၅၀ မှ ဒီဇင်ဘာ ၂၆ ရက်တွင် ရောင်းဈေး ၁၅၄၅ကျပ်၊ဝယ်ဈေး ကျပ် ၁၅၄၀သို့ကျဆင်းခဲ့သလို ဒီဇင်ဘာ ၂၈ ရက်တွင် အမေရိကန်တစ်ဒေါ်လာလျှင် ရောင်းဈေး ၁၅၄၃ကျပ်၊ ဝယ်ဈေး ၁၅၃၇ကျပ်သို့ ထပ်မံကျဆင်းခဲ့ကြောင်း သိရသည်။ **သန်းထိုက်အောင်**

# ပြည်တွင်းရွှေ အတက်ဈေးဖြင့် ငြိမ်သက်

ပြည်တွင်းရွှေဈေးနှုန်းသည် ယခုရက်သတ္တပတ်အတွင်း ဈေးဆက်လက်မြင့်တက်ခဲ့သလိုဈေးငြိမ်နေခဲ့ကြောင်း သတင်းရရှိသည်။ ဒီဇင်ဘာ တတိယပတ်အတွင်း အခေါက်ရွှေတစ်ကျပ်သားလျှင် ကျပ် ၁၀၃၉၅၀၀ရှိခဲ့ရာမှ ဒီဇင်ဘာလ နောက်ဆုံးပတ်တွင် ကျပ် ၁၀၄၁၅၀၀ သို့ထပ်မံမြင့်တက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

" ဒီတစ်ပတ်ပြည်တွင်းရွှေဈေးကတော့ ဈေးပြန်တက်ပြီး ငြိမ်နေတယ်။ အရောင်းအဝယ်ကတော့ ပုံမှန်ဘဲ။ ပွဲလင်းရာသီဖြစ်လာသလို နှစ်ကူးကာလလည်းဖြစ်နေတော့ ဈေးတက်တာထုံးစံလိုဖြစ်နေတယ်။ တစ်ဖက်မှာလည်း ဒေါ်လာဈေးကပြန်ကျတော့ ရွှေပြန်တက်လာတယ်။ ကမ္ဘာ့ရွှေဈေးကတော့ တစ်ဟုန်ထိုးတက်သွားပြီ။ ဒီလပိုင်းတွေထဲမှာအမြင့်ဆုံးဈေးအမှတ်ဆီရောက်သွားတယ်။ သူတို့နိုင်ငံက ရင်းနှီးမြှုပ်နှံသူတွေက အမေရိကန်နိုင်ငံရေးမရေရာမှုနဲ့ ဂလိုဘယ်စီးပွားရေးနှေးကွေးမှုတွေအပေါ်စိုးရိမ်နေကြလို့ခြောက်လအတွင်းအမြင့်ဆုံးဈေးနီးပါးကိုတက်သွားပါတယ်" ဟု ပြည်တွင်းရွှေအရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်နေသူတစ်ဦးက ဆိုသည်။

ပြည်တွင်းရွှေဈေးကွက်တွင် ဒီဇင်ဘာ ၂၄ရက်က အခေါက်ရွှေတစ်ကျပ်သားလျှင် ကျပ်၁၀၄၀၀၀၀ရှိခဲ့ရာမှ ဒီဇင်ဘာ၂၆ရက်တွင် ကျပ်၁၀၄၁၅၀၀ သို့မြင့်တက်ခဲ့ပြီး ဒီဇင်ဘာ၂၈ရက်တွင် ကျပ်၁၀၄၁၅၀၀ဖြင့်သာဈေးပိတ်ခဲ့ကြောင်း သိရသည်။ ကမ္ဘာ့ရွှေဈေးကွက်မှာတော့ ဒီဇင်ဘာ၂၄ရက်က ရွှေတစ်အောင်စလျှင်၁၂၆၂ အမေရိကန်ဒေါ်လာရှိခဲ့ရာမှဒီဇင်ဘာ၂၆ရက်တွင် တစ်အောင်စလျှင်၁၂၇၃အမေရိကန်ဒေါ်လာသို့မြင့်တက်ခဲ့ပြီး ဒီဇင်ဘာ ၂၈ရက်တွင် တစ်အောင်စလျှင်၁၂၇၇အမေရိကန်ဒေါ်လာသို့ ဆက်လက်မြင့်တက်ခဲ့ကြောင်းသိရသည်။ **သန်းထိုက်အောင်**

# Myanmar Financial Market and Investment Opportunities ဟောပြောပွဲပြုလုပ်မည်

Golden Myanmar Business Centreမှ စီစဉ်သော "Myanmar Financial Market and Investment Opportunities" ဟောပြောပွဲကို ၂၀၁၉ ခုနှစ် ဇန်နဝါရီ ၁၁ရက်တွင် ရန်ကုန်မြို့၊ မြန်မာနိုင်ငံကုန်သည်/စက်မှုအသင်းချုပ်ရုံး၌ပြုလုပ်သွားမည်ဟု သတင်းရရှိသည်။

ယခုဟောပြောပွဲကို စီစဉ်ရခြင်းမှာ ၂၀၁၉ခုနှစ်တွင် မြန်မာစီးပွားရေးဘက်စုံဖွံ့ဖြိုးတိုးတက်စေရန် လုပ်ငန်းရှင်များအနေဖြင့် ကြိုတင်ပြင်ဆင်ထားရမည့်ရင်းနှီးမြှုပ်နှံမှုဆိုင်ရာလုပ်ငန်းစဉ်များနှင့် အခွင့်အလမ်းကောင်းများရရှိနိုင်စေရန်၊ ပြည်တွင်း/ပြည်ပမှငွေကြေးပိုင်းနှင့်စီးပွားရေးဆိုင်ရာရင်းနှီးမြှုပ်နှံမှုမူဝါဒများနှင့် အလားအလာကောင်းများသိရှိနိုင်ရန်၊ Stock Share Market ပတ်သက်ပြီး အသိပညာဗဟုသုတများ တိုးပွားစေရန်ဖြစ်ကြောင်းသိရသည်။

အဆိုပါဟောပြောပွဲတွင် မြန်မာနိုင်ငံ ငွေချေးသက်သေခံ လက်မှတ်လုပ်ငန်း ကြီးကြပ်ရေးကော်မရှင်အဖွဲ့ဝင် ဦးဌေးချွန်၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန၊ ညွှန်ကြားရေးမှူး ဒေါက်တာဝဏ္ဏာအောင်၊ Zico law in Myanmar ၏ Executive Chairman ဒေါက်တာမောင်မောင်သိမ်း၊ Franchising Securities Exchange (Beijing) ၏ မန်နေဂျင်းဒါရိုက်တာ Mr. Liu Wen Xian၊ ရန်ကုန်စတော့အိတ်ချိန်း၏ Executive Senior Manager ဦးသက်ထွန်းဦး၊ IBIM ၏ Managing Director ဦးအောင်သိန်းထွန်း၊ Golden Myanmar Capital Investment ၏ Managing Dirctor ဦးမျိုးနိုင်နှင့် Allied Capital Grop ၏ CEO ဖြစ်သူ Mr.Jack Wang တို့မှ ဆွေးနွေးဟောပြောသွားမည်ဖြစ်ကြောင်း သိရသည်။

ယခုဟောပြောပွဲသို့ တက်ရောက်လိုပါက လက်မှတ်ခအဖြစ် ကျပ်သုံးသောင်းသတ်မှတ်ထားပြီး အသေးစိတ်သိရှိလိုပါက Golden Myanmar Business Centre၊ ဖုန်းနံပါတ်-၀၉ ၇၉၆၆ ၈၈၈၈၀နှင့် ၀၉ ၇၉၆၆ ၈၈၈၈၁ သို့ ဆက်သွယ်မေးမြန်းနိုင်ကြောင်း သိရသည်။ **သန်းထိုက်အောင်**

## Currency Exchange Rate

December 28, 2018
Base Currency is
United States Dollar - USD

| Currency Unit | Units per USD |
|---|---|
| AUD Australia Dollars | 1.42 |
| BDT Bangladesh Taka | 83.82 |
| CAD Canada Dollars | 1.36 |
| CNY China Yuan Renminbi | 6.87 |
| EUR Euro | 0.87 |
| H KDHong Kong Dollars | 7.83 |
| I NR India Rupees | 70.01 |
| I DR Indonesia Rupiahs | 14554.62 |
| JPY Japan Yen | 110.48 |
| MYR Malaysia | 4.16 |
| PKR Pakistan Rupees | 139.88 |
| PHP Philippines Pesos | 52.59 |
| RUB Russia Rubles | 69.42 |
| SGD Singapore Dollars | 1.37 |
| KRWSouth Korea Won | 1116.22 |
| LKR Sri Lanka Rupe | 182.94 |
| THB Thailand Baht | 32.54 |
| GBP United Kingdom Pounds | 0.79 |
| VND VietnamDon | 23189.20 |

*Source:xe.com*

## World Gold Price

December-2018 (USD/OZ)

| Date | NY | London | Zurich |
|---|---|---|---|
| 24 | 1265 | 1264 | 1262 |
| 25 | - | - | - |
| 26 | 1277 | 1275 | 1270 |
| 27 | 1273 | 1272 | 1271 |
| 28 | 1283 | 1282 | 1280 |

## Domestic Gold Price

Kyats(Thousand)

| Date | Yangon | Mandalay |
|---|---|---|
| 24-12- 2018 | 1040.00 | 1041.50 |
| 25-12- 2018 | - | - |
| 26-12- 2018 | 1041.50 | 1041.00 |
| 27-12- 2018 | 1040.50 | 1039.50 |
| 28-12- 2018 | 1038.50 | 1037.50 |

## နယ်စပ်ငွေလဲလှယ်နှုန်း

ဒီဇင်ဘာလ ၂၀၁၈ (1US$)

| ရက် | တရုတ် (ယွမ်) | ထိုင်း (ဘတ်) | ဘင်္ဂလားဒေ့ရှ် (တာကာ) | အိန္ဒိယ (ရူပီး) |
|---|---|---|---|---|
| 24 | 6.89 | 32.60 | 83.92 | 70.21 |
| 25 | 6.89 | 32.57 | 83.77 | 70.02 |
| 26 | 6.89 | 32.54 | 83.91 | 69.99 |
| 27 | 6.89 | 32.59 | 83.98 | 70.28 |
| 28 | 6.85 | 32.40 | 83.82 | 70.00 |

## ဘိလပ်မြေ

# ဒီတစ်ပတ်ဘိလပ်မြေ တန်ချိန် ၆၀၀ကျော်ဝင်

ဒီဇင်ဘာ ၁၆ ရက်မှ ၂၂ ရက်အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၉၉၁၇၀ တန်ဖိုးရှိ ဘိလပ်မြေ ၆၅၄ ဒသမ ၂၀ တန်ကို ပင်လယ်ရေကြောင်း ကုန်သွယ်မှုလမ်းမှ တင်သွင်းခဲ့ပါတယ်။ ဒီတစ်ပတ် ထိုင်းနိုင်ငံမှ ၁၂၅ တန်၊ တရုတ်နိုင်ငံမှ ၄၄၈ ဒသမ ၂၀ တန်နဲ့ ဗီယက်နမ်နိုင်ငံမှ ၈၁ တန်တင်သွင်းခဲ့ပါတယ်။ ဒီတစ်ပတ် တရုတ်နိုင်ငံမှအများဆုံးတင်သွင်းခဲ့တယ်လို့ သိရပါတယ်။ ယခင်သီတင်းပတ်က တင်သွင်းခဲ့တဲ့ ဘိလပ်မြေတန်ချိန် ၂၅တန်နဲ့နှိုင်းယှဉ်ရင် တန်ချိန် ၆၂၀ ကျော် ပိုမို တင်သွင်းခဲ့တယ်လို့ သိရပါတယ်။

ဒီဇင်ဘာ ၁၅ ရက်မှ ၂၁ရက်အထိ သီတင်းပတ်အတွင်း နယ်စပ်လမ်းမှ ဘိလပ်မြေအဝင်မှာ တန်ချိန် ၇၈၈၀ ကျော်ရှိခဲ့ပြီး ယခင်သီတင်းပတ်က ဘိလပ်မြေ အဝင်မှာ တန်ချိန် ၆၇၆၀ ကျော်ရှိခဲ့တာကြောင့် ဒီတစ်ပတ်မှာ တန်ချိန် ၁၁၂၀ ကျော်အဝင်ပိုခဲ့တယ်လို့ သိရပါတယ်။ ဒါကြောင့် ဒီတစ်ပတ်မှာ ရေလမ်းရော နယ်စပ်လမ်းမှပါ ဘိလပ်မြေအဝင်ပိုခဲ့ပါတယ်။



## ဘိလပ်မြေဈေးကွက် အရောင်းပုံမှန်ရှိ

**မော်လမြိုင်ဘိလပ်မြေဈေးကွက်မှာ** အရောင်းပုံမှန်ရှိတယ်လို့ သိရပါတယ်။ ဒီတစ်ပတ် ဈေးငြိမ်တယ်လို့ သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ ဈေးမှာ ဆင်မြန်မာ ကျပ် ၅၀၅၀၊ ဆင်(ထိုင်း) ကျပ် ၅၇၅၀၊ ကြံ့(မြန်မာ-လက်သစ်) ကျပ် ၄၇၅၀၊ ကြံ့နှစ်ကောင်(အနီ) ကျပ် ၄၇၀၀၊ ကြံ့နှစ်ကောင်(အစိမ်း) ကျပ် ၄၄၀၀၊ စိန်(ထိုင်း) ကျပ်၅၅၀၀နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ စုံစမ်းသိရှိရပါတယ်။

**မန္တလေးဘိလပ်မြေဈေးကွက်မှာ** အရောင်းအဝယ်သွက်သလိုဈေးလည်း ငြိမ်တယ်လို့သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ အေသုံးလုံး ကျပ် ၄၄၀၀၊ ကြံ့နှစ်ကောင် ကျပ် ၄၇၀၀၊ အယ်လ်ဖာ ကျပ် ၄၄၀၀၊ ဘလူးဒိုင်းမွန်း ကျပ် ၄၈၀၀၊ ခရောင်းကျပ် ၅၀၀၀၊ အပါချီကျပ် ၄၂၀၀ နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ စုံစမ်းသိရှိရပါတယ်။

**မကွေးဘိလပ်မြေဈေးကွက်မှာ** ဒီတစ်ပတ်အရောင်းအဝယ်ပုံမှန်ရှိတယ်လို့ သိရပါတယ်။ဒီတစ်ပတ်မှာ ဘိလပ်မြေဈေးတွေက တဖြည်းဖြည်းကျလာတယ်လို့ သိရပါတယ်။ ဈေးကွက်ထဲအရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ ဆင်မြန်မာ ကျပ် ၄၉၀၀၊ ကြံ့ကျပ် ၄၈၅၀၊ ဆင် (ထိုင်း) ကျပ် ၆၅၀၀၊ ကမ္ဘောဇ ကျပ် ၄၃၀၀၊ အပါချီ ကျပ်၄၈၀၀၊ဘလူးဒိုင်းမွန်းကျပ်၄၃၀၀နဲ့အရောင်းအဝယ်ဖြစ်တယ်လို့ သိရှိရပါတယ်။

**တောင်ကြီးဈေးကွက်မှာ** အရောင်းသွက်တယ်လို့ သိရပါတယ်။ ဒီတစ်ပတ် ကမ္ဘောဇဘိလပ်မြေက ပိုပြီးအရောင်းသွက်တယ်လို့ သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ စိန်(ထိုင်း) ကျပ် ၇၇၀၀၊ အေသုံးလုံး ကျပ် ၅၂၀၀၊ အပါချီ ကျပ် ၄၀၀၀၊ ကမ္ဘောဇ ကျပ် ၃၉၀၀၊ နဂါးကျပ် ၄၃၀၀၊ ဆင်(ထိုင်း) ကျပ် ၆၄၀၀နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေးဆိုင်မှ စုံစမ်းသိရှိရပါတယ်။

**သီတာဝင်း(DOT) စုစည်းသည်**

## ဓာတ်မြေသြဇာ

# ဒီတစ်ပတ် မြေသြဇာအဝင်လျော့

ဒီဇင်ဘာ ၁၆ ရက်မှ ၂၂ ရက်သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၂၀၉၈၇၁၀ တန်ဖိုးရှိမြေသြဇာ ၇၆၆၇ ဒသမ ၈၃၁ တန်ကိုပင်လယ်ရေကြောင်း ကုန်သွယ်မှုလမ်းမှ တင်သွင်းခဲ့ပါတယ်။ ဒီတစ်ပတ် ဘီလာရုစ်နိုင်ငံမှ ၁၀၁၇ဒသမ၅၀ တန်၊ တရုတ်နိုင်ငံမှ ၃၁၉၃ ဒသမ ၄၀ တန်၊ ဂျာမနီနိုင်ငံမှ ၉၄၅ တန်၊ အီတလီနိုင်ငံမှ ၁၀၃ ဒသမ ၇၄ တန်၊ ဂျပန်နိုင်ငံမှ ၂၅ ဒသမ ၅၀ တန်၊ ကိုရီးယားနိုင်ငံမှ ၂၅တန်၊ လာအိုနိုင်ငံမှ တန်ချိန် ၅၀၀၊ မလေးရှားနိုင်ငံမှ ၂၉ ဒသမ ၅၈၁ တန်၊ ရုရှားနိုင်ငံမှ ၁၀၅၀ ဒသမ ၁၀ တန်၊ စင်ကာပူနိုင်ငံမှ သုညဒသမ ၀၅ တန် နှင့် ထိုင်းနိုင်ငံမှ ၇၇၇ ဒသမ ၉၆ တန်တင်သွင်းခဲ့တယ်လို့ သိရပါတယ်။တင်သွင်းခဲ့တဲ့အမျိုးအစားများမှာ ပိုတက်၊ အမိုးနီးယမ်းဆာလဖိတ်(နေရွက်လှေ)၊ ကွန်ပေါင်း(၁၅း၁၅း၁၅)၊ ရွှေတောင်သူ၊ အော်ဂဲနစ်တို့ဖြစ်ပါတယ်။ ယခင်သီတင်းပတ် တင်သွင်းခဲ့တဲ့ မြေသြဇာတန်ချိန် ၁၉၆၀၀ ကျော်နဲ့နှိုင်းယှဉ်ရင် တန်ချိန် ၁၁၉၃၀ ကျော်တင်သွင်းမှုလျော့နည်းခဲ့တယ်လို့ သိရပါတယ်။

## မန္တလေးမြေသြဇာဈေးကွက်အရောင်းပုံမှန်ရှိ

ဒီဇင်ဘာ ၁၅ ရက်မှ ၂၁ ရက်အထိ နယ်စပ်လမ်းမှ မြေသြဇာအဝင်မှာ တန်ချိန် ၁၆၀၅၀ ကျော်ရှိခဲ့ပြီး ယခင်တစ်ပတ်ကအဝင်မှာတန်ချိန် ၁၈၁၀၀ ကျော်ရှိခဲ့တာကြောင့် ဒီတစ်ပတ်မှာတန်ချိန် ၂၀၅၀ ကျော် အဝင်လျော့ခဲ့တယ်လို့ သိရပါတယ်။ ဒါကြောင့်ဒီတစ်ပတ်မှာ ရေလမ်းမှရော နယ်စပ်လမ်းမှပါ အဝင်လျော့ခဲ့တယ်လို့ သိရပါတယ်။ ပြည်တွင်းဈေးကွက်များဖြစ်တဲ့မော်လမြိုင်၊ မန္တလေး၊မကွေးနဲ့ တောင်ကြီးမှာ အရောင်းပုံမှန်ရှိတယ်လို့ သိရပါတယ်။

**မော်လမြိုင်ဈေးကွက်မှာ** အရောင်းပုံမှန်ရှိတယ်လို့သိရပါတယ်။ဒီတစ်ပတ် ပုလဲအသေး(ရွှေတောင်)က ကျပ် ၁၀၀၀၊ ကွန်ပေါင်း(ရွှေကောမတ်) (ထိုင်း) ကျပ် ၁၅၀၀နဲ့ ကွန်ပေါင်း (၁၆း၁၆း၈)က ကျပ်၅၀၀ ဈေးကျခဲ့ပြီး၊ပုလဲ-မြန်မာ(အမ်ပီအီး) ကကျပ် ၅၀၀ဈေးမြင့်ကာ ကျန်မြေသြဇာများက ယခင်ဈေးနဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ ဈေးကွက်ထဲအရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ ပုလဲ-အသေး ၄၆% (ရွှေတောင်-တရုတ်) ကျပ် ၃၃၀၀၀၊ ပုလဲ-အကြီး(ထိုင်း) (မြင်းပျံ)ကျပ် ၃၂၀၀၀၊ ပုလဲ-အကြီး(မြန်မာ-အမ်ပီအီး) ကျပ် ၂၈၅၀၀၊ ကွန်ပေါင်း (ရွှေကောမတ်) (ထိုင်း)ကျပ် ၄၁၅၀၀၊ ကွန်ပေါင်း (အစိမ်းရောင်) ကျပ်၅၀၀၀၀၊ ကွန်ပေါင်း ၁၆း၁၆း၈ (မြင်းပျံ-ထိုင်း) ကျပ် ၃၂၀၀၀၊ တီစူပါ ၄၆% (သံကွင်း-တရုတ်) ကျပ် ၂၆၀၀၀၊တီစူပါ ၁၆% (မြားကမ္ဘာ-တရုတ်) ကျပ် ၁၃၅၀၀နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့စုံစမ်း သိရှိရပါတယ်။

**တောင်ကြီးဈေးကွက်မှာ** အရောင်းပုံမှန်ရှိတယ်လို့ သိရပါတယ်။ ဒီတစ်ပတ် ယူရီးယား-ပုလဲ(ပန်းဖူး)က ကျပ်၅၀၀၊ ယူရီးယား-ပုလဲ(ရွှေတောင်) က ကျပ် ၂၃၀၀၊ တီစူပါ(၁၅း၁၅း၁၅) ကကျပ် ၁၅၀၀၊ ပိုတက်က ကျပ်၁၃၀၀၊ မြားကမ္ဘာက ကျပ်၄၀၀ ဈေးကျခဲ့ပြီး တီစူပါ၂၀% က ကျပ် ၁၀၀၀၊ တီစူပါ(၁၀း၁၀း၅)က ကျပ် ၇၀၀ ဈေးမြင့်ကာ ကျန်မြေသြဇာများက ယခင်ဈေးနဲ့အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ (ကမ္ဘာလုံး-တရုတ်) ကျပ် ၃၂၀၀၀၊ ယူရီးယား(ရွှေတောင်-တရုတ်) ကျပ် ၂၉၂၀၀၊ ယူရီးယား(ပန်းဖူး-တရုတ်) ကျပ်၃၀၀၀၀၊ တီစူပါ၂၀% (တရုတ်) ကျပ် ၁၄၀၀၀၊ ပိုးသတ်ဆေး ကျပ် ၂၂၀၀၊ တီစူပါ ၁၅ ပတ်လည် (တရုတ်) ကျပ် ၄၀၅၀၀၊ တီစူပါ ၁၀း၁၀း၅ (တရုတ်) ကျပ် ၁၉၅၀၀၊ ဓာတ်ဆား (တရုတ်) ကျပ် ၁၇၅၀၀၊ ပိုတက်(တရုတ်) ကျပ်၃၀၇၀၀၊ ယူရီးယား(ယူအေအီး) ကျပ် ၂၉၅၀၀၊ မြားကမ္ဘာကျပ် ၁၈၆၀၀၊ ရွက်ဖျန်းကျပ် ၃၀၀၀၊ ဆိုင်ကလုန်း ကျပ် ၃၀၀၀၊ ဆိုက်ပါ ကျပ် ၅၅၀၀ဈေးနဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ ဈေးကွက်အတွင်းမှ စုံစမ်းသိရပါတယ်။

**မကွေးဈေးကွက်မှာ** အရောင်းပုံမှန်ရှိတယ်လို့ သိရပါတယ်။ဒီတစ်ပတ် သီးစုံ(ဝါစိမ်းပြာ)က ကျပ် ၅၀၀၊ ယူရီးယား-ပုလဲက ကျပ် ၈၀၀၊ အောင်ကမ္ဘာ (၁၀း ၁၀း၅)က ကျပ် ၂၀၀၊ တီစူပါကကျပ် ၂၀၀ ဈေးကျကာ ဆင်(၁၀း၁၀း၅) က ကျပ် ၃၀၀ ဈေးမြင့်ကာ ကျန်မြေသြဇာများက ယခင်ဈေးနဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ ဈေးမှာ မြားကမ္ဘာ-တရုတ်(၁၂း၁၃) ကျပ် ၁၉၀၀၀၊ ဆင် ၁၀း၁၀း၅ ကျပ် ၁၈၀၀၀၊ အာမို ၁၅း၁၅း၁၅ ကျပ် ၄၁၀၀၀၊ အာမို ၁၆း၁၆း၈ ကျပ် ၃၈၅၀၀၊ အာမို ၁၀း၁၀း၅ ကျပ် ၁၉၅၀၀၊ သီးစုံ (ဝါစိမ်းပြာ) ကျပ် ၁၈၅၀၀၊ ယူရီးယား-ပုလဲ (ပန်းဖူး-တရုတ်) ကျပ် ၂၉၂၀၀၊ ယူရီးယား-ပုလဲ (ရွှေတောင်-တရုတ်) ကျပ် ၂၉၂၀၀၊ ဇာမနီကျပ်၁၉၃၀၀၊ အောင်ကမ္ဘာ ၁၀း၁၀း၅ ကျပ် ၁၉၃၀၀၊ မြားကမ္ဘာ(၁၅း၇း၈) ကျပ် ၂၀၅၀၀၊တီစူပါ ကျပ် ၂၄၀၀၀၊ တောင်သူမ ကျပ် ၁၈၈၀၀ ၊ တက်တိုး ကျပ် ၂၂၃၀၀နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။

## နို့ဆီ/နို့မှုန့်

# ဒီတစ်ပတ် နို့ဆီရော နို့မှုန့်ပါ အဝင်လျော့

ဒီဇင်ဘာ ၁၆ ရက်မှ ၂၂ ရက် သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၄၂၁၁၆၀ တန်ဖိုးရှိ နို့ဆီ ၃၇၈ ဒသမ ၁၀၆ တန်ကိုပင်လယ်ရေကြောင်း ကုန်သွယ်မှုလမ်းမှ တင်သွင်းခဲ့ပါတယ်။ ဒီတစ်ပတ် မလေးရှားနိုင်ငံမှ ၉၃ ဒသမ ၅၆၂ တန်နဲ့ စင်ကာပူနိုင်ငံမှ ၂၈၄ဒသမ ၅၃၆ တန် တင်သွင်းခဲ့တယ်လို့ သိရပါတယ်။ တင်သွင်းခဲ့တဲ့တံဆိပ်များမှာ တီးပေါ့၊ ကောင်းဘဲလ်နဲ့ အိုကေတို့ဖြစ်ပါတယ်။ ယခင်သီတင်းပတ်က တင်သွင်းခဲ့တဲ့နို့ဆီတန်ချိန် ၅၆၀ကျော်နဲ့ နှိုင်းယှဉ်ရင် တန်ချိန် ၁၈၀ ကျော် တင်သွင်းမှုလျော့နည်းခဲ့တယ်လို့ သိရပါတယ်။အမေရိကန်ဒေါ်လာ ၅၁၅၃၃၀ တန်ဖိုးရှိ နို့မှုန့် ၁၇၉ ဒသမ ၂၀ တန်ကို တင်သွင်းခဲ့ပါတယ်။ ဒီတစ်ပတ် နယူးဇီလန်နိုင်ငံမှတင်သွင်းခဲ့တယ်လို့ သိရပါတယ်။ ယခင်သီတင်းပတ်က တင်သွင်းခဲ့တဲ့ နို့မှုန့်တန်ချိန် ၄၀၀ ကျော်နဲ့ နှိုင်းယှဉ်ရင် တန်ချိန် ၂၂၀ကျော် တင်သွင်းမှုလျော့နည်းခဲ့တယ်လို့ သိရပါတယ်။ ဒါကြောင့် ဒီတစ်ပတ်မှာ နို့ဆီရောနို့မှုန့်ပါ အဝင်လျော့ခဲ့တယ်လို့ သိရပါတယ်။

### ကုန်သွယ်ရေးစခန်း/ဇုန်အလိုက် ဘိလပ်မြေတင်သွင်းမှုအခြေအနေ

| စဉ် | စခန်းအမည် | ယခုသီတင်းပတ် တင်သွင်းမှုတန်ချိန် ၁၅/၁၂ မှ ၂၁/၁၂ | ယခင်သီတင်းပတ် တင်သွင်းမှုတန်ချိန် ၈/၁၂ မှ ၁၄/၁၂ | နှိုင်းယှဉ်ချက် (ပို/လို) +/- | |
|---|---|---|---|---|---|
| ၁။ | မူဆယ် | ၈.၀၀ | ၃၇.၀၀ | (-) | ၂၉.၀၀ |
| ၂။ | လွယ်ဂျယ် | - | - | | - |
| ၃။ | ချင်းရွှေဟော် | - | - | | - |
| ၄။ | ကန်ပိုက်တီး | - | - | | - |
| ၅။ | တာချီလိတ် | ၇၇၀၀.၀၀ | ၅၅၀၀.၀၀ | (+) | ၂၃၀၀.၀၀ |
| ၆။ | မြဝတီ | - | - | | - |
| ၇။ | ကော့သောင်း | - | ၅၀.၀၀ | (-) | ၅၀.၀၀ |
| ၈။ | မြိတ် | ၇၅.၀၀ | ၁၁၇၅.၀၀ | (-) | ၁၁၀၀.၀၀ |
| | စုစုပေါင်း | ၇၇၈၃.၀၀ | ၆၇၆၂.၀၀ | (+) | ၁၁၂၁.၀၀ |

မော်မော်အောင်

### ကုန်သွယ်ရေးစခန်း/ဇုန်အလိုက် ဓာတ်မြေသြဇာတင်သွင်းမှုအခြေအနေ

| စဉ် | စခန်းအမည် | ယခုသီတင်းပတ် တင်သွင်းမှုတန်ချိန် ၁၅/၁၂ မှ ၂၁/၁၂ | ယခင်သီတင်းပတ် တင်သွင်းမှုတန်ချိန် ၈/၁၂ မှ ၁၄/၁၂ | နှိုင်းယှဉ်ချက် (ပို/လို) +/- | |
|---|---|---|---|---|---|
| ၁။ | မူဆယ် | ၆၃၅၆.၆၇ | ၅၂၁၃.၇၇ | (+) | ၁၁၄၂.၉၀ |
| ၂။ | လွယ်ဂျယ် | ၂၀၃.၀၀ | ၇၂.၀၀ | (+) | ၁၃၁.၀၀ |
| ၃။ | ချင်းရွှေဟော် | ၄၀၉၈.၈၃ | ၅၈၆၈.၅၀ | (-) | ၁၇၆၉.၆၇ |
| ၄။ | ကန်ပိုက်တီ | - | ၂၈၉.၀၀ | (-) | ၂၈၉.၀၀ |
| ၅။ | မြဝတီ | ၁၈၄၀.၀၉ | ၁၉၂၈.၇၂ | (-) | ၈၈.၆၃ |
| ၆။ | ကော့သောင်း | - | - | | - |
| ၇။ | မြိတ် | - | ၃၂၃.၀၀ | (-) | ၃၂၃.၀၀ |
| ၈။ | ရိဒ် | ၃၅၂၅.၀၀ | ၄၃၈၀.၀၀ | (-) | ၈၅၅.၀၀ |
| ၉။ | တမူး | ၂၇.၀၀ | ၃၀.၀၀ | (-) | ၃.၀၀ |
| | စုစုပေါင်း | ၁၆၀၅၀.၅၉ | ၁၈၁၀၄.၉၉ | (-) | ၂၀၅၄.၄၀ |

ခင်မိုးသူ

# လက်မှုပညာဖြင့် ပေါင်းစပ်ထုတ်လုပ်ထားသော ဂျုံရိုးဦးထုပ်လေးများ

**မျိုးသိတာ(မြင်းခြံ)**

မြန်မာနိုင်ငံသည်မည်သည့်သီးနှံမျိုးကိုမဆို စိုက်ပျိုးနိုင်သည့်ရေမြေကောင်းမွန်မှုနှင့် သဘာဝအရင်းအမြစ်များပေါများမှုတို့ကြောင့် စီးပွားဖြစ်လုပ်ကိုင်နိုင်သောအလုပ်အကိုင်ပတ်ဝန်းကျင်ကိုလည်း ဖန်တီးပေးနိုင်ပါသည်။ ထို့ကြောင့် မိမိဒေသထွက်အရင်းအမြစ်ကို အခြေခံ၍ နည်းပညာကိုအခြေခံပြီး တန်ဖိုးမြှင့်ထုတ်ကုန်များ(Value Added Products)များကို ထုတ်လုပ်နိုင်မည်ဖြစ်ပါသည်။ ထိုကဲ့သို့တန်ဖိုးမြှင့် ထုတ်ကုန်များကို ထုတ်လုပ်နိုင်ခြင်းအားဖြင့် အလုပ်အကိုင် အခွင့်အလမ်းများရရှိခြင်း၊ မိသားစုဝင်ငွေများ တိုးပွားလာခြင်း၊ ဝင်ငွေတိုးပွားလာသည့်နှင့်တစ်ပြိုင်နက် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပါသည်။

ကျေးလက်ဒေသလူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးသည်အငယ်စားကုန်ထုတ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်မှုအပေါ်တွင် အရေးပါသည့်အတွက် ကျေးရွာတစ်ရွာထုတ်ကုန်တစ်မျိုး ovop အဖြစ်ကုန်ကြမ်းမှသည်တန်ဖိုးမြှင့်ထုတ်ကုန်အထိ ထုတ်လုပ်ပြီး ဈေးကွက်အရောက် တင်ပို့ထုတ်လုပ်နိုင်ရန်လိုအပ်ပါသည်။သို့ဖြစ်ပါ၍ ကျေးလက်ဒေသအိမ်တွင်းလက်မှုလုပ်ငန်းများအနက် ဒေသတွင်း ဈေးကွက်တွင် နာမည်ရပြီးဖြစ်သော မြင်းခြံခရိုင်၊ ငါန်းဇွန်မြို့နယ်၊ သားကျင်ကျေးရွာရှိ ဂျုံရိုးဦးထုပ်လုပ်ငန်းအား ငါန်းဇွန်မြို့နယ်တာဝန်ခံ၏ အကူအညီဖြင့် မိမိတတ်စွမ်းသလောက် မျှဝေတင်ပြလိုပါသည်။

ငါန်းဇွန်မြို့နယ်သည် မန္တလေးတိုင်း ဒေသကြီး၊ မြင်းခြံခရိုင်အတွင်းတွင် တည်ရှိပြီး မြို့နယ်ရုံးစိုက်ရာ မြို့မှာငါန်းဇွန်မြို့ဖြစ်ပါသည်။ မြို့နယ်ဧရိယာ အကျယ်အဝန်းမှာ ၃၅၅ ဒသမ ၉၉၁ စတုရန်းမိုင်ဖြစ်ပြီး ကျေးရွာအုပ်စုများ ဧရိယာမှာ စတုရန်းမိုင်ပေါင်း ၃၅၅ ဒသမ ၃၆၈ နှင့် မြို့များဧရိယာမှာ ၀ဒသမ၆၂၃ စတုရန်းမိုင်ဖြစ်ပါသည်။ ငါန်းဇွန်မြို့နယ်သည် ပင်လယ်ရေမျက်နှာပြင်အထက် ၂၂၇ ပေတွင် တည်ရှိပြီး လူဦးရေစုစုပေါင်း ၁၄၀၀၄၉ဦးရှိပါသည်။ မြို့နေ၅ဒသမ ၇% နှင့် ကျေးလက်နေ ၉၄ ဒသမ ၃% ရှိပါသည်။အများအားဖြင့် စိုက်ပျိုးရေးကိုအခြေခံသော စီးပွားရေးဖြင့် အသက်မွေးဝမ်းကျောင်းကြပါသည်။ ငါန်းဇွန်မြို့နယ်အတွင်းရှိ ကျေးရွာအုပ်စုများအနက် သားကျင်ကျေးရွာအုပ်စုရှိ သားကျင်ကျေးရွာတွင် ဒေသထွက်ကုန်တစ်မျိုးဖြစ်သော ဂျုံရိုးဦးထုပ်လုပ်ငန်းမှာ လယ်ယာလုပ်ငန်းအပြင် မိသားစုတစ်ပိုင်တစ်နိုင်လုပ်ငန်းဖြစ်ပြီး အလုပ်ခွင်မပျက်ဆောင်ရွက်နိုင်၍ တစ်ဖက်တစ်လမ်းမှ ဒုတိယဝင်ငွေရရှိသည့် လုပ်ငန်းလည်းဖြစ်ပါသည်။

သားကျင်ကျေးရွာသည် ငါန်းဇွန်မြို့နယ်၊ သားကျင်အုပ်စုတွင်ပါဝင်ပြီး ၂၀၁၇ ခုနှစ်လူဦးရေစာရင်းအရ ကျား/မ စုစုပေါင်း ၃၄၆၀ ဦးခန့်ရှိ၍ အိမ်ခြေ ၇၀၀ခန့်ရှိသော ရွာကြီးတစ်ရွာဖြစ်ပါသည်။ အများအားဖြင့် တောင်သူများအဖြစ် အသက်မွေးဝမ်းကျောင်းကြသည့်အပြင် ဂျုံဦးထုပ် ယက်လုပ်ခြင်းလုပ်ငန်းကိုလည်း မိသားစုအပိုဝင်ငွေ စီးပွားရေးအဖြစ် တစ်ရွာလုံးလုပ်ကိုင်ကြပါသည်။

ဂျုံသီးနှံမှထွက်ရှိသော ဂျုံရိုးများကို အခြားဒေသများတွင် တိရစ္ဆာန်အစာအဖြစ်ပြုလုပ်အသုံးပြုလျက်ရှိသော်လည်း ငါန်းဇွန်မြို့နယ်ရှိ သားကျင်ကျေးရွာသည် ဂျုံရိုးများကို ဂျုံရိုးဦးထုပ်အဖြစ် ထုတ်လုပ်ဖြန့်ချိရောင်းချလျက်ရှိပါသည်။

## ဂျုံရိုးဦးထုပ်လေးများ

အပူပိုင်းဒေသများ၌အလုပ်လုပ်ရာတွင်ဖြစ်စေ၊အနေ့ယာဉ်စီးရာတွင်ဖြစ်စေ အပူဒဏ်ခံနိုင်ရန်အတွက်လည်းကောင်း၊ အအေးပိုင်းဒေသများတွင်လည်း လယ်ယာလုပ်ငန်းခွင်ဝင်ရာ၌အအေးဒဏ်၊ ရာသီဥတုဒဏ်ခံနိုင်စေရန်လည်းကောင်း၊ ပေါ့ပေါ့ပါးပါးဆောင်းကြသကဲ့သို့လက်မှုပညာနှင့် ပေါင်းစပ်ချုပ်လုပ်ထားသော ဂျုံရိုးဦးထုပ်လေးများအား အမှတ်တရပစ္စည်းအဖြစ်လည်း လက်ဆောင်ပေး လေ့ရှိကြပါသည်။ဂျုံရိုးဖြင့် ချုပ်လုပ်ထားသော ဦးထုပ်လေးများသည်ရိုးရှင်းလှပ၍ ပေါ့ပါးကာ အများဝယ်ယူနိုင်သော ဈေးနှုန်းဖြစ်သည့်အတွက် လူသုံးများသည့်ဈေးကွက်ဝင် ထုတ်ကုန်တစ်စုမျိုးလည်းဖြစ်ပါ



သည်။ ဘုရား၊ပုထိုး၊စေတီများအနီးတွင်လည်းကောင်း၊ ဘုရားပွဲဈေးများတွင်လည်းကောင်း ဒေသထွက်ကုန်အမှတ်တရပစ္စည်းအဖြစ်လည်း ရောင်းချလေ့ရှိကြပါသည်။

## ကုန်ကြမ်းရရှိမှု

ဂျုံရိုးဦးထုပ်များထုတ်လုပ်ရန်အတွက် အဓိကလိုအပ်သည့်ကုန်ကြမ်းမှာစွန့်ပစ်ပစ္စည်းဖြစ်သော ဂျုံရိုးသာလိုအပ်ပြီး ကုန်ကျမှုအနည်းဆုံးနှင့် လွယ်ကူရိုးရှင်းသည့်လုပ်ငန်းဖြစ်ပါသည်။ ဂျုံသီးနှံမှာ ဆောင်းရာသီစိုက်သီးနှံဖြစ်၍အောက်တိုဘာလနှင့် နိုဝင်ဘာလများတွင် စိုက်ပျိုးပြီး ဇန်နဝါရီလနှင့် ဖေဖော်ဝါရီလများတွင် သီးနှံထွက်ပေါ်လာပါသည်။ ဖေဖော်ဝါရီလနှင့်မတ်လများတွင် ဂျုံရိတ်သိမ်းကြပြီးနောက် ဈေးကွက်ဝင်လှိုင်လှိုင်ပေါ်သည့်အချိန်ဖြစ်ပါသည်။ မြင်းခြံခရိုင်တွင် ၂၀၁၈-၂၀၁၉ ခုနှစ် ဂျုံလျာထားဧကမှာ ၃၉၀၀ကျော်ဖြစ်ပြီး ခရိုင်အတွင်း ငါန်းဇွန်မြို့နယ်၏ဂျုံစိုက်ဧက လျာထားချက်မှာ ဧက ၂၈၀၀ ခန့်ဖြစ်၍ ဂျုံအများဆုံး စိုက်ပျိုးထုတ်လုပ်ရာ ဒေသလည်းဖြစ်ပါသည်။ ဂျုံတစ်ဧကပျမ်းမျှ အထွက် ၁၃ တင်းခန့်ဖြစ်ပြီး ဂျုံသီးနှံရိတ်သိမ်းချိန်ဖြစ်သော ဖေဖော်ဝါရီလနှင့်မတ်လများတွင် ဂျုံရိုးကိုကုန်ကြမ်းအဖြစ် သိမ်းဆည်းဝယ်ယူစုဆောင်းကြပါသည်။ ကုန်ကြမ်းပစ္စည်းပြတ်လပ်မှုမရှိစေရန်အတွက် ဂျုံထွက်ပေါ်ချိန်ဂျုံရိုးကိုစုဆောင်းသိမ်းဆည်းပြီး ကျန်လများတွင် ဂျုံရိုးဦးထုပ်အား ထုတ်လုပ်ကြပါသည်။ သားကျင်ကျေးရွာပတ်ဝန်းကျင်မှ ထွက်ရှိသောဂျုံခင်းများအပြင်မြို့နယ်အတွင်း ဂျုံစိုက်တောင်သူများထံသို့လည်း သွားရောက်ဝယ်ယူရပါသည်။ ဂျုံနှံဖြတ်ပြီး ကျန်ရှိသည့် ဂျုံရိုးတံအနိမ့်၊ အမြင့်အပေါ်မူတည်၍ ဈေးနှုန်းကွဲပြားရာဂျုံရိုးသည်တုတ်၍ရှည်လျှင် ဈေးပိုပေးဝယ်ယူရပါသည်။ဂျုံတစ်ဧကမျိုး ၂တင်းကြဲရပြီး တစ်တင်းကြဲ ဧကဝဒသမ ၅၀ဧကတွင်ဂျုံရိုးလှည်း နှစ်စီးတိုက်လျှင် ငွေကျပ်တစ်သိန်းငါးသောင်းနှင့် အထက်ဈေးပေးရကြောင်း သိရှိရပါသည်။

## ဂျုံရိုးဦးထုပ်ထုတ်လုပ်ခြင်း

ဂျုံရိုးဦးထုပ်ထုတ်လုပ်ရန်အတွက် ဂျုံရိုးအဆစ်ခွဲခြားခြင်း၊ ဂျုံရိုးအဆစ်ချိုးခြင်း၊ ကြိုးကျစ်ခြင်း ဦးထုပ်အဖြစ်ချုပ်စက်ဖြင့်ချုပ်ခြင်း၊ချုပ်ပြီးဦးထုပ်များကိုပေါင်းခံ၍အရောင်ချွတ်ခြင်း၊ လှပသော ဦးထုပ်များဖြစ်စေရန်နှင့်ဈေးကွက်ဝင်ရန် ဆေးခြယ်ခြင်း၊ကြိုးတပ်ရန်အတွက် ရိုက်သီးများရိုက်ခြင်း စသည့်လုပ်ငန်းစဉ်များ လုပ်ကိုင်ကြရပါသည်။

## ဂျုံရိုးအဆစ်ချိုးခြင်းနှင့်အဆစ်ခွဲခြားခြင်း

ကုန်ကြမ်းဂျုံရိုးများကို အခြောက်လှမ်း၍သန့်စင်ပြီးပါက ဂျုံရိုးကိုသုံးဆစ်ချိုးယူ၍ အဆင့်အတန်း၃မျိုး ခွဲခြားပါသည်။ ဂျုံရိုးတစ်ရိုး၏အပေါ်ဆုံးအဆစ်သည် နူးညံ့သည့်အတွက် ဂျုံရိုးဦးထုပ်အချောအတွက်လည်းကောင်း၊အလယ်ဆစ်မှာဦးထုပ်ကြမ်းချောအတွက်လည်းကောင်း၊ နောက်ဆုံးအဆစ်မှာ ဂျုံရိုးဦးထုပ် အကြမ်းအတွက်လည်းကောင်း၊အဆင့်ခွဲခြား၍ဦးထုပ်သုံးမျိုးသုံးစားထွက်ရကြောင်းသိရှိရပါသည်။ ဂျုံရိုးအဆစ်များကို ကောင်း၊ သင့်၊ ညံ့ ၃စားခွဲ၍ တစ်ပိသာစည်းများစည်းထားကြပါသည်။

## ကြိုးကျစ်ခြင်း

ဂျုံရိုးဦးထုပ်တစ်လုံးဖြစ်ပေါ်စေရန်အတွက် ပထမဦးစွာပထမအဆင့်အနေဖြင့် ကုန်ကြမ်းဂျုံရိုးကို ကျစ်ပင်စပိုင်းဖြစ်သော အပေါ်နှံရိုးကိုချိုးယူကြရပါသည်။

**စာမျက်နှာ - ၂၁ သို့**

## ပြည်တွင်းဆီဈေးနှုန်းများ (၂၈-၁၂-၂၀၁၈) ကျပ်/ပိဿာ

| မြို့အမည် | ပဲဆီ | | | နှမ်းဆီ | | | စားအုန်းဆီ | | |
|---|---|---|---|---|---|---|---|---|---|
| | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် |
| နေပြည်တော် (ပျဉ်းမနား) | ၅၈၀၀ | ၅၈၀၀ | □ | ၅၀၀၀ | ၅၀၀၀ | □ | ၁၇၀၀ | ၁၇၀၀ | □ |
| ရန်ကုန် | ၆၅၀၀ | ၆၅၀၀ | □ | ၇၀၀၀ | ၇၀၀၀ | □ | ၁၇၀၀ | ၁၇၀၀ | □ |
| မန္တလေး | ၆၀၀၀ | ၆၀၀၀ | □ | ၆၄၀၀ | ၆၄၀၀ | □ | ၁၈၀၀ | ၁၈၀၀ | □ |
| ပဲခူး | ၅၈၀၀ | ၅၈၀၀ | □ | ၅၈၀၀ | ၅၈၀၀ | □ | ၁၈၀၀ | ၁၈၀၀ | □ |
| မကွေး | ၆၀၀၀ | ၆၃၀၀ | △ | ၇၃၀၀ | ၇၀၀၀ | ▽ | ၁၉၀၀ | ၁၆၅၀ | ▽ |
| မုံရွာ | ၅၂၀၀ | ၅၅၀၀ | △ | ၅၃၀၀ | ၅၅၀၀ | △ | ၁၈၀၀ | ၁၈၀၀ | □ |
| စစ်တွေ | ၆၀၀၀ | ၆၀၀၀ | □ | ၅၀၀၀ | ၅၀၀၀ | □ | ၂၂၀၀ | ၂၂၀၀ | □ |




## မလေးရှားစားအုန်းဆီ အပတ်စဉ်ပျမ်းမျှ (FOB) ဈေးနှုန်း

၂၈-၁၂-၂၀၁၈ US$/Ton

| အမျိုးအစား | ဒီဇင်ဘာတတိယပတ် | ဒီဇင်ဘာစတုတ္ထပတ် | နှိုင်းယှဉ်ချက် |
|---|---|---|---|
| RBD P.Oil | ၄၇၆.၀၀ | ၄၉၃.၅၀ | △ |
| RBD P.Olein | ၄၇၈.၀၀ | ၅၀၁.၅၀ | △ |
| RBD P.Stearin | ၄၄၆.၀၀ | ၄၇၈.၀၀ | △ |

*Source: bepi.mpob*

## ပြည်ပမှတင်သွင်းလာသော စားအုန်းဆီများ ရန်ကုန်ဆိပ်ကမ်းအရောက် တစ်ပိဿာအရင်းဈေးတွက်ချက်ပုံ (၂၈-၁၂-၂၀၁၈ )နေ့

| အကြောင်းအရာ | တွက်ချက်နှုန်း | တစ်ပိဿာကုန်ကျစရိတ် (ကျပ်) Cloud Point 8˚CMax |
|---|---|---|
| CIF ဈေး | (CIFx USD)/ 612 | ၁၃၈၀.၃၁ |
| FDA ထောက်ခံစာ | 58 .20/ 612 | ၀.၁၀ |
| သွင်းကုန်လိုင်စင်ကြေး | 50/ 612 | ၀.၀၈ |
| L/C စရိတ် | (CIF x 0.25% x USD)/612 | ၃.၄၅ |
| Bill စရိတ် | (CIF x 0.50% x USD )/612 | ၆.၉၀ |
| စားအုန်းဆီအလျော့ | 0.5% x လက်ကားဈေး | ၇.၅၅ |
| ဆီကန်သို့လှောင်ထိန်းသိမ်းခ | 5/ -1% | ၄.၉၅ |
| ကုန်သွယ်လုပ်ငန်းခွန် | (FOB x USD x 1.0 x 5%)/612 | ၇၉.၀၂ |
| ဆိပ်ကမ်းခွန် | (50000/ 1000)/612 | ၀.၀၈ |
| MITS စစ်ဆေးခ (FDA အပါအဝင်) | | ၀.၆၀ |
| အမြတ်ခွန် | (CIF x 35/-)/ 612 | ၃၁.၁၇ |
| ဆိပ်ကမ်းကပ်ခ | (3x USD )/ 612 | ၇.၆၀ |
| | ရန်ကုန်ဆိပ်ကမ်းအရောက် အရင်းဈေး | ၁၅၂၁.၈၀၆ |

မှတ်ချက်။

၁။ အထက်ပါတွက်ချက်မှုမှာ ၂၈-၁၂-၂၀၁၈နေ့ (CIF ဈေး Cloud Point 8 ˚C Max 545 ဒေါ်လာနှင့် USD ဈေး ၁၅၅၀ကျပ်)ဖြင့် တွက်ချက်ထားခြင်းဖြစ်ပါသည်။

၂။ ၂၈-၁၂-၂၀၁၈နေ့ ဝယ်ယူပြီးနောက် ၁၀ ရက်ခန့်အကြာ ရန်ကုန်ဆိပ်ကမ်းရောက်ရှိမည့် ဈေးဖြစ်ပါသည်။

၃။ တင်သွင်းလာသော ကုမ္ပဏီ၏ အမြတ်၊ ဆိပ်ကမ်းမှ ဖြန့်ဖြူးမည့်ဈေးကွက်အရောက် သယ်ယူစရိတ်၊ လုပ်သားခ၊ လက်လီဆိုင်များ၏ အမြတ်များ မပါဝင်သေးပါ။

၄။ ငွေလဲနှုန်း တစ်ဒေါ်လာကို ယခင် ၄၅၀ ကျပ်နှင့် တွက်ချက်ပြီး ၂၀၁၂ ခုနှစ် ဧပြီ ၁ ရက်မှစ၍ ဗဟိုဘဏ်မှ နှုန်းရှင်သတ်မှတ်သည့်အတွက် ဒေါ်လာဈေး ၁၅၅၀ကျပ်ဖြင့် တွက်ချက်ထားပါသည်။

၅။ ကုန်သွယ်လုပ်ငန်းခွန်မှာ ယခင် သုညရာခိုင်နှုန်းဖြစ်ပြီး ယခု ၅ရာခိုင်နှုန်း ဖြစ်ပါသည်။

၆။ ဆိပ်ကမ်းကပ်ခမှာ ယခင်ကောက်ခံခြင်းမရှိပါ။ ယခုတစ်တန်လျှင် အမေရိကန် ၃ ဒေါ်လာနှုန်းကောက်ခံပါသဖြင့် ထည့်သွင်းတွက်ချက်ပါသည်။

# ကမ္ဘာ့စီးပွားရေး ဇာတ်ခုံပေါ်က တရုတ်နိုင်ငံ၏အခန်းကဏ္ဍ

**ဝင်းကို (ကန်ပိုက်တီ)**

နှစ်ကုန်ခါနီး အခါသမယတွင် တရုတ်နိုင်ငံမှ အားတက်စေမည့် မင်္ဂလာသတင်းစကားနှစ်ခုအား ကြားသိရသည်။ ပထမတစ်ခုက တရုတ်နိုင်ငံ၏ ၂၀၁၈ ခုနှစ် သွင်းကုန်ပမာဏသည် သမိုင်းစံချိန်သစ်အဖြစ် အမေရိကန်ဒေါ်လာ ၂ ထရီလီယံကိုကျော်လွန်သည်အထိ တိုးပွားလာနိုင်မည်ဟု တရုတ်နိုင်ငံစီးပွားရေးနှင့်ကုန်သွယ်ရေးဝန်ကြီးဌာနမှ ကြားသိရသည့် သတင်းဖြစ်သည်။ ဒုတိယတစ်ခုကတော့ ဒုတိယအကြိမ် ကျင်းပမည့် တရုတ်နိုင်ငံတကာသွင်းကုန်ပြပွဲတွင် ပါဝင်ပြသမည့် ကုန်သည်စီးပွားလုပ်ငန်းရှင်များနှင့် သဘောတူလက်မှတ်ရေးထိုးထားသည့် ပြပွဲဧရိယာမှာ စတုရန်းမီတာ ၁ သိန်းခန့်ရှိပြီဟူသော ယင်းပြပွဲဦးစီးဌာန၏ သတင်းစကားတို့ပင် ဖြစ်သည်။

အမေရိကန်ဒေါ်လာ ၂ ထရီလီယံဆိုသည့် သွင်းကုန်ပမာဏမှာ ဘရာဇီးနိုင်ငံ သို့မဟုတ် အီတလီနိုင်ငံ ၏ ၂၀၁၇ ခုနှစ် တစ်နှစ်တာ စုစုပေါင်းပြည်တွင်းထုတ်ကုန်ပမာဏ(GDP)ခန့် ရှိပါသည်။ ပထမအကြိမ် သွင်းကုန်ပြပွဲ ကျင်းပပြီး မကြာမီ ဒုတိယအကြိမ် သွင်းကုန်ပြပွဲပါဝင်ရန်အတွက် သဘောတူလက်မှတ်ရေးထိုးထားသည့် ပြပွဲမြေနေရာမှာ စတုရန်းမီတာ ၁ သိန်းခန့်ရှိရာ အံ့သြမှင်သက်ဖွယ်ပင်ဖြစ်ကြရသည်။ ၎င်းမှာ တရုတ်နိုင်ငံက သွင်းကုန် ကုန်သွယ်ရေးကို တွန်းအားပေးဆောင်ရွက်နေသည့် သိသာထင်ရှားသည့် အောင်မြင်မှုရလဒ် ဖြစ်သလို တရုတ်နိုင်ငံက တံခါးဖွင့်စနစ်ကို တိုးချဲ့ဆောင်ရွက်ခြင်းအား နိုင်ငံတကာအသိုက်အဝန်းက လက်ခံကြိုဆိုသည့် တုံ့ပြန်မှုတစ်ခုလည်းဖြစ်သည်။

သွင်းကုန်ပစ္စည်းများကို တိုးချဲ့လက်ခံမည့် တရုတ်နိုင်ငံ၏ ဆုံးဖြတ်ချက်နှင့် ဆောင်ရွက်ချက်သည် ၎င်း၏ပြုပြင်ပြောင်းလဲရေး တံခါးဖွင့်စနစ်ကို တစ်ဆင့်တိုးထဲထဲဝင်ဝင်လုပ်ဆောင်မည့် အရိပ်လက္ခဏာများ ပေါ်လွင်ထင်ရှားလျက်ရှိသည်။

လာမည့်နှစ်တွင်လည်း တရုတ်နိုင်ငံက အခွန်လျှော့ချမှုများကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပြီး လုပ်ငန်းဆောင်ရွက်မှုများ လွယ်ကူချောမွေ့စေရန် တိုးမြှင့်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရုတ်နိုင်ငံ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ဝန်ကြီးဌာနက ပြောကြားခဲ့သည်။ သွင်းကုန်ပစ္စည်းများကို တိုးချဲ့လက်ခံရန် ကြိုးစားဆောင်ရွက်နေခြင်းသည် တရုတ်နိုင်ငံက လွတ်လပ်စွာကုန်သွယ်ရေးကို ထောက်ခံကြောင်း လက်တွေ့ဆောင်ရွက်ပြခြင်းဖြစ်သည်။ တရုတ်က ကမ္ဘာကို ဈေးကွက်တံခါးဖွင့်ပေးနေခြင်းသည် တံခါးဖွင့် ကမ္ဘာ့စီးပွားရေးစနစ်ကို တည်ဆောက်ရန်နှင့် နိုင်ငံပေါင်းစုံ ဘက်ပေါင်းစုံပါဝင်သည့် ကုန်သွယ်ရေးစနစ်ကို ထိန်းသိမ်းရန် ယုံကြည်ချက်နှင့် အင်အားများထပ်လောင်းအားဖြည့်ပေးနေခြင်း ပင်ဖြစ်သည်။

ကုန်သွယ်ရေး ကိုယ်ကျိုးစီးပွားကာကွယ်မှုများ ခေါင်းထောင်နေသည့် မျက်မှောက်ခေတ်ကာလတွင် ကမ္ဘာ့ဒုတိယအကြီးဆုံး စီးပွားရေးအသိုက်အဝန်းတစ်ခုအနေဖြင့် တရုတ်နိုင်ငံ၏ သွင်းကုန်လက်ခံနိုင်သည့်အင်အား လူဦးရေသန်းပေါင်း ၁၄၀၀ ရှိသော ဧရာမဈေးကွက်ကြီးသည် ကမ္ဘာကို အားတက်စေသည်။ ရုရှားဝန်ကြီးချုပ် ဒီမီထရီမက်ဗီဒက်က ယခုနှစ်များတွင် တရုတ်နိုင်ငံသည် ဧရာမစားသုံးသူဈေးကွက်တစ်ခုဖြစ်နေပြီဖြစ်ရာ မည်သည့်နိုင်ငံ၊ မည်သည့်ကုမ္ပဏီလုပ်ငန်းအတွက်မဆို အလွန်အရေးကြီးကြောင်း ပြောကြားခဲ့သည်။

တရုတ်နိုင်ငံ သွင်းကုန်ပစ္စည်းများ တိုးပွားလာမှုသည် နိုင်ငံတကာအသိုက်အဝန်းအတွက် လက်တွေ့ကျသည့် အကျိုးအမြတ်များနှင့် အခွင့်အလမ်းများကို ဖော်ဆောင်ပေးရာ ရောက်သည်။ လာမည့် ၁၅ နှစ်တာ ကာလအတွင်း တရုတ်နိုင်ငံ သွင်းကုန်ကုန်ပစ္စည်းနှင့် ဝန်ဆောင်မှုပမာဏသည် အမေရိကန်ဒေါ်လာ ၃ ထရီလီယံနှင့် အမေရိကန်ဒေါ်လာ ၁ ထရီလီယံကျော်အထိ အသီးသီးရှိမည်ဖြစ်ကြောင်း ကြိုတင်ခန့်မှန်းချက်များအရ သိရသည်။

နိုင်ငံအချို့က လွတ်လပ်စွာ ကုန်သွယ်ရေးလမ်းကြောင်းကို ဆန့်ကျင်လျှောက်လှမ်းနေချိန်တွင် တရုတ်နိုင်ငံ၏ သွင်းကုန်လက်ခံသည့်နိုင်ငံကြီးလုပ်မည်ဟူသော အဆိုက ပို့ကုန်များကို အားထားနေသည့် ဈေးကွက်ထွန်းသစ်စနိုင်ငံများ၊ ဖွံ့ဖြိုးဆဲနိုင်ငံများအတွက် ကျေးဇူးတင်စရာ အားတက်စရာဖြစ်သည်ဟု ဂျပန်နိုင်ငံ Asahi Shimbun သတင်းစာတွင် ဖော်ပြထားသည်။

သွင်းကုန်တိုးမြှင့်ခြင်းသည် တရုတ်နိုင်ငံ စီးပွားရေးတိုးတက်မှုတွင် စားသုံးသူ ဦးစားပေး (Consumption oriented)အသွင်သို့ ပြောင်းလဲလာသည်ကို ဖော်ပြသလို တရုတ်နိုင်ငံ၏ စီးပွားရေးသည် တည်ငြိမ်ခိုင်မာစွာ တိုးတက်ဖွံ့ဖြိုးတိုးတက်နေခြင်းကို ပြသခြင်းလည်းဖြစ်သည်။ ယခုနှစ် တရုတ်နိုင်ငံ စီးပွားရေးသည် ၆ ဒသမ ၅ ရာခိုင်နှုန်းတိုးတက်ရန်မှာ သံသယဖြစ်ဖွယ်မရှိဟု တရုတ်နိုင်ငံ အမျိုးသားစာရင်းစစ်ဗျူရို၏ ပြောရေးဆိုခွင့်ရှိသူ Mao Sheng-yong က ဆိုသည်။ ကမ္ဘာ့စီးပွားရေးအကျိုးသက်ရောက်မှုတွင် တရုတ်နိုင်ငံသည် ၃၀ ရာခိုင်နှုန်းခန့် ပါဝင်ဆဲဖြစ်သည်ဟု ကမ္ဘာ့ဘဏ် တရုတ်နိုင်ငံ ရုံးခွဲအကြီးအကဲ He Fuman က ဆိုသလို အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့ (IMF) ၏ ဦးဆောင်ညွှန်ကြားရေးမှူး Christine Lagarde ကလည်း ကမ္ဘာ့ကုန်သွယ်ရေးတွင် တရုတ်နိုင်ငံသည် တစ်နေ့ထက်တစ်နေ့ အရေးကြီးသည့် အခန်းကဏ္ဍမှ ပါဝင်လာပြီဖြစ်သည်ဟု ဆိုသည်။

တရုတ်နိုင်ငံ၏ သွင်းကုန်ပစ္စည်းများတိုးချဲ့ခြင်းနှင့် သိသာထင်ရှားသည့် အောင်မြင်ခြင်းများသည် လက်ရှိ ကမ္ဘာ့စီးပွားရေးတွင် ကိုယ်ကျိုးစီးပွားကာကွယ်မှုများ ဆန့်ကျင်ရာ၌ ပေါ်လွင်ထင်ရှားလျက်ရှိပေသည်။ တရုတ်နိုင်ငံက ခိုင်မာသည့် ဆုံးဖြတ်ချက်၊ ဆောင်ရွက်ချက်များဖြင့် ပွင့်လင်းသော၊ လက်တွဲမှုရှိသော၊ အားလုံးပါဝင်နိုင်သော တိုးတက်ဖွံ့ဖြိုးသည့် ကမ္ဘာ့စီးပွားရေး ဖြစ်လာစေရန်အတွက် တွန်းအားပေး ဆောင်ရွက်သွားမည်ဖြစ်သလို ကမ္ဘာ့နိုင်ငံများအကြား ပူးပေါင်းဆောင်ရွက်မှုဖြင့် အကျိုးတူဖြစ်ထွန်းစေရန်အတွက်လည်း တွန်းအားပေးဆောင်ရွက်သွားမည်ဖြစ်ပါသည်။

# ထိုင်းနိုင်ငံက ကုန်သွယ်ရေးအပေါ် ဦးဆောင်ရန် တိုက်တွန်း

**ကျော်ဆန်းထွန်း**

ထိုင်းနိုင်ငံအနေဖြင့် အမေရိကန်နှင့် တရုတ်ကုန်သွယ်ရေးစစ်ပွဲ၏ အန္တရာယ်မှ လျော့ပါးနိုင်ရန်အတွက် ဒေသဆိုင်ရာ ဘက်စုံစီးပွားရေးပူးပေါင်းဆောင်ရွက်မှု (RCEP) စေ့စပ်ညှိနှိုင်းမှုများမှ ရှေ့လာမည့် ၂၀၁၉ နှစ်ဦးကို အာဆီယံအဖွဲ့ထိပ်သီးအစည်းအဝေးအား အိမ်ရှင်အဖြစ် တာဝန်ယူရမည့်အနေအထားအပေါ် အမြတ်ထုတ်ရန်သင့်ကြောင်း၊ တရုတ်၊ အိန္ဒိယ (RCEP) နှင့် အာဆီယံ ၁၀ နိုင်ငံအပါအဝင် နိုင်ငံပေါင်း ၁၆နိုင်ငံပါ သမိုင်းတွင် အကြီးမားဆုံး အဆိုပြုထားသော ဘက်ပေါင်းစုံလွတ်လပ်စွာ ကုန်သွယ်မှုသဘောတူညီချက်သည် (RCEP) ကဲ့သို့သော အကြီးစား ကုန်သွယ်ရေးစာချုပ်၏ အစိတ်အပိုင်း တစ်ခုဖြစ်ခြင်း၊ ထိုင်းနိုင်ငံ၏ နိုင်ငံရေးပထဝီအနေအထားကို တိုးတက်စေခြင်းနှင့် တိုင်းပြည်၏ လွတ်လပ်စွာကုန်သွယ်မှုအကျိုးအတွက် ကွန်ပျူတာများ၊ မော်တော်ယာဉ်များ၊ ဓာတုပစ္စည်းများ တင်ပို့ခြင်းမှ ကုန်သွယ်ရေးစစ်ပွဲ၏ အန္တရာယ်များ လျော့ပါးစေမည်ဖြစ်ကြောင်း၊ ထိုင်းဖွံ့ဖြိုးရေးသုတေသန အင်စတီကျူ့ (TDRI)'s စီးပွားရေးဇုန် ထောက်လှမ်းရေးအမှုဆောင်များ (EIS) ဒါရိုက်တာ Kirida Bhao Pichitr မှ ပြောကြားခဲ့ကြောင်း သိရှိရပါသည်။

ထိုင်းနိုင်ငံမှ တရုတ်နိုင်ငံသို့ ကွန်ပျူတာ အစိတ်အပိုင်းများနှင့် Circuit ပို့ကုန်များ တင်ပို့မှုမှာ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ အဆိုအရ အောက်တိုဘာလတွင် ၁၈ဒသမ ၄ ရာခိုင်နှုန်းသို့ ကျဆင်းသွားကြောင်း၊ ထိုင်းနိုင်ငံတွင်ကျင်းပသည့် ဂလိုဘယ်နှင့် ထိုင်းနိုင်ငံစီးပွားရေး Outlook၊ ၂၀၁၈-၂၀၁၉ ဆွေးနွေးပွဲမှာ စစ်မှန်သော Digital ပြောင်းလဲရေးကို စိန်ခေါ်မှုများနှင့် အခွင့်အလမ်းများအား စက်မှုလုပ်ငန်းရှင်များသို့ ပြောကြားခဲ့ကြောင်း၊ ကုန်သွယ်ရေးစာချုပ်ကြောင့် အမေရိကန်သို့ ပို့ကုန်တင်ပို့မှု လျော့နည်းထိခိုက်ခဲ့ခြင်းကြောင့် ထိုင်း Trans–Pacific Partnership (CPTPP) အတွက် ဘက်စုံတိုးတက်ရေးပူးပေါင်းဆောင်ရွက်ရန် သဘောတူညီချက်အပေါ် ဆက်လက်ဆောင်ရွက်ရန် မဖြစ်နိုင်ကြောင်း၊ CPTPP နှင့်မတူဘဲ RCEP ၏ အခွန်လျှော့ချခြင်းနှင့် ထိုကဲ့သို့သော ဉာဏပစ္စည်း၊ ဥစ္စာပိုင်ဆိုင်မှုအခွင့်အရေးနှင့် ကာကွယ်စောင့်ရှောက်ရေးကိစ္စရပ်များတွင် အလေးပေးမှုကို လျှော့ချပြီး ကုန်သွယ်ရေးသဘောတူညီမှုတစ်ခုထက်ပိုသော ရိုးရာ(ပြည်တွင်း) ထွက်ကုန် အမျိုးအစားကိုသာ အဓိကထားအာရုံစူးစိုက်သင့်ပြီး RCEP နှင့် ပူးပေါင်းဆောင်ရွက်ခြင်းအားဖြင့် ထိုင်း၏ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုကို ပို့ကုန်တိုးမြှင့်ခြင်းဖြင့် စည်းကမ်းချက်များအရသာ ဩဇာအရှိန်အဝါရယူနိုင်ပြီး ၎င်းအနေနှင့် ကုန်သွယ်ရေးအုပ်စု၏ သီးခြားအစိတ်အပိုင်းတစ်ခုဖြစ်လာမည်ဟု ပြောကြားခဲ့ကြောင်း သိရှိရပါသည်။

RCEP နှင့် ချိတ်ဆက်ကုန်သွယ်ရာ၌ အကြမ်းဖျဉ်းအားဖြင့် ညှိနှိုင်းဆောင်ရွက်မှုပါဝါအား တိုးမြှင့်လိမ့်မည်ဖြစ်ပြီး အာဆီယံအား အိမ်ရှင်နိုင်ငံအနေဖြင့် ထိုင်းနိုင်ငံမှ RCEP နှင့် ညှိနှိုင်းမှုများမှာ ပိုမိုတိုးတက်လာစေရေးတွန်းအားပေးရန် အချိန်မီအခွင့်အလမ်းရရှိလိမ့်မည်ဖြစ်ကြောင်း၊ သို့သော်လည်း အကြီးစားကုန်သွယ်ရေးစာချုပ်အရ တရုတ်အနေဖြင့် Propelled ဖြစ်ပြီး RCEP နှင့် ပူးပေါင်းဆောင်ရွက်ရာ၌ အချို့မှာ မသေချာမရေရာမှုကို ဖြစ်စေနိုင်ကြောင်း၊ ထိုင်းနှင့် အမေရိကန်အကြား ကုန်သွယ် မှုဆိုင်ရာ ဆက်ဆံရေးအန္တရာယ်ကြောင့် ထိခိုက်မှုမဖြစ်စေရန် လာရောက်ပူးပေါင်းမှာဖြစ်သလို စင်ကာပူအနေဖြင့်လည်း ရင်းနှီးမြှုပ်နှံမှုနှင့် ဝန်ဆောင်မှုအတွက် RCEP နှင့်ပူးပေါင်းဆောင်ရွက်ရန် ထိုင်းနိုင်ငံမှ ကူညီနိုင်ကြောင်း သုံးသပ်ပြောကြားခဲ့ပါသည်။



အကြီးစား ကုန်သွယ်ရေးစာချုပ်အရ နောက်ဆက်တွဲအနေဖြင့် အာဆီယံနိုင်ငံများသည် လာမည့်နှစ်များတွင် မသေချာ မရေရာသည့် ကုန်သွယ်မှုအခြေအနေများအား ထိုင်းနှင့်အတူရင်ဆိုင်ဖြေရှင်းခွင့်ရနိုင်မည်ဖြစ်ပြီး ကုန်သွယ်ရေးစစ်ပွဲမှ ကမ္ဘာလုံးဆိုင်ရာ ထောက်ပံ့ရေးကွင်းဆက်များအား ပြောင်းလဲစေမည်ဖြစ်ရာ ထိုင်းနိုင်ငံအနေဖြင့် ထိခိုက်ခံရလိမ့်မည်ဖြစ်ကြောင်း၊ ဘက်ပေါင်းစုံကုန်သွယ်ရေးသဘောတူညီမှုအရ ထိုင်းနိုင်ငံသည် ကမ္ဘာလုံးဆိုင်ရာ ထောက်ပံ့ရေးကွင်းဆက်မှ ရွှေ့ပြောင်းရမည့် နေရာဒေသကို ရှာဖွေနိုင်မည့်အခွင့်အလမ်း ရရှိနိုင်မည်ဖြစ်ပြီး အာဆီယံအဖွဲ့အတွင်း ထိပ်ဆုံးမှ လွတ်လပ်စွာ ကုန်သွယ်နိုင်မှုကြောင့် မှီခိုအားထားရာ ဒေသတစ်ခုဖြစ်လာသည့်အတွက် RCEP နှင့် CPTPP တို့ မပူးပေါင်းနိုင်တော့သကဲ့သို့ ဘက်ပေါင်းစုံကုန်သွယ်ရေး သဘောတူညီမှုအရ အဆိုပါ ထောက်ပံ့ရေးကွင်းဆက်အတွင်းမှ ထိုင်းနိုင်ငံ စွန့်ခွာသွားလိမ့်မည်ဖြစ်ကြောင်း သိရှိရပါသည်။

# ဗီယက်နမ်နိုင်ငံတွင် ပြည်တွင်းသီဟိုဠ်လုပ်ငန်းသည် လာမည့်နှစ်တွင် စိန်ခေါ်မှုများနှင့်ရင်ဆိုင်ရဖွယ်ရှိနိုင်

ဗီယက်နမ် သီဟိုဠ်အသင်း၏ ပြောကြားချက်အရ ပြည်တွင်းသီဟိုဠ်လုပ်ငန်းသည်လာမည့်နှစ်တွင် သီဟိုဠ်စေ့ထုတ်လုပ်မှုလုပ်ငန်းစဉ်နှင့် ရောင်းဝယ်မှုတို့တွင် အခက်အခဲများနှင့်ဆက်လက်ရင်ဆိုင်ရဖွယ်ရှိလိမ့်မည်ဟု သိရှိရပါတယ်။

ယခုအချိန်မှ ၂၀၁၉ ခုနှစ်၊ မတ်လမှ ဧပြီလတိုင်အောင် ဈေးနှုန်းများမှာ ပြောင်းလဲမှုမရှိဘဲရှိလိမ့်မည်ဟု အသင်းကပြောကြားခဲ့ပါတယ်။



သီဟိုဠ်စေ့ထုတ်လုပ်သည့်စက်ရုံများမှာ အလုပ်ပိတ်ရက် အားလပ်ရက်ရှည်ဖြစ်သော Lunar New Year အတွင်း ထုတ်လုပ်မှုများ ရပ်နားကြရမည်ဖြစ်သော်လည်း စက်ရုံအများစုမှာ ရုတ်တရက်ကုန်ဈေးနှုန်းများ ကျဆင်းနေမှုကြောင့် Lunar New Year မတိုင်ခင်ကပင် ကုန်ထုတ်လုပ်မှုများကို ရပ်နားထားပြီးဖြစ်ပါကြောင်း သိရပါတယ်။

ယခုနှစ်တွင် ဥရောပနှင့် အမေရိကန်ပြည်ထောင်စုအတွင်းရှိ သီဟိုဠ်ကုန်သည်များနှင့် ထုတ်လုပ်သူများက ယခင်နှစ်များကဲ့သို့ နိုင်ငံခြား တိုင်းပြည်များမှ ကုန်ကြမ်းများစွာကို မတင်သွင်းတော့ပါကြောင်းနှင့် အဆိုပါအကြောင်းအချက်က ဗီယက်နမ် တင်ပို့သူများအတွက် ခက်ခဲသော အခြေအနေတစ်ရပ်ကို ဖန်တီးထားပါကြောင်း သိရှိရပါတယ်။

လာမည့်နှစ်တွင် ကုန်ပစ္စည်းတင်ပို့မည့် ဈေးကွက်အသစ်များ ရှာဖွေကြရန် ပြည်တွင်းကုန်ထုတ်လုပ်သူများကို အသင်းက အကြံပြုတိုက်တွန်းထားပါကြောင်း၊ တစ်ချိန်တည်းမှာပင် ပြည်တွင်းသီဟိုဠ်လုပ်ငန်းများက ကောင်းမွန်သောဝယ်သူကို အလေးထား ဝန်ဆောင်မှုပေးခြင်းများနှင့် အကျိုးရှိသော ပို့ကုန်လုပ်ထုံးလုပ်နည်းများကို ထောက်ပံ့ရန်အတွက် အစားအစာသန့်ရှင်းမှုနှင့် လုံခြုံစိတ်ချရမှု အဆင့်အတန်းများနှင့် ကိုက်ညီပြီး ပြိုင်ဘက်များနှင့် ကောင်းစွာယှဉ်ပြိုင်နိုင်မှုများကို တိုးမြှင့်ဖို့လိုအပ်ပါကြောင်း သိရှိရပါတယ်။

ယခုနှစ်၏ ပထမ ၁၁ လအတွင်း ဗီယက်နမ်နိုင်ငံမှ သီဟိုဠ်စေ့တင်ပို့မှုမှာ တန်ချိန် ၃၄၂၀၀၀ ရှိခဲ့ပြီး ဝင်ငွေမှာ အမေရိကန်ဒေါ်လာ ၃ ဒသမ ၁ ဘီလီယံ ရှိခဲ့ပါကြောင်း၊ အဆိုပါ ကိန်းဂဏန်းများမှာ ပြီးခဲ့သောနှစ် အလားတူကာလနှင့် နှိုင်းယှဉ်ချက်အရ အရေအတွက်မှာ ၅ ဒသမ ၉ ရာခိုင်နှုန်း တိုးတက်ခဲ့သော်လည်း တန်ဖိုးမှာ ၃ ဒသမ ၁ ရာခိုင်နှုန်း ကျဆင်းသွားပါကြောင်း အသင်း၏အစီရင်ခံစာတွင် ဖော်ပြထားပါတယ်။

နိုဝင်ဘာလအတွင်း ဗီယက်နမ် သီဟိုဠ်စေ့များ၏ ပျမ်းမျှတင်ပို့သည့် ဈေးနှုန်းမှာ တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၇၈၆၅ ဖြစ်ပြီး အောက်တိုဘာလနှင့် နှိုင်းယှဉ်ပါက ၇ ဒသမ ၂ ရာခိုင်နှုန်း ကျဆင်းသွားပါကြောင်း၊ ပထမ ၁၁ လအတွင်း အဆိုပါဈေးနှုန်းသည် ပြီးခဲ့သောနှစ် အလားတူကာလနှင့် နှိုင်းယှဉ်ပါက ရှစ်ရာခိုင်နှုန်းကျဆင်းသွားပြီး တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၉၁၁၅ ဖြစ်ခဲ့ပါကြောင်းနှင့် အမေရိကန်ပြည်ထောင်စု၊ နယ်သာလန်နှင့် တရုတ်နိုင်ငံတို့မှာ ဗီယက်နမ်မှ သီဟိုဠ်စေ့ အများဆုံးတင်ပို့သော ဈေးကွက်သုံးနေရာဖြစ်ပြီး တင်ပို့မှု ရာခိုင်နှုန်းများမှာ ၃၇ ဒသမ ၅ ရာခိုင်နှုန်း၊ ၁၂ ဒသမ ၃ ရာခိုင်နှုန်း၊ ၁၁ ဒသမ ၆ ရာခိုင်နှုန်းတို့အသီးသီး ရှိကြပါတယ်။

ပြီးခဲ့သော သီတင်းပတ်က တရုတ်နိုင်ငံသို့ တင်ပို့သော သီဟိုဠ်စေ့လိုအပ်မှုနှင့် ဈေးနှုန်းများသည် ထူးခြားစွာ ကျဆင်းခဲ့ရာ ဆိုလိုသည့် အဓိပ္ပာယ်မှာ တရုတ်နိုင်ငံတွင် လာမည့် Lunar New Year အတွက် သီဟိုဠ်စေ့များ လုံလောက်နေသည့် အလားအလာဖြစ်ပါကြောင်း၊ တရုတ်နိုင်ငံ၏ လုပ်ထုံးလုပ်နည်းအသစ်မှာလည်း အကောက်ခွန်ပေးဆောင်ခြင်းနှင့် စာချုပ်များအား လက်မှတ်ရေးထိုးမည့် ကုန်တင်သွင်းမည့်သူများအတွက် လိုအပ်ပါကြောင်း၊ အဆိုပါအကြောင်းအချက်က ဗီယက်နမ်နိုင်ငံမှ တင်သွင်းသော သီဟိုဠ်စေ့၏ ဈေးနှုန်းကို တိုးမြင့်စေခဲ့ပါကြောင်းနှင့် ယခုနှစ်တွင် ဗီယက်နမ်နိုင်ငံသည် သီဟိုဠ်စေ့တင်ပို့မှုမှ အမေရိကန် ဒေါ်လာ ၃ ဒသမ ၅ မှ ၃ ဒသမ ၇ ဘီလီယံရရှိဖို့ မျှော်မှန်းထားပါကြောင်း အသင်း၏ ပြောပြချက်အရ သိရှိရပါတယ်။

**Source;vietnamnews.vn**

**ချိုချိုမာ(ပို့ကုန်)**

# လျှော်ဖြူအစေး(ခေါ်) ဆေးကုလားမ TRAGACANTH GUM HERB တရုတ်နိုင်ငံ(တိုင်ပေ)သို့ တရားဝင်လမ်းကြောင်းမှ တင်ပို့ခွင့်ပြုပြီ

လျှော်ဖြူပင်(ခေါ်) ဆေးကုလားမပင်သည်မြန်မာနိုင်ငံ နေရာအနှံ့အပြားတွင် သဘာဝအလျောက် ပေါက်ရောက်သလို ယခုအခါ မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီးတို့တွင် စီးပွားဖြစ် ဧကဖွံ့စိုက်ပျိုးလာကြပြီး ထွက်ရှိလာသော လျှော်ဖြူအစေး(ခေါ်) ဆေးကုလားမကို ကြာဆန်အမျှင်၊ ရေခဲသားအကြည်၊ ရေခဲသားအဝါ၊ အညိုရောင်ဟူ၍ အမျိုးအစား အမျိုးမျိုးခွဲခြားထားကြောင်း၊ အရောင်အသွေး အမျိုးအစားအလိုက် အနိမ့်ဆုံး ကျပ် ၅၀၀၀ မှ အမြင့်ဆုံး ကျပ် ၁၂၀၀၀ ရှိကြောင်း၊ ကြာဆန်အမျှင်မှာ ဈေးနှုန်းအမြင့်ဆုံးရရှိကြောင်းလည်း သိရှိရသည်။

တစ်ဖက်နိုင်ငံတွင် ကုန်ကြမ်း လိုအပ်ချက်လာရှိပါက တရုတ်ကုန်သည်များကိုယ်တိုင် ၎င်းတို့စိတ်ကြိုက် အရည်အသွေး လျှော်ဖြူအစေးများကို တစ်ခါတရံ စိုက်ခင်းအရောက်ကွင်းဆင်း ဝယ်ယူမှုများလည်းရှိကြောင်း မန္တလေးမြို့ပေါ်ရှိ ကျေးလက်မြေပွဲရုံ တာဝန်ရှိသူတစ်ဦး၏ ပြောပြချက်အရ သိရှိရပါသည်။ ပြည်ပဈေးကွက်အလားအလာရှိသော လျှော်ဖြူအစေး(ခေါ်) ဆေးကုလားမကို ယခုအခါ တိုင်းဒေသကြီး/ပြည်နယ်များတွင် တိုးချဲ့စိုက်ပျိုးလာရာ လျှော်ဖြူစိုက်ဧက ၁၃၆၃၃ ဧကအထိရှိလာပြီး မန္တလေးတိုင်းဒေသကြီးနှင့် စစ်ကိုင်း တိုင်းဒေသကြီးတို့တွင် စိုက်ဧက အများဆုံးဖြင့် စီးပွားဖြစ်စိုက်ပျိုးထားကြောင်းလည်း သိရှိရပါသည်။

စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာမြို့နယ်ရှိ MBM ကုမ္ပဏီလီမိတက်က လျှော်ဖြူအစေး (ခေါ်) ဆေးကုလားမ ၁၀၀၀ ကီလိုဂရမ်အား တရုတ်(တိုင်ပေ)သို့ တင်ပို့ခွင့် လျှောက်ထားခဲ့ရာ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ကုန်သွယ်ရေးဦးစီးဌာနမှ ၂၀၁၈ ခုနှစ် ဒီဇင်ဘာလ ၂၀ ရက်တွင် TRAGACANTH GUM HERB အမည်ဖြင့် တရုတ်(တိုင်ပေ)သို့ FOB စနစ်ဖြင့် တင်ပို့ခွင့်ပြုလိုက်ကြောင်း၊ ဈေးနှုန်းအနေဖြင့် ၁ ကီလိုဂရမ်လျှင် အမေရိကန်ဒေါ်လာ၄၀ ရရှိကြောင်းနှင့် တင်ပို့မည့် လျှော်ဖြူအစေးမှာ ရေခဲသား အတုံးအခဲ အမျိုးအစားကို တင်ပို့သွားမည်ဖြစ်ကြောင်း MBM ကုမ္ပဏီလီမိတက်မှ တာဝန်ရှိသူတစ်ဦး၏ ပြောပြချက်အရသိရှိရပါသည်။

ပြည်တွင်းဈေးကွက်ဖြစ်သည့် မန္တလေးမြို့ပေါ်ရှိ အဝယ်ဒိုင်များတွင် စစ်ကိုင်းတိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီး၊ သဲတောဝမ်းတွင်း ဒေသထွက်လျှော်ဖြူအစေးကို ပိုမိုကြိုက်နှစ်သက်ကြောင်း၊ ယခုရက်ပိုင်းအတွင်း အရောင်းအဝယ်ဖြစ်နေကြောင်း လေ့လာသိရှိရပါသည်။ တရားဝင်လမ်းကြောင်းမှလည်း တင်ပို့ခွင့်ပြုနေပြီဖြစ်သောကြောင့် လျှော်ဖြူစိုက် တောင်သူများအနေဖြင့်လည်း ရေရှည်ဈေးကွက်ခိုင်မာရေး၊ အရည်အသွေး စံချိန်စံညွှန်း ပြည့်မီသော လျှော်ဖြူအစေးများထွက်ရှိရေး အလေးထား၍ အသင်းအဖွဲ့၊ အစုအဖွဲ့များပူးပေါင်း ဆောင်ရွက်သွားရန် လိုအပ်ပါကြောင်း ရေးသားလိုက်ရပါသည်။

**စန်းထွေး(DOCA) နေပြည်တော်**

# ထိုင်းပို့ကုန်အပေါ် ဖိစီးမှုဖြစ်စေသည့် ကုန်သွယ်ရေးစစ်ပွဲ

ထိုင်းကုန်သည်ကြီးများအသင်း တက္ကသိုလ်၏ နောက်ဆုံးလေ့လာချက်အရ ထိုင်းနိုင်ငံ၏ပို့ကုန်မှာ အမေရိကန်နှင့် တရုတ်ကြား ဖြစ်ပွားသော ကုန်သွယ်ရေးစစ်ပွဲအရှိန်ကြောင့် လာမည့်နှစ်တွင် အမေရိကန်ဒေါ်လာ ၄ ဒသမ ၄၂ ဘီလီယံ (ဘတ် ၁၄၄ ဘီလီယံ) လျော့ကျနိုင်မည်ဖြစ်ကြောင်း သိရှိရပါသည်။

ယခုနှစ် ဇန်နဝါရီ ၂၂ ရက်က စတင်သော ကုန်သွယ်ရေးစစ်ပွဲကြောင့် ၂၀၁၈ ခုနှစ်တွင် ထိုင်းပို့ကုန် တန်ဖိုး အမေရိကန်ဒေါ်လာ ၃၅၁ သန်းမှ ၅၉၇ သန်းထိ၊ ရာခိုင်နှုန်းအားဖြင့် သုည ဒသမ ၁ ရာခိုင်နှုန်းမှ သုည ဒသမ ၂ ရာခိုင်နှုန်းထိ လျော့ကျနိုင်ပြီး ၂၀၁၉ ခုနှစ်တွင် ပို့ကုန် အမေရိကန်ဒေါ်လာ ၁၈ ဘီလီယံမှ ၄ ဒသမ ၄၂ ဘီလီယံထိ၊ ရာခိုင်နှုန်းအားဖြင့် သုည ဒသမ ၅ရာခိုင်နှုန်းမှ ၁ ဒသမ ၉ရာခိုင်နှုန်း ထိ လျော့ကျနိုင်ကြောင်း ကုန်သွယ်ရေးစစ်ပွဲကြောင့် ဖြစ်ပေါ်လာနိုင်သည့် အနုတ်လက္ခဏာဆောင်သည့် အကျိုးဆက်များနှင့် အခြားအကြောင်းအရာများဖြစ်သည့် ဆီဈေးနှုန်း၊ နိုင်ငံခြားငွေလဲလှယ်နှုန်း၊ အမေရိကန်မှ သွင်းကုန်ခွန်များ တိုးလာခြင်းစသည့် အချက်များပေါ်တွင်မူတည် ခန့်မှန်းထားပါကြောင်း၊ အပြည်ပြည်ဆိုင်ရာ ကုန်သွယ်ရေး လေ့လာသူများအဖွဲ့ (UTCC) ဒါရိုက်တာ Aat Pisanwanich က ပြောကြားခဲ့ပါသည်။

လာမည့်နှစ်တွင် တရုတ်သို့တင်ပို့မည့် ကုန်ပစ္စည်းများအနက် ကွန်ပျူတာနှင့် လျှပ်စစ်ပစ္စည်းများ၊ ဓာတုဗေဒပစ္စည်းများ၊ ရော်ဘာနှင့် ပလတ်စတစ်၊ သစ်နှင့် သစ်အချောထည်များ၊ လယ်ယာထွက်ကုန်ပစ္စည်းများ၊ အစားအသောက်များ၊ အဖျော်ယမကာများ၊ ဆေးလိပ်များမှာ တင်ပို့မှုကျဆင်းနိုင်ကြောင်း၊ အမေရိကန်မှ အခွန်နှုန်းမြင့်မားစွာ တိုးကောက်မည့်ကုန်ပစ္စည်းတွင် ကွန်ပျူတာနှင့် လျှပ်စစ်ပစ္စည်းများ၊ ရော်ဘာနှင့် ပလတ်စတစ်များ၊ ချည်ထည်များ၊ စက်ပစ္စည်းအစိတ်အပိုင်းတို့ ပါဝင်ကြောင်း သိရှိရပါသည်။

ကုန်သွယ်ရေးစစ်ပွဲကြောင့် တရုတ်မှ အမေရိကန်သို့တင်ပို့နိုင်မှုမှာ အမေရိကန်ဒေါ်လာ ၈ ဒသမ ၉၇ ဘီလီယံမှ ၈၆ ဒသမ ၅၆ ဘီလီယံထိ လျော့ကျနိုင်ပြီး အမေရိကန်မှ တရုတ်သို့ တင်ပို့နိုင်မှုမှာ အမေရိကန်ဒေါ်လာ ၆ ဒသမ ၈၇ ဘီလီယံမှ ၁၈ ဒသမ ၀၅ ဘီလီယံထိ လျော့ကျနိုင်မည်ဟု ခန့်မှန်းထားကြောင်း တစ်ကမ္ဘာလုံးဆိုင်ရာ GDP တိုးတက်မှုနှုန်းမှာ သုည ဒသမ ၁ရာခိုင်နှုန်းမှ သုည ဒသမ ၅ရာခိုင်နှုန်း ရှိမည်ဟု ခန့်မှန်းထားကြောင်း ကုန်သွယ်ရေးစစ်ပွဲကြောင့် တရုတ်မှာ အထိခိုက်ဆုံးဖြစ်ပြီး အမေရိကန်၊ ဥရောပသမဂ္ဂ၊ ဂျပန်နှင့် တောင်ကိုရီးယားတို့ပါ ထိခိုက်နိုင်ကြောင်း Mr Aat က ပြောကြားခဲ့ကြောင်းသိရှိရပါသည်။

တရုတ်နှင့် အမေရိကန်နှစ်နိုင်ငံမှ အခွန်များ တိုးကောက်မှုကြောင့် တရုတ်၊ အမေရိကန်ပစ္စည်းများနေရာတွင် အစားထိုးထုတ်ကုန်များ ဝင်ရောက်ခြင်းဖြင့် ထိုင်းနိုင်ငံမှ ပို့ကုန်တိုးမြှင့်ထုတ်လုပ်ရန် အခွင့်အလမ်းရရှိစေနိုင်ကြောင်း၊ အဆိုပါပစ္စည်းများမှာ လျှပ်စစ်အသုံးအဆောင်များ၊ ရော်ဘာ၊ သစ်၊ ပလတ်စတစ်၊ ပြုပြင်ထားသော အစားအစာများဖြစ်ကြောင်း သိရှိရပါသည်။

ထိုင်းနိုင်ငံ၏ အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းရှင်များမှ ထိုင်းနိုင်ငံတွင်းသို့ တရုတ်ကုန်ပစ္စည်းများ အထူးအားဖြင့် လျှပ်စစ်အသုံးအဆောင်ပစ္စည်းနှင့် စတီးပစ္စည်း အစုလိုက်၊ အပြုံလိုက် ရောက်ရှိလာနိုင်ကြောင်းကို သတိပြုရမည်ဖြစ်ကြောင်း၊ တရုတ်မှ အာဆီယံဈေးကွက်သို့ ကုန်ပစ္စည်းများ တင်ပို့လာနိုင်မည်ဖြစ်ကြောင်း၊ တရုတ်မှ ထိုင်းနှင့် အာဆီယံဒေသတွင်း နိုင်ငံများတွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ အလျင်စလို ပြုလုပ်လာနိုင်ကြောင်း၊ တရုတ်ရင်းနှီးမြှုပ်နှံသူများကို ဆွဲဆောင်နိုင်ရန် ထိုင်းနိုင်ငံမှ ပိုမိုအလုပ်လုပ်ဆောင်ရန်ဖြစ်ကြောင်း Mr Aat က ဆက်လက်ပြောကြားခဲ့ကြောင်း သိရှိရပါသည်။

**Sources: (22-12-2018)ရက်နေ့ Bangkok Post သတင်းစာ**

**ခိုင်(တာချီလိတ်)**

# စက်သုံးဆီ(ဓာတ်ဆီ၊ ဒီဇယ်)၊ ဆန်၊ သကြား၊ ရွှေနှင့် အမေရိကန်ဒေါ်လာ ပြည်တွင်း

## စက်သုံးဆီ (ဓာတ်ဆီ၊ ဒီဇယ်) ပြည်တွင်းဈေးနှုန်းနှင့်ကမ္ဘာ့ဈေးကွက်အခြေအနေသုံးသပ်ချက်

ကမ္ဘာ့လောင်စာဆီဈေးကွက် အခြေအနေအား လေ့လာကြည့်ရာတွင် ဓာတ်ဆီဈေးနှုန်းသည် ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၂၄ ရက်နေ့ Global Petrol Prices Website တွင် ဖော်ပြထားရှိသည့် ဈေးနှုန်းများအရ ကမ္ဘာ့နိုင်ငံပေါင်း ၁၁၁နိုင်ငံအနက် ဈေးနှုန်းမြင့်တက်ခဲ့သည့်နိုင်ငံပေါင်း သုံးနိုင်ငံရှိပြီး Ireland၊ Finland နှင့် United Kingdom နိုင်ငံတို့ဖြစ်ပြီး ဈေးနှုန်းမြင့်တက်မှု အမြင့်ဆုံးနိုင်ငံဖြစ်သည့် Ireland နိုင်ငံတွင် ယခင်တစ်ပတ်ဈေးနှုန်းထက် သုည ဒသမ ၈၀ရာခိုင်နှုန်း ဈေးနှုန်းမြင့်တက်ခဲ့ကြောင်း တွေ့ရှိရပါသည်။

ယခုတစ်ပတ်အတွင်း ကမ္ဘောဒီးယား၊ လာအို၊ မလေးရှား၊ တရုတ်၊ ဟောင်ကောင်၊ ပါကစ္စတန်၊ နယူးဇီလန်၊ ကင်ညာ၊ ကူဝိတ်နှင့် တောင်အာဖရိက စသည့်နိုင်ငံများအပါအဝင် ၅၃ နိုင်ငံတွင် ယခင်တစ်ပတ်ဈေးနှုန်းများအတိုင်း ပြောင်းလဲခြင်းမရှိဘဲ ဓာတ်ဆီဈေးနှုန်းတည်ငြိမ်ခဲ့ကြောင်း လေ့လာတွေ့ရှိရပါသည်။

ဓာတ်ဆီဈေးနှုန်း ကျဆင်းသွားသည့်နိုင်ငံအနေဖြင့် အင်ဒိုနီးရှား၊ ဖိလစ်ပိုင်၊ စင်ကာပူ၊ ဗီယက်နမ်၊ ထိုင်း၊ သီရိလင်္ကာ၊ ထိုင်ဝမ်၊ နီပေါ၊ တောင်ကိုရီးယား၊ ဂျပန်၊ အိန္ဒိယ၊ နယ်သာလန်၊ နော်ဝေ၊ ဘရာဇီးနှင့် ဆွစ်ဇာလန် စသည့်နိုင်ငံတို့ အပါအဝင်နိုင်ငံပေါင်း ၅၅ နိုင်ငံရှိ၍ ယခင်တစ်ပတ်ဈေးနှုန်းထက် သုည ဒသမ ၁၀ ရာခိုင်နှုန်းမှ ၆ ဒသမ ၇၀ ရာခိုင်နှုန်းထိ ကျဆင်းခဲ့ကြောင်း တွေ့ရှိရပါသည်။

အာဆီယံနိုင်ငံများ၏ ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၂၄ ရက်နေ့ Global Petrol Prices Website တွင် ဖော်ပြထားရှိသည့် ဓာတ်ဆီဈေးနှုန်းအနေဖြင့် ယခင်တစ်ပတ်နှင့်နှိုင်းယှဉ်လျှင် ထိုင်းနိုင်ငံတွင် ၃ ဒသမ ၅၀ ရာခိုင်နှုန်းဖြင့် ယခုတစ်ပတ်၏ ဈေးနှုန်းကျဆင်းမှုနှုန်း အမြင့်မားဆုံးနိုင်ငံအဖြစ် မှတ်တမ်းဝင်ခဲ့ကြောင်း လေ့လာသိရှိရပြီး ကျန်အာဆီယံနိုင်ငံတို့တွင် ဈေးနှုန်းတည်ငြိမ်လျက်ရှိသည်ကို တွေ့ရှိရပါသည်။

ဒီဇယ်ဆီဈေးနှုန်းသည် ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၂၄ ရက်နေ့ Global Petrol Prices Website တွင် ဖော်ပြထားရှိသည့် ကမ္ဘာ့နိုင်ငံပေါင်း ၁၁၁ နိုင်ငံအနက် ဈေးနှုန်းမြင့်တက်ခဲ့သည့် နိုင်ငံပေါင်း ၅ နိုင်ငံရှိခဲ့၍ Finland နိုင်ငံသည် ယခင်တစ်ပတ်ဈေးနှုန်းထက် သုည ဒသမ ၉၀ ရာခိုင်နှုန်းထိ အမြင့်မားဆုံးအဖြစ် ဈေးနှုန်းမြင့်တက်ခဲ့ကြောင်း တွေ့ရှိရပါသည်။

ယခုတစ်ပတ်တွင် ကမ္ဘောဒီးယား၊ အင်ဒိုနီးရှား၊ လာအို၊ မလေးရှား၊ တရုတ်၊ ဟောင်ကောင်၊ ပါကစ္စတန်၊ ကူဝိတ်၊ နယူးဇီလန်၊ တောင်အာဖရိကနှင့် ကင်ညာ စသည့်နိုင်ငံများ အပါအဝင် ၅၄ နိုင်ငံတွင် ယခင်တစ်ပတ်များအတိုင်း ဈေးနှုန်းအပြောင်းအလဲမရှိဘဲ ဒီဇယ်ဈေးနှုန်းတည်ငြိမ်ခဲ့ကြောင်း တွေ့ရှိရပါသည်။

ဒီဇယ်ဈေးနှုန်းကျဆင်းသွားသည့် နိုင်ငံများအနေဖြင့် ဖိလစ်ပိုင်၊ ထိုင်း၊ ဗီယက်နမ်၊ စင်ကာပူ၊ ထိုင်း၊ ထိုင်ဝမ်၊ သီရိလင်္ကာ၊ နီပေါ၊ တောင်ကိုရီးယား၊ နော်ဝေ၊ အီတလီ၊ ဂရိ၊ နယ်သာလန်၊ ဘရာဇီး၊ ကနေဒါနှင့် ဆွီဒင်စသည့်နိုင်ငံတို့ အပါအဝင် ၅၃ နိုင်ငံရှိပြီး ယခင်တစ်ပတ်ဈေးနှုန်းထက် သုည ဒသမ ၁၀ရာခိုင်နှုန်းမှ ၇ ဒသမ ၈၀ ရာခိုင်နှုန်းထိ ကျဆင်းခဲ့ကြောင်းနှင့် Panama နိုင်ငံသည် ယခင် တစ်ပတ်ဈေးနှုန်းထက် ၇ ဒသမ ၈၀ ရာခိုင်နှုန်းထိ ဈေးနှုန်းကျဆင်းခဲ့ပြီး ယခုတစ်ပတ်တွင် ဈေးနှုန်းကျဆင်းမှုနှုန်း အမြင့်ဆုံးနိုင်ငံအဖြစ် မှတ်တမ်းဝင်ခဲ့ကြောင်း တွေ့ရှိရပါသည်။

အာဆီယံနိုင်ငံများ၏ ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၂၄ ရက်နေ့ Global Petrol Prices Website တွင် ဖော်ပြထားရှိသည့် ဒီဇယ်ဈေးနှုန်းအနေဖြင့် ယခင်တစ်ပတ်နှင့်နှိုင်းယှဉ်လျှင် ကမ္ဘောဒီးယား၊ အင်ဒိုနီးရှား၊ လာအိုနှင့် မလေးရှားနိုင်ငံတို့တွင် ဈေးနှုန်းတည်ငြိမ်နေခဲ့ပါသည်။ ကျန်အာဆီယံနိုင်ငံများတွင် ဈေးနှုန်းကျဆင်းနေကြောင်း လေ့လာတွေ့ရှိရပြီး ထိုင်းနိုင်ငံသည် ၅ ဒသမ ၆၀ ရာခိုင်နှုန်းဖြင့် ယခုတစ်ပတ်၏ ဈေးနှုန်းကျဆင်းမှုနှုန်း အမြင့်မားဆုံး နိုင်ငံအဖြစ် မှတ်တမ်းဝင်ခဲ့ကြောင်း တွေ့ရှိရပါသည်။ အာဆီယံနိုင်ငံများ၏ ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာ ၂၄ ရက်တွင် ဖြစ်ပေါ်နေသော ဓာတ်ဆီ၊ ဒီဇယ် ၁လီတာ ဈေးနှုန်းများအား တစ်ဖက်ပါအတိုင်း ဖော်ပြအပ်ပါသည်-

## ဆန်ပြည်တွင်းဈေးနှုန်းနှင့် ကမ္ဘာ့ဈေးကွက်အခြေအနေ သုံးသပ်တင်ပြခြင်း

ပြည်ပဆန်ဈေးကွက်ကို လေ့လာကြည့်ပါက ၂၀၁၈ ခုနှစ် ဒီဇင်ဘာ ၂၄ ရက်တွင် International Rice Market Website တွင် ဖော်ပြချက်အရ ပါကစ္စတန်ဆန်ဈေးနှုန်းများမှာ ဧည့်မထ ၅ မှတ် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၄၈ ဖြင့် လည်းကောင်း၊ ဧည့်မထ ၂၅ မှတ် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၁၃ ဖြင့်လည်းကောင်း၊ ထိုင်းဆန်ဈေးနှုန်းများမှာ ၁၀၀ ရာခိုင်နှုန်း ဘီဂရိတ်ဆန်တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၈၈ ဖြင့် လည်းကောင်း၊ ဧည့်မထ ၅ မှတ်တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၇၈ ဖြင့်လည်းကောင်း၊ ဧည့်မထ ၂၅ မှတ်တစ်တန်လျှင် အမေရိကန် ဒေါ်လာ ၃၆၈ ဖြင့်လည်းကောင်း၊ ပေါင်းဆန်တစ်တန်လျှင် အမေရိကန် ဒေါ်လာ ၄၀၄ ဒေါ်လာ ဖြင့်လည်းကောင်း ရှိခဲ့ပါသည်။

ဗီယက်နမ်နိုင်ငံ၏ ဆန်ဈေးကွက်တွင် ဧည့်မထ ၅မှတ် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၇၄ ဖြင့် လည်းကောင်း၊ ဧည့်မထ ၂၅ မှတ်ဆန် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၆၅ ဖြင့်လည်းကောင်း၊ အိန္ဒိယနိုင်ငံတွင် ဧည့်မထ ၂၅ မှတ်ဆန် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၆၀ ဖြင့် လည်းကောင်း၊ ပေါင်းဆန်တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၇၂ ဖြင့်လည်းကောင်း အသီးသီးရှိသည်ကို လေ့လာတွေ့ရှိရပါသည်။ ယခင်တစ်ပတ်ဈေးများနှင့် နှိုင်းယှဉ်ပါက ထိုင်းနိုင်ငံတွင် ၁၀၀ ရာခိုင်နှုန်း ဘီဂရိတ်ဆန်၊ ဧည့်မထ ၅ မှတ်ဆန်နှင့် ၂၅ မှတ်ဆန်တို့မှာ ဈေးနှုန်းတည်ငြိမ်လျက်ရှိပြီး ပေါင်းဆန်မှာ ဈေးအနည်းငယ် ကျဆင်းခဲ့သည်ကို တွေ့ရှိရပါသည်။ ပါကစ္စတန်နိုင်ငံနှင့် ဗီယက်နမ်နိုင်ငံတို့တွင် ဧည့်မထ ၂၅ မှတ်နှင့် ဧည့်မထ ၅ မှတ် ဆန်ဈေးနှုန်းများ ဈေးအနည်းငယ် ကျဆင်းခဲ့ပြီး အိန္ဒိယနိုင်ငံတွင် ဧည့်မထ ၂၅ မှတ်ဆန်နှင့်ပေါင်းဆန်တို့မှာ ဈေးနှုန်းမြင့်တက်လျက်ရှိသည်ကို လေ့လာတွေ့ရှိရပါသည်။

ဆန်ဈေးကွက်နှင့်စပ်လျဉ်းသည့် ပြည်ပသတင်းများအနေဖြင့် ၂၀၁၈ ခုနှစ် ပထမ ၁၁ လအတွင်း ကမ္ဘောဒီးယားနိုင်ငံ၏ ဆန်တင်ပို့မှု ၁၃ ရာခိုင်နှုန်းကျဆင်းခဲ့ကြောင်း၊ အိမ်နီးချင်းနိုင်ငံများနှင့် ဆန်ဈေးကွက်ရရှိနိုင်ရေး ယှဉ်ပြိုင်မှုမြင့်မားလာခြင်း၊ ကောက်ရိတ်ကာလတွင် ဆန်လက်ကျန်နည်းပါးခြင်းတို့ကြောင့် ဆန်တင်ပို့မှုကျဆင်းခဲ့ရသည်ဟု ကမ္ဘောဒီးယားဆန်စပါးအသင်း၏ ဒုတိယဥက္ကဋ္ဌ Hun Lak ကပြောကြားခဲ့သည်ကိုသိရှိရပါသည်။ တောင်သူများသည် ငွေအမြန်ပေါ်စေရန်အတွက် ကောက်ရိတ်ပြီးလျှင်ပြီးချင်း မကြိတ်ခွဲရသေးသောစပါးများကို အိမ်နီးချင်းနိုင်ငံများမှကုန်သည်များထံသို့ ရောင်းချကြသည်ကို သိရှိရပါသည်။

ကမ္ဘောဒီးယားဆန်လုပ်ငန်း ၇၈ ခုသည် ကမ္ဘာတစ်ဝန်းမှ နိုင်ငံနှင့် ဒေသပေါင်း ၆၁ ခုထံ သို့ဆန်တင်ပို့ခဲ့ကြပြီး တရုတ် နိုင်ငံသည် ကမ္ဘောဒီးယားဆန် အများဆုံးဝယ်လက်အဖြစ် ဆက်လက်ရပ်တည်ခဲ့ပြီး ပြင်သစ်၊ နယ်သာလန်၊ ပိုလန်၊ ဗြိတိန်နိုင်ငံများသို့ တင်ပို့ရောင်းချကြောင်း စိုက်ပျိုးရေးဝန်ကြီးဌာန၏ ထုတ်ပြန်ချက်အရ လေ့လာသိရှိရပါသည်။

ဖိလစ်ပိုင်အစိုးရသည် ၂၀၁၉ ခုနှစ်တွင် စားနပ်ရိက္ခာ အာဏာပိုင်အဖွဲ့ (NFA) ၏ ခွင့်ပြုချက်ဖြင့် တင်သွင်းထားသော ဆန်များ လျော့နည်းလာချိန်၌ သက်သာဆန်များ ထုတ်ရောင်းချတော့မည်မဟုတ်ကြောင်း၊ ဖိလစ်ပိုင်သမ္မတက ဥပဒေအဖြစ် အတည်ပြု လက်မှတ်ရေးထိုးပေးတော့မည့် ဆန်အခွန်သတ်မှတ်မှုဆိုင်ရာ ဥပဒေမူကြမ်းသည် ပြည်တွင်းဆန်ဈေးနိမ့်ကျလာစေရန် ထောက်ကူနိုင်လိမ့်မည်ဟု စိုက်ပျိုးရေးအတွင်းဝန် Emmanuel Piñol က ပြောကြားခဲ့သည်ကို သိရှိရပါသည်။

ဥပဒေသစ်သည် ဖိလစ်ပိုင်ပြည်တွင်းဆန်ဈေးကို တစ်ကီလိုလျှင် ခုနစ်ပီဆိုအထိ သက်သာ လာစေမည်ဟု အမျိုးသားစီးပွားရေးနှင့် ဖွံ့ဖြိုးတိုးတက်မှုရေးရာ အာဏာပိုင်အဖွဲ့က အစောပိုင်းတွင် ခန့်မှန်းထားသော်လည်း သက်သာဆန်များ ထုတ်မရောင်းတော့သည့်အခါ သက်သာဆန်အပေါ် မှီခိုနေကြသည့် အိမ်ထောင်စု ၁၀ သန်းဝန်းကျင်အတွက် စားနပ်ရိက္ခာမဖူလုံမှုများ ဖြစ်လာနိုင်ပါကြောင်း Bantay Bigas အကြံပေးအဖွဲ့၏ ပြောခွင့်ရပုဂ္ဂိုလ်ထောက်ပြပြောဆိုခဲ့သည်ကို သိရှိရပါသည်။ ဖိလစ်ပိုင်တောင်သူများသည် အကန့်အသတ်မရှိ ဆန်တင်သွင်းခွင့်ပြုမည့်ဥပဒေကို ဝေဖန်ခဲ့ကြပြီး ဈေးချိုသောဆန်များ ဝင်ရောက်လာလျှင်ပြည်တွင်းတောင်သူများမှာ ဆန်ဈေးကွက်ကို ခက်ခက်ခဲခဲ ယှဉ်ပြိုင်ရမည်ကို စိုးရိမ်နေခဲ့ကြသည်။

ဗီယက်နမ်၊ ထိုင်း စသောနိုင်ငံများတွင် ပထဝီဝင်အနေအထားအားသာမှုနှင့် အစိုးရပံ့ပိုးကူညီမှုတို့ကြောင့် ဆန်ကိုအကုန်အကျသက်သာစွာ ထုတ်လုပ်နိုင်ကြသော်လည်း ဖိလစ်ပိုင်တွင်မူ ချေးငွေ အခက်အခဲ၊ နည်းပညာအဆင့်မြှင့်တင်မှုအားနည်းခြင်းနှင့် ရာသီဥတု ဖောက်ပြန်မှုများကြောင့် ဆန်ထုတ်လုပ်စရိတ်လျှော့ချရေးတွင် အခက်တွေ့နေကြောင်း၊ ဆန်အခွန်သတ်မှတ်မှုဥပဒေအရ တောင်သူများအတွက် ရန်ပုံငွေ ပီဆို ၁၀ သန်းထောက်ပံ့မည်ဖြစ်သော်လည်း ၎င်းပမာဏမှာ လုံလောက်မှုမရှိဘဲ အကျင့်ပျက်ခြစားရန် အခွင့်အလမ်းတစ်ခုသာ ဖြစ်လာနိုင်သည်ဟု တောင်သူအဖွဲ့များက ထောက်ပြခဲ့သည်ကို သိရှိရပါသည်။

လာအို IDP ဆန်စက်လုပ်ငန်းသည် နိုဝင်ဘာလတွင် တရုတ်အစိုးရနံ့စားသီးနှံ၊ စားသုံးဆီနှင့် စားသောက်ကုန် ကော်ပိုရေးရှင်း (Cofco)နှင့် ကုန်သွယ်ရေးစာချုပ်ချုပ်ဆိုနိုင်ခဲ့ပြီးနောက် ယခု ဒီဇင်ဘာလတွင် တရုတ်နိုင်ငံသို့မျှော်မှန်းထားသည့်အတိုင်း ဆန်တင်ပို့နိုင်ခဲ့ကြောင်း လေ့လာသိရှိရပါသည်။ တရုတ်အစိုးရသည် လာအိုကုမ္ပဏီ Xuanye ထံမှတစ်ဆင့် လာအိုဆန် တန်ချိန် ၂၀၀၀၀ ဝယ်ယူမည်ဟု ယခင်နှစ်က သဘောတူထားခဲ့သော်လည်း ယခုနှစ် အောက်တိုဘာလအထိ ဆန်တန်ချိန် ၁၆၈၀၀ သာ တင်ပို့နိုင်ခဲ့ကြောင်း၊ Xuanye ကုမ္ပဏီသည် ဆန်တန် ၁၀၀၀ ကို ဦးစွာတင်ပို့ပြီး လက်ကျန်ဆန်တန်ချိန် ၂၂၀၀ ကို ယခုလကုန်တွင် တင်ပို့မည်ဟု စက်မှုလုပ်ငန်းနှင့် ကုန်သွယ်ရေးဝန်ကြီး Khem-mani Pholsena က လွှတ်တော်တွင်ပြောကြားခဲ့သည်ကို သိရှိရပါသည်။

လာအိုအစိုးရသည် တရုတ်ဈေးကွက်သို့ဆန်အပြင် အခြားလယ်ယာကုန်စည်များကိုပါ တိုးမြှင့်တင်ပို့နိုင်ရန် ရည်ရွယ်ထားကြောင်း၊ တရုတ်နိုင်ငံသို့ ပို့ကုန်မြှင့်တင်နိုင်ရေးအတွက် တရုတ်ကုန်စည်အရည်အသွေး ကြီးကြပ်စစ်ဆေးရေးအဖွဲ့(AQSIQ) ထံတွင် မှတ်ပုံတင်နိုင်ရန် အစိုးရအနေဖြင့် အားပေးကူညီမည်ဟု ဝန်ကြီးကပြောကြားခဲ့ပါသည်။ လာအိုသည် ယခင်နှစ်တွင် ဆန်တင်ပို့ရာမှ နိုင်ငံခြားဝင်ငွေ ဒေါ်လာ ၃၁ ဒသမ ၁၆ သန်းကျော် ရရှိခဲ့ပြီး အဓိကဈေးကွက်များမှာ ဗီယက်နမ်၊ ထိုင်းနှင့် တရုတ်နိုင်ငံတို့ဖြစ်ကြပါသည်။ သို့သော် ၎င်းပမာဏမှာ ၂၀၁၆ ခုနှစ်ထက် လျော့နည်းခဲ့ကြောင်း ဝန်ကြီးဌာနစာရင်းများအရ သိရှိရပါသည်။ လာအိုအစိုးရသည် ယခုနှစ်တွင် ဆန်တင်ပို့မှုဝင်ငွေ ဒေါ်လာ ၄၅ ဒသမ ၅၆ သန်းကျော်ရရှိရန် မျှော်မှန်းထားပြီး အခြားထုတ်ကုန်အနေဖြင့် တရုတ်သို့ သကြားတိုးမြှင့်တင်ပို့နိုင်ရန် ကုန်သွယ်ရေးမြှင့်တင်မှုဦးစီးဌာနက ညှိနှိုင်းဆောင်ရွက်လျက်ရှိကြောင်း သိရှိရပါသည်။

ပြည်တွင်းဈေးကွက်အခြေအနေဖြင့် ယခုအချိန်၌ မြန်မာ့စပါးများလှိုင်လှိုင်ပေါ်ချိန်တွင် တရုတ်နိုင်ငံမှ ဆန်အဝယ်မလိုက်သဖြင့် ပြည်တွင်းစပါးဈေးများ ကျဆင်းလာခဲ့ပြီး တောင်သူများမှာ ဈေးကျသည့်ဒဏ်ကို အများဆုံးရင်ဆိုင်ကြရပါသည်။ ကုန်သည်များအနေဖြင့် စပါးဈေးကျလျှင် ကျဈေးနှင့်ဝယ်မည်ယူကြမည်သာဖြစ်ပြီး

**စာမျက်နှာ ၁၆ သို့**

# ဈေးနှုန်းနှင့် ကမ္ဘာ့ဈေးကွက် အခြေအနေ၊ အပတ်စဉ်ဈေးနှုန်း သုံးသပ်ချက်

တန်ဖိုး- အမေရိကန်ဒေါ်လာ

| စဉ် | နိုင်ငံအမည် | ရေတွက်ပုံ | ဓါတ်ဆီ | ဒီဇယ် |
|---|---|---|---|---|
| ၁ | မြန်မာ | လီတာ | ၀.၅၁ | ၀.၅၇ |
| ၂ | အင်ဒိုနီးရှား | လီတာ | ၀.၇၄ | ၀.၈၄ |
| ၃ | ထိုင်း | လီတာ | ၁.၀၃ | ၀.၇၇ |
| ၄ | ဗီယက်နမ် | လီတာ | ၀.၇၉ | ၀.၆၉ |
| ၅ | စင်္ကာပူ | လီတာ | ၁.၅၁ | ၁.၁၉ |
| ၆ | မလေးရှား | လီတာ | ၀.၅၂ | ၀.၅၂ |
| ၇ | ဖိလစ်ပိုင် | လီတာ | ၀.၉၅ | ၀.၇၂ |
| ၈ | ကမ္ဘောဒီးယား | လီတာ | ၀.၉၁ | ၀.၈၂ |
| ၉ | လာအို | လီတာ | ၁.၂၇ | ၁.၀၃ |
| ၁၀ | ဘရူနိုင်း | Global Petrol Prices | | |

၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၂၄ ရက်တွင် Global Petrol Prices Website ၌ ဖော်ပြထားရှိသည့် ကမ္ဘာ့စက်သုံးဆီဈေးနှုန်းမှာ ဓာတ်ဆီ ၁ လီတာတွင် အမေရိကန်ဒေါ်လာ ၁ ဒသမ ၁၀ နှင့် ဒီဇယ်ဆီ ၁ လီတာတွင် အမေရိကန်ဒေါ်လာ ၁ ဒသမ ၀၄ရှိပြီး စက်သုံးဆီ ဈေးနှုန်း နိုင်ငံအလိုက် နည်း/များ တွင် မြန်မာနိုင်ငံသည် ဓာတ်ဆီဈေးနှုန်း ၁ လီတာ သုည ဒသမ ၅၁ ဒေါ်လာနှုန်းဖြင့် ၁၂ နိုင်ငံမြောက်နှင့် ဒီဇယ်ဆီဈေးနှုန်း ၁ လီတာ သုည ဒသမ ၅၇ ဒေါ်လာနှုန်းဖြင့် ၁၉ နိုင်ငံမြောက်တွင်ရှိနေသောကြောင့် ကမ္ဘာ့နိုင်ငံများနှင့်နှိုင်းယှဉ်လျှင် စက်သုံးဆီဈေးနှုန်းသက်သာသောနိုင်ငံများတွင် ပါဝင်ကြောင်း တွေ့ရှိရပါသည်။ ယခုတစ်ပတ်တွင် ဓာတ်ဆီ၊ ဒီဇယ်ဈေးနှုန်း အနည်းဆုံး/အများဆုံးနိုင်ငံများစာရင်းကို ၁ လီတာ ဈေးနှုန်းများဖြင့် တစ်ဖက်ပါအတိုင်း ဖော်ပြအပ်ပါသည်-

တန်ဖိုး- အမေရိကန်ဒေါ်လာ

| စဉ် | ဓါတ်ဆီဈေးနှုန်း အနိမ့်ဆုံးနိုင်ငံ | | | ဓါတ်ဆီဈေးနှုန်း အမြင့်ဆုံးနိုင်ငံ | | |
|---|---|---|---|---|---|---|
| | နိုင်ငံအမည် | ရေတွက်ပုံ | တန်ဖိုး | နိုင်ငံအမည် | ရေတွက်ပုံ | တန်ဖိုး |
| ၁ | ဗင်နီဇွဲလား | လီတာ | ၀.၀၁ | ဟောင်ကောင် | လီတာ | ၂.၀၄ |
| ၂ | ဆူဒန် | လီတာ | ၀.၁၃ | Wallis and Futuna | လီတာ | ၁.၈၇ |
| ၃ | အီရန် | လီတာ | ၀.၂၉ | Monaco | လီတာ | ၁.၈၅ |
| ၄ | ကူဝိတ် | လီတာ | ၀.၃၄ | Barbados | လီတာ | ၁.၈၅ |
| ၅ | အယ်ဂျီရီးယား | လီတာ | ၀.၃၅ | နော်ဝေ | လီတာ | ၁.၈၃ |

တန်ဖိုး- အမေရိကန်ဒေါ်လာ

| စဉ် | ဒီဇယ်ဆီဈေးနှုန်း အနိမ့်ဆုံးနိုင်ငံ | | | ဒီဇယ်ဆီဈေးနှုန်း အမြင့်ဆုံးနိုင်ငံ | | |
|---|---|---|---|---|---|---|
| | နိုင်ငံအမည် | ရေတွက်ပုံ | တန်ဖိုး | နိုင်ငံအမည် | ရေတွက်ပုံ | တန်ဖိုး |
| ၁ | အီရန် | လီတာ | ၀.၀၇ | နော်ဝေ | လီတာ | ၁.၈ |
| ၂ | ဆူဒန် | လီတာ | ၀.၀၉ | အိုက်စလန် | လီတာ | ၁.၇၈ |
| ၃ | ဆော်ဒီအာရေဗျ | လီတာ | ၀.၁၃ | Monaco | လီတာ | ၁.၇၄ |
| ၄ | အယ်ဂျီးရီးယား | လီတာ | ၀.၁၉ | Wallis and Futuna | လီတာ | ၁.၇၄ |
| ၅ | Ecuador | လီတာ | ၀.၂၇ | ဆွစ်ဇာလန် | လီတာ | ၁.၇၂ |

မြန်မာနိုင်ငံနှင့် ကုန်သွယ်မှု အများဆုံးဆောင်ရွက်သော တရုတ်၊ ဂျပန်နှင့် အိန္ဒိယနိုင်ငံများ၏ စက်သုံးဆီ တစ်လီတာ ဈေးနှုန်းများအား အောက်ပါအတိုင်း ဖော်ပြအပ်ပါသည်-

တန်ဖိုး- အမေရိကန်ဒေါ်လာ

| စဉ် | နိုင်ငံအမည် | ရေတွက်ပုံ | ဓါတ်ဆီ | ဒီဇယ် |
|---|---|---|---|---|
| ၁ | တရုတ် | လီတာ | ၁.၀၃ | ၀.၉၂ |
| ၂ | ဂျပန် | လီတာ | ၁.၂၅ | ၁.၀၈ |
| ၃ | အိန္ဒိယ | လီတာ | ၁.၀၂ | ၀.၉၃ |

Oil-Price. Net Website ၌ ဖော်ပြထားရှိသည့် ကမ္ဘာ့ရေနံစိမ်း Crude Oil နေ့စဉ်ဈေးနှုန်းများအား တစ်ဖက်ပါအတိုင်း ဖော်ပြအပ်ပါသည်-


## ကြယ်စင်(တန့်ဆည်မြေ)

တန်ဖိုး- အမေရိကန်ဒေါ်လာ

| စဉ် | ရက်စွဲ | ရေတွက်ပုံ | ဈေးနှုန်း |
|---|---|---|---|
| ၁ | ၂၁.၁၂.၂၀၁၈ | စည် | ၄၅.၈၈ |
| ၂ | ၂၄.၁၂.၂၀၁၈ | စည် | ၄၅.၅၉ |
| ၃ | ၂၅.၁၂.၂၀၁၈ | စည် | ၄၂.၅၃ |
| ၄ | ၂၆.၁၂.၂၀၁၈ | စည် | ၄၆.၂၂ |
| ၅ | ၂၇.၁၂.၂၀၁၈ | စည် | ၄၄.၆၁ |

source : http://www.oil-price.net/

၂၀၁၈ ခုနှစ် အောက်တိုဘာ ၂၉ ရက်မှ ဒီဇင်ဘာ ၂၄ ရက်အထိ အပတ်စဉ် ဓာတ်ဆီ၊ ဒီဇယ်နှင့် ရေနံစိမ်းဈေးနှုန်း ပြောင်းလဲမှုသည် အောက်ပါအတိုင်း နှိုင်းယှဉ်ဖော်ပြအပ်ပါသည်-




စာမျက်နှာ ၁၇ သို့

## ရွှေနှင့် အမေရိကန်ဒေါ်လာ ငွေလဲလှယ်နှုန်း ပြည်တွင်းဈေးနှုန်းနှင့် ကမ္ဘာ့ဈေးကွက် အခြေအနေ သုံးသပ်တင်ပြခြင်း

ယခုတစ်ပတ်အတွင်း ဗဟိုဘဏ်ရည်ညွှန်း ငွေလဲနှုန်းသည် ယခင်တစ်ပတ်ထက် အနည်းငယ်ကျဆင်းခဲ့သော်လည်း အမေရိကန် တစ်ဒေါ်လာလျှင် ၁၅၆၀ ကျပ်နှုန်းအထက်တွင် ဆက်လက်တည်ရှိနေကြောင်း တွေ့ရှိရသကဲ့သို့ ပြည်တွင်းရွှေဈေးကွက်သည်လည်း အခေါက်ရွှေတစ်ကျပ်သားလျှင် ကျပ် ၁၀၄၁၅၀၀ အထိ ဈေးနှုန်းမြင့်တက်ခဲ့ကြောင်း တွေ့ရှိရပါသည်။

ပြီးခဲ့သည့်လေးလအတွင်း မြန်မာ့ရွှေဈေးနှုန်းကို ပြန်ကြည့်ပါက ဩဂုတ်လအတွင်းတွင် ဩဂုတ်လ ၆ ရက်နေ့ ပြည်တွင်းရွှေဈေးနှုန်းမှာ အနိမ့်ဆုံးနှုန်း ကျပ် ၉၄၇၃၀၀ နှင့် ဩဂုတ် ၂၈ ရက်တွင် အမြင့်ဆုံးကျပ် ၉၈၅၀၀၀ ကျပ်၊ စက်တင်ဘာလအတွင်း ပြည်တွင်းရွှေဈေး အနိမ့်ဆုံးဈေးနှုန်းမှာ စက်တင်ဘာ ၂၈ ရက်တွင် ကျပ် ၉၆၅၀၀၀ နှင့် စက်တင်ဘာ ၂၀ ရက်တွင် အမြင့်ဆုံးဈေးနှုန်း ကျပ် ၁၀၄၇၇၀၀၊ အောက်တိုဘာလအတွင်း ပြည်တွင်းရွှေဈေး အနိမ့်ဆုံးနှုန်းမှာ အောက်တိုဘာ ၁ ရက်တွင် ကျပ် ၉၆၉၀၀၀၊ အောက်တိုဘာ ၃၁ ရက် အမြင့်ဆုံးနှုန်း ကျပ် ၁၀၄၀၀၀၀၊ နိုဝင်ဘာလအတွင်း အမြင့်ဆုံးဈေးနှုန်းမှာ နိုဝင်ဘာ ၂ ရက်တွင် ကျပ် ၁၀၄၂၅၀၀ ဖြစ်ပြီး အနိမ့်ဆုံးဈေးနှုန်းမှာ နိုဝင်ဘာ ၁၂ ရက်တွင် ကျပ် ၁၀၂၆၀၀၀ တို့ဖြစ်ကြောင်း တွေ့ရှိခဲ့ရပါသည်။ ယခု ဒီဇင်ဘာလတွင် အနိမ့်ဆုံးဈေးနှုန်းမှာ ဒီဇင်ဘာ ၃ ရက်တွင် ကျပ် ၁၀၁၀၀၀၀ ဖြစ်ပြီး အမြင့်ဆုံးဈေးနှုန်းမှာ ဒီဇင်ဘာ ၂၆ ရက်တွင် ကျပ် ၁၀၄၁၅၀၀ ဖြစ်ကြောင်း တွေ့ရှိရသဖြင့် ဒီဇင်ဘာလအတွင်း ရွှေဈေးနှုန်းပြောင်းလဲမှု ၃၁၅၀၀ ကျပ် အထိရှိကြောင်း တွေ့ရှိရပါသည်။

ယခုအပတ်အတွင်း ကမ္ဘာ့ရွှေဈေးမြင့်တက်ခဲ့မှုနှင့်အတူ ပြည်တွင်း အခေါက်ရွှေဈေးသည် ယခုအပတ်အတွင်း ဈေးနှုန်းမြင့် တက်ခဲ့ကြောင်း တွေ့ရှိရပါသည်။


စာမျက်နှာ ၁၇ သို့

## သကြား ပြည်တွင်းဈေးနှုန်းနှင့် ကမ္ဘာ့ဈေးကွက်အခြေအနေ သုံးသပ်တင်ပြခြင်း

ကမ္ဘာ့သကြားဈေးနှုန်းများအနေဖြင့် International Sugar Organization ISO ၏ website ဖြစ်သော www.isosugar.org တွင်ဖော်ပြချက်များအရ နေ့စဉ်ဖြစ်ပေါ်နေသည့် ကမ္ဘာ့သကြားဈေးနှုန်းများကို လေ့လာတွေ့ရှိရပါသည်။ အဆိုပါ website တွင် ဖော်ပြချက်များအရ သကြားဖြူ White Sugar တစ် တန်လျှင် ၃-၁၂-၂၀၁၈ နေ့တွင် အမေရိကန်ဒေါ်လာ ၃၅၂ ဒသမ ၂၅ ပေါက်ဈေးရှိခဲ့ရာမှ အတက်အကျ အပြောင်းအလဲများ ဆက်လက်ဖြစ်ပေါ်လျက်ရှိရာ ဒီဇင်ဘာ ၂၇ ရက်တွင် အမေရိကန်ဒေါ်လာ ၃၃၈ ဒသမ ၃၀ သို့ ဈေးနှုန်းအနည်း ငယ်ပြန်လည်ကျဆင်းခဲ့သည်ကို

| Date | ISA Daily Price | 15 Day Average | White Sugar Price Index | |
|---|---|---|---|---|
| 27-Dec-18 | 12.33 cts/lb | 12.64 cts/lb | 338.30 S/T | 15.35 cts/lb |
| 24-Dec-18 | 12.48 cts/lb | 12.70 cts/lb | 340.35 S/T | 15.44 cts/lb |
| 21-Dec-18 | 12.43 cts/lb | 12.74 cts/lb | 340.00 S/T | 15.42 cts/lb |
| 20-Dec-18 | 12.54 cts/lb | 12.77 cts/lb | 341.45 S/T | 15.49 cts/lb |
| 19-Dec-18 | 12.56 cts/lb | 12.80 cts/lb | 343.00 S/T | 15.56 cts/lb |
| 18-Dec-18 | 12.40 cts/lb | 12.83 cts/lb | 338.15 S/T | 15.34 cts/lb |
| 17-Dec-18 | 12.61 cts/lb | 12.83 cts/lb | 342.30 S/T | 15.53 cts/lb |
| 14-Dec-18 | 12.75 cts/lb | 12.83 cts/lb | 345.40 S/T | 15.67 cts/lb |
| 13-Dec-18 | 12.82 cts/lb | 12.82 cts/lb | 347.50 S/T | 15.76 cts/lb |
| 12-Dec-18 | 12.83 cts/lb | 12.81 cts/lb | 345.65 S/T | 15.68 cts/lb |
| 11-Dec-18 | 12.92 cts/lb | 12.81 cts/lb | 347.15 S/T | 15.75 cts/lb |
| 10-Dec-18 | 12.82 cts/lb | 12.78 cts/lb | 345.60 S/T | 15.68 cts/lb |
| 7-Dec-18 | 12.97 cts/lb | 12.79 cts/lb | 348.90 S/T | 15.83 cts/lb |
| 6-Dec-18 | 12.74 cts/lb | 12.78 cts/lb | 344.55 S/T | 15.63 cts/lb |
| 5-Dec-18 | 12.82 cts/lb | 12.78 cts/lb | 346.00 S/T | 15.69 cts/lb |
| 4-Dec-18 | 12.85 cts/lb | 12.78 cts/lb | 346.25 S/T | 15.71 cts/lb |
| 3-Dec-18 | 13.01 cts/lb | 12.78 cts/lb | 352.25 S/T | 15.98 cts/lb |

Source: www.isosugar.org




Source: www.isosugar.org

တစ်ဖက်ပါအတိုင်း တွေ့ရှိရပါသည်-

ကမ္ဘာပေါ်တွင် သကြားထုတ်လုပ်မှု ဒုတိယအများဆုံးဖြစ်သည့် အိန္ဒိယနိုင်ငံအနေဖြင့် ၂၀၁၇-၂၀၁၈ ရာသီက သကြားအထွက် စံချိန်တင်ခဲ့သော်လည်း ၂၀၁၉-၂၀၂၀ ရာသီတွင် အိန္ဒိယနိုင်ငံ၏ ကြံစိုက်ပျိုးမှု အများဆုံး ပြည်နယ်နှစ်ခုတွင် မိုးခေါင်မှုကြောင့် ကြံစိုက်ပျိုးရေး အခက်အခဲဖြစ်ပေါ်ခဲ့သဖြင့် အိန္ဒိယနိုင်ငံ၏ သကြားထုတ်လုပ်မှုကျဆင်းနိုင်သည်ဟု လုပ်ငန်းတာဝန်ရှိသူများနှင့် ကုန်သည်များက ပြောကြားခဲ့သည်ကို သိရှိပါသည်။ အိန္ဒိယနိုင်ငံ၏ သကြားတင်ပို့မှု လျော့နည်းလာနိုင်ပြီး ၂၀၁၈ ခုနှစ်အတွင်း ၁၅ ရာခိုင်နှုန်း ကျဆင်းခဲ့သော ကမ္ဘာ့သကြားဈေး ပြန်လည်မြင့်တက်လာနိုင်ကြောင်း သုံးသပ် သိရှိရပါသည်။

အိန္ဒိယနိုင်ငံ၏ ကြံစိုက်ပျိုးမှု ဒုတိယအများဆုံးပြည်နယ်ဖြစ်သည့် မဟာရဋ္ဌပြည်နယ်နှင့် တတိယအများဆုံးစိုက်ပျိုးသည့် ကာနာတာကာပြည်နယ်တို့တွင် မိုးခေါင်ရေရှားမှုကြောင့် သောက်သုံးရေရှားပါးမှုများ ဖြစ်ပေါ်သည့်အပြင် ကျိုင်းကောင်ကျရောက်ဖျက်ဆီးမှုများကြောင့် ကြံစိုက်ပျိုးထုတ်လုပ်မှုလုပ်ငန်းမှာ ထိခိုက်နိုင်ပြီး၊ သကြားထုတ်လုပ်မှု ထက်ဝက်အထိပင် ကျဆင်းနိုင်ကြောင်း၊ ကြံသည် ၂ နှစ်ခံသီးနှံဖြစ်ပြီး စိုက်ပျိုးပြီးနောက် ၁၀ လမှ ၁၆ လအကြာတွင် ရိတ်သိမ်းရကြောင်း သိရှိရပါသည်။ လက်ရှိဈေးကွက်နှစ်တွင် အိန္ဒိယသကြားထုတ်လုပ်မှု တန်ချိန် ၃၁ ဒသမ ၅ သန်းမှ ၃၂ သန်းအထိရှိရာမှ ၂၀၁၉-၂၀၂၀ ရာသီတွင် တန်ချိန် ၂၈-၂၉ သန်းသို့နိမ့်ကျလာနိုင်သည်ဟု သကြားစက်လုပ်ငန်းအသင်း၏ ဦးဆောင်ညွှန်ကြားရေးမှူး Prakash Naiknavare က ပြောကြားခဲ့သည်ကို သိရှိရပါသည်။

စာမျက်နှာ ၁၆ သို့

## စာမျက်နှာ (၁၅) သကြား ပြည်တွင်းဈေးနှုန်းနှင့် . . . မှအဆက်

၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ နောက်ဆုံးပတ်အတွင်း တရုတ်နိုင်ငံတွင် ဖြစ်ပေါ်နေသော သကြားဈေးနှုန်းမှာ တစ်တန်လျှင် ပျမ်းမျှ အမေရိကန်ဒေါ်လာ ၇၆၅ ဖြစ်ပေါ်ခဲ့ပြီး အမေရိကန်နိုင်ငံတွင် တစ်တန်လျှင် ဒေါ်လာ ၂၄၇၊ ပါကစ္စတန်နိုင်ငံတွင် တစ်တန်လျှင် အမေရိကန် ဒေါ်လာ ၃၇၄-၃၈၆၊ အိန္ဒိယနိုင်ငံတွင် အမေရိကန်ဒေါ်လာ ၄၃၈-၅၇၁ ဖြစ်ပြီး ယခင်အပတ်နှင့်နှိုင်းယှဉ်ပါက တရုတ်နှင့် အမေရိကန်နိုင်ငံတို့၏ သကြားဈေးမှာအနည်းငယ်ကျဆင်းခဲ့ပြီး ပါကစ္စတန်နိုင်ငံတွင် ဈေးနှုန်းအနည်းငယ် မြင့်တက်ခဲ့ပြီး အိန္ဒိယနိုင်ငံတွင် ဈေးနှုန်းတည်ငြိမ်နေကြောင်း လေ့လာသိရှိရပါသည်။ မြန်မာ-တရုတ်နယ်စပ်ရှိတစ်ဖက်နိုင်ငံဒေသ ပေါက်ဈေးမှာ တစ်တန်လျှင် ပျမ်းမျှအမေရိကန် ဒေါ်လာ ၆၃၀ ဖြစ်ကြောင်း သိရှိရပါသည်။

၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ နောက်ဆုံးပတ်အတွင်း မြန်မာ-တရုတ် နယ်စပ် မူဆယ်ဒေသ၌ သကြား၁ တန်လျှင် ပျမ်းမျှဈေးမှာ အမေရိကန် ဒေါ်လာ ၆၂၅သာရှိပြီး တရုတ်နိုင်ငံတွင် သကြား၁တန်လျှင် ပျမ်းမျှ အမေရိကန် ဒေါ်လာ ၇၆၅ပေါက်ဈေးရှိသောကြောင့် ၁တန်ပေါ်တွင် အမေရိကန် ဒေါ်လာ ၁၄၀ဒေါ်လာဈေးနှုန်းကွာဟချက်ရှိပါသည်။ မြန်မာ-ထိုင်းနယ်စပ် မြဝတီမြို့တွင် သကြား (၁)တန်လျှင် အမေရိကန်ဒေါ်လာ ၄၈၇ ဝန်းကျင်ရှိပြီး ထိုင်းနိုင်ငံ၊ မဲဆောက်မြို့၌ ၁ တန်လျှင် အမေရိကန်ဒေါ်လာ ၅၁၁ ဝန်းကျင် ခန့်ရှိကြောင်း လေ့လာသိရှိရပါသည်။

ထို့အပြင် ရက်သတ္တပတ်အတွင်း တိုင်းဒေသကြီး / ပြည်နယ်များရှိမြို့ကြီးများ၌ နေ့စဉ် ဖြစ်ပေါ်နေသော သကြားပေါက်ဈေးများကို လေ့လာရာတွင် ဟားခါးမြို့တွင် သကြား ၁ ပိဿာလျှင် ကျပ် ၁၉၀၀နှင့် ရန်ကုန်မြို့တွင် သကြား ၁ ပိဿာလျှင် ကျပ် ၁၈၀၀ ဖြင့် အမြင့်ဆုံးဖြစ်ပေါ် နေပြီး၊ ဘားအံမြို့တွင် သကြား ၁ ပိဿာလျှင် ကျပ် ၁၁၀၀ ဖြင့် အနည်းဆုံးဖြစ်ပေါ်နေကြောင်း တွေ့ရှိရပါသည်။ မြန်မာနိုင်ငံမြို့ကြီးများ တွင် နေ့အလိုက်ဖြစ်ပေါ်နေသော ဈေးနှုန်းများကို တစ်ဖက်ပါအတိုင်း ဖော်ပြအပ်ပါသည်-

Trading Economic Website တွင် ဖော်ပြချက်အရ ၂၀၁၈ခုနှစ် ဒီဇင်ဘာ ၂၇ ရက်နေ့တွင် ကမ္ဘာ့သကြားဈေးနှုန်းသည် ယခင်တစ်ပတ်ထက် ၁ ဒသမ ၄၅ ရာခိုင်နှုန်း ဈေးနှုန်း ကျဆင်းသွားခဲ့ သည်ကို တွေ့ရှိရပါသည်။ မြန်မာနိုင်ငံအနေဖြင့် ၂၀၁၈ ခုနှစ် ဒီဇင်ဘာလ နောက်ဆုံးပတ်အတွင်း သကြားဈေးနှုန်းမှာ သိသိသာသာ ပြောင်းလဲမှုမရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

| စဉ် | မြို့အမည် | သကြား(ကျပ်/ပိဿာ) | | | |
|---|---|---|---|---|---|
| | | ဒီဇင်ဘာ ၂၁ | ဒီဇင်ဘာ ၂၄ | ဒီဇင်ဘာ ၂၆ | ဒီဇင်ဘာ ၂၇ |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ |
| ၁ | မြစ်ကြီးနား | ၁၅၀၀ | ၁၅၀၀ | ၁၅၀၀ | ၁၅၀၀ |
| ၂ | လားရှိုး | ၁၅၀၀ | ၁၅၀၀ | ၁၅၀၀ | ၁၅၀၀ |
| ၃ | ကျိုင်းတုံ | ၁၅၀၀ | ၁၅၀၀ | ၁၅၀၀ | ၁၅၀၀ |
| ၄ | တောင်ကြီး | ၁၄၀၀ | ၁၄၀၀ | ၁၄၀၀ | ၁၄၀၀ |
| ၅ | လွိုင်ကော် | ၁၆၀၀ | ၁၆၀၀ | ၁၆၀၀ | ၁၆၀၀ |
| ၆ | ဘားအံ | ၁၁၀၀ | ၁၁၀၀ | ၁၁၀၀ | ၁၁၀၀ |
| ၇ | မော်လမြိုင် | ၁၄၀၀ | ၁၄၀၀ | ၁၄၀၀ | ၁၄၀၀ |
| ၈ | ထားဝယ် | ၁၅၀၀ | ၁၅၀၀ | ၁၅၀၀ | ၁၅၀၀ |
| ၉ | မြိတ် | ၁၅၀၀ | ၁၅၀၀ | ၁၅၀၀ | ၁၅၀၀ |
| ၁၀ | ရန်ကုန် | ၁၈၀၀ | ၁၈၀၀ | ၁၈၀၀ | ၁၈၀၀ |
| ၁၁ | ပုသိမ် | ၁၄၀၀ | ၁၄၀၀ | ၁၄၀၀ | ၁၄၀၀ |
| ၁၂ | စစ်တွေ | ၁၆၀၀ | ၁၆၀၀ | ၁၆၀၀ | ၁၆၀၀ |
| ၁၃ | ဟားခါး | ၁၉၀၀ | ၁၉၀၀ | ၁၉၀၀ | ၁၉၀၀ |
| ၁၄ | မုံရွာ | ၁၅၀၀ | ၁၅၀၀ | ၁၅၀၀ | ၁၅၀၀ |
| ၁၅ | မန္တလေး | ၁၆၀၀ | ၁၆၀၀ | ၁၆၀၀ | ၁၆၀၀ |
| ၁၆ | ပခုက္ကူ | ၁၅၀၀ | ၁၅၀၀ | ၁၅၀၀ | ၁၅၀၀ |
| ၁၇ | မကွေး | ၁၅၀၀ | ၁၅၀၀ | ၁၅၀၀ | ၁၅၀၀ |
| ၁၈ | ပြည် | ၁၆၀၀ | ၁၆၀၀ | ၁၆၀၀ | ၁၆၀၀ |
| ၁၉ | ပဲခူး | ၁၅၀၀ | ၁၅၀၀ | ၁၅၀၀ | ၁၅၀၀ |
| ၂၀ | ပျဉ်းမနား | ၁၃၀၀ | ၁၃၀၀ | ၁၃၀၀ | ၁၃၀၀ |
| ၂၁ | နေပြည်တော် | ၁၄၀၀ | ၁၄၀၀ | ၁၄၀၀ | ၁၄၀၀ |
| ၂၂ | ကလေး | ၁၄၀၀ | ၁၄၀၀ | ၁၄၀၀ | ၁၄၀၀ |

Source:DACA-Domestic

## စာမျက်နှာ (၁၄) ဆန်ပြည်တွင်းဈေးနှုန်းနှင့် . . . မှအဆက်

လယ်သမားများလက်ထဲတွင် စပါးမရှိတော့လျှင် စပါးဈေးမှာ ပြန်တက်လာမည်သာဖြစ်ပါသည်။ စပါးဈေးပြန်တက်လာမည်ကို သိသော်လည်း လယ်သမားများမှာ ကြိုတင်ထုတ်ချေးငွေများ၊ စပါးရိတ် သိမ်းစရိတ်များနှင့် စပါးထပ်မံစိုက်ပျိုးကြရန်အတွက် မဖြစ်မနေ ရောင်းချကြရပေသည်။

ယခုနှစ်တွင် စပါးကြမ်းဈေးမှာ ပုံမှန်ဈေးသာရှိသော်လည်း မိုးစပါး၊ စပါးအချော (ဘေးကြား၊ ဘေးကြားတောင်ပျံ) စပါးအမျိုးအစားများ ဈေးကောင်းလာခဲ့သည်ကို တွေ့ရှိရပါသည်။ တင်း ၁၀၀ လျှင် ကျပ်ကိုးသိန်းနှင့် ၁၀ သိန်းအထိ ဈေးရရှိကြပြီး စပါးအကြမ်းစိုက်ပျိုးသည့် တောင်သူများထက် စပါးအနု (အချော) စိုက်ပျိုးသည့် တောင်သူများမှ ဈေးကောင်းပိုမိုရရှိသည်ကို လေ့လာသိရှိရပါသည်။ သို့ဖြစ်ပါ၍ တောင်သူများအနေဖြင့် မျိုးကောင်းမျိုးသန့် စပါးအနု (အချော)များကိုသာ ပိုမိုတိုးချဲ့စိုက်ပျိုးသင့်လှပေသည်။ ယခုအခါ စပါးမျိုးကောင်းမျိုးသန့်များမှာ အဝယ်လိုက်သော်လည်း တစ်ဖက်တွင် မျိုးသန့်မျိုး စေ့တန်ဖိုးမသိ၍ ဝယ်ယူမှုမရှိသည့် တောင်သူများလည်းရှိသကဲ့သို့ ငွေကြေးအင်အားမရှိသောကြောင့် မဝယ်ယူနိုင်သည့် တောင်သူများလည်းရှိကြောင်း၊ ထို့အတွက် စည်းရုံးမှုများ၊ အသိပညာပေးမှုများကို လည်းဆောင်ရွက်သွားရမည်ဖြစ်ကြောင်း သိရှိရပါသည်။

မျိုးသန့်မျိုးစေ့ထုတ်လုပ်လိုသည့် လယ်သမားများကို စည်းရုံးဆွေးနွေးကာ မျိုးသန့်မျိုးစေ့စိုက်ပျိုး ထုတ်လုပ်သည့် ဈေးကွက်တစ်ရပ်ပေါ်ပေါက်လာစေရန် ဖော်ဆောင်လျက်ရှိပြီး လတ်တလောတွင်လည်း တောင်သူများ စိုက်ပျိုးထွက်ရှိလာသည့် ၂၀၁၈ ခုနှစ်၊ မိုးစပါးစီးပွားဖြစ် မျိုးသန့်မျိုးစေ့များ ဖြစ်ကြသော ပေါ်ဆန်းရင်၊ သီးထပ်ရင်၊ ရက် (၉၀) စပါးများကို တစ်တင်းလျှင် ကျပ် ၁၂၀၀၀ မှ ကျပ် ၁၆၀၀၀ ဈေးအသီးသီးတို့ဖြင့် ရောင်းချလျက်ရှိပြီး သက်ဆိုင်ရာ စိုက်ပျိုးရေးဦးစီးဌာန၏ ထောက်ခံချက်ရရှိထားကြောင်း၊ မျိုးသန့်တွင် အာမခံအရည်အသွေးများအဖြစ် မျိုးပေါက်နှုန်းရာခိုင်နှုန်း ၉၅ ရာခိုင်နှုန်းအထက်၊ အဖျင်းအမှော်ပါဝင်မှု နှစ်ရာခိုင်နှုန်းအောက်၊ အစိုဓာတ် ၁၄ ရာခိုင်နှုန်းအောက် အရည်အသွေးရှိ မျိုးကောင်း မျိုးသန့်နှင့်စပါးများကို ရောင်းချနေကြောင်း သိရှိရပါသည်။

မြန်မာ-ထိုင်းနယ်စပ်ဒေသဖြစ်သော မြဝတီမြို့တွင် ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာ ၂၇ ရက်တွင် ဖြစ်ပေါ်နေသော ဈေးနှုန်းများအရ ပြင်ပငွေလဲနှုန်းအနေဖြင့် ၁ ဘတ်လျှင် ၄၇ ကျပ်နှုန်းရှိပြီး၊ ဧည့်မထဆန်တစ်အိတ်လျှင် ကျပ် ၂၅၂၀၀ ခန့် ပေါက်ဈေးရှိသဖြင့် ယခင်တစ်ပတ်ဈေးနှင့် နှိုင်းယှဉ်ပါက ဈေးနှုန်းတည်ငြိမ်လျက်ရှိကြောင်း လေ့လာသိရှိရပါသည်။ မြန်မာ-တရုတ်နယ်စပ်ဒေသဖြစ်သော မူဆယ်မြို့တွင် ဒီဇင်ဘာ ၂၇ ရက်တွင် ဖြစ်ပေါ်နေသော ဈေးနှုန်းများအရ ပြင်ပငွေလဲနှုန်းအနေဖြင့် တစ်ယွမ်လျှင် ၂၂၅ ကျပ်နှုန်းရှိပြီး ဧည့်မထဆန် ၂၅ မှတ် တစ်အိတ်လျှင် ၂၂၉၅၀ ကျပ်မှ ၂၃၀၇၅ ကျပ်ထိ ပေါက်ဈေးရှိသဖြင့် ယခင်တစ်ပတ်နှင့်နှိုင်းယှဉ်ပါက ဈေးနှုန်းအနည်းငယ် ကျဆင်းခဲ့ကြောင်း လေ့လာသိရှိရပါသည်။

USDA စာရင်းများအရ ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလအတွင်း လေ့လာတွေ့ရှိချက် အရကမ္ဘာ့ဆန်အဓိကတင်သွင်းသော နိုင်ငံများ၏ တင်သွင်းနိုင်မည့် တန်ချိန်မှာ ဘီနင်း သုည ဒသမ ၆၅၀သန်း၊ ဘင်္ဂလားဒေ့ရှ် သုည ဒသမ ၆၀၀ သန်း၊ ဘရာဇီး သုည ဒသမ ၆၅၀ သန်း၊ ကင်မရွန်း သုည ဒသမ ၇၀၀ သန်း၊ တရုတ် ၅ သန်း၊ အိုင်ဗရီကို့စ် ၁ ဒသမ ၄၅၀ သန်း၊ EU ၂ ဒသမ ၀၅၀ သန်း၊ ဂါနာ သုည ဒသမ ၆၈၀ သန်း၊ အင်ဒိုနီးရှား ၁ ဒသမ ၂၀၀ သန်း၊ ဂျပန် သုည ဒသမ ၆၈၅ သန်း၊ အီရန် ၁ ဒသမ ၄၀၀ သန်း၊ အီရတ် ၁ ဒသမ ၃၀၀ သန်း၊ ကင်ညာ သုည ဒသမ ၇၅၀ သန်း၊ မလေးရှား ၁ သန်း၊ မက္ကဆီကို သုည ဒသမ ၈၈၀ သန်း၊ မိုဇမ်ဘစ် သုည ဒသမ ၇၅၀ သန်း၊ နိုင်ဂျီးရီးယား ၃ သန်း၊ ဖိလစ်ပိုင် ၁ ဒသမ ၈၀၀ သန်း၊ ဆော်ဒီအာရေဗျ ၁ ဒသမ ၃၀၀ သန်း၊ ဆီနီဂေါ ၁ ဒသမ ၂၅၀ သန်း၊ တောင်အာဖရိက ၁ သန်း၊ UAE သုည ဒသမ ၉၀၀ သန်း၊ US သုည ဒသမ ၈၇၅ သန်း တင်သွင်းမည်ဖြစ်ကြောင်း လေ့လာတွေ့ရှိရပါသည်။ ကမ္ဘာ့ဆန် တင်ပို့သည့် နိုင်ငံများအနက် မြန်မာနိုင်ငံအနေဖြင့် တန်ချိန် ၃ သန်းတင်ပို့မည်ဟု USDA စာရင်းများအရ ခန့်မှန်းထားပါသည်။

ဘုရင့်နောင်ကုန်စည်ဒိုင်မှရရှိသော အချက်အလက်များအရ တစ်ပတ်အတွင်း ဆန်ဈေးနှုန်းများကို လေ့လာရာတွင် ဈေးနှုန်း အတက်အကျ အပြောင်းအလဲများ ဖြစ်ပေါ်ခဲ့သည်ကို လေ့လာတွေ့ရှိရပါသည်။ ဘုရင့်နောင် ကုန်စည်ဒိုင်တွင် ဒီဇင်ဘာ ၂၁ ရက်မှ ၂၇ ရက်အတွင်းဖြစ်ပေါ်နေသော ဈေးနှုန်းစာရင်းများအား အောက်ပါအတိုင်း ဖော်ပြအပ်ပါသည်-

| စဉ် | အမျိုးအစား | ရာခိုင်နှုန်း | ဈေးနှုန်း | | | |
|---|---|---|---|---|---|---|
| | | | ၂၁.၁၂.၂၀၁၈ | ၂၄.၁၂.၂၀၁၈ | ၂၆.၁၂.၂၀၁၈ | ၂၇.၁၂.၂၀၁၈ |
| ၁ | ဗီယာ | ၅ | ၂၀၇၀၀ | ၂၁၀၀၀ | ၂၀၇၀၀ | ၂၀၇၀၀ |
| ၂ | ဗီယာ | ၁၀ | ၂၀၂၀၀ | ၂၀၅၀၀ | ၂၀၂၀၀ | ၂၀၃၀၀ |
| ၃ | ဗီယာ | ၂၅ | ၁၈၈၀၀ | ၁၉၁၀၀ | ၁၉၂၀၀ | ၁၉၁၀၀ |
| ၄ | ဗီယာ | ၃၅ | ၁၈၆၀၀ | ၁၈၈၀၀ | ၁၈၉၀၀ | ၁၈၈၀၀ |
| ၅ | ဧည့်မထ | ၅ | ၂၀၆၀၀ | ၂၀၈၀၀ | ၂၀၈၀၀ | ၂၀၈၀၀ |
| ၆ | ဧည့်မထ | ၁၀ | ၂၀၂၀၀ | ၂၀၃၀၀ | ၂၀၃၀၀ | ၂၀၄၀၀ |
| ၇ | ဧည့်မထ | ၂၅ | ၁၈၉၀၀ | ၁၉၁၀၀ | ၁၉၂၀၀ | ၁၉၁၀၀ |
| ၈ | ဧည့်မထ | ၃၅ | ၁၈၆၀၀ | ၁၈၈၀၀ | ၁၈၉၀၀ | ၁၈၈၀၀ |

တိုင်းဒေသကြီး/ပြည်နယ်များရှိမြို့ကြီးများ၌ နေ့စဉ် ဖြစ်ပေါ်နေသော ဧည့်မထဆန်ဈေးနှုန်းများကို လေ့လာကြည့်ပါက ဟားခါးမြို့တွင် ဧည့်မထဆန် တစ်ပြည်လျှင် ၂၄၂၅ ကျပ်ဖြင့် အမြင့်ဆုံးဈေးနှုန်းဖြစ်ပေါ်ခဲ့ပြီး ပုသိမ်မြို့၊ ဘားအံမြို့နှင့် ပြည်မြို့တို့တွင် ဧည့်မထဆန် (သစ်) တစ်ပြည်လျှင် ကျပ် ၉၅၀ ဖြင့် အနိမ့်ဆုံးဈေးနှုန်းများဖြစ်ခဲ့သည်ကို တွေ့ရှိရပါသည်။ မြန်မာနိုင်ငံမြို့ကြီးများတွင် နေ့စဉ်ဖြစ်ပေါ်နေသော ဈေးနှုန်းစာရင်းများအား အထက်ပါအတိုင်း ဖော်ပြအပ်ပါသည်-

| စဉ် | မြို့အမည် | ဧည့်မထဆန်(ကျပ်/ပြည်) | | | |
|---|---|---|---|---|---|
| | | ၂၁.၁၂.၂၀၁၈ | ၂၄.၁၂.၂၀၁၈ | ၂၆.၁၂.၂၀၁၈ | ၂၇.၁၂.၂၀၁၈ |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ |
| ၁ | မြစ်ကြီးနား | ၁၃၀၀(သစ်) | ၁၃၀၀(သစ်) | ၁၃၀၀(သစ်) | ၁၃၀၀(သစ်) |
| ၂ | လားရှိုး | ၁၃၅၀ | ၁၃၅၀ | ၁၃၅၀ | ၁၃၅၀ |
| ၃ | ကျိုင်းတုံ | ၁၆၀၀(သစ်) | ၁၆၀၀(သစ်) | ၁၆၀၀(သစ်) | ၁၆၀၀(သစ်) |
| ၄ | တောင်ကြီး | ၁၀၀၀(သစ်) | ၁၀၀၀(သစ်) | ၁၀၀၀(သစ်) | ၁၀၀၀(သစ်) |
| ၅ | လွိုင်ကော် | ၁၅၀၀(သစ်) | ၁၅၀၀(သစ်) | ၁၅၀၀(သစ်) | ၁၅၀၀(သစ်) |
| ၆ | ဘားအံ | ၉၅၀(သစ်) | ၉၅၀(သစ်) | ၉၅၀(သစ်) | ၉၅၀(သစ်) |
| ၇ | မော်လမြိုင် | ၁၁၀၀(သစ်) | ၁၁၀၀(သစ်) | ၁၀၀၀(သစ်) | ၁၀၀၀(သစ်) |
| ၈ | ထားဝယ် | ၁၇၀၀ | ၁၇၀၀ | ၁၇၀၀ | ၁၇၀၀ |
| ၉ | မြိတ် | ၁၂၀၀(သစ်) | ၁၀၅၀(သစ်) | ၁၀၅၀(သစ်) | ၁၀၅၀(သစ်) |
| ၁၀ | ရန်ကုန် | ၁၀၀၀(သစ်) | ၁၀၀၀(သစ်) | ၁၀၀၀(သစ်) | ၁၀၀၀(သစ်) |
| ၁၁ | ပုသိမ် | ၉၅၀(သစ်) | ၉၅၀(သစ်) | ၉၅၀(သစ်) | ၉၅၀(သစ်) |
| ၁၂ | စစ်တွေ | ၁၀၀၀(သစ်) | ၁၀၀၀(သစ်) | ၁၀၀၀(သစ်) | ၁၀၀၀(သစ်) |
| ၁၃ | ဟားခါး | ၂၄၂၅ | ၂၄၂၅ | ၂၄၂၅ | ၂၄၂၅ |
| ၁၄ | မုံရွာ | ၂၂၀၀ | ၂၂၀၀ | ၂၂၀၀ | ၂၂၀၀ |
| ၁၅ | မန္တလေး | ၁၁၀၀(သစ်) | ၁၁၀၀(သစ်) | ၁၁၀၀(သစ်) | ၁၁၀၀(သစ်) |
| ၁၆ | ပခုက္ကူ | ၁၂၀၀(သစ်) | ၁၂၀၀(သစ်) | ၁၂၀၀(သစ်) | ၁၂၀၀(သစ်) |
| ၁၇ | မကွေး | ၁၀၅၀(သစ်) | ၁၀၅၀(သစ်) | ၁၀၅၀(သစ်) | ၁၀၅၀(သစ်) |
| ၁၈ | ပြည် | ၉၅၀(သစ်) | ၉၅၀(သစ်) | ၉၅၀(သစ်) | ၉၅၀(သစ်) |
| ၁၉ | ပဲခူး | ၁၀၀၀(သစ်) | ၁၀၀၀(သစ်) | ၁၀၀၀(သစ်) | ၁၀၀၀(သစ်) |
| ၂၀ | ပျဉ်းမနား | ၁၀၀၀(သစ်) | ၁၀၀၀(သစ်) | ၁၀၀၀(သစ်) | ၁၀၀၀(သစ်) |
| ၂၁ | နေပြည်တော် | ၁၀၅၀(သစ်) | ၁၀၅၀(သစ်) | ၁၀၅၀(သစ်) | ၁၀၅၀(သစ်) |
| ၂၂ | ကလေး | ၁၀၀၀(သစ်) | ၁၀၀၀(သစ်) | ၁၀၀၀(သစ်) | ၁၀၀၀(သစ်) |

Source-DOCA-Domestic

မြန်မာနိုင်ငံအနေဖြင့် လယ်ယာစိုက်ပျိုးရေးကို အဓိကအားထားသည့် နိုင်ငံဖြစ်သည့် အားလျော်စွာ တိုးတက်ပြောင်းလဲလာသည့် Global စီးပွားရေးစနစ်တွင် စိန်ခေါ်မှုယှဉ်ပြိုင်မှုများစွာကို ရင်ဆိုင်ကြုံ တွေ့ရလျက်ရှိပါသည်။ နိုင်ငံတကာ ဆန်စပါးဈေးကွက်ကြီးများမှလည်း အပြိုင်အဆိုင် ဈေးကွက်ရရှိရေးကို ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ မြန်မာနိုင်ငံသည်လည်း အထွက်နှုန်း၊ နည်းပညာ၊ အရည်အသွေးနှင့် ဈေးကွက်ရှာဖွေမှုအပိုင်းများကို အရှိန်အဟုန်မြှင့်တင် ကြိုးပမ်းဆောင်ရွက်ရန် ပိုမိုတွန်းအားပေး လုပ် ဆောင်ကြရမည်ဖြစ်ပါသည်။

Trading Economics Website တွင် ဖော်ပြချက်အရ ယခုတစ်ပတ်တွင် ကမ္ဘာ့ဆန်ဈေးနှုန်းမှာ ယခင်တစ်ပတ်နှင့် နှိုင်းယှဉ်ပါက ၄ ဒသမ ဝ၃ ရာခိုင်နှုန်း ကျဆင်းခဲ့သည်ကို သိရှိရပါသည်။ ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလတတိယပတ်အတွင်း နိုင်ငံတကာ ဆန်ဈေး နှုန်းများတွင် အတက်အကျ ပြောင်းလဲမှုများရှိသကဲ့သို့ မြန်မာနိုင်ငံတွင်လည်း ဆန်ဈေးနှုန်းများ အတက်အကျ ပြောင်းလဲမှုများရှိသည်ကို လေ့လာသုံးသပ်တင်ပြအပ်ပါသည်။

## စာမျက်နှာ (၁၅) စက်သုံးဆီ (ဓာတ်ဆီ၊ ဒီဇယ်). . . မှအဆက်

မြန်မာနိုင်ငံမြို့ကြီးများတွင် နေ့စဉ်ဖြစ်ပေါ်နေသော စက်သုံးဆီဈေးနှုန်းများအား အောက်ပါအတိုင်း ဖော်ပြအပ်ပါသည်-

| စဉ် | မြို့အမည် | စက်သုံးဆီ(ကျပ်/ဂါလံ) | | | | | | | |
|---|---|---|---|---|---|---|---|---|---|
| | | ဓါတ်ဆီ | | | | ဒီဇယ်ဆီ | | | |
| | | ဒီဇင်ဘာ ၂၁ | ဒီဇင်ဘာ ၂၄ | ဒီဇင်ဘာ ၂၆ | ဒီဇင်ဘာ ၂၇ | ဒီဇင်ဘာ ၂၁ | ဒီဇင်ဘာ ၂၄ | ဒီဇင်ဘာ ၂၆ | ဒီဇင်ဘာ ၂၇ |
| ၁ | မြစ်ကြီးနား | ၃၉၆၀ | ၃၈၉၇ | ၃၈၉၇ | ၃၈၉၇ | ၄၅၄၀ | ၄၂၉၇ | ၄၂၉၇ | ၄၂၉၇ |
| ၂ | လားရှိုး | ၃၇၀၀ | ၃၆၀၀ | ၃၅၀၀ | ၃၅၀၀ | ၄၅၀၀ | ၄၄၀၀ | ၄၃၀၀ | ၄၃၀၀ |
| ၃ | ကျိုင်းတုံ | ၅၂၆၅ | ၅၂၆၅ | ၅၂၆၅ | ၅၂၆၅ | ၅၇၁၅ | ၅၇၁၅ | ၅၇၁၅ | ၅၇၁၅ |
| ၄ | တောင်ကြီး | ၃၇၀၀ | ၃၆၀၀ | ၃၆၀၀ | ၃၆၀၀ | ၄၃၀၀ | ၄၃၀၀ | ၄၃၀၀ | ၄၃၀၀ |
| ၅ | လွိုင်ကော် | ၄၃၀၀ | ၄၃၀၀ | ၄၃၀၀ | ၄၃၀၀ | ၄၅၀၀ | ၄၅၀၀ | ၄၅၀၀ | ၄၅၀၀ |
| ၆ | ဘားအံ | ၃၅၅၅ | ၃၄၆၅ | ၃၄၂၀ | ၃၄၂၀ | ၄၃၂၀ | ၄၂၃၀ | ၄၂၀၈ | ၄၂၀၈ |
| ၇ | မော်လမြိုင် | ၄၀၅၀ | ၄၀၉၅ | ၃၈၉၂ | ၃၈၂၅ | ၄၅၀၀ | ၄၄၅၅ | ၄၃၆၅ | ၄၂၇၅ |
| ၈ | ထားဝယ် | ၃၉၅၁ | ၃၉၅၁ | ၃၉၅၁ | ၃၉၅၁ | ၄၄၅၅ | ၄၄၅၅ | ၄၄၅၅ | ၄၄၅၅ |
| ၉ | မြိတ် | ၃၉၆၀ | ၃၈၇၀ | ၃၇၈၀ | ၃၇၈၀ | ၄၄၁၀ | ၄၃၂၀ | ၄၂၃၀ | ၄၂၃၀ |
| ၁၀ | ရန်ကုန် | ၄၀၅၀ | ၄၀၅၀ | ၄၀၅၀ | ၄၀၅၀ | ၄၂၉၆ | ၄၂၉၆ | ၄၂၉၆ | ၄၂၉၆ |
| ၁၁ | ပုသိမ် | ၃၉၅၀ | ၃၈၅၀ | ၃၈၅၀ | ၃၇၈၀ | ၄၅၀၀ | ၄၂၇၅ | ၄၂၇၅ | ၄၂၇၅ |
| ၁၂ | စစ်တွေ | ၄၂၄၀ | ၄၂၄၀ | ၄၂၄၀ | ၄၂၄၀ | ၄၂၄၀ | ၄၂၄၀ | ၄၂၄၀ | ၄၀၈၀ |
| ၁၃ | ဟားခါး | ၄၅၄၀ | ၄၃၆၀ | ၄၃၆၀ | ၄၃၆၀ | ၄၇၅၀ | ၄၅၇၀ | ၄၅၇၀ | ၄၅၇၀ |
| ၁၄ | မုံရွာ | ၄၂၀၀ | ၄၂၀၀ | ၄၂၀၀ | ၄၂၀၀ | ၄၅၀၀ | ၄၅၀၀ | ၄၅၀၀ | ၄၅၀၀ |
| ၁၅ | မန္တလေး | ၄၄၄၅ | ၄၄၀၀ | ၄၄၀၀ | ၄၄၀၀ | ၄၃၄၄ | ၄၃၀၀ | ၄၃၀၀ | ၄၃၀၀ |
| ၁၆ | ပခုက္ကူ | ၄၄၀၀ | ၄၃၀၀ | ၄၃၀၀ | ၄၃၀၀ | ၄၄၅၀ | ၄၃၅၀ | ၄၃၅၀ | ၄၃၅၀ |
| ၁၇ | မကွေး | ၃၅၀၀ | ၃၅၅၀ | ၃၄၅၀ | ၃၄၅၀ | ၄၄၁၀ | ၄၃၁၉ | ၄၃၁၉ | ၄၂၅၀ |
| ၁၈ | ပြည် | ၃၇၈၀ | ၃၆၅၀ | ၃၆၀၀ | ၃၆၀၀ | ၄၅၀၀ | ၄၄၀၀ | ၄၃၅၀ | ၄၃၅၀ |
| ၁၉ | ပဲခူး | ၃၆၃၀ | ၃၅၆၀ | ၃၅၆၀ | ၃၅၆၀ | ၄၄၁၀ | ၄၂၀၀ | ၄၂၀၀ | ၄၂၀၀ |
| ၂၀ | ပျဉ်းမနား | ၄၀၀၅ | ၃၈၇၀ | ၃၈၇၀ | ၃၈၇၀ | ၄၅၄၅ | ၄၄၅၅ | ၄၄၅၅ | ၄၄၅၅ |
| ၂၁ | နေပြည်တော် | ၄၀၀၅ | ၃၈၇၀ | ၃၈၇၀ | ၃၈၇၀ | ၄၅၄၅ | ၄၄၅၅ | ၄၄၅၅ | ၄၄၅၅ |
| ၂၂ | ကလေး | ၄၁၀၀ | ၄၁၀၀ | ၄၁၀၀ | ၄၁၀၀ | ၄၇၀၀ | ၄၇၀၀ | ၄၇၀၀ | ၄၇၀၀ |

Source : DOCA-Domestic

ယခုအခါ စက်သုံးဆီဈေးနှုန်းများ ဆက်လက်ကျဆင်းလျက်ရှိပြီး အောက်တိန်းဆီဈေးနှုန်းများအနေဖြင့် ယခင်နှစ် ဒီဇင်ဘာလ တတိယပတ်ကထက် တစ်နှစ်ကျော်ကာလအတွင်း အနိမ့်ဆုံးဈေးနှုန်းအဖြစ်သို့ရောက်ရှိလာကြောင်း သိရှိရပါသည်။ စက်သုံးဆီဈေးနှုန်းသည် စံချိန်တင်ကျဆင်းမှုအဖြစ် ဒီဇင်ဘာ တစ်လအတွင်း ၅ ကြိမ်အထိ ကျဆင်းပြီး ယခုတစ်လအတွင်း အောက်တိန်း တစ်လီတာလျှင်၉၀ မှ ၉၅ ကျပ်အထိနှင့် ဒီဇယ်တစ်လီတာလျှင်၈၀ ကျပ်စီ ကျဆင်းခဲ့ကြောင်း စက်သုံးဆီဈေးကွက်အတွင်းမှ သိရှိရပါသည်။

စက်သုံးဆီဈေးသည် စံချိန်တင် အမြင့်ဆုံးဈေးအဖြစ် အောက်တိုဘာလအတွင်းတွင် မြင့်တက်ခဲ့ပြီးနောက် တဖြည်းဖြည်း ပြန်လည်ကျဆင်းလာခဲ့ပြီး ယခုအချိန်တွင် ယခင်နှစ် ဒီဇင်ဘာလ တတိယပတ်အတွင်းက ဖြစ်ပေါ်ခဲ့သည့်ဈေးအောက်သို့ပြန်လည်ရောက်ရှိလာခြင်းဖြစ်ပါသည်။ စက်သုံးဆီဈေး ကျဆင်းလာခြင်းမှာ ပြည်ပဈေးနှုန်းကျဆင်းခြင်းကြောင့်ဖြစ်ပြီး ပြည်ပဈေးသည် ပြီးခဲ့သည့်ရက်ပိုင်းကထက် အောက်တိန်းတစ်စည်လျှင်အမေရိကန်ဒေါ်လာ ၄ ဒေါ်လာမှ ၅ ဒေါ်လာနှင့် ဒီဇယ်တစ်စည်လျှင် အမေရိကန်ဒေါ်လာ ၄ ဒေါ်လာခန့်စီကျဆင်းခဲ့ကြောင်း စက်သုံးဆီလုပ်ငန်းရှင်များထံမှ သိရှိရပါသည်။

လက်ရှိစက်သုံးဆီဈေးကွက်အတွင်း ရိုးရိုးဒီဇယ်တစ်လီတာလျှင်ကျပ် ၈၉၀၊ အဆင့်မြင့်ဒီဇယ်တစ်လီတာလျှင် ကျပ် ၉၀၀၊ အောက်တိန်း (92) တစ်လီတာ ကျပ် ၇၁၀ နှင့် အောက်တိန်း (95) တစ်လီတာကျပ် ၈၀၀ ဈေးရှိပြီး ပြည်ပဈေးမှာ ဒီဇယ်တစ်စည်လျှင် အမေရိကန်ဒေါ်လာ ၆၆ ကျော်၊ အဆင့်မြင့် ဒီဇယ်တစ်စည်လျှင်၆၇ ဒေါ်လာကျော်၊ အောက်တိန်း (92) တစ်စည်လျှင် ၅၅ ဒေါ်လာကျော်နှင့် အောက်တိန်း (95) တစ်စည်လျှင် ၅၇ ဒေါ်လာကျော် ဈေးရှိကြောင်း စက်သုံးဆီဈေးကွက်အတွင်းမှ သိရှိရပါသည်။

ယခုအခါ မြန်မာအစိုးရအနေဖြင့် အိန္ဒိယနိုင်ငံမှ ဓာတ်ဆီ၊ ဒီဇယ်ဆီ၊ ပရီမီယံဒီဇယ်များကို ၂၀၁၉ ခုနှစ်တွင် ချိတ်ဆက်တင်သွင်းမည်ဖြစ်ကြောင်း၊ မြန်မာအစိုးရနှင့် ချိတ်ဆက်၍ ကဏ္ဍများတွင် တာဝန်ယူပြီး စက်ဆီ၊ ချောဆီများတင်သွင်းရန်နှင့် ၂၀၁၉ ခုနှစ်မှ စတင်၍ ဖြန့်ဖြူးသွားရန်ရှိပါကြောင်း အိန္ဒိယအစိုးရပိုင်ကုမ္ပဏီမှ ပြောကြားခဲ့သည်ကို သိရှိရပါသည်။ လက်လီ/လက်ကားဈေးများနှင့် ဖြန့်ဖြူး တင်သွင်းဖြန့်ချိသွားမည်ဖြစ်ပြီး အစိုးရပိုင်ကုမ္ပဏီဖြစ်သည့်အတွက် နိုင်ငံ၏စွမ်းအင်ကဏ္ဍကို အဓိကထားပြီး Petrol Chemical များကိုလည်း တင်သွင်းမည်ဖြစ်ကြောင်း သိရှိရပါသည်။

ယခုတစ်ပတ်အတွင်း ကမ္ဘာ့စက်သုံးဆီ (ဓာတ်ဆီ၊ ဒီဇယ်ဆီ) ဈေးနှုန်းများမှာ အနည်းငယ် ကျဆင်းနေသကဲ့သို့ အာရှဒေသနိုင်ငံများဖြစ်သော ကမ္ဘောဒီးယား၊ အင်ဒိုနီးရှား၊ လာအို၊ မလေးရှား၊ တရုတ်၊ ဟောင်ကောင်နှင့် ပါကစ္စတန်နိုင်ငံများ၏ ဈေးနှုန်းများလည်း တည်ငြိမ်နေပြီး မြန်မာနိုင်ငံအတွင်းရှိ မြို့ကြီးများ၏ စက်သုံးဆီဈေးနှုန်းများမှာ ကျဆင်းလာကြောင်း လေ့လာသိရှိရပါသည်။ www.global-petrolprices.com မှ ဖော်ပြချက်အရ ဓာတ်ဆီဈေးနှုန်းများမှာ နိုင်ငံပေါင်း ၁၁၁ နိုင်ငံအနက် နိုင်ငံပေါင်း ၅၅ နိုင်ငံတို့တွင် ဈေးနှုန်းကျဆင်းခဲ့ပြီး နိုင်ငံပေါင်း ၅၃ နိုင်ငံတွင် ဈေးနှုန်း ပြောင်းလဲမှုမရှိဘဲ သုံးနိုင်ငံတွင်သာ ဈေးနှုန်းမြင့်တက်ခဲ့ကြောင်းနှင့် ဒီဇယ်ဈေးနှုန်းများမှာ နိုင်ငံပေါင်း ၁၁၁ နိုင်ငံအနက် နိုင်ငံပေါင်း ၅၂ နိုင်ငံတို့တွင် ဈေးနှုန်းကျဆင်းခဲ့ပြီး နိုင်ငံပေါင်း ၅၄ နိုင်ငံတွင် ဈေးနှုန်းပြောင်းလဲမှုမရှိဘဲ ငါးနိုင်ငံတွင်သာ ဈေးနှုန်းမြင့်တက်ခဲ့ကြောင်း လေ့လာသိရှိရပြီး ကမ္ဘာ့စက်သုံးဆီဈေးနှုန်းများ ဆက်လက်ကျဆင်းလာနိုင်ကြောင်း သုံးသပ်တင်ပြအပ်ပါသည်။


## စာမျက်နှာ (၁၅) ရွှေနှင့် အမေရိကန်ဒေါ်လာ . . . မှအဆက်

ဒီဇင်ဘာလ ၁ ရက်နေ့မှ ဒီဇင်ဘာလ ၂၀ ရက်နေ့အတွင်း ကမ္ဘာ့ရွှေဈေးနှင့် မြန်မာ့ရွှေဈေး အခြေအနေတို့ကို တစ်ဖက်ပါအတိုင်း တွေ့ရှိရပါသည်

| စဉ် | နေ့စွဲ | ရွှေဈေးနှုန်း | |
|---|---|---|---|
| | | အခေါက်ရွှေ ၁ ကျပ်သားဈေးနှုန်း | (ဒေါ်လာ/ အောင်စ) |
| ၁ | ၁.၁၂.၂၀၁၈ | ၁၀၂၁၅၀၀ | ၁၂၂၃ |
| ၂ | ၂.၁၂.၂၀၁၈ | ၁၀၂၁၀၀၀ | ၁၂၂၃ |
| ၃ | ၃.၁၂.၂၀၁၈ | ၁၀၁၀၀၀၀ | ၁၂၃၁ |
| ၄ | ၄.၁၂.၂၀၁၈ | ၁၀၁၃၀၀၀ | ၁၂၄၀ |
| ၅ | ၅.၁၂.၂၀၁၈ | ၁၀၁၄၀၀၀ | ၁၂၃၅ |
| ၆ | ၆.၁၂.၂၀၁၈ | ၁၀၂၅၅၀၀ | ၁၂၃၆ |
| ၇ | ၇.၁၂.၂၀၁၈ | ၁၀၂၈၅၀၀ | ၁၂၄၈ |
| ၈ | ၁၀.၁၂.၂၀၁၈ | ၁၀၃၃၅၀၀ | ၁၂၄၇ |
| ၉ | ၁၁.၁၂.၂၀၁၈ | ၁၀၃၉၀၀၀ | ၁၂၄၈ |
| ၁၀ | ၁၂.၁၂.၂၀၁၈ | ၁၀၃၈၅၀၀ | ၁၂၄၅ |
| ၁၁ | ၁၃.၁၂.၂၀၁၈ | ၁၀၃၇၀၀၀ | ၁၂၄၄ |
| ၁၂ | ၁၄.၁၂.၂၀၁၈ | ၁၀၃၆၀၀၀ | ၁၂၃၉ |
| ၁၃ | ၁၇.၁၂.၂၀၁၈ | ၁၀၃၇၀၀၀ | ၁၂၄၀ |
| ၁၄ | ၁၈.၁၂.၂၀၁၈ | ၁၀၃၈၀၀၀ | ၁၂၄၉ |
| ၁၅ | ၁၉.၁၂.၂၀၁၈ | ၁၀၃၈၅၀၀ | ၁၂၄၉ |
| ၁၆ | ၂၀.၁၂.၂၀၁၈ | ၁၀၃၈၅၀၀ | ၁၂၅၅ |
| ၁၇ | ၂၁.၁၂.၂၀၁၈ | ၁၀၃၉၅၀၀ | ၁၂၅၈ |
| ၁၈ | ၂၄.၁၂.၂၀၁၈ | ၁၀၄၀၀၀၀ | ၁၂၆၂ |
| ၁၉ | ၂၅.၁၂.၂၀၁၈ | ၁၀၄၀၅၀၀ | ၁၂၇၀ |
| ၂၀ | ၂၆.၁၂.၂၀၁၈ | ၁၀၄၁၅၀၀ | ၁၂၇၃ |
| ၂၁ | ၂၇.၁၂.၂၀၁၈ | ၁၀၃၈၅၀၀ | ၁၂၇၄ |

Source: estimate of world's exchange rate and gold price page

မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ website တွင် Economic Indicator ရာခိုင်နှုန်း ဖော်ပြချက်များအရ GDP Growth 6.8 ရာခိုင်နှုန်း၊ Annual Rate of Inflation 6.34 ရာခိုင်နှုန်း၊ Year on Year Inflation က 8.85 ရာခိုင်နှုန်းရှိသည်ကိုလည်း လေ့လာသိရှိရပါသည်။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ထုတ်ပြန်ချက်အရ ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာ ၃ ရက်မှ ဒီဇင်ဘာ ၂၇ ရက်အထိ နေ့အလိုက် ဖြစ်ပေါ်ပြောင်းလဲခဲ့သော အမေရိကန်ဒေါ်လာဖြင့် ကျပ်ငွေလဲလှယ်နှုန်းတန်ဖိုးများအား အောက်ပါဂရပ်ဖြင့် ဖော်ပြအပ်ပါသည်-




Source:Central Bank of Myanmar

၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၂၁ ရက်မှ ၂၇ ရက်အထိ ရက်အလိုက် ဖြစ်ပေါ်ပြောင်းလဲခဲ့သော တစ်ပတ်အတွင်း အမေရိကန်တစ်ဒေါ်လာနှင့်ညီမျှသော နိုင်ငံတကာ ငွေလဲလှယ်နှုန်းများကို တစ်ဖက်ပါဇယားဖြင့် ဖော်ပြအပ်ပါသည်-

မြန်မာနိုင်ငံတွင် ယခုတစ်ပတ်အတွင်း အမေရိကန်ဒေါ်လာ ငွေလဲလှယ်နှုန်း သုည ဒသမ ၇၆၄ ရာခိုင်နှုန်း ကျဆင်းခဲ့သည်ကို တွေ့ရှိရပါသည်။ လက်ရှိဖြစ်ပေါ်နေသည့်အခြေအနေအရ အပြောင်းအလဲများ ဖြစ်ပေါ်ခြင်းသည် ငွေကြေးဖောင်းပွမှုကို သက်ရောက်မှုဖြစ်စေပြီး ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် ငွေကြေး ဖောင်းပွမှု ၅ဒသမ ၄ရာခိုင်နှုန်းရှိခဲ့ရာမှ ၂၀၁၈-၂၀၁၉ ဘဏ္ဍာ နှစ်တွင် ၈ဒသမ ၈ ရာခိုင်နှုန်းအထိ ရှိလာနိုင်ကြောင်း ကမ္ဘာ့ဘဏ်၏ အစီရင်ခံစာတစ်ရပ်တွင် ထည့်သွင်းဖော်ပြထားပါသည်။ အဆိုပါ ကမ္ဘာ့ဘဏ်၏ အစီရင်ခံစာ၌ နိုင်ငံ၏ ဂျီဒီပီ (GDP) နှုန်းထားများကို ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် ၆ ဒသမ ၈ ရာခိုင်နှုန်းရှိနေရာမှ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် ၆ဒသမ ၂ ရာခိုင်နှုန်းသို့ ကျဆင်းလာ နိုင်ကြောင်း ခန့်မှန်းထားသည်။ ယခုတစ်ပတ်အတွင်း ဒေါ်လာဈေး အနည်းငယ်ကျဆင်းခဲ့သော်လည်း ကမ္ဘာ့နိုင်ငံရေးအခြေအနေများအရ ဒေါ်လာငွေကြေးခိုင်မာမှု၊ ကမ္ဘာ့ရွှေဈေးနှုန်းအမြင့်ဈေးတွင် တည်ငြိမ်နေမှုနှင့် ကမ္ဘာ့နိုင်ငံများအကြား စက်သုံးဆီဈေးနှုန်း ပြောင်းလဲမှု ကွာဟမှုများ ဖြစ်ပေါ်လျက်ရှိရာ သွင်းကုန်ကို အဓိကအားထားနေရသော မြန်မာနိုင်ငံသည် ထိုအကျိုးဆက်၏ ရိုက်ခတ်မှုများကို ခံရနိုင်ဖွယ်ရှိနိုင်သဖြင့် အစိုးရပိုင်းအနေဖြင့် ဖြစ်ပေါ်လာနိုင်သည့် လူမှုစီးပွားရေးအခက်အခဲများ၏ အကျိုးသက်ရောက်မှုကို အနည်းဆုံးဖြစ်စေရန် ကြိုတင်မျှော်မှန်း၍ ကာကွယ်ကုစားမှုအစီအစဉ်များ ကြိုတင်စီမံ ဆောင်ရွက်သင့်ကြောင်း လေ့လာသုံးသပ်တင်ပြအပ်ပါသည်။

| စဉ် | နိုင်ငံတကာ ငွေကြေးများ | | ၂၁-၁၂-၁၈ | ၂၄-၁၂-၁၈ | ၂၆-၁၂-၁၈ | ၂၇-၁၂-၁၈ | တစ်ပတ်အတွင်း ငွေလဲလှယ်နှုန်း အတက်/အကျ (%) | |
|---|---|---|---|---|---|---|---|---|
| ၁ | Myanmar | Kyat | ၁၅၇၀ | ၁၅၆၉ | ၁၅၆၆ | ၁၅၅၈ | -၀.၇၆၄ | ↓ |
| ၂ | Thai Baht | THB | ၃၂.၆၂၅ | ၃၂.၆၅၀ | ၃၂.၅၈၅ | ၃၂.၅၈၅ | -၀.၁၂၃ | ↓ |
| ၃ | Singapore Dollar | SGD | ၁.၃၇၀ | ၁.၃၇၃ | ၁.၃၇၂ | ၁.၃၇၂ | ၀.၁၄၆ | ↑ |
| ၄ | Malaysian Ringgit | MYR | ၄.၁၈၀ | ၄.၁၈၄ | ၄.၁၇၇ | ၄.၁၇၇ | -၀.၀၉၆ | ↓ |
| ၅ | Indonesian Rupiah | IDR | ၁၄၄၇၀ | ၁၄၅၅၅ | ၁၄၆၀၇ | ၁၄၅၅၅ | ၀.၅၈၇ | ↑ |
| ၆ | Chinese Yuan | CNY | ၆.၈၅၅ | ၆.၉၀၆ | ၆.၈၈၇ | ၆.၈၈၆ | ၀.၄၅၂ | ↑ |
| ၇ | Indian Rupee | INR | ၆၉.၉၉၂ | ၇၀.၁၄၂ | ၇၀.၀၄၈ | ၇၀.၀၇၆ | ၀.၁၂၀ | ↑ |
| ၈ | Japanese Yen | JPY | ၁၁၁.၂၅၃ | ၁၁၁.၀၄၀ | ၁၁၀.၆၅၆ | ၁၁၁.၀၄၈ | -၀.၁၈၄ | ↓ |
| ၉ | Austrialia Dollar | AUD | ၁.၄၀၅ | ၁.၄၁၈ | ၁.၄၁၈ | ၁.၄၁၄ | ၀.၆၄၁ | ↑ |
| ၁၀ | Euro | EUR | ၀.၈၇၃ | ၀.၈၇၉ | ၀.၈၇၇ | ၀.၈၈၀ | ၀.၈၀၂ | ↑ |
| ၁၁ | Pound Sterling | GBP | ၀.၇၉၀ | ၀.၇၉၀ | ၀.၇၈၈ | ၀.၇၉၀ | ၀.၀၀၀ | |

Source:Central Bank of Myanmar

# ပြည်ပပို့ကုန်အတွက် အားထားရမည့် ပိုးစာစိုက်ပျိုးရေးနှင့် ပိုးစာစိုက် တောင်သူများ ဝင်ငွေတိုးစေမည့် ပိုးမွေးမြူခြင်းလုပ်ငန်းအဆင့်ဆင့်

အေးအေးထွေး(နေပြည်တော်)

မြန်မာနိုင်ငံသည် စိုက်ပျိုးရေးကိုအခြေခံသော နိုင်ငံတစ်နိုင်ငံဖြစ်သကဲ့သို့ မြန်မာ့ရေမြေ သဘာဝသည်လည်း စိုက်ပျိုးရေးအတွက် ကောင်းမွန်ဖြစ်ထွန်းသည့် ရာသီဥတုရရှိပါသည်။ သို့အတွက် မြန်မာနိုင်ငံ ဒေသအနှံ့အပြားသည် ဒေသအလိုက် အောင်မြင်ဖြစ်ထွန်းသည့် သီးနှံများစိုက်ပျိုးထုတ်လုပ်လျက်ရှိပါသည်။ ဧရာဝတီတိုင်းဒေသကြီးတွင် ဆန်စပါးစိုက်ပျိုးထုတ်လုပ်မှု အများဆုံးထွက်ရှိသည့် တိုင်းဒေသကြီးအဖြစ် လည်းကောင်း၊ မကွေးတိုင်းဒေသကြီးတွင် ဆီထွက်သီးနှံ အများဆုံးထွက်ရှိသည့် တိုင်းဒေသကြီးအဖြစ် လည်းကောင်း၊ ရှမ်းပြည်နယ်သည်လည်း ကော်ဖီ၊ ထောပတ်၊ လိမ္မော်အစရှိသည့် သီးနှံများအောင်မြင် ဖြစ်ထွန်းလျက်ရှိသည့် တိုင်းဒေသကြီး/ပြည်နယ်များဖြစ်ပါသည်။ တိုင်းဒေသကြီး/ပြည်နယ်များတွင် ဒေသအလိုက် ဖြစ်ထွန်းအောင်မြင်နေသော စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ အများအပြားရှိပါသည်။ ဒေသအလိုက် အောင်မြင်ဖြစ်ထွန်းလျက်ရှိသော စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများအနက် စိုက်ပျိုးရေးရော မွေးမြူရေးပါတွဲဖက်လုပ်ကိုင်ရသည့် ပိုးစာပင်စိုက်ပျိုးခြင်းနှင့် ပိုးမွေးမြူခြင်းလုပ်ငန်းများအကြောင်းကို ယခင်အပတ် အတွဲ (၁၈)၊ အမှတ် (၄၈)တွင် ဖော်ပြခဲ့ပြီးဖြစ်ပါသည်။

ယခုတစ်ပတ်တင်ပြလိုသည်မှာ ပိုးစာပင်မျိုးစိတ်များနှင့် ပိုးစာပင်တွင် ကျရောက်တတ်သော ရောဂါများအကြောင်း၊ ပိုးမွေးမြူခြင်းလုပ်ငန်းတွင် ပိုးကောင်၏ ဘဝစက်ဝန်းအဆင့်(၅)ဆင့်တို့၏ မွေးမြူပုံအသေးစိတ်နှင့် လက်ရှိအချိန်၌ ကရင် ပြည်နယ်တွင် ပိုးစာပင်စိုက်ပျိုးနေမှု၊ ပိုးချည်ထုတ်လုပ်နေမှု အခြေအနေများကို ဖော်ပြသွားမည်ဖြစ်ပါသည်။

ပိုးစာပင်မှာ မျိုးစိတ်(Species)ပေါင်း ၆၈ မျိုးရှိပြီး မျိုးပေါင်း (Varietes) မှာ ၁၀၀ ကျော်ရှိပါသည်။ မြန်မာ့လက်ချားမျိုး၊ ပေါက်ခေါင်းမျိုး၊ ယိုးဒယားလက်ချားမျိုးများကိုလည်း စိုက်ပျိုးနိုင်ပါသည်။ ပိုးစာပင်ကို လိင်နှင့် မျိုးပွားခြင်း (Sexual Propagation)မှာ အစေ့မှ မျိုးပွားနိုင်သကဲ့သို့ လိင်မဲ့ မျိုးပွားခြင်း (Asexual Propagation)မှာ အပင်အစိတ်အပိုင်းမှ ပွားယူခြင်းဖြစ်ပြီး မိဘမျိုးနှင့် တူညီသည့်မျိုးကို မျိုးပွားယူနိုင်ပါသည်။ ပိုးစာပင်သည် စိုက်ပျိုးပြီး နေ့စဉ်ဂရုတစိုက် ကြည့်ရှုစရာမလိုဘဲ စိုက်ပျိုးပြီး သုံးပတ်အကြာမှ ပေါင်းရှင်းပေါင်းနှုတ် ဆောင်ရွက်ရသည့်အတွက် တောင်သူများ အခြားလုပ်ကိုင်လိုသည့် လယ်ယာလုပ်ငန်းများကိုလည်း တွဲဖက်လုပ်ကိုင်နိုင်ပါသည်။ သွင်းအားစု အနေဖြင့်လည်း ပိုးစာပင် စတင် စိုက်ပျိုးပြီး တစ်လခန့်အကြာ ဒုတိယအကြိမ် ပေါင်းရှင်းမှသာ ဓာတ်မြေဩဇာကျွေးရ၍ တစ်နှစ်လျှင် သုံးကြိမ်မျှသာ ကျွေးရုံဖြင့် ဖြစ်ထွန်းသည့်အပင်ဖြစ်သဖြင့် သွင်းအားစုစရိတ်လည်းနည်းပါသည်။

ပိုးစာပင်၏ အရွက်ကို ပိုးကျွေးရသောကြောင့် အရွက်တွင် ကျရောက်တတ်သော သံချေးရောဂါ၊ ရွက်ပြောက်ရောဂါ၊ ဖားဥမှိုရောဂါများကျရောက်နိုင်သဖြင့် ကာကွယ်ပေးရမှာဖြစ်ပြီး ရေဝပ်ပါက အမြစ်ပုပ်ရောဂါဖြစ်နိုင်ပြီး ထိပ်ဖျားခြောက်ရောဂါ၊ ဘက်တီးရီးယားဗိုင်းရပ်ရောဂါများ၊ နီမတုတ်ရောဂါ၊ အာဟာရချို့တဲ့ရောဂါများလည်း ဖြစ်နိုင်ပါသည်။ ဖျက်ဆီးတတ်သောပိုးများမှာ အများအားဖြင့် ပင်စည်ထိုးပိုး၊ ရွက်လိပ် ပိုး၊ ပျပိုးတို့အား ဆေးရွက်ကြီး ရေစိမ်၍ ၎င်းအရည်ဖြင့် ပက်ဖျန်း၍ ပိုးသတ်နိုင်ပါသည်။ ဆေးနှင့်ဓာတ်မြေဩဇာများကို အသုံးပြုပါက ပိုးစာရွက်ကို ပိုးကောင်အတွက် ခူးမကျွေးမီ တစ်လကျော်ကြာအောင်ထားရပါသည်။

ပိုးမွေးမြူခြင်းတွင် အဆင့်(၅)ဆင့်ရှိပြီး အရည်အသွေးကောင်းမွန်သည့် ပိုးချည်များထုတ်လုပ်နိုင်ရန် ပိုး၏ မျိုးရိုးဗီဇပေါ်တွင် မူတည်သည့်အတွက် ပိုးအိမ်၏ အလေးချိန်၊ ချည်သား ရာခိုင်နှုန်းနှင့် ချည်၏အရှည်အတိုတို့ မွေးမြူသည့်စနစ် ကောင်းမွန်သည့်အပေါ်တွင် မူတည်ပါသည်။ ပိုးချည်ကောင် (Silk worm) သည် ပိုးစာရွက်တစ်မျိုးတည်းကိုသာစားသုံးသည့် (Monophagous) ပိုးမျိုးဖြစ်ပါသည်။ ပိုးမွေးမြူရေးလုပ်ငန်းတွင် ပိုးလောက်ကောင်အဆင့်သက်တမ်းသည် အဓိကအရေးကြီးဆုံးဖြစ်ပြီး ပိုးလောက်ကောင်၏ အရေခွံချွတ်လဲမှုအပေါ် မူတည်၍ ရက်ကြာမြင့်မှုနှင့် ပိုးမွေးမြူပုံအဆင့်ဆင့်တွင် ပိုးဖလံဘဝရောက်ရှိရန် အဆင့်(၅) ဆင့်ရှိပြီး အဆင့်(၅)ဆင့်အလိုက် ပြုလုပ်ပုံအသေးစိတ်ကို ဖော်ပြပေးလိုပါသည်-

| စဉ် | ပိုးအဆင့် | အခြေအနေ | သက်တမ်း | အပူချိန် | စိုထိုင်းဆ % | ပိုးစာရွက်ကြွေ |
|---|---|---|---|---|---|---|
| ၁ | ပထမအဆင့် | အရေခွံလဲ | ၃ ရက် | ၂၇-၂၈ | ၉၀ | အပင်ထိပ်ညွန့် |
| ၂ | ဒုတိယအဆင့် | ။ | ၂ ရက် | ၂၆-၂၇ | ၈၂ | ဒုတိယအရွက် |
| ၃ | တတိယအဆင့် | ။ | ၃ ရက် | ၂၅-၂၆ | ၇၀ | တတိယအရွက် |
| ၄ | စတုတ္ထအဆင့် | ။ | ၄-၅ ရက် | ၂၄-၂၅ | ၇၅ | စတုတ္ထအရွက် |
| ၅ | ပဥ္စမအဆင့် | ။ | ၇-၈ ရက် | ၂၃-၂၄ | ၇၀ | အရွက်ကြမ်းအားလုံး |



ပိုးချည်ကောင်၏ ဘဝစက်ဝန်းပုံ

ပိုးကောင်းငယ် ပထမအဆင့်ပုံ


ဒုတိယအဆင့်ပုံ


တတိယအဆင့်ပုံ


စတုတ္ထအဆင့်


ပဥ္စမအဆင့်


**ပိုးငယ်ပထမအဆင့် (1st instar)**

ပိုးငယ်ပထမအဆင့်တွင် (၃)ရက်အစာ စား၍ တစ်ရက် အရေခွံချွတ်လဲပါသည်။ ပိုးငယ်ပထမအဆင့်ကျွေးရသည့်အရွက်မှာ ပိုးစာရွက် အညွန့်ဖူးလေး၏အောက်ရှိ ပထမပြန့်ကားလာသော ရွက်နုကို (၀. ၅) စင်တီမီတာစတုရန်းပုံလှီး၍ ကျွေးရပါသည်။ ပိုးဥတစ်ကဒ်၏ စားနိုင်သော အရွက်ပမာဏမှာ (၀. ၈) ပေါင်ဖြစ်ပါသည်။ Brushing Time တွင် လိုအပ်သည့် နေရာအကျယ်အဝန်းမှာ (၁) စတုရန်းပေရှိသင့်ပြီး ပိုးအရေခွံချွတ်လဲခါနီးအချိန်တွင် ၁၀ စတုရန်းပေအထိ လိုအပ်ပါသည်။ အစာဟောင်း ဖယ်ရှားခြင်းကို တစ်ကြိမ်ပြုလုပ်ပေးရမည်။ ပိုးငယ်ပထမအဆင့်တွင် အပူချိန် ၂၇ ဒီဂရီစင်တီဂရိတ်နှင့် စိုထိုင်းဆ ၉၀ ရာခိုင်နှုန်း လိုအပ်မည်ဖြစ်ပါသည်။

**ပိုးငယ်ဒုတိယအဆင့် (2nd instar)**

ပိုးငယ်ဒုတိယအဆင့်တွင်(၂-၃)ရက် အစာ စား၍(၁)ရက် အရေခွံချွတ်လဲပါသည်။ ကျွေးရသည့် ပိုးစာရွက်မှာ ဒုတိယရွက်နုကို (၁) စင်တီမီတာ အလျား စတုရန်းပုံလှီး၍ ကျွေးရပါသည်။ ပိုးဥတစ်ကဒ်၏ စားနိုင်သည့် ပိုးစာရွက်ပမာဏမှာ ၃ဒသမ ၈ ပေါင်ဖြစ်ပါသည်။ ပိုးငယ်ဒုတိယအဆင့်တွင် ထားရှိရမည့် အကျယ်အဝန်းမှာ ၂၀ စတုရန်းပေဖြစ်ပါသည်။ ပိုးငယ်ဒုတိယအဆင့်တွင် အပူချိန် ၂၆ ဒီဂရီစင်တီဂရိတ်နှင့် စိုထိုင်းဆ ၈၅ ရာခိုင်နှုန်း လိုအပ်မည်ဖြစ်ပါသည်။ ပိုးငယ်ဒုတိယအဆင့်တွင် အစာဟောင်း ဖယ်ရှားရန် ပိုက်တင်ခြင်းကို အနည်းဆုံးတစ်ကြိမ် ပြုလုပ်ပေးရသည်။

**ပိုးငယ်တတိယအဆင့် (3rd instar)**

ပိုးငယ်တတိယအဆင့်တွင် သုံးရက် အစာစား၍ တစ်ရက်အရေခွံချွတ်လဲပါသည်။ တတိယရွက်နုကို အရွယ်အစား ၁ ဒသမ ၅ စင်တီမီတာ စတုရန်းပုံလှီး၍ ကျွေးရပါသည်။ ပိုးဥတစ်ကဒ်၏ စားနိုင်သည့် ပိုးစာရွက်ပမာဏမှာ ၁၆ ပေါင်ဖြစ်ပါသည်။ ထားရှိရမည့် အကျယ်အဝန်းမှာ ပိုးဥတစ်ကဒ်လျှင် ၅၀ စတုရန်းပေဖြစ်ပါသည်။ ပိုးငယ်တတိယအဆင့်တွင် အပူချိန် ၂၅ ဒီဂရီ စင်တီဂရိတ်နှင့် စိုထိုင်းဆ ၈၀ ရာခိုင်နှုန်း လိုအပ်မည်ဖြစ်ပါသည်။ အစာဟောင်းဖယ်ရှားရန် ပိုက်တင်ခြင်းကို ပိုးငယ်တတိယအဆင့် နှစ်ရက်သားတွင် ဆောင်ရွက်ပေးရပါသည်။ လေကောင်းလေသန့်ရရှိစေရန် ပိုးကောင်များကို အစာကျွေးနေစဉ် ပိုးမွေးရုံ ပြတင်းတံခါးများကို ခေတ္တဖွင့်ထားပေးရန် လိုအပ်ပါသည်။ ပိုးငယ်ပထမအဆင့်နှင့် ဒုတိယအဆင့်တွင် တံခါးဖွင့်ရန် မလိုအပ်ပါ။ ပိုးငယ်အဆင့်များမွေးမြူရာတွင် စိုထိုင်းဆ ထိန်းနိုင်ရန် ဖယောင်းစက္ကူဖြင့် ဖုံးအုပ်၍ မွေးမြူသင့်ပါသည်။ အစာမကျွေးမီ ကြိုတင်၍ ဖယောင်းစက္ကူဖွင့်ထားပေးရပါမည်။


**ပိုးငယ်စတုတ္ထအဆင့် (4th instar)**

စတုတ္ထအဆင့်တွင် လေးရက်စား၍ တစ်ရက်ခွဲ အရေခွံချွတ်လဲပါသည်။ စတုတ္ထအဆင့် ပိုးကောင်အရွယ်အစားမှာ ၃-၅ စင်တီမီတာခန့်ရှိသည်။ ပိုးကြီးစတုတ္ထအဆင့်တွင် နိုးခါစနှင့် အရေခွံချွတ်ခါနီးအချိန်တို့တွင်သာ အရွက်ကိုလှီး၍ ကျွေးရန်လိုအပ်ပြီး ကျန်အစာကျွေးချိန်များတွင် အရွက်အလိုက်ကျွေးနိုင်ပါသည်။ ပိုးဥတစ်ကဒ်စားနိုင်သည့် အရွက်ပမာဏမှာ ၉၃ ဒသမ ၆ ပေါင် ဖြစ်ပါသည်။ ထားရှိရမည့် အကျယ်အဝန်းမှာ ပိုးဥတစ်ကဒ်လျှင် ၈၀ စတုရန်းပေ လိုအပ်ပါသည်။ ပိုးကြီးစတုတ္ထအဆင့်တွင် အပူချိန် ၂၄ ဒီဂရီစင်တီဂရိတ်နှင့် စိုထိုင်းဆ ၇၅ ရာခိုင်နှုန်း လိုအပ်မည်ဖြစ်ပါသည်။ စတုတ္ထအဆင့်တွင် အစာဟောင်းဖယ်ရှားရန် ပိုက်တင်ခြင်းကို အနည်းဆုံးတစ်ကြိမ် ဆောင်ရွက်ပေးရမည်။

စာမျက်နှာ ၂၀ သို့


MMM
Car Sales Center
Email:mmmcarsalecenter@gmail.com
www.facebook.com/MMM car sales centre
VANGUARD
min min maung Services Co.,Ltd
မော်တော်ကားဝယ်ယူရန်စိစဉ်နေသူများအတွက် မြန်မာနိုင်ငံရာသီဥတုနှင့်အထူး သင့်လျော်သော ဂျပန်နိုင်ငံမှတိုက်ရိုက်တင်သွင်းလာသည့် အရည်အသွေးမြင့် ကားကောင်းကားသန့်များကို ဝယ်ယူသူ အမည်ပေါက် စိတ်တိုင်းကျရွေးချယ်ဝယ်ယူနိုင်ရန် အနယ်နယ်အရပ်ရပ်မှ မိတ်ဟောင်းမိတ်သစ်များကို ကျွန်တော်တို့ MMM Car Sale Center မှ ဖိတ်ခေါ်အပ်ပါသည်။
အမှတ် (၁၉/၂၀) , ဗဟိုလမ်းမကြီး၊ နာနတ်တောဂုန်းကျော်နှင့် လှည်းတန်းဂုန်းကျော်ကြား၊ (၇) ရပ်ကွက်၊
ကမာရွတ်မြို့နယ်၊ ရန်ကုန်။ Ph:09 7979 85859, 09 863 8585


Super Car 1 Services
Company Limited
HILUX
Add : No.8, Pyi Thu Kwat THit(1) Street, Sanchaung Township, Yangon
Office : 01 2304628
Hp : 09 5156549, 09 421118111, 09443153599,
Email : supercarone@gmail.com, oakarminmyat@gmail.com..


HAPPY
CAFÉ & NOODLES
HAPPY Café & Noodles INYA
No.104(B), Inya Road, Kamaryut Township,
Yangon, Myanmar. Tel: 95-1-536985, 09-790 984 865
E-mail: happycafe.noodles@gmail.com
HAPPY Café & Noodles G.M.P
2nd Floor, Gamone Pwint Shopping Mall,
Kabar Aye Pagoda Rd, Mayangone Township,
Yangon, Myanmar. Tel: 09 772 463 144
HAPPY Café & Noodles M.N.G
G-8 & 10, City Mart Myae Ni Gone Centre, No. 231,
Cor;of Shin Saw Pu St & Pyay Rd, San Chaung Township,
Yangon, Myanmar. Tel: 09 772 463 155
HAPPY Café & Noodles W.Z.D
No. (54, 56, 58), G-7, City Mart Waizayandar, (8) Quarter,
Waizayandar Road, South Okkalapa Township,
Yangon, Myanmar. Tel: 09 772 463 150
HAPPY Café & Noodles H.L.D
San Yeik Nyein Gamone Pwint Shopping Mall,
4th Floor, Insein Road, Kamaryut Township,
Yangon, Myanmar. Tel: 09 772 463 145


Fairway Technology
Software ဝန်ဆောင်မှု နှင့် နည်းပညာသင်တန်းကျောင်း
- Software Engineering Fundamental Course
- Professional Graphic & Web Design Course
- Professional Web Developer Course
- PHP Framework Course
- Professional Android Developer Course
- E-Commerce Platform CMS Course
လစဉ်တန်းခွဲ အသစ်ရှိသည်
လိပ်စာ ။ ။ အမှတ် ၄၃၃ ၊ အခန်း ( 8 – C) ၊ ကုန်သည်လမ်း (သိမ်ဖြူလမ်းထောင့်) ၊ဗိုလ်တစ်ထောင်မြို့နယ် ၊ ရန်ကုန် ။
( ၃ ) လတစ်ကြိမ် အတန်းသစ်များ ပုံမှန် ဖွင့်လှစ်သည် ။ ဆက်သွယ်ရန် - ၀၉ ၂၅၂ ၄၂၆ ၃၈၈

စာမျက်နှာ (၁၈) ပြည်ပပို့ကုန်အတွက် အားထားရမည့် . . . မှအဆက်

**ပိုးငယ်ပဥ္စမအဆင့် (5th instar)**

ပဥ္စမအဆင့်တွင် ၆-၇ ရက်စားပြီးနောက် ပိုးစတင်မှည့်ပါသည်။ ပိုးဥတစ်ကဒ် စားနိုင်သော အရွက်ပမာဏမှာ ၈၈၆ ပေါင်ဖြစ်ပါသည်။ ထားရှိရမည့် အကျယ်အဝန်းမှာ ပိုးဥတစ်ကဒ်လျှင် ၂၀၀ စတုရန်းပေ လိုအပ်ပြီး ပိုးမှည့်ခါနီး အကောင် ၁၀၀ အတွက် တစ်စတုရန်းပေ လိုအပ်မည်ဖြစ်ပါသည်။ ပိုးမွေးရုံ အခန်းအပူချိန်မှာ ၂၃ ဒီဂရီစင်တီဂရိတ်နှင့် စိုထိုင်းဆ ၇၀ ရာခိုင်နှုန်းရှိရန် လိုအပ်မည်ဖြစ်ပါသည်။ လေဝင်လေထွက် ကောင်းမွန်စေရန် ပိုးမွေးရုံ၏ ပြတင်းတံခါးများ ဖွင့်ထားပေးရန် လိုအပ်ပြီး တိုက်ရိုက်နေရောင်ခြည် ကျရောက်မှုကို ရှောင်ကြဉ်ရပါမည်။ အစာဟောင်းများ ဖယ်ရှားခြင်းကို လိုအပ်သလို ဆောင်ရွက်ပေး ခြင်း၊ ပိုးမွေးခန်းဧရိယာကို ပဥ္စမအဆင့် ပိုးမှည့်သည့်အချိန်တွင် Brushing Time ရှိဧရိယာ၏အဆ ၂၀၀ ထိ ချဲ့ပေးရမည်။

**ပိုးအိမ်ဖွဲ့ခြင်း**

ပိုးကောင်များသည် အများအားဖြင့် နေ့လယ်ပိုင်းတွင် ပိုးမှည့်လေ့ရှိပြီး ရင့်မှည့်သော ပိုးကောင်၏ လက္ခဏာများမှာ အရွယ်အစား အနည်းငယ်ပြန့်၍ ကျုံ့သွားခြင်း၊ အရောင်မှာ ဖယောင်းသား အဝါရောင်သို့ ပြောင်းလာခြင်း၊ ခေါင်းထောင်၍ ပါးစပ်မှ ပိုးချည်မျှင်များထွက်စပြုလာခြင်းနှင့် ပိုးအိမ်ဖွဲ့ရန် နေရာရှာခြင်းတို့ဖြစ်ပါသည်။ ပိုးမှည့်သော အကောင်များကို အချိန်မီကောက်၍ (၃)ပေပတ်လည်အရွယ်ရှိ ပိုးအိမ်ဖွဲ့ကိရိယာအတွင်း ထည့်ပေးရပါမည်။ ပိုးအိမ်ဖွဲ့ကိရိယာတစ်ခုအတွင်း ပိုးကောင် ၃၅၀ မှ ၄၀၀ အထိ ထည့်ပေးနိုင်ပြီး ပိုးဥတစ်ကဒ်စာအတွက် ပိုးအိမ်ဖွဲ့ကိရိယာ ၅၀-၇၀ ခန့် လိုအပ်မည်ဖြစ်ပါသည်။ ပိုးအိမ်ဖွဲ့ကိရိယာတွင် ထည့်ထားသောပိုးကောင်များနေရာယူပြီး နောက်တစ်နေ့တွင် ပိုးအိမ်ဖွဲ့ ကိရိယာပေါ်ရှိ ပိုးကောင်(လျှံကောင်)များကောက်ယူပြီး ပိုးအိမ်ဖွဲ့ကိရိယာအသစ်တွင် ထည့်ပေးရပါသည်။ ပိုးအိမ်ဖွဲ့ကိရိယာကို ကြိမ်၊ ဝါး၊ ကောက်ရိုး၊ ဒေသထွက်ပစ္စည်းများဖြင့် ပြုလုပ်နိုင်ပါသည်။ ပိုးအိမ်ဖွဲ့ကိရိယာ၏ အရွယ်နှင့် အမျိုးအစားကိုလိုက်၍ ပိုးကောင်ကို မနည်းလွန်း၊ မများလွန်းထည့်ပေးရပါမည်။ များလွန်းပါက အမြွှာပူးပိုးအိမ်များဖြစ်နိုင်ပါသည်။ ပိုးမှည့်ပြီးနောက် သုံးရက်ခန့်ကြာလျှင် ပိုးအိမ်ဖွဲ့ခြင်းပြီးဆုံးပါသည်။ ပိုးအိမ်ဖွဲ့ခြင်းပြီးဆုံးပါက လေဝင်လေထွက်ကောင်းမွန်စေရန် ပိုးမွေးရုံပြတင်းပေါက်များ ဖွင့်ပေးရပါမည်။ ပိုးအိမ်ဖွဲ့နေစဉ် နေ့ညအပူချိန် (၂၇-၂၈) ဒီဂရီစင်တီဂရိတ်နှင့် စိုထိုင်းဆ (၇၀-၇၅)ရာခိုင်နှုန်း အမြဲရှိရန် လိုအပ်ပါသည်။

ယခုအခါ ကရင်ပြည်နယ်တွင်လည်း ၂၀၁၄ ခုနှစ်ခန့်ကတည်းက ဂျပန်နိုင်ငံ Daimatsu ကုမ္ပဏီနှင့်ပူးပေါင်း၍ ပိုးချည်ထုတ်လုပ်ခြင်းလုပ်ငန်းကို ဆောင်ရွက်လျက်ရှိပါသည်။ ယင်းအချိန်မှစ၍ ပြင်ဦးလွင်ခရိုင်မှ ပိုးလုံးကို တစ်လတစ်ကြိမ် (100 kg) ဝယ်ယူ၍ ဘားအံမြို့ အမှတ် ၃၄၃၊ စံပြလမ်း၊ အမှတ်(၆) ရပ်ကွက်တွင် လုပ်သား ၁၂ ဦး၊ ကြီးကြပ်သူတစ်ဦးဖြင့် ပိုးချည်ထုတ်လုပ်ခဲ့ပါသည်။ လုပ်သားခနှင့် ကုန်ကျစရိတ်များကို Daimatsu ကုမ္ပဏီက ကျခံစေခဲ့ပြီး ထွက်ရှိလာသည့် ပိုးချည်ကို ဂျပန်နိုင်ငံသို့ ပေးပို့ရကြောင်း သိရှိရပါသည်။ လွန်ခဲ့သော နှစ်နှစ်ခန့်မှစ၍ ထွက်ရှိလာသော ပိုးချည်များကို ဂျပန်နိုင်ငံသို့ မပို့ရတော့ဘဲ ဘားအံတွင် ထားရှိခဲ့ပါသည်။ ပိုးလုံးမှ ပိုးချည်၊ ပိုးဂွမ်း၊ ပိုးဆပ်ပြာများ ထုတ်လုပ်လျက်ရှိပြီး ပိုးဆပ်ပြာကို ဘားအံတွင် ပြန်လည်ရောင်းချနေကြောင်း သိရှိရပါသည်။

ယခုနှစ်တွင် ဂျပန်နိုင်ငံမှ ပိုးချည်ထုတ်လုပ်သည့် စက်ပစ္စည်းများ၊ ပိုးမွေးမြူရေးလုပ်ငန်းသုံး ပစ္စည်းကိရိယာများ တင်သွင်းရောက်ရှိနေပြီး ကရင်ပြည်နယ်၊ ဘားအံမြို့နယ်၊ စိုက်ပျိုးရေးဦးစီးဌာနပိုင်မြေ (ယခင် ကမော့ကပိုခြံ) နေရာတွင် ဆောင်ရွက်လျက်ရှိပါသည်။ ယခုအခါ JICA ၏ မြန်မာနိုင်ငံတာဝန်ခံ Mrs. Yuki Fuji က ဦးဆောင်ပြီး ကရင်ပြည်နယ်၊ စိုက်ပျိုးရေးဦးစီးဌာနတို့ MOU ရေးထိုးလျက် ကမော့ကပိုခြံနေရာတွင် ပိုးစာပင်သုံးဧကစိုက်ပျိုးထားရာ အပင်များ ထိုက်သင့်သလောက် ဖြစ်ထွန်းအောင်မြင်လျက်ရှိပြီး မကြာမီ ပိုးမွေးမြူရေးလုပ်ငန်းပါ စတင်ဆောင်ရွက်တော့မည်ဖြစ်ပါသည်။ ပိုးစာပင်စိုက်ပျိုးမှု အပင်ဖြစ်ထွန်းပါသော်လည်း ပိုးမွေးမြူရာတွင် အပူချိန်မြင့်သဖြင့် ပိုးကို လှောင်အိမ်ဖြင့် အအေးပေး မွေးမြူရန် စီစဉ်နေကြောင်းနှင့် ပိုးချည်ဆေးဆိုးခြင်း၊ ချည်ကော်ချွတ်ခြင်းများကို သင်ကြားခဲ့ပြီးဖြစ်ကြောင်း သိရှိရပါသည်။ JICA ၏ ကရင်ပြည်နယ်အတွင်း ပိုးစာပင်စိုက်ပျိုးခြင်း၊ ပိုးမွေးမြူခြင်းလုပ်ငန်းနှင့် ပိုးချည်များ ထုတ်လုပ်ခြင်း Project အား(၂)နှစ် ဆောင်ရွက်ပြီးပါက ကရင်ပြည်နယ်အစိုးရအဖွဲ့သို့ လွှဲပြောင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရှိရပါသည်။ ပိုးမွေးမြူခြင်းလုပ်ငန်းသည် ကရိကထများသော်လည်း တောင်သူလက်ဝယ်တွင် ရက် ၂၀ အကြာဖြင့် အကျိုးအမြတ်ရရှိနိုင်သော လုပ်ငန်းဖြစ်ကြောင်း ယခင်တစ်ပတ်က ဖော်ပြခဲ့ပြီးဖြစ်ပါသည်။

ပိုးအိမ်အမျိုးအစား သုံးမျိုးရှိပြီး တရုတ်မျိုး၊ ဂျပန်မျိုးနှင့် ဥရောပမျိုးတို့ဖြစ်ပြီး တရုတ်မျိုးနှင့် ဥရောပမျိုးမှာ ပုံသဏ္ဌာန်ကောင်းမွန်ပြီး ပိုးချည်မပျက်ဘဲ ဂျပန်မျိုးပိုးအိမ်မှာ အလယ်တွင် ချိုင့်နေသောပုံမျိုးဖြစ်ပြီး ပိုးချည်ပျက်တက်ပါသည်။ ပိုးအိမ်အတန်းအစား လေးမျိုးရှိ၍ ပထမတန်းစား၊ ဒုတိယတန်းစား၊ တတိယတန်းစားနှင့် ပယ်ပိုးအိမ်ဟူ၍ အတန်းအစား လေးမျိုးခွဲခြားထားပါသည်။ ဈေးကွက်ဈေးနှုန်းအနေဖြင့် ပထမတန်းစား ပိုးအိမ်တစ်ပေါင်လျှင် ၈၀၀၀ ကျပ်၊ ဒုတိယတန်းစား ပိုးအိမ်တစ်ပေါင်လျှင် ၇၀၀၀ ကျပ်နှင့် တတိယတန်းစား ပိုးအိမ်တစ်ပေါင်လျှင် ၅၀၀၀ ကျပ်တို့ ရရှိပြီး မြန်မာနိုင်ငံတွင် ဒုတိယတန်းစားပိုးအိမ် အမျိုးအစား အများဆုံးထွက်ရှိကြောင်း သိရှိရပါသည်။

**ပိုးချည်အိမ် ပြည်ပတင်ပို့နိုင်မှု အခြေအနေ**

လွယ်ဂျယ် နယ်စပ်ကုန်သွယ်ရေးစခန်းမှ ရရှိသောစာရင်းအရ ၂၀၁၈ ခုနှစ်အတွင်း တရုတ်နိုင်ငံဘက်ရှိ ပိုးချည်မျှင်စက်ရုံသို့ ပိုးချည်အိမ် တင်ပို့မှုမှာ အောက်ပါအတိုင်းဖြစ်ပါသည် -

| စဉ် | လ အလိုက် တင်ပို့မှု | ပမာဏ (kg) | မှတ်ချက် |
|---|---|---|---|
| ၁ | ၆/၂၀၁၈ | ၇၉၂၀ kg | |
| ၂ | ၇/၂၀၁၈ | ၇၂၀၀ kg | |
| ၃ | ၈/၂၀၁၈ | ၇၂၀၀ kg | |
| ၄ | ၉/၂၀၁၈ | ၁၅၃၀၀ kg | |
| ၅ | ၁၀/၂၀၁၈ | ၁၂၇၈၀ kg | |
| | စုစုပေါင်း | **၁၆၅၄၂၀ kg** | |

သို့ဖြစ်ပါ၍ JICA ကဲ့သို့သော ပြည်ပအကူအညီရရှိချိန်တွင် ဈေးကွက်ရှိနေသော ပိုးချည်ထုတ်လုပ်နိုင်ရန် တောင်သူများအတွက် အချိန်တိုအတွင်း အကျိုးအမြတ်ရရှိမည့် ပိုးမွေးမြူခြင်းလုပ်ငန်းကို ပိုးစာ ပင်စိုက်ပျိုးခြင်းနှင့် တွဲဖက်ဆောင်ရွက်ပြီး လျော်၍ ဖွတ်၍ရသော အဆင့်မြင့်ပိုးထည်များ ပြည်တွင်းတွင် ထုတ်လုပ်ရရှိရေးအတွက် စီးပွားရေး လုပ်ငန်းရှင်များနှင့် စိတ်ဝင်စားသည့် တောင်သူများ ‘ပိုးစာစိုက်ပျိုး တို့တောင်သူများ ဝင်ငွေတိုးစေရန်’ ရည်ရွယ်၍ ပိုးမွေးမြူခြင်းလုပ်ငန်း အဆင့်ဆင့်ကို ရေးသားဖော်ပြလိုက်ရပါသည်။

# ကယားပြည်နယ် စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့နှင့် ကော်မတီ(၂)ရပ်တို့၏ (၁၀/၂၀၁၈)လုပ်ငန်းညှိနှိုင်း အစည်းအဝေးကျင်းပ

ကယားပြည်နယ် စားသုံးသူရေးရာဦးစီးဌာနမှ ဒီဇင်ဘာ ၂၀ ရက်တွင် ပြည်နယ်စားသုံးသူ အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့နှင့်ကော်မတီ(၂)ရပ်တို့၏(၁၀/၂၀၁၈)လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို စားသုံးသူရေးရာဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ကျင်းပခဲ့ရာ အစည်းအဝေးသို့ ပြည်နယ် စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ ဒု-ဥက္ကဋ္ဌ၊ အတွင်းရေးမှူး၊ အဖွဲ့ဝင်များနှင့်ကော်မတီ(၂)ရပ်အဖွဲ့ဝင်များ တက်ရောက်ခဲ့ပါတယ်။

အစည်းအဝေးတွင် ပြည်နယ်စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ ဒု-ဥက္ကဋ္ဌ ဦးခင်မောင်မြင့်က အဖွင့်အမှာစကားပြောကြားရာတွင် စားသုံးသူ အခွင့်အရေး အပြည့်အဝရရှိစေရန် စားသုံးသူ ပြည်သူများအတွက် ဘေးန္တရာယ်ကင်းတဲ့ ကုန်စည်များ ရောင်းချနိုင်ရေး ကွင်းဆင်းစစ်ဆေးဆောင်ရွက်ရာတွင် သက်ဆိုင်ရာဌာနများ ပူးပေါင်း ဆောင်ရွက်ကြစေလိုကြောင်း ရှေ့ဆက်ဆောင်ရွက်မယ့် လုပ်ငန်းစဉ်များအပေါ် အဖွဲ့ဝင်များက ဝိုင်းဝန်းအကြံပြုဆွေးနွေးစေလိုကြောင်းပြောကြားခဲ့ပါတယ်။

ဆက်လက်၍ ပြည်နယ်စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ အတွင်းရေးမှူး စားသုံးသူရေးရာဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးကျော်ဝင်းက ယခင်လ(၉/၂၀၁၈) လုပ်ငန်းညှိနှိုင်းအစည်းအဝေး ဆုံးဖြတ်ချက်များ ဆောင်ရွက်ပြီးစီးမှုအခြေအနေများကိုလည်းကောင်း၊ လွိုင်ကော်မြို့ရှိ ကျောင်းများ၊ ကျေးရွာများတွင် စားသုံးသူအကာအကွယ်ပေးရေး အသိပညာပေး ဆောင်ရွက်ခဲ့မှုများကိုလည်းကောင်း၊ စားသုံးသူပြည်သူများ၏ အခွင့်အရေးနှင့် အကျိုးစီးပွား ကာကွယ်ရန်အတွက် ကုန်စည်၏ အရည်အသွေးပြည့်မီရေး လုံခြုံစိတ်ချရမှုရှိစေရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းရေးအတွက် လွိုင်ကော်မြို့ရှိ မုန့်မျိုးစုံဆိုင်များ၊ ကလေးကစားစရာ ပစ္စည်းအရောင်းဆိုင်များ၊ လူသုံးကုန်/ အိမ်သုံးကုန်ပစ္စည်း အရောင်းဆိုင်များ၌ ဈေးကွက်စောင့်ကြည့်စစ်ဆေးခဲ့မှုများကို လည်းကောင်း၊ လွိုင်ကော်မြို့ရှိစားသုံးသူပြည်သူတစ်ဦးမှ Telenor broadband ဝယ်ယူရာမှ လိုင်းမမိ၍ ပြန်လည်အပ်နှံခဲ့ရာ တန်ဖိုးငွေအား ပစ္စည်းအပ်နှံပြီး နှစ်ပတ်စောင့်ဆိုင်းရန်ပြောဆိုခဲ့ပြီး ဆောင်ရွက်ပေးခြင်းမရှိသဖြင့် တိုင်ကြားလာမှုကို ကယား (CICC) မှ Telenor broadband ဝယ်ယူစဉ်က ပေးချေခဲ့ရသော တန်ဖိုးငွေပြန်လည်ရရှိစေရန် စားသုံးသူနှင့် လုပ်ငန်းရှင်အား ပြေလည်အောင် ညှိနှိုင်းဖြေရှင်းဆောင်ရွက်ပေးခဲ့မှု အခြေအနေများကိုလည်းကောင်း အမှာစာဖြင့် ရှင်းလင်းတင်ပြခဲ့ပြီး ရှေ့ဆက်လက်ဆောင်ရွက်မည့် အသိပညာပေးလုပ်ငန်းများ၊ ကွင်းဆင်းစစ်ဆေးမည့် အစီအမံများ၊ ဌာန၏ ညွှန်ကြားချက်များကိုလည်းကောင်း တင်ပြဆွေးနွေးခဲ့ပြီး အဖွဲ့ဝင်များကလည်း အသီးသီးဆွေးနွေးခဲ့ကြောင်း သတင်းရရှိပါတယ်။

**မြို့ရှီ**

**စားသုံးသူ၊ကယား**



# ၂၀၁၉ အောက်တိုဘာလလောက်တွင် မြန်မာနိုင်ငံကြားဖြတ်သန်းခေါင်စာရင်းကောက်ယူမည့်အစီအစဉ်ရှိသည်

မောင်လွင်ပြင်

ဒီဇင်ဘာ ၃ ရက်က နေပြည်တော်ရှိ Hotel Max ၌ " မြန်မာနိုင်ငံ၏ရှုထောင့်နယ်ပယ်စုံလူမှုဘဝဖူလုံရေး" အစီရင်ခံစာထုတ်ပြန်ကြေညာခြင်းအခမ်းအနားကျင်းပခဲ့၏။ ယင်းအစီရင်ခံစာကိုပြုစုထုတ်ပြန်သူမှာ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာနဖြစ်သည်။ အစီရင်ခံစာထုတ်ပြန်ရခြင်းရည်ရွယ်ချက်က ပြောင်းလဲလာသောခေတ်နှင့်အညီ မြန်မာနိုင်ငံပြည်သူများ၏လူနေမှုဘဝ လုံခြုံချောမွေ့ရေး၊ ပြည့်စုံဖူလုံသောလူမှုဘဝပိုင်ဆိုင်ရေး၊ ပြည်သူလူထု လူနေမှုအဆင့်အတန်းမြင့်မားလာရေးတို့အတွက်ရှုထောင့်စုံ၊ နယ်ပယ်စုံက လေ့လာသုံးသပ် ပြုစုအစီရင်ခံစာထုတ်ပြန်ခြင်းဖြစ်သည်။

ယင်းအခမ်းအနားတွင် မြန်မာနိုင်ငံ၌ သန်းခေါင်စာရင်းကောက်ယူဦးမည်ဆိုသော သတင်းစကားပေါ်ထွက်ခဲ့၏။ သန်းခေါင်စာရင်းကောက်ယူမည့်အစီအစဉ်ရှိကြောင်းကို အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်သူ့အင်အားဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်ဒေါက်တာညီညီက သတင်းမီဒီယာများမေးမြန်းမှုကို ပြောကြားခြင်းဖြစ်သည်။ ၎င်းက "အဓိကရည်ရွယ်ချက်က ကျွန်တော်တို့သန်းခေါင်စာရင်းတစ်ခုနဲ့တစ်ခုက ၁၀ နှစ်ဆိုတော့ ကြားကာလမှာ ကြားထဲမှာ ၁၀ နှစ်လောက်ခြားသွားတဲ့အတွက် ကျွန်တော်တို့စာရင်းဇယားတွေဖြည့်ဆည်းဖို့လိုအပ်ပါတယ်။ နောက်တစ်ခါ အခုခေတ်ကာလ အပြောင်းအလဲတွေများလာတယ်။ လူမှုစီးပွားအချက်အလက်တွေ အပြောင်းအလဲများတဲ့အတွက် ကြားကာလမှာရှိတဲ့ဒေတာအချက်အလက်တွေကို ဖြည့်ဆည်းဖို့အတွက် ကောက်ယူရခြင်းဖြစ်ပါတယ်။ ဒီတစ်ခါကောက်တဲ့အခါ စောစောကပြောသလို တစ်ရာခိုင်နှုန်း ဒါမှမဟုတ် နှစ်ရာခိုင်နှုန်းစသဖြင့် နမူနာနည်းနဲ့ကောက်ပါမယ်။ သဘောကတော့ အိမ်၁၀အိမ်ရှိတယ်ဆိုရင်တစ်အိမ်ပဲကောက်မည့်သဘောမျိုးပေါ့။ စနစ်တကျရွေးချယ်ပြီးကောက်သွားမှာဖြစ်ပါတယ်"ဟု ရှင်းပြ ပြောကြားသည်။

မြန်မာနိုင်ငံတွင် ၂၀၁၄ ခုနှစ်က လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကို တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ရာခိုင်နှုန်းပြည့်ကောက်ယူခဲ့သည်။ သန်းခေါင်စာရင်းကောက်ယူခြင်း၏သဘောသဘာဝအရ ၁၀ နှစ်လျှင် တစ်ကြိမ်ကောက်ယူရခြင်းသဘောရှိ၏။ ၁၀ နှစ်တစ်ကြိမ်ကောက်ယူရမည်ဆိုလျှင် ၂၀၂၄ ခုနှစ်တွင် တစ်ကြိမ်ထပ်ကောက်ယူရမည်ဖြစ်၏။ ယင်းသို့ ၁၀ နှစ်အကြာတွင် ထပ်မကောက်ခင်ကြားကာလငါးနှစ်ပိုင်းကာ ကြားဖြတ်သန်းခေါင်စာရင်းကောက်ယူခြင်းအဖြစ် ၂၀၁၉ ခုနှစ်တွင် မြန်မာနိုင်ငံ၌ သန်းခေါင်စာရင်းကောက်ရခြင်းဖြစ်သည်ဆိုသည့်အကြောင်း ဒေါက်တာညီညီက ရှင်းပြခြင်းဖြစ်သည်။ ၂၀၁၉ ခုနှစ် ကြားဖြတ်သန်းခေါင်စာရင်းအကြမ်းဖျင်းကောက်ယူရခြင်းသည် မြန်မာနိုင်ငံရှိလက်ရှိလူဦးရေနှင့်အိမ်အကြောင်းအရာနှင့်ပတ်သက်သည့် အချက်အလက်များ လိုအပ်ချက်ရှိနေခြင်းအား ဖြည့်ဆည်းရန်အတွက် ကောက်ရခြင်းဖြစ်သည်ဟုသိရသည်။ ကြားဖြတ်သန်းခေါင်စာရင်းကောက်ခြင်းသည် ၂၀၁၄ ခုနှစ်က ကောက်ယူသကဲ့သို့ တစ်နိုင်ငံလုံးအနှံ့ လှည်းနေလှေအောင်း၊ မြင်းဇောင်းမကျန် ၁၀၀ ရာခိုင်နှုန်းပြည့်ကောက်ယူမည်တော့မဟုတ်။ နိုင်ငံအတွင်းရှိလူဦးရေ ရာခိုင်နှုန်းအချိုးကို တွက်ချက်ရွေးချယ်ပြီးကောက်မည့်သဘောရှိသည်။ ဥပမာ-လူဦးရေ၏တစ်ရာခိုင်နှုန်း၊ နှစ်ရာခိုင်နှုန်း သို့မဟုတ် ငါးရာခိုင်နှုန်းစသည်ဖြင့် ရွေးချယ်ကောက်မည်ဖြစ်သည်။ အခြားနိုင်ငံများတွင်လည်း သန်းခေါင်စာရင်းကြီးကောက်ယူအပြီး ငါးနှစ်အကြာတွင်ကြားဖြတ်သန်းခေါင်စာရင်းကောက်ယူခြင်းအဖြစ် လူဦးရေ၏နှစ်ရာခိုင်နှုန်း သို့မဟုတ် ငါးရာခိုင်နှုန်းကိုသာကောက်ယူကြသည်။

မြန်မာနိုင်ငံ၏လူဦးရေသည် ၂၀၁၄ ခုနှစ်လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကြီး ကောက်ယူမှုအရ ၅၁ ဒသမ ၄ သန်းကျော်ရှိသည်။ ယင်းစာရင်းကိုအခြေခံပြီး သုံးနှစ်အကြာ ၂၀၁၇ ခုနှစ်တွင် လူဦးရေမည်မျှရှိမည်နည်းကို သက်ဆိုင်ရာဝန်ကြီးဌာနက လက်ရှိလူဦးရေတိုးနှုန်း ၁ ဒသမ ၁ ရာခိုင်နှုန်းဖြင့် ခန့်မှန်းတွက်ချက်ကြည့်ရာ ၂၀၁၇ ခုနှစ်အောက်တိုဘာ ၁ရက်အထိ မြန်မာနိုင်ငံ၏လူဦးရေသည် ၅၃ ဒသမ ၃၉ သန်းရှိသည်ဟုပေါ်ထွက်လာသည်။ သုံးနှစ်အတွင်း လူဦးရေနှစ်သန်းနီးပါးတိုးလာခြင်းဖြစ်၏။ မြန်မာနိုင်ငံ၏လူဦးရေတိုးနှုန်းသည်လည်း ပြီးခဲ့သည့်ဆယ်စုနှစ်က ၂ ဒသမ ၂ ရာခိုင်နှုန်းမှ ယခု ၁ ဒသမ ၁ ရာခိုင်နှုန်းသို့ သိသိသာသာ လျော့ကျလာနေသည်ဟု ပညာရှင်သုတေသီများပြောကြားချက်သည်လည်း မှန်နေသလိုဖြစ်နေသည်။ လက်ရှိ ၂၀၁၈ နှစ်ကုန်အထိ မြန်မာနိုင်ငံ၏လူဦးရေသည် ၅၃ ဒသမ ၅ သန်းကျော်လောက်ရှိလိမ့်မည် ခန့်မှန်းကြသည်။ ယင်းလူဦးရေ၏ နှစ်ရာခိုင်နှုန်းကိုအခြေခံပြီး ၂၀၁၉ ခုနှစ်တွင် ကြားဖြတ်သန်းခေါင်စာရင်းကောက်ယူကြမည်။ ထို့ကြောင့် လူဦးရေ ၁၀ သိန်းကျော်ကို သန်းခေါင်စာရင်းကောက်ယူမည်ဟု နားလည်မိသည်။ ယင်းကိုနမူနာနည်းရွေးချယ်ကောက်ယူခြင်းဟုဆိုသည်။ ၂၀၁၉ ခုနှစ်အောက်တိုဘာ၊ နိုဝင်ဘာလလောက်တွင် ကောက်ယူနိုင်ဖို့ စီစဉ်ထားသည်ဟု ဒေါက်တာညီညီကဆိုသည်။ ထို့ပြင် "ရွေးချယ်တဲ့အခါမှာ ကျွန်တော်တို့လူဦးရေပညာမှာ နည်းပညာတွေရှိပါတယ်။ ကျွန်တော်တို့ Assembling Method နဲ့ရွေးပါတယ်။ စနစ်တကျကိုရွေးချယ်ပြီးကောက်မှာ ဖြစ်ပါတယ်။ ရွေးချယ်တဲ့အခါမှာလည်း တိုင်းဒေသကြီး၊ ပြည်နယ်နဲ့ နေပြည်တော်ကောင်စီနယ်မြေအပါအဝင်အားလုံးထဲကနေပြီး ထုတ်နုတ်ရွေးချယ်သွားမှာဖြစ်ပါတယ်"ဟု ဆိုပါသေးသည်။

နိုင်ငံတစ်နိုင်ငံအဖို့ သန်းခေါင်စာရင်းကြီးပဲကောက်ကောက်၊ ကြားဖြတ်သန်းခေါင်စာရင်းပဲကောက်ကောက် နိုင်ငံတော်ဘတ်ဂျက်ကို ထုတ်ယူသုံးစွဲရမည်။ ကုန်ကျစရိတ်အသုံးစရိတ်ကျပ်သန်းထောင်နှင့်ချီကျခံသုံးစွဲရသည်။ ၂၀၁၄ ခုနှစ်လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကြီးကောက်စဉ်က နိုင်ငံတော်ဘတ်ဂျက်အဖြစ် ကုလသမဂ္ဂလူဦးရေရန်ပုံငွေအဖွဲ့၊ နိုင်ငံတကာအဖွဲ့အစည်းအချို့တို့၏ နည်းပညာနှင့်အထောက်အပံ့များယူခဲ့ရသေးသည်။ မြန်မာနိုင်ငံသန်းခေါင်စာရင်းကောက်ယူရေးကို ကမ္ဘာ့ဘဏ်ကလည်း အားပေးကူညီထောက်ပံ့မှုများပြုခဲ့သည်။ ထိုသောအခါ မြန်မာနိုင်ငံသန်းခေါင်စာရင်းကောက်ယူရေးအကောင်အထည်ဖော်မှုအစီအစဉ် အထမြောက်အောင်မြင်သွားသည်။ နိုင်ငံ၏လူဦးရေအမှန်စာရင်းလည်း ပေါ်ထွက်ခဲ့သည်။ အခြားလူဦးရေအချက်အလက်ဆိုင်ရာ အရင်းအမြစ်စာရင်းများလည်း အမှန်အတိုင်းပေါ်ထွက်ခဲ့သည်။ ၂၀၁၄ ခုနှစ်မတိုင်ခင်ကတော့ မြန်မာနိုင်ငံလူဦးရေစာရင်းကို သန်း ၆၀ ဖြင့်သာ ခန့်မှန်းတွက်ချက်သုံးစွဲခဲ့ကြသည်။ လူဦးရေအပေါ်တွက်ချက်ရေးဆွဲခဲ့ရသောဖွံ့ဖြိုးရေးဆိုင်ရာ စီမံကိန်းအချို့သည်လည်း ခန့်မှန်းလူဦးရေစာရင်းကို အသုံးပြုရေးဆွဲခဲ့ရသဖြင့် နိုင်ငံတော်ဘတ်ဂျက်ပိုမိုတွက်ချက်ခဲ့ရသည့် အဖြစ်မျိုးလည်းကြုံခဲ့ကြရသည်။ ဘတ်ဂျက်လေလွင့်ဆုံးရှုံးမှုမရှိခဲ့သော်လည်း ပိုလျှံဘတ်ဂျက်ငွေများပြန်လည်ပေးသွင်းရခြင်း အလုပ်ပိုများလုပ်ခဲ့ရခြင်းမျိုးလည်းရှိခဲ့ဖူးသည်။ ထို့ကြောင့် နိုင်ငံ၏လူဦးရေအမှန်စာရင်းပေါ်ထွက်ရေးငွေကုန်ကြေးကျခံကာ တစ်နိုင်ငံလုံးအားဖြင့် သန်းခေါင်စာရင်းကို ကောက်ယူရခြင်းဖြစ်သည်။

သန်းခေါင်စာရင်း ကောက်ယူရခြင်း အကျိုးကျေးဇူးကတော့ နိုင်ငံအတွက် အလွန်ကိုကြီးမားသည်။ အစိုးရ၏စီမံကိန်းများအတွက် များစွာအထောက်အပံ့ဖြစ်စေသည်။ နိုင်ငံတော်တည်ဆောက်ရေး သို့မဟုတ် နိုင်ငံပြုပြင်ပြောင်းလဲရေးပြုလုပ်မည်ဆိုလျှင် သန်းခေါင်စာရင်းအချက်အလက်များ အထူးလိုအပ်သည်။ သန်းခေါင်စာရင်းအချက်အလက်များသည် နိုင်ငံ၏အခြေအနေအဆင့်အတန်းကိုလည်းဖော်ပြသည်။အစိုးရသည် နိုင်ငံအတွင်း မှီတင်းနေထိုင်သူများ၏အချက်အလက်များသိထားဖို့လိုသည်။ နိုင်ငံသူနိုင်ငံသားများ၏ အချက်အလက်အမှန်အပြည့်အစုံကို သိထားပါမှ နိုင်ငံ၏ဖွံ့ဖြိုးရေးလုပ်ငန်းစီမံကိန်းများရေးဆွဲရာတွင် ထိရောက်မည်။ နိုင်ငံ၏လူ့စွမ်းအားအရင်းအမြစ်များ ဖော်ထုတ်ရာတွင် အကျိုးထူးမည်။ အလုပ်အကိုင်အခွင့်အလမ်းများ ဖော်ထုတ်ဖန်တီးရာတွင်လည်း အံ့ဝင်ခွင်ကျဖြစ်မည်။ သန်းခေါင်စာရင်းသည် နိုင်ငံသူနိုင်ငံသားများ၏ လူနေမှုအခြေအနေ၊ ပိုင်ဆိုင်မှုအခြေအနေ၊ စာတတ်မြောက်မှုအခြေအနေ၊ အလုပ်အကိုင်အခြေအနေ၊ သက်ကြီးရွယ်အိုအခြေအနေ၊ စီးပွားရေးအခြေအနေ၊ လူမှုရေးအခြေအနေစသည်တို့ကိုပေးစွမ်းနိုင်သည်။ ထိုအခြေအနေများကို အခြေခံပြီး အစိုးရသည်နိုင်ငံတော်တည်ဆောက်ရေး၊ ဒေသဖွံ့ဖြိုးရေး၊ ဆင်းရဲနွမ်းပါးမှုလျှော့ချရေး စသည့်ပြည်သူ့အကျိုးပြုလုပ်ငန်းများကို ထိရောက်လွယ်ကူစွာစီစဉ်ကြီးကြပ်ဆောင်ရွက်နိုင်မည်။ ထို့ပြင် နိုင်ငံသားများ၏ အသက်အပိုင်းအခြားအလိုက်တည်ရှိနေသော အားနည်းချက်၊ အားသာချက်များကိုလေ့လာပြီး အနာဂတ်စီမံကိန်းများကိုလည်း ပြင်ဆင်ရေးဆွဲဆောင်ရွက်နိုင်မည်။ နိုင်ငံတစ်နိုင်ငံဖွံ့ဖြိုးတိုးတက်ချင်လျှင် အခြေအခံအကျဆုံး သန်းခေါင်စာရင်းကောက်ယူခြင်းအလုပ်ကို မလွဲမသွေလုပ်ဆောင်ရလိမ့်မည်ဖြစ်၍ ၂၀၁၉ခုနှစ်တွင် ကြားဖြတ်သန်းခေါင်စာရင်း ကောက်ယူခြင်းကို ကြိုဆိုထောက်ခံရေးသားလိုက်ရပါကြောင်း တင်ပြလိုက်ရပါသည်။ **(စာရေးသူ၏အာဘော်သာဖြစ်သည်။)**

---

စာမျက်နှာ (၁၁) လက်မှုပညာဖြင့်. . . မှအဆက်

ချိုးပြီးသောဂျုံရိုးများကိုရေတွင် ဆယ်မိနစ်ခန့်စိမ်ပေးပြီးမှသာလျှင် ဂျုံရိုးများပျော့ပြောင်းသွားသည့်အတွက် ကြိုးကျစ်ရန် အဆင်ပြေမှာဖြစ်ပါသည်။ရေစိမ်ပြီးပါကကြိုးကိုဆက်ကျစ်နိုင်ပြီဖြစ်ပါသည်။ ဂျုံရိုးကျစ်ကြိုးအရှည်သည် အတောင်၄၀ခန့်ရှည်ရမည်ဖြစ်ပြီး ဦးထုပ်တစ်လုံးစာကြိုးကျစ်ပြီးပါက ဆက်ထားသည့်ဂျုံရိုးတွင် ထွက်နေသည့်အစလေးများကိုကပ်ကြေးနှင့်ညှပ်ထုတ်ရမှာဖြစ်ပါသည်။ဂျုံရိုးကျစ်နေကျလူတစ်ဦးအနေဖြင့်တစ်ရက်လျှင်ဦးထုပ်သုံးလေးလုံးစာခန့်ကျစ်နိုင်ကြောင်းနှင့် ဂျုံရိုးတစ်ပိသာစည်းတစ်စည်းလျှင် ဂျုံရိုးကျစ်ကြိုး ၁၂ခွေရရှိပြီး၊ ပိုင်ရှင်မှ ၆ခွေ၊ ကြိုးကျစ်သူ၏လုပ်အားခအဖြစ် ကျစ်ကြိုး၆ခွေခွဲယူကြကြောင်းနှင့်ကြိုးကျစ်ခြင်းသည်သင်ယူရန် လွယ်ကူသောကြောင့်ကလေးမှအစလူကြီးအထိ ကြိုးကျစ်လုပ်ငန်းကိုလုပ်ကိုင်ဆောင်ရွက်လျက်ရှိပါသည်။

## ဦးထုပ်ချုပ်လုပ်ခြင်း

ဂျုံရိုးများကို ကြိုးကျစ်ပြီးနောက်ရလာသည့်ကျစ်ကြိုးကွေများကို ရေအနည်းငယ်စွတ်ပြီးပါက စက်ဖြင့်ချုပ်လုပ်နိုင်ပြီဖြစ်ပါသည်။ စက်ချုပ်ရာတွင် လှပသေသပ်သည့်ဦးထုပ်များရရန် အမျိုးသမီးတစ်ဦး၏ ကျွမ်းကျင်မှုအရတစ်နေ့ဦးထုပ်လုံးရေ ၃၀ကျော်အထိ ချုပ်လုပ်နိုင်ပြီး ပုံမှန်ဦး ထုပ်တစ်လုံးချုပ်ခ ကျပ် ၃၀၀နှုန်းဖြင့် အလုံးရေ ၂၀ အထိ ချုပ်လုပ်နိုင်ပါသည်။ ကြိုးကျစ်သူများမှာတစ်နေ့လျှင် ဦးထုပ်သုံးလုံးစာခန့်သာ ပြီးနိုင်ကြောင်း သိရှိရပါသည်။

## ပေါင်းခံခြင်း

ချုပ်ပြီးရလာသည့်ဦးထုပ်များကိုနေတွင်လှမ်းပြီးအခြောက်ခံရပါသည်။ ချုပ်ပြီးရလာသည့်ဦးထုပ်၏သဘာဝအရောင်မှာ ညိုဝါရောင်ဖြစ်ပြီး ရိုးရှင်းသည့်အတွက် ယခင်ကဈေးကောင်းရရှိခြင်းမရှိခဲ့ပေ။ ထို့ကြောင့်လှပပြီးဈေးကွက်ဝင်စေရန်နှင့်ဈေးကောင်းပိုမိုရရှိရေးတို့အတွက်ကန့်မှုန့်ကို မီးရှို့ပြီး ပေါင်းခံအိုးနှင့်တစ်ညခန့်ပေါင်းခံကာ ဂျုံရိုးဦးထုပ်ကို အရောင်ချွတ်ကြရပါသည်။ ဂျုံရိုးဦးထုပ်များကို ပေါင်းခံပြီးပါက အဖြူရောင်သန်းလာသည့်အတွက် ပိုမိုလူကြိုက်များလာပါသည်။ ထိုသို့အရောင်ချွတ်ပြီးပါက နေပူတွင် တစ်နေလှမ်းထားပေးရပါသည်။ နေပူလှန်းပြီးပါက ပိုမိုလှပ၍ စွဲဆောင်မှုရှိစေရန် ဆေးရောင်ခြယ်ခြင်း၊ ဦးထုပ်ကြိုးတပ်၍ ရိုက်သီးရိုက်ခြင်းတို့ကိုပြုလုပ်ပေးပြီးပါက လှပ၍ချစ်စရာကောင်းပြီး အပူဒဏ်ကာကွယ်ပေးနိုင်သည့် ဂျုံရိုးဦးထုပ်လေးများရရှိလာမည်ဖြစ်ပါသည်။အရောင်ချွတ် ပေါင်းခံခ အနေဖြင့်ဦးထုပ်တစ်လုံး ကျပ် ၁၀၀ ကျသင့်ပြီး ဆေးရောင်ခြယ်ခြင်း၊ ရိုက်သီးရိုက်ခြင်းနှင့် လက်ခများလည်း အပါအဝင်ဖြစ်ပါသည်။

## ဈေးနှုန်း၊ဈေးကွက်

သားကျင်ကျေးရွာမှထွက်သော ဂျုံရိုးဦးထုပ်များမှာ အကြမ်းဈေးအနေဖြင့် ဦးထုပ်ဆိုဒ်ကြီးတစ်လုံး ကျပ် ၁၁၀၀နှုန်း၊ဆိုဒ်သေး ကျပ် ၁၀၀၀ နှုန်းရောင်းချရ၍ဦးထုပ်ကြိုးခွေတစ်ခွေလျှင်ကျပ်၇၀၀ မှ ၈၀၀ အထိရှိပါသည်။ဦးထုပ်ကြမ်းချောမှာ 5"ဆိုဒ်နှင့်4"ဆိုဒ်ဟူ၍ ခွဲခြားပြီး ကျပ်၁၂၀၀ နှင့် ၁၁၀၀ဈေးဖြစ်ကာ ကြိုးခွေတန်ဘိုးမှာကျပ် ၉၀၀မှ ၁၀၀၀ထိရှိပါသည်။ ဦးထုပ်အချော အနုမှာကြိုးခွေတစ်ခွေ ကျပ်၁၂၀၀ နှုန်းရှိပြီး ဦးထုပ်တစ်လုံး၁၈၀၀မှ ၂၀၀၀ဈေးရှိပါသည်။

ဂျုံရိုးဦးထုပ်များကိုမြို့နယ်ပြင်ပ အရပ်ဒေသများမှငွေကြိုထုတ်ပြီးဖောက်သည်ပေးသည့်အပြင် ရွာကုန်သည်များမှလည်း မြို့သာ၊ နွားထိုးကြီး၊မြင်းခြံ၊တောင်သာ၊မလှိုင်၊မိတ္ထီလာ၊မန္တလေး၊ ဗန်းမော်မြို့များအပြင် အနယ်နယ်အရပ်ရပ်သို့ တင်ပို့ရောင်းချကြောင်းသိရှိရပါသည်။သဘာဝပစ္စည်းနှင့် ထုတ်လုပ်ထားသော ဂျုံရိုးဦးထုပ်လေးများသည် ရာသီဥတုဒဏ်ကာကွယ်ရန်နှင့်ပေါ့ပါးပြီး ကြာရှည်ခံကာ လူတန်းစားမရွေးနှစ်သက်စွာဝယ်ယူ သုံးစွဲနိုင်သည့်အပြင် လှပခိုင်ခန့်ပြီး ဈေးနှုန်းသင့်တင့်သည့်အတွက် ဈေးကွက်ဝင် ထုတ်ကုန်တစ်မျိုးဖြစ်ပါသည်။ ထိုအပြင် ဒေသခံပြည်သူများအတွက်လည်း ဝင်ငွေရှာဖွေပေးနိုင်ခြင်း၊ အလုပ်အကိုင်အခွင့်အလမ်းရရှိခြင်းတို့ကြောင့် ကျေးလက်ဒေသလူမှုဘဝဖွံ့ဖြိုးတိုးတက်စေရန်အတွက် လက်မှုလုပ်ငန်းများအနေဖြင့်အရင်းအနှီး၊နည်းပညာဈေးကွက်စသည့်အထောက်အပံ့ကောင်းများ ပံ့ပိုးပေးနိုင်ပါက တန်ဖိုးမြင့်ထုတ်ကုန်လုပ်ငန်းများ ပိုမိုဖွံ့ဖြိုးလာပြီး နိုင်ငံစီးပွားရေးကိုလည်း တစ်ထောင့်တစ်နေရာမှ ထောင်မတ်ပေးနိုင်သည့်ဒေါက်တိုင်တစ်ခုအဖြစ်သို့ရောက်ရှိလာမည်မှာမုချဧကန်ဖြစ်ပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။

# မြောက်ပိုင်းခရိုင် စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေး အမှတ်စဉ် (၁၂/၂၀၁၈) ကျင်းပ

စားသုံးသူရေးရာဦးစီးဌာန၊ မြောက်ပိုင်းခရိုင် ဦးစီးမှူးရုံး၊ ခရိုင်စားသုံးသူ အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့၏ (၁၂/၂၀၁၈)ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဒီဇင်ဘာ ၂၇ ရက်တွင် ခရိုင်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနရုံးရှိစည်းသူခန်းမတွင် ကျင်းပပြုလုပ်ခဲ့ပြီး အစည်းအဝေးသို့ အဖွဲ့ဝင်များ၊ စားသုံးသူ ရေးရာဦးစီးဌာန၊ မြောက်ပိုင်းခရိုင် ဦးစီးမှူးရုံးမှ ဝန်ထမ်းများ စုစုပေါင်း ၁၄ ဦး တက်ရောက်ခဲ့ပါသည်။

အဆိုပါအစည်းအဝေးတွင် ခရိုင်စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့ အတွင်းရေးမှူး၊ မြောက်ပိုင်းခရိုင်ဦးစီးမှူးရုံးမှ ခရိုင်ဦးစီးမှူး ဦးအောင်တင်စိုးက ယခင်လဆုံးဖြတ်ချက် ဆောင်ရွက်ပြီးစီးမှုအခြေအနေ ဒီဇင်ဘာလအတွင်း ကျောင်း၊ ဈေး၊ ရပ်ကွက်၊ မြို့နယ်များသို့ စားသုံးသူအကာအကွယ်ပေးရေး အသိပညာပေး ဟောပြောပွဲများနှင့် ဈေးကွက်အတွင်း ကွင်းဆင်းပညာပေး ဆောင်ရွက်ပြီးစီးမှုအခြေအနေနှင့် မိတ်ဖက်ဌာနများ ပူးပေါင်း၍ ဈေးများသို့ ရှောင်တခင် ကွင်းဆင်းဆောင်ရွက်ထားမှုများကို ရှင်းလင်းဆွေးနွေးခဲ့ပါသည်။

ဆက်လက်၍ ခရိုင်စားသုံးသူ အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့တွင် အဖွဲ့ဝင်ဖြစ်သည့် ခရိုင်ပညာရေးမှူးကိုယ်စား တက်ရောက်လာသည့် လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်လှလှရီက စားသုံးရန်မသင့်သော လုံခြုံစိတ်ချရမှုမရှိသည့် အသိပညာပေး Vinyl ပါ CD ချပ်များကို မြို့နယ်ပညာရေးမှူးများသို့ ဖြန့်ဝေပေးထားပါကြောင်း၊ မြို့နယ်ပညာရေးမှူးများကလည်း မြို့နယ်အတွင်းရှိ အခြေခံပညာ ကျောင်းမုန့်ဈေးတန်းများသို့ ဆက်လက်ဖြန့်ဝေပေးသွားရန် စီစဉ်ထားရှိပါကြောင်း ဆွေးနွေးခဲ့ပါသည်။

ထို့နောက် ခရိုင်စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ အတွင်းရေးမှူး၊ ဦးအောင်တင်စိုးက ရှေ့ဆက်လက်လုပ်ကိုင်ရမည့် လုပ်ငန်းစဉ်များနှင့် အဖွဲ့ဝင်များအနေဖြင့် အသိပညာပေး ဟောပြောပွဲများနှင့် ထုတ်ကုန် လုံခြုံစိတ်ချနိုင်ရေး ကွင်းဆင်းပညာပေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ဝိုင်းဝန်းကူညီဆောင်ပေးပါရန် ဆွေးနွေး ပြောကြားခဲ့ပါသည်။

**နီလာဦး (ရန်ကုန်)**

# စိုက်ပျိုးရလွယ်ကူ၊ လျင်မြန်စွာငွေဝင်တဲ့ မုန်ညင်းကြီး

အင်းတော်မြို့နယ်မှာ ဆောင်းသီးနှံ မုန်ညင်းကြီးကို ဇကကျယ်ကြီးများနဲ့ စိုက်ပျိုးလာတာ တွေ့ရပါတယ်။ မြန်မာလူမျိုးတို့ရဲ့ ထမင်းဝိုင်းမှာ မုန်ညင်းကို အမျိုးမျိုး စီမံစားသောက်ကြပါတယ်။ သည်ဘက်ဒေသမှာ မုန်ညင်းကို အချဉ်တည် စဉ့်အိုးများနဲ့လှောင်ပြီး နှစ်ပေါက်ရောင်းချတဲ့သူများ ရှိနေပါတယ်။ စိုက်ပျိုးရလွယ်ကူပြီး ရက်ခြောက်ဆယ်ခူးဆွတ်ရောင်းချရတဲ့အတွက် လျင်မြန်စွာ ငွေဝင်တဲ့ သီးနှံဖြစ်ကြောင်းသိ ရပါတယ်။

"မုန်ညင်းကြီးမျိုးကို စိုက်ပျိုးရေးမျိုးဆိုင်ကြီးများမှာ တစ်ထုပ် ငါးထောင်ကျပ်နဲ့ ဝယ်ပါတယ်။ တစ်ထုပ် တစ်ဇကစာ အပင်အရေအတွက် မခန့်မှန်းနိုင်ပေမယ့် ပိဿာချိန် ငါးရာထွက်ပါတယ်။ စိုက်ပျိုးရလွယ်ပါတယ်။ မြေပြင်န္ဒားချေး ဆယ်စီးခန့် ဖြန့်ခင်းပျိုးစေ့ချ ကောက်ရိုးအုပ်ပြီး ရေပါးပါးလောင်းပေးရပါတယ်။ နောက်နှစ်လဆို ခူးဆွတ်လို့ရပါပြီ၊ တစ်ဇကကုန်ကျစရိတ် တစ်သိန်းခန့် ကုန်ကျပါတယ်။ လက်ရှိပေါက်ဈေး တစ်ပိဿာ တစ်ထောင်ရောင်းရတော့ တစ်ဇကလေးသိန်းကျော် အကျိုးအမြတ်ရှိပါတယ်။ အချဉ်တည် ရောင်းချတဲ့ လုပ်ငန်းရှင်များက အခင်းပြတ်ဝယ်ကြပါတယ်၊ မြစ်ကြီးနား၊ မိုးညှင်း၊ မိုးကောင်း၊ ကသာ၊ ဗန်းမော်က မြို့ကြီးများက အဝယ်များပါတယ်"လို့ တောင်သူဦးကျော်မင်းစိန်က ပြောပါတယ်။

မုန်ညင်းမှာ ဒေသအခေါ် အရ ကိုက်လန်၊ ရိုးတံရှည်၊ မုန်ညင်းသီး၊ မုန်ညင်းကြီး အမျိုးမျိုးရှိပေမယ့် နှစ်ပေါက်မုန်ညင်းချဉ်ပြုလုပ်တာ မုန်ညင်းကြီးတစ်မျိုးသာဖြစ်တဲ့အတွက် ဈေးကွက်ဝင်လျင်မြန်စွာငွေဝင်တဲ့ မုန်ညင်းကြီးကို တောင်သူများ တိုးချဲ့စိုက်ပျိုးသင့်တယ်လို့ သိရပါတယ်။

**ကြည်နိုင်ဦး (အင်းတော်)**

# ဈေးငြိမ်နေတဲ့ ရော်ဘာ ဒီတစ်ပတ်မြင့်တက်လာ

မြန်မာ-တရုတ်နဲ့ မြန်မာ-ထိုင်းနယ်စပ်ရှိ ကုန်သွယ်ရေးစခန်းများမှ ဒီဇင်ဘာ ၁၅ ရက်မှ ၁၈ ရက် အထိ သီတင်းတစ်ပတ်အတွင်း အမေရိကန်ဒေါ်လာ ၅ ဒသမ ၃၅၉ သန်းတန်ဖိုးရှိ ရော်ဘာ ၄၅၁၂ တန် တင်ပို့ခဲ့ကြောင်း သိရပါတယ်။ မြန်မာ-တရုတ်နယ်စပ်ကုန်သွယ်ရေးစခန်းများမှ တင်ပို့မှုမှာ မူဆယ် (၁၀၅) မိုင် ကုန်သွယ်ရေးဇုန်မှ RSS-3 အမျိုးအစား ၁၀၉၄ တန်နဲ့ MSR-20 အမျိုးအစား ၇၂၈ တန်၊ ချင်းရွှေဟော်ကုန်သွယ်ရေးစခန်းမှ RSS-3 အမျိုးအစား ၂၀၆၃ တန်၊ MSR-10 အမျိုးအစား ၉၅ တန်နဲ့ MSR-20 အမျိုးအစား ၂၈၅ တန်၊ လွယ်ဂျယ်ကုန်သွယ်ရေးစခန်းမှ Crepe Rubber ၂၇ တန် တင်ပို့ခဲ့ပြီး မြန်မာ-ထိုင်းနယ်စပ်ရှိ တာချီလိတ်ကုန်သွယ်ရေးစခန်းမှ Latex 60 % DRC 1 အမျိုးအစားတန်ချိန် ၂၂၀ တင်ပို့ခဲ့ကြောင်း သိရပါတယ်။ ယခင်တစ်ပတ်ကုန်သွယ်ရေးစခန်းများရဲ့ ရော်ဘာတင်ပို့မှုနဲ့ နှိုင်းယှဉ်ပါက ယခုတစ်ပတ်မှာ ၃၆၂ တန် လျော့ကျခဲ့တာ တွေ့ရပါတယ်။

ဒီဇင်ဘာ ၁၆ ရက်မှ ၂၂ ရက်အထိ သီတင်းပတ်အတွင်း ပင်လယ်ရေကြောင်းကုန်သွယ်မှုမှ အမေရိကန်ဒေါ်လာ ၂ ဒသမ ၄၉၂ သန်း တန်ဖိုးရှိ ရော်ဘာအဆင့်မျိုးစုံ ၂၀၀၄ တန် တင်ပို့ခဲ့ကြောင်း သိရပါတယ်။ ယခုတစ်ပတ်မှာ တရုတ်နိုင်ငံသို့ အများနဲ့ တင်ပို့ပြီး Synthetic Rubber အမျိုးအစား ၁၃၂၇ တန်ကျော်၊ TSR-20 အမျိုးအစား၁၀၁ တန်ခန့် တင်ပို့ခဲ့ပါတယ်။ ထပ်မံပြီး ဂျပန်နိုင်ငံသို့ MSR-20 အမျိုးအစား ၂၉၄ တန်၊ ပါကစ္စတန်နိုင်ငံသို့ RSS-1 အမျိုးအစားတန်ချိန် ၄၀၊ အိန္ဒိယနိုင်ငံသို့MSR-20 အမျိုးအစား ၂၀၂ တန်ခန့်နဲ့ မလေးရှားနိုင်ငံသို့ RSS-3 အမျိုးအစားတန်ချိန် ၄၀ တင်ပို့ခဲ့ကြောင်း သိရပါတယ်။ ယခင်တစ်ပတ် ရော်ဘာတင်ပို့မှုနဲ့ နှိုင်းယှဉ်ပါက ယခုတစ်ပတ်မှာ ၆၈၇ တန် လျော့ကျခဲ့ တာတွေ့ရပါတယ်။

ဈေးငြိမ်နေတာကြာပြီဖြစ်တဲ့ နိုင်ငံတကာ ရော်ဘာဈေးမှာ ယခုတစ်ပတ်တွင် RSS အမျိုးအစား တစ်တန်လျှင် ဒေါ်လာ ၅၀ ဈေးတက်ပြီး MSR အမျိုးအစား အတက်အကျသိပ်မရှိကြောင်း သိရပါတယ်။ ပြည်ပသို့ တင်ပို့မယ့် မြန်မာ့ရော်ဘာဈေးမှာ RSS အမျိုးအစားတစ်တန်လျှင် ဒေါ်လာ ၅၀ ဈေးတက်ကြောင်း မြန်မာနိုင်ငံရော်ဘာ စိုက်ပျိုးထုတ်လုပ်သူများအသင်းရဲ့ ဈေးနှုန်းထုတ်ပြန်ချက်အရ သိရှိရပါတယ်။

| | | |
|---|---|---|
| RSS 1 | တစ်တန်လျှင် | ဒေါ်လာ ၁၃၀၀-၁၃၅၀ |
| RSS 2 | တစ်တန်လျှင် | ဒေါ်လာ ၁၂၅၀-၁၃၅၀ |
| RSS 3 | တစ်တန်လျှင် | ဒေါ်လာ ၁၂၀၀-၁၃၀၀ |
| RSS 4 | တစ်တန်လျှင် | ဒေါ်လာ ၁၁၀၀-၁၂၀၀ |
| RSS 5 | တစ်တန်လျှင် | ဒေါ်လာ ၁၁၅၀-၁၂၅၀ |
| MSR CV | တစ်တန်လျှင် | ဒေါ်လာ ၁၅၀၀-၁၆၀၀ |
| MSR L | တစ်တန်လျှင် | ဒေါ်လာ ၁၄၀၀-၁၅၀၀ |
| MSR 3L | တစ်တန်လျှင် | ဒေါ်လာ ၁၃၅၀-၁၄၅၀ |
| Crepe Rubber | တစ်တန်လျှင် | ဒေါ်လာ ၁၁၅၀-၁၂၅၀ |

**ယဉ်ယဉ်အေး**

# မြန်မာ့ထောပတ်သီးများ တရုတ်နိုင်ငံကို တရားဝင်တင်ပို့ခွင့်ရတော့မည်

မြန်မာထောပတ်သီးများ တရုတ်နိုင်ငံကို တရားဝင်တင်ပို့ခွင့်ရတော့မယ်လို့ မူဆယ် ၁၀၅ မိုင်ရှိသစ်သီးကုန်သည်အချို့ဆီက သိရပါတယ်။ မကြာသေးခင်က မူဆယ်မြို့မှာ ပြုလုပ်တဲ့ ၁၇ ကြိမ်မြောက်မြန်မာ-တရုတ် နယ်စပ် ကုန်စည်ပြပွဲမှာ သစ်သီးကုန်သည် အစုအဖွဲ့တွေအနေနဲ့ တရုတ်ဘက်ကို ထောပတ်သီးတွေ တရားဝင်တင်ပို့နိုင်ရေး တရုတ်ဘက်ကိုတောင်းဆိုခဲ့ကြတာ ဖြစ်ပါတယ်။ လက်ရှိ မြန်မာနိုင်ငံက ထွက်ရှိတဲ့ ထောပတ်သီးကိုတရုတ်နိုင်ငံ ကုန်ပစ္စည်းအရည်အသွေးစစ်ဆေးရေးနှင့် ကွပ်ကဲရေးဝန်ကြီးဌာန (AQSIQ)မှာ စာရင်းမဝင်တဲ့အတွက် တရားမဝင်ဘဲဖြစ်နေပြီး တရားဝင်တင်ပို့နိုင်ခြင်း မရှိသေးပါ။ ဒါ့ကြောင့် လက်ရှိအချိန်အထိ တရုတ်ဘက်ကို ထောပတ်သီး တန်ချိန်များများစားစား တင်ပို့နိုင်ခြင်း မရှိသေးကြောင်း သိရှိရပါတယ်။

မိမိတို့ ဌာနအနေနဲ့လည်း ထောပတ်သီးအပါအဝင် ကျန်တရားဝင်တင်ပို့ခွင့်မရသေးတဲ့ တစ်ရှူးငှက်ပျော၊ သံပုရာသီး၊ နာနတ်သီး၊ ကျွဲကောသီး၊ ချဉ်ပေါင်ဖာလာ၊ လျှော်ဖြူနဲ့ ဝဥတို့ကို တရုတ်နိုင်ငံဘက်သို့ တရားဝင်တင်ပို့ခွင့်ရရှိဖို့ ယခုနှစ်ထဲမှာ နိုင်ငံခြားရေးဝန်ကြီးဌာနမှတစ်ဆင့် မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံရုံးထံ အကြောင်းကြားထားပြီးဖြစ်ပါတယ်။ လက်ရှိ တရုတ်ဘက်သို့ တရားဝင် တင်ပို့ခွင့်ရရှိထားတဲ့ သစ်သီးတွေကတော့ မင်းကွတ်သီး၊ တောကြက်မောက်သီး၊ ကြက်မောက်သီး၊ လိုင်ချီးသီး၊ ဖရဲသီး၊ သခွားမွှေး စတဲ့ သစ်သီးတွေဖြစ်တယ်လို့ သိရပါတယ်။

ထောပတ်သီးကို ရှမ်းပြည်တောင်ပိုင်း၊ ဟိုပုံး၊ ပင်လောင်း၊ ရွာငံ၊ ကလော၊ ညောင်ရွှေ၊ ပြင်ဦးလွင်နဲ့ ချင်းပြည်နယ်တို့မှာ အများဆုံး စိုက်ပျိုးပြီးလက်ရှိမှာ ထိုင်း၊ ကမ္ဘောဒီးယားနှင့် ဗီယက်နမ်၊ တရုတ်၊ ဟောင်ကောင် စတဲ့နိုင်ငံတွေကို အဓိကတင်ပို့နေပြီး ယခုလက်ရှိဈေးကွက်မှာ ဝယ်လိုအား ကောင်းပေမယ့်၊ တစ်ဘက်နိုင်ငံ၏ သတ်မှတ်ထားသော အချက်များနှင့် ကိုက်ညီမှုမရှိတာကြောင့် တင်ပို့နိုင်ခြင်းမရှိသေးကြောင်း သိရပါတယ်။

မြန်မာနိုင်ငံမှ ဘဏ္ဍာနှစ်အလိုက် ထောပတ်သီးတင်ပို့မှုမှာ အောက်ပါအတိုင်းဖြစ်ပါတယ်။

**ခင်မြနွယ် MYANTRADE (TIR)**

| စဉ် | နိုင်ငံ | ၂၀၁၅-၂၀၁၆ | | ၂၀၁၆-၂၀၁၇ | | ၂၀၁၇-၂၀၁၈ | |
|---|---|---|---|---|---|---|---|
| | | တန်ချိန် | တန်ဖိုး | တန်ချိန် | တန်ဖိုး | တန်ချိန် | တန်ဖိုး |
| ၁ | တရုတ် | ၉.၅၀၀ | ၀.၀၀၇ | ၁၅.၄၀၀ | ၀.၀၁၁ | ၃၄.၅၀၀ | ၀.၀၂၁ |
| ၂ | ထိုင်း | ၄၁၉.၉၉၅ | ၀.၁၉၆ | ၄၀၀.၀၀၀ | ၀.၃၂၀ | ၆၅၀.၀၀၀ | ၀.၁၆၃ |
| ၃ | ဟောင်ကောင် | | | ၀.၂၁၀ | ၀.၀၀၀ | ၀.၂၄၀ | ၀.၀၀၀၅ |
| ၄ | ရုရှား | | | | | ၀.၀၂၀ | ၀.၀၀၀၀၃ |
| | စုစုပေါင်း | ၄၂၉.၄၉၅ | ၀.၂၀၃ | ၇၁၅.၆၁၀ | ၀.၃၃၁ | ၆၈၄.၇၆၀ | ၀.၁၈၅ |

# ရန်ကုန်မြို့ တစ်ပတ်အတွင်း မော်တော်ယာဉ်ဈေးနှုန်းများ

| စဉ် | အမျိုးအစား/MDL | အကွာရာ | ဈေးနှုန်း | မှတ်ချက် |
|---|---|---|---|---|
| ၁။ | မတ် (စ်)အိပ်က်(စ်) (၂၀၁၁) | ယာယီ | ၆၅၀ သိန်း | ၂.၅ ဓာတ်ဆီ၊ ရန်ကုန် |
| ၂။ | ကာလ်ဒီးနား (၂၀၀၃) | L | ၁၉၀ သိန်း | ၁.၈ ဓာတ်ဆီ၊ ရန်ကုန် |
| ၃။ | ကလူဂျာ (၂၀၀၆) | M | ၃၉၅ သိန်း | ၂.၄ ဓာတ်ဆီ၊ ရန်ကုန် |
| ၄။ | အယ်လ်ဖတ် (၂၀၀၅) | L | ၄၄၅ သိန်း | ၃.၀ ဓာတ်ဆီ၊ ရန်ကုန် |
| ၅။ | ကယ်ရီတရပ် (၂၀၁၁) | M | ၃၇၅ သိန်း | ၁.၆ ဓာတ်ဆီ၊ နယ်လိုင်စင် |
| ၆။ | အက်ဇီယို (၂၀၁၃) | ယာယီ | ၂၉၀ သိန်း | ၁.၃ ဓာတ်ဆီ၊ ရန်ကုန် |
| ၇။ | ဟိုက်ယာပ့် (၂၀၀၉) | N | ၃၃၅ သိန်း | ၂.၇ ဓာတ်ဆီ၊ နယ်လိုင်စင် |
| ၈။ | ဆွစ် (၂၀၁၁) | M | ၁၇၀ သိန်း | ၁.၃ ဓာတ်ဆီ၊ နယ်လိုင်စင် |
| ၉။ | အပ်ကား (နစ် ၂၀) | | ၁၂၀ သိန်း | ကားကောင်း |

# မြန်မာနိုင်ငံသစ်သီးဝလံ၊ ပန်းမန်နှင့် ဟင်းသီးဟင်းရွက် စိုက်ပျိုး ထုတ်လုပ်တင်ပို့ရောင်းချသူများ အသင်း ကရင်ပြည်နယ်တွင် ဖွဲ့စည်း

ကရင်ပြည်နယ် ဘားအံမြို့၊ ပြည်နယ်စိုက်ပျိုးရေး ဦးစီးဌာန ဝန်ထမ်းအိမ်ရာနှင့် သင်တန်းခန်းမတွင် မြန်မာနိုင်ငံသစ်သီးဝလံ၊ ပန်းမန်နှင့် ဟင်းသီးဟင်းရွက် စိုက်ပျိုးထုတ်လုပ် တင်ပို့ရောင်းချသူများအသင်း (ကရင်ပြည်နယ်) ဖွဲ့စည်းခြင်း အခမ်းအနားကို ဒီဇင်ဘာ ၂၄ ရက်က ကျင်းပခဲ့ကြောင်း သိရှိရပါသည်။ အခမ်းအနားသို့ ကရင်ပြည်နယ်အစိုးရအဖွဲ့၊ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စည်ပင်သာယာရေးဝန်ကြီး ဦးသန်းနိုင်၊ မြန်မာနိုင်ငံ သစ်သီးဝလံ၊ ပန်းမန်နှင့် ဟင်းသီးဟင်းရွက်စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်း ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ပြည်နယ်/ခရိုင်ဌာနဆိုင်ရာအကြီးအကဲများ၊ ကရင်ပြည်နယ်ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းမှ တာဝန်ရှိသူများ၊ ကရင်ပြည်နယ် အတွင်းရှိ သစ်သီးဝလံ၊ ပန်းမန်နှင့် ဟင်းသီးဟင်းရွက် စိုက်ပျိုးထုတ်လုပ် တင်ပို့ရောင်းချသည့် တောင်သူလုပ်ငန်းရှင်များ တက်ရောက်ခဲ့ကြပါသည်။

အခမ်းအနားတွင် ကရင်ပြည်နယ် အစိုးရအဖွဲ့၊ စီမံကိန်း၊ဘဏ္ဍာရေးနှင့် စည်ပင်သာယာရေးဝန်ကြီး ဦးသန်းနိုင်က အဖွင့်အမှာစကား ပြောကြားခဲ့ပြီး မြန်မာနိုင်ငံသစ်သီးဝလံ၊ ပန်းမန်နှင့် ဟင်းသီးဟင်းရွက် စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်း ဥက္ကဋ္ဌ ဦးစိုးသန်းမင်းဒင်က အသင်းဖွဲ့စည်းခြင်းနှင့် ပတ်သက်၍ ရှင်းလင်းခဲ့သည်။ ယင်းနောက် စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကူးခဲ့ကြပြီး ပထမပိုင်းအစီအစဉ်ကို ရုပ်သိမ်းခဲ့ပါသည်။ ဒုတိယပိုင်းအစီအစဉ်ကို ဆက်လက်ကျင်းပခဲ့ရာ မြန်မာနိုင်ငံ သစ်သီးဝလံ၊ ပန်းမန်နှင့် ဟင်းသီးဟင်းရွက် စိုက်ပျိုးထုတ်လုပ်တင်ပို့ ရောင်းချသူများအသင်း အတွင်းရေးမှူး ဦးကျော်သူက သင်းဖွဲ့စည်းမျဉ်း၊ သင်းဖွဲ့မှတ်တမ်းအကြောင်း၊ ရွေးချယ်ပုံနည်းလမ်းများ အကြောင်းရှင်းလင်းတင်ပြခဲ့ပြီး၊ တက်ရောက်လာသူ စိုက်ပျိုးထုတ်လုပ်တင်ပို့ ရောင်းချသူများမှ မိမိတို့ဆန္ဒအလျောက် မဲပေးရွေးချယ်ခဲ့ရာ အလုပ်အမှုဆောင် ၁၇ ဦးအား ရွေးချယ်တင်မြှောက်ခဲ့ပါသည်။ ထို့နောက် ရွေးချယ်ခံရသော အသင်းဥက္ကဋ္ဌက နှုတ်ခွန်းဆက်စကား ပြောကြားခဲ့ပြီး မြန်မာနိုင်ငံသစ်သီးဝလံ၊ ပန်းမန်နှင့် ဟင်းသီးဟင်းရွက် စိုက်ပျိုးထုတ်လုပ် တင်ပို့ရောင်းချသူများအသင်းမှ မတည်ရန်ပုံငွေ ၅ သိန်း၊ တက်ရောက်လာသူများမှ ရန်ပုံငွေ ထည့်ဝင်ခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိပါသည်။

**အေးအေးစိုး (ကရင်)**

## ဟသ်ာတခရိုင် စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့၏ (၂၅) ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

ဧရာဝတီတိုင်းဒေသကြီး၊ ဟသ်ာတခရိုင် စားသုံးသူ အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့၏ (၂၅) ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဒီဇင်ဘာလ ၁၄ ရက်တွင် ဟသ်ာတခရိုင် အထွေထွေ အုပ်ချုပ်ရေးမှူးရုံး အစည်းအဝေးခန်းမတွင် ကျင်းပပြုလုပ်ခဲ့ပြီး အဖွဲ့ဝင်နှင့် ဖိတ်ကြားထားသူ စုစုပေါင်း ၃၀ ဦး တက်ရောက်ခဲ့ပါသည်။

အစည်းအဝေးတွင် ဟသ်ာတခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်လွင်က အဖွင့်အမှာစကား ပြောကြားခဲ့ပြီး ဆိုးဆေးသုံး စားသောက်ကုန်များကို စနစ်တကျစိစစ်နိုင်ရေး၊ စားသောက်ကုန်လုပ်ငန်းများအားလုံးမှတ်ပုံတင်နိုင်ရေးအတွက် ဌာနများညှိနှိုင်းဆောင်ရွက်နိုင်ရေးဆွေးနွေးခဲ့ပါသည်။

ဆက်လက်၍ အတွင်းရေးမှူး ဦးကြည်ဟန်က ဌာနလမ်းညွှန်ချက်များ၊ ခရိုင်အတွင်း စားသုံးသူ အသိပညာပေးဟောပြောမှု၊ ကွင်းဆင်းစစ်ဆေးမှု၊ ဈေးကွက်စောင့်ကြည့်မှု အခြေအနေများကို ဆွေးနွေးခဲ့ပြီး ဖော်မလင်သုံးစွဲသည့် ပဲပြားစက်ရုံတစ်ရုံအား လုပ်ငန်းလိုင်စင်အပြီး ပိတ်သိမ်းမှုအခြေအနေနှင့် ရှေ့ဆက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များအားတင်ပြဆွေးနွေးခဲ့ကြောင်း သတင်းရရှိပါသည်။



**မောင်မောင်မြတ်ခိုင်**

## အသေးစား၊ အငယ်စား၊ အလတ်စား စီးပွားရေးလုပ်ငန်းများ (MSMEs) ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၏ အဋ္ဌမအကြိမ်မြောက် ဒေသတွင်းထုတ်ကုန်ပြပွဲ၊ ပြိုင်ပွဲများတွင် စားသုံးသူအကာအကွယ်ပေးရေး အသိပညာပေးခြင်းများ ဆောင်ရွက်

မွန်နှင့်ကရင်ပြည်နယ်အတွင်းရှိ အသေးစား၊ အငယ်စား၊ အလတ်စား စီးပွားရေးလုပ်ငန်းများ (MSMEs) များ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း ကော်မတီ၏ အဋ္ဌမအကြိမ်မြောက် ဒေသတွင်းထုတ်ကုန်ပြပွဲ၊ ပြိုင်ပွဲ(၂၀၁၈) ကိုမွန်ပြည်နယ်၊ မော်လမြိုင်မြို့ပြည်နယ်ခန်းမနှင့်တိုးချဲ့ကမ်းနားလမ်းတွင်ဌာနဆိုင်ရာ ပြခန်းပေါင်း ၃၀ ခန်း၊ လုပ်ငန်းရှင်များမှ ပြခန်းပေါင်း ၁၃၇ ခန်း၊ စုစုပေါင်း ၁၆၇ ခန်းဖြင့် ဒီဇင်ဘာ ၂၁ ရက်မှ ၂၃ ရက်ထိ စည်ကားသိုက်မြိုက်စွာ ကျင်းပပြုလုပ်ခဲ့ပါသည်။

အဆိုပါပြပွဲ၊ ပြိုင်ပွဲတွင် မွန်ပြည်နယ်စားသုံးသူ ရေးရာဦးစီးဌာနမှ စားသုံးသူပြည်သူလူထုနှင့် လုပ်ငန်းရှင်များအတွက် စားသုံးသူအကာအကွယ်ပေးရေး အသိပညာပေးခြင်း၊ ထုတ်ကုန်လုံခြုံစိတ်ချရမှုဆိုင်ရာ အသိပညာပေးခြင်း လုပ်ငန်းကိုပြခန်းဖွင့်လှစ်၍ အသိပညာပေးခြင်း၊ လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခြင်း ဆောင်ရွက်ခဲ့ရာ စားသုံးသူပြည်သူလူထု ၅၀၀၀ ဦးခန့်နှင့် စီးပွားရေးလုပ်ငန်းရှင် ၄၅ ဦးခန့်ကို အသိပညာပေးနိုင်ခဲ့ပြီး အဆိုပါ ဒေသတွင်း ထုတ်ကုန်ပြပွဲ၊ ပြိုင်ပွဲ (၂၀၁၈)သို့ နိုင်ငံတော်ဒုတိယ သမ္မတ(၁)နှင့် ပြည်ထောင်စု ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ပြည်နယ်ဝန်ကြီးချုပ်များ၊ ဝန်ကြီးများ၊ ညွှန်ကြားရေးမှူးချုပ်များနှင့် ဌာနဆိုင်ရာ အကြီးအကဲများမှ ဖွင့်လှစ်ပေးခဲ့ပြီး ပြခန်းများသို့ လှည့်လည်ကြည့်ရှုအားပေးခဲ့ကြကြောင်း သတင်းရရှိပါသည်။

**မိုးမိုး (မွန်)**

**နိုင်ငံတကာနှင့် ပြည်တွင်းကုန်သွယ်မှု လုပ်ငန်းများအတွက် အချက်အလက်များရရှိလိုပါက အောက်ပါဖုန်းနံပါတ်တို့ကို ဆက်သွယ်နိုင်ပါသည်**

| | | |
|---|---|---|
| (၁) မြန်မာကုန်သွယ်မှုဗဟိုဌာန (Myanmar Trade Center) | ဖုန်း-၀၁ ၂၅၄၀၂၄ | ဖက်စ်- ၀၁ ၂၅၄၀၂၃ အီးမေးလ်-itpic.moc@gmail.com |
| (၂) Myanmar-EU Trade Help Desk | ဖုန်း- ၀၉ ၄၃၀ ၄၁ ၈၄၇ | အီးမေးလ်- mmeu.tradehelpdesk@gmail.com |

**ပြည်နယ်နှင့် တိုင်းဒေသကြီး အသီးသီးရှိ Consumer Information and Complaint Center (CICC) စားသုံးသူသတင်း ပြန်ကြားရေးနှင့် တိုင်ကြားမှု လက်ခံဆောင်ရွက်ရေးစင်တာများ၏ Contact Points များ**

| | |
|---|---|
| (၁) ရန်ကုန်တိုင်းဒေသကြီး | ၂၂၈/၂၄၀၊ ဒုတိယထပ်၊ ကမ်းနားလမ်းနှင့်ရွှေဘုံသာလမ်းထောင့်၊ ရန်ကုန်မြို့။ Fax:01-254023, Ph:01-250270,254019 email: ygnmapt@gmail.com |
| (၂) ပဲခူးတိုင်းဒေသကြီး(အနောက်) | ရတနာမာန်အောင်ဘုန်းကြီးကျောင်းအနီး၊ ပြည်မြို့။ Fax : 053-28220, Ph : 053-28032,28020 |
| (၃) ပဲခူးတိုင်းဒေသကြီး(အရှေ့) | အောင်မြေသာရပ်ကွက်၊ ပိုလန်ဝင်း၊ ပဲခူးမြို့။ Ph : 052-2221844, 2221108, 2221036 |
| (၄) ဧရာဝတီတိုင်းဒေသကြီး | ပုသိမ်မြို့။ Fax : 042-21811, Ph: 042-24520,24522 email: yiyinaingwin@gmail.com |
| (၅) မန္တလေးတိုင်းဒေသကြီး | မန္တလေးမြို့။ Fax : 02-36340, Ph: 02-36342,36339 email: mdymapt@gmail.com |
| (၆) ရခိုင်ပြည်နယ် | စစ်တွေမြို့။ Fax:043-23426,Ph:043-23426 |
| (၇) မကွေးတိုင်းဒေသကြီး | အစိုးရရပ်ကွက်၊အနော်ရထာလမ်း၊မကွေးမြို့။ Fax : 063-23199, Ph : 063-23196,23197 |
| (၈) ရှမ်းပြည်နယ်(တောင်ပိုင်း) | အရှေ့မြို့ပတ်လမ်း၊ ရေအေးကွင်းရပ်ကွက်၊ အမှတ်(၅)ဈေးမြောက်ဘက်၊ တောင်ကြီးမြို့။ Ph:081-2121615, Fax:081-2121627, email:dtptaunggyi@gmail.com |
| (၉) ရှမ်းပြည်နယ်(အရှေ့ပိုင်း) | ရပ်ကွက်(၁)၊ နောင်ရေး၊ ကျိုင်းတုံမြို့။ Fax:084-21034,Ph:084-21034 |
| (၁၀) ရှမ်းပြည်နယ်(မြောက်ပိုင်း) | အမှတ်(၉)၊ လေယာဉ်ကွင်းလမ်း၊ ထပရတပ်ရင်း(၆၂၆)နှင့် မျက်နှာချင်းဆိုင်၊ လားရှိုးမြို့။ Fax:082-23493,Ph:082-23039 |
| (၁၁) ကရင်ပြည်နယ် | ဘားအံမြို့။ Fax:058-21666,Ph:058-21041 |
| (၁၂) တနင်္သာရီတိုင်းဒေသကြီး | ကမ်းနားလမ်း၊ ဆိပ်ငယ်ရပ်ကွက်၊ မြိတ်မြို့။ Fax:059-41012,Ph:059-41012 |
| (၁၃) ကချင်ပြည်နယ် | အမှတ်(၁၉၉)၊ မြို့သစ်ရပ်ကွက်၊ မြစ်ကြီးနားမြို့။ Fax:074-22459,Ph:074-22459 |
| (၁၄) ကယားပြည်နယ် | (၈/၉)လမ်းကြား၊ ကန္တာရဝတီလမ်းနှင့် သီရိဒေါလမ်းကြား၊ နောင်ယား(က)ရပ်ကွက်၊ လွိုင်ကော်မြို့။ Fax:083-2221005,Ph:083-2221005 email : docakayah@gmail.com |
| (၁၅) မွန်ပြည်နယ် | အမှတ်(၇)၊ အောက်လမ်းမကြီး၊ ဘိုကုန်းရပ်၊ မော်လမြိုင်မြို့။ Fax:057-2024809, Ph:057-2024318 |
| (၁၆) စစ်ကိုင်းတိုင်းဒေသကြီး | သာစည်လမ်း၊ ဒေါနခြံရပ်၊ မီးရထားသံလမ်းနှင့် ဗိုလ်ချုပ်ကြေးရုပ်ကြား၊ မုံရွာမြို့။ Fax : 071-23630, Ph:071-23630,22924 |

**စီးပွားရေးအောင်မြင်ရန် သတင်းအချက်အလက်ကို အခြေခံ**

# (၇) နေ့ သားသမီးများအတွက် စီးပွားရေး အကြံပေး ဟောကိန်း

## ၃၁-၁၂-၂၀၁၈ မှ ၆-၁-၂၀၁၉ ရက်နေ့ထိ

**ဒေါ်မြတ်မြတ်အေး**
**(မြန်မာနိုင်ငံ ဝေဒသုတေသနအဖွဲ့)**



**တနင်္ဂနွေသားသမီးများအတွက်** စီးပွားရေး လုပ်ငန်းများ တိုးတက်မှု အလားအလာရှိနေတတ်သည်။ ငွေကြေးအဆင်ပြေနေတတ်ပါသည်။ ပဲ၊ ပြောင်း၊ ဂျုံနှင့် ဂျုံထွက်ပစ္စည်းများ အကျိုးပေးပါသည်။ အပေါင်းအသင်းထဲမှ သူငယ်ချင်းလို လူမျိုးနှင့် ချစ်မိနေတတ်ပါသည်။ ပညာရေးတွင် စီမံခန့်ခွဲမှု ပညာရပ်နှင့် အကျိုးပေးပါတယ်။ ကျန်းမာရေးအနေဖြင့် အစာမကြေ၊ လေနာရောဂါ၊ လေချုပ်ခြင်း စသော ရောဂါတို့ သတိထားသင့်ပါသည်။

**ယတြာ။ ။သက်ကြီးရွယ်အိုတို့ကို ဆေးဝါးနှင့် အာဟာရပေးလှူပါ။**



**တနင်္လာသားသမီးများအတွက်** စီးပွားရေးလုပ်ငန်းများ ထင်ပေါ်ကျော်ဇောပြီး အဆင်ပြေဆုံးဖြစ်အောင် လုပ်ကိုင်ဆောင်ရွက်လာရတတ်ပါသည်။ ပညာရေးတွင် စိုက်ပျိုးရေး သိပ္ပံပညာထူးချွန်မည်။ အချစ်ရေးတွင် အနုပညာသမားများနှင့် ကြုံဆုံရတတ်သည်။ ကျန်းမာရေးတွင် အူကျခြင်း၊ သားအိမ်ကျခြင်း၊ သွေးချုပ်ခြင်း စသောရောဂါတို့ကို သတိထားသင့်ပါတယ်။

**ယတြာ။ ။ သံဃာတော်နှင့်သီလရှင်တို့ကို ဝိနည်းစာအုပ်လှူဒါန်းပါ။**



**အင်္ဂါသားသမီးများအတွက်** ရိုးသားစွာကြိုးစားအားထုတ်မှုတို့ကြောင့် အခက်အခဲအနှောင့်အယှက်တို့ကို ကာကွယ်ပေးခြင်း၊ အကူအညီပေးခြင်းရှိလာတတ်သည်။ စီးပွားရေးလုပ်ငန်းတို့တွင် အဆင်ပြေဆုံးဖြစ်အောင် လုပ်ကိုင်ဆောင်ရွက်လာရတတ်သည်။ အလုပ်ရှင် သူဌေးသူကြွယ်တို့၏ ချစ်ခင်လေးစား အားထားခြင်းခံရတတ်သည်။ ပညာရေး၊ ကျန်းမာရေး၊ ကံကောင်းနေတတ်ပါသည်။

**ယတြာ။ ။ဘုရားတွင် သစ္စာပန်းလှူပါ။**



**ဗုဒ္ဓဟူးသားသမီးများအတွက်** စီးပွားရေးတစ်ခု တည်ထောင်လုပ်ကိုင်မည်ဆိုပါက မိမိလုပ်ကိုင်ဆောင်ရွက်သော လုပ်ငန်း၏ အခြေခံသဘောတရားတို့ကို မှတ်ဉာဏ်အတွေးအခေါ်ကောင်းများနှင့် ရည်ရွယ်ချက် ချမှတ်၍ လုပ်ကိုင်တက်သည်။ ပညာရေး ကြိုးစားမှုရှိနေတတ်သည်။ အချစ်ရေးတွင် ချစ်မိပြီဆိုသည်နှင့် နှစ်သက်သဘောကျပြီး အိမ်ထောင်ရေးလောကသို့ ဝင်ရောက်သွားတတ်သည်။ ကျန်းမာရေးအနေဖြင့် နှာမွှန်ခြင်း၊ နှာစေးခြင်း၊ ဖျားနာခြင်း၊ အအေးမိသော ရောဂါဖြစ်တတ်သည်။

**ယတြာ။ ။ဘုရားတွင် စွယ်တော်ပန်းလှူပါ။**



**ကြာသပတေးသားသမီးများအတွက်** အလှဆင်လုပ်ငန်း၊ ပန်းချီ၊ ပန်းပုနှင့် အနုပညာ ရှေးဟောင်းပစ္စည်းရောင်းဝယ်ရေးလုပ်ငန်းများ အကျိုးပေးနေတတ်သည်။ ပညာရေးတွင် အောင်မြင်ရုံတင်မက ဂုဏ်ထူးများပင်ရတတ်ပါသည်။ အချစ်ရေးတွင် အေးချမ်းတည်ငြိမ်၍ ရိုးသားမှုရှိသော ရုပ်လက္ခဏာပိုင်ရှင်တို့ကို နှစ်သက် သဘောကျလိမ့်မည်။ ကျန်းမာရေးအနေဖြင့် ရင်ဘတ်အောင့်ခြင်း၊ အရိုးအဆစ်တို့နှင့် ပတ်သက်သော ရောဂါသတိထားသင့်ပါတယ်။

**ယတြာ။ ။ကံပွင့်ဂါထာရွတ်ဖတ်ပူဇော်ပါ။**



**သောကြာသားသမီးများအတွက်** စီးပွားရေးကို အောင်မြင်ဖြစ်ထွန်းရန် အပင်ပန်းခံ၍ ကြိုးစားရတတ်ပါသည်။ အမျိုးသမီးအသုံးအဆောင်ပစ္စည်းများ အကျိုးပေးတတ်ပါသည်။ ပညာရေးတွင် အောင်မြင်မှုရတတ်ပါသည်။ အချစ်ရေး ကံကောင်းနေတတ်သည်။ ကျန်းမာရေးတွင် ခရီးဝေးသွားလာမှုကြောင့်ဖြစ်သော ငှက်ဖျားရောဂါ ခန္ဓာကိုယ်တွင်း ဖြစ်တတ်သော ရောဂါတို့ ခံစားရတတ်ပါသည်။

**ယတြာ။ ။ သံဃာ့ဆေးရုံ ငွေကြေးတတ်နိုင်သလောက်လှူပါ။**



**စနေသားသမီးများအတွက်** ပတ်ဝန်းကျင်နှင့် လူမှုအပေါင်းအသင်းဆက်ဆံရေးများ အနည်းငယ် ညှိနေတတ်သည်။ လျှပ်စစ်ပစ္စည်းများ၊ အကျိုးဆောင်လုပ်ငန်းများ၊ အကျိုးပေးကောင်းလိမ့်မည်။ ပညာရေးကံကောင်းနေမည်။ အချစ်ရေးတွင် ချစ်ခင်ကြင်နာမှု တာဝန်ကျေပွန်မှုများရှိသော အိမ်ထောင်ဖက်ရရှိလိမ့်မည်။ ကျန်းမာရေးတွင် နား၊ မျက်စိတို့တွင် ဖြစ်သော ရောဂါသတိပြုပါ။

**ယတြာ။ ။ရေသန့်လှူပါ။**

# ရန်ကုန်အရှေ့ပိုင်းခရိုင်၊ စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့၏ (၁၂/၂၀၁၈) လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကုန်အရှေ့ပိုင်းခရိုင်၊ စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့၏ (၁၂/၂၀၁၈) ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဒီဇင်ဘာလ ၂၁ ရက်တွင် ရန်ကုန်အရှေ့ပိုင်းခရိုင်၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ အစည်းအဝေးခန်းမ၌ ခရိုင်အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ဝင်များနှင့် စားသုံးသူရေးရာ ဦးစီးဌာနမှ ဝန်ထမ်းများ စုစုပေါင်း ၁၅ ဦး တက်ရောက်ခဲ့ကြောင်း သိရှိရပါသည်။

အဆိုပါအစည်းအဝေးတွင် အရှေ့ပိုင်းခရိုင် အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ ဥက္ကဋ္ဌကိုယ်စား ဒုတိယခရိုင် အုပ်ချုပ်ရေးမှူး ဒေါ်ခင်မာချိုက အဖွင့်အမှာစကား ပြောကြားခဲ့ပြီး ခရိုင်အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ အတွင်းရေးမှူး ဦးစိုးတင့်က ဒီဇင်ဘာလတွင် ပုဇွန်တောင်မြို့နယ်ရှိ အခြေခံကျောင်းများတွင် အသိပညာပေး ဟောပြောမှုများနှင့် ထုတ်ကုန်လုံခြုံစိတ်ချရမှုစေရန်အတွက် ခရိုင်အတွင်းရှိ ဈေး(၃)ဈေး၊ အိမ်ဆိုင်များ၊ စတိုးဆိုင်များကို ကွင်းဆင်းစစ်ဆေးခဲ့ခြင်း၊ တိုင်ကြားမှု(၂)မှုအပေါ် ကွင်းဆင်း၍ ဖြေရှင်းဆောင်ရွက်ခဲ့မှုများ၊ ၂၀၁၉ ခုနှစ် ဇန်နဝါရီလတွင် ဆောင်ရွက်မည့် အစီအစဉ်များ၊ ဗဟိုကော်မတီမှ ထုတ်ပြန်ကြေညာသော အမိန့်ကြော်ငြာစာ(၁/၂၀၁၈)ကို ကျယ်ကျယ်ပြန့်ပြန့် သိရှိစေရေးအတွက် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ရှင်းလင်းဆွေးနွေးခဲ့ပါသည်။

ထို့နောက် တက်ရောက်လာသော စားသုံးသူ အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ဝင်များက သိရှိလိုသည်များကို မေးမြန်းကြပြီး သက်ဆိုင်ရာ ကဏ္ဍအသီးသီး အလိုက် ဆွေးနွေးခဲ့ကြကြောင်း သိရှိရပါသည်။

**မိုး**

# ပခုက္ကူမြို့ စည်ပင်အမှိုက်ကျင်းတွင် FDA ဦးဆောင်၍ သက်တမ်းလွန် ဆေးဝါးများနှင့် အလှကုန်ပစ္စည်းများ မီးရှို့ဖျက်ဆီး

မကွေးတိုင်းဒေသကြီး၊ ပခုက္ကူခရိုင်၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန (FDA)မှ ဦးဆောင်၍ ဒီဇင်ဘာ ၂၁ ရက်တွင် သက်တမ်းလွန်ဆေးဝါးများနှင့် အလှကုန်ပစ္စည်းများ မီးရှို့ဖျက်ဆီးပွဲ အခမ်းအနားသို့ ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ဒု-ခရိုင်အုပ်ချုပ်ရေးမှူး ဦးဇော်လွင်တက်ရောက်ခဲ့ပြီး စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ဝင်များ၊ စားသုံးသူရေးရာဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဦးသန်းဦးနှင့် ဝန်ထမ်းများအဖွဲ့၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ၊ အိမ်တွင်းမှု သင်တန်းကျောင်းမှ သင်တန်းသူများ တက်ရောက်ခဲ့ပါသည်။

အဆိုပါ မီးရှို့ဖျက်ဆီးပွဲအခမ်းအနားတွင် ပခုက္ကူမြို့နယ်အတွင်းရှိဆေးဆိုင်များ အလှကုန်ဆိုင်များမှ သက်တမ်းလွန်နေသော ကျန်းမာရေးဝန်ကြီးဌာနမှ တရားဝင်ပိတ်ပင်ထားသော အလှကုန်များ၊ ဆေးဝါးများ၊ တိုင်းရင်းဆေးများ၊ ဆံပင်အရောင်ဆိုးဆေးများ၊ မျက်နှာသစ်ဘူးများ၊ ဆံပင်ပျော့ဆေးများ၊ အရောင်ချွတ်ဆေးများ၊ မိတ်ကပ်အရည်ဘူးများကို ဈေးဆိုင်ပိုင်ရှင်များက လာရောက်အပ်နှံထားသောကြောင့် ဌာနဆိုင်ရာများ ရှေ့မှောက်တွင် မီးရှို့ဖျက်ဆီးခဲ့ပါသည်။

တက်ရောက်လာသော သင်တန်းသူများနှင့် မိတ်ဖက်ဌာနဆိုင်ရာများကို မီးရှို့ဖျက်ဆီးမည့် ဆေးဝါးများ၊ အလှကုန်များ၊ လူသုံးကုန်ပစ္စည်းများကို ပြသ၍ ၎င်းပစ္စည်းများသည် သုံးစွဲရန်မသင့်သော ပစ္စည်းများဖြစ်ကြောင်း၊ စားသုံးသူ မိဘပြည်သူများကို ဘေးအန္တရာယ်ဖြစ်စေသောကြောင့် မိမိတို့ဌာနအနေဖြင့် ဌာနဆိုင်ရာများနှင့် ပူးပေါင်း၍ ခရိုင်အတွင်းရှိ ဆေးဆိုင်များနှင့် အလှကုန်ဆိုင်များကို လစဉ် ပုံမှန်စစ်ဆေးနေကြောင်း၊ သက်တမ်းလွန် ကုန်ပစ္စည်းများအဖြစ် သတ်မှတ်ထားသောကြောင့် တန်ဖိုးမသတ်မှတ်တော့ကြောင်း၊ ပြသထားသည့် ဆေးဝါးများ၊ အလှကုန်များ၊ လူသုံးကုန်များကို ဝယ်ယူသုံးစွဲရန် မသင့်ကြောင်း၊ နောက် နောင်တွင်လည်း ၎င်းပစ္စည်းများကို တွေ့ရှိလျှင် မိမိတို့ဌာနသို့ အသိပေးနိုင်ကြောင်း FDA မှ ဆေးဝါး တာဝန်ခံ ဒု-ကြီးကြပ်ရေးမှူး ဒေါ်နှင်းဟေမာန်က ရှင်းလင်းခဲ့ကြောင်း သတင်းရရှိပါသည်။ **သူဇာကျော်(ပခုက္ကူ)**

# မန္တလေးတိုင်းဒေသကြီး စားသုံးသူရေးရာဦးစီးဌာနမှ ချမ်းအေးသာစံမြို့နယ်၊ ဈေးချိုတော်သို့ စားသုံးသူအကာအကွယ်ပေးရေး အသိပညာပေး ဟောပြောခြင်းနှင့် ကွင်းဆင်းစစ်ဆေးခြင်းဆောင်ရွက်

မန္တလေးတိုင်းဒေသကြီး၊ စားသုံးသူရေးရာဦးစီးဌာနအနေဖြင့် စားသုံးသူ အကာအကွယ်ပေးရေး လုပ်ငန်းများကို စဉ်ဆက်မပြတ် ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်လျက်ရှိရာ ထုတ်ကုန်များ လုံခြုံစိတ်ချရမှု ရှိစေရေးအတွက် ရည်ရွယ်၍ ဈေးကွက်စောင့်ကြည့်စစ်ဆေးခြင်းလုပ်ငန်းအား ဒီဇင်ဘာလ ၂၄ ရက်တွင် ဈေးချိုတော်သို့ မန္တလေးတိုင်းဒေသကြီး၊ စားသုံးသူရေးရာဦးစီးဌာနမှ ဒုတိယတိုင်းဒေသကြီး ဦးစီးမှူး ဦးဆန်းမြင့် ဦးဆောင်၍ မိတ်ဖက်ဌာနဆိုင်ရာများနှင့် ပူးပေါင်းကာ စားသုံးသူ အကာအကွယ်ပေးရေး အသိပညာပေးဟောပြောခြင်း၊ ကုန်ပစ္စည်းစစ်ဆေးခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ပါတယ်။

ဟောပြောပွဲတွင် ဒုတိယတိုင်းဒေသကြီးဦးစီးမှူး ဦးဆန်းမြင့်က ဌာန၏ မျှော်မှန်းချက်၊ ရည်မှန်းချက်များ၊ စားသုံးသူ အကာအကွယ်ပေးရေး ဥပဒေတွင် ပါရှိသည့် စားသုံးသူ၏ အဓိပ္ပာယ်ဖွင့်ဆိုချက်များ၊ စီးပွားရေး လုပ်ငန်းရှင်၏ အခွင့်အရေးနှင့် တာဝန်များ၊ စီးပွားရေး လုပ်ငန်းရှင်များအနေဖြင့် ကုန်စည်များ ထုတ်လုပ်ခြင်း၊ ကုန်သွယ်ခြင်းတို့ ပြုလုပ်ရာတွင် စားသုံးသူ ဘေးကင်းလုံခြုံရေးအတွက် ကုန်စည်များပေါ်တွင် မြန်မာဘာသာဖြင့်ဖြစ်စေ၊ မြန်မာနှင့်အခြားဘာသာ တွဲလျက်ဖြစ်စေ ဖော်ပြခြင်းအား ၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ ၂၆ ရက်တွင် ထုတ်ပြန်ပြီး (၆) လပြည့်မြောက်သည့်နေ့ ၂၀၁၉ ခုနှစ်၊ ဧပြီလ ၂၅ ရက်တွင် စတင်အာဏာ သက်ရောက်မည်ဖြစ်ကြောင်း အသေးစိတ် ရှင်းလင်းပြောကြားခဲ့ပြီး စိုက်ပျိုးရေးဦးစီးဌာနမှ ဒေါ်သီတာဟိန်းက ဟင်းသီးဟင်းရွက်များ ချက်ပြုတ် စားသောက်ရာတွင် အန္တရာယ် ကင်းစေရန်အတွက် ဆောင်ရန်၊ ရှောင်ရန်များကို ဟောပြောဆွေးနွေးခဲ့ပါတယ်။

ဆက်လက်ပြီး စားသုံးသူရေးရာ ဦးစီးဌာနမှ ဦးစီးမှူး ဦးမျိုးထွန်းက စားသုံးသူ၏ အခွင့်အရေးနှင့် တာဝန်များ၊ ပြစ်မှုနှင့် ပြစ်ဒဏ်များ၊ ဈေးကွက်အတွင်း ထုတ်ကုန်များ လုံခြုံစိတ်ချရမှု ရှိစေရေးအတွက် မိတ်ဖက်ဌာနများနှင့် ပူးပေါင်းကာ ကွင်းဆင်းစစ်ဆေး အသိပညာပေးခြင်း၊ ကုန်စည်နှင့် ဝန်ဆောင်မှုများ ဝယ်ယူသုံးစွဲရာတွင် နစ်နာဆုံးရှုံးမှုများရှိပါက တိုင်ကြားနိုင်သည့် နည်းလမ်းများ၊ စားသုံးသူ တိုင်ကြားမှုများကို ဖြေရှင်းဆောင်ရွက်လျက်ရှိသည့် အခြေအနေများကိုလည်း ဟောပြောဆွေးနွေးခဲ့ပြီး မိတ်ဖက်ဌာနများနှင့် ပူးပေါင်းကာ ကွင်းဆင်းစစ်ဆေးခဲ့ပြီး လက်ကမ်းစာစောင်များ ဖြန့်ဝေခဲ့ကြောင်း သတင်းရရှိပါတယ်။

**သီတာဝင်း (စားသုံးသူ၊ မန္တလေး)**

# ကောင်းမွန်သော Management ၏ အရေးပါမှုကဏ္ဍ

အေးသက်မွန် (မုံရွာ)




လူတိုင်းသည် နေ့စဉ်နှင့်အမျှ စီမံခန့်ခွဲမှုများပြုလုပ်နေကြရမြဲဖြစ်ပါတယ်။ အနည်းဆုံးတော့ မိမိ၏ တစ်နေ့တာဆောင်ရွက်ချက်များကိုစီမံခန့်ခွဲရမြဲဖြစ်ပါတယ်။ ဥပမာ- ဒီနေ့တော့ဖြင့် ငါမနက် ဘာလုပ်ရမယ်၊ နေ့လယ်ဘာလုပ်ရမယ် စသည်ဖြင့် time management လုပ်ကြရပါတယ်။ ထို့ကြောင့် မည်သည့်ကိစ္စမဆို management လုပ် ရာတွင် ကောင်းမွန်သော management ၊ မိမိလုပ်ဆောင်ရမည့် အရာအောင်မြင်အောင် ဆောင်ရွက်နိုင်သော management ဖြစ်ရန် လိုအပ်ပါသည်။ Management အား အဓိပ္ပာယ်ဖွင့်ဆိုရလျှင် organization တိုင်းမှာရှိပြီးသားဖြစ်သော goals တွေကို ထိရောက်မှုရှိပြီး စွမ်းဆောင်ရည်ပြည့်ဝစွာ ဆောင်ရွက်နိုင်ခြင်းကို ဆိုလိုပါတယ်။ Management လုပ်တဲ့အခါမှာ နည်းလမ်းအသွယ်သွယ်နဲ့ အောင်မြင်အောင် ဆောင်ရွက်လို့ရပါတယ်။ အဆင့်(၄)ဆင့်နဲ့ ကောင်းမွန်ပြီး ထိရောက်မှုရှိတဲ့ management တစ်ခုဖြစ်ဖို့ ဆောင်ရွက်တဲ့ နည်းလမ်းကိုဖော်ပြသွားမှာဖြစ်ပါတယ်။ အဆင့်(၄) ဆင့်မှာ ၁။ Planning ၂။ Organizing ၃။ Leading ၄။Controlling တို့ပဲဖြစ်ပါတယ်။

ပထမဆုံးဖြစ်တဲ့ Planning (စီမံကိန်းရေးဆွဲခြင်း)က Organization တစ်ခု ဒါမှမဟုတ် ဌာနတစ်ခုရဲ့ရည်မှန်းချက်တွေ မျှော်မှန်းချက်တွေကိုသတ်မှတ်ရမှာဖြစ်ပြီး၊ အဆိုပါရည်မှန်းချက် မျှော်မှန်းချက်တွေကိုပြည့်မီအောင် ဆောင်ရွက်ဖို့လိုအပ်တဲ့ Plan တွေရေးဆွဲရမှာဖြစ်ပါတယ်။Management ကောင်း၊ မကောင်းဟာ ရေးဆွဲထားတဲ့ Plan ကောင်းမကောင်းပေါ် မှာလည်း မူတည်နေပါတယ်။ ကိစ္စတစ်ခု လုပ်ငန်းစီမံကိန်းတစ်ခု ဆောင်ရွက်မယ်ဆိုရင် ကိုယ့်မှာဘာ resources အရင်းအနှီးတွေရှိလဲ။ အဲဒီအရင်းအနှီးတွေ၊ resources တွေကို ဘယ်လိုခွဲဝေသုံးစွဲမလဲ၊ ဘယ်လိုအစီအစဉ်တွေ ချပြီးဆောင်ရွက်မလဲဆိုပြီးလုပ်ဆောင်တာဟာ Plan ရေးဆွဲခြင်းပဲဖြစ်ပါတယ်။ Managerial planning ဆိုရင်လည်း ကိုယ့် Organization က future မှာဘာတွေလိုအပ်လဲ၊ အဲ့ဒါတွေကိုဘယ်လိုရအောင်လုပ်မလဲဆိုတာပါပဲ။

ဒုတိယအချက်ဖြစ်တဲ့ Organizing (စုပေါင်းဆောင်ရွက်ခြင်း) ကတော့ ချမှတ်ထားတဲ့ Planအပေါ် မှာ လိုက်ပါပူးပေါင်းဆောင်ရွက်ခြင်းပဲဖြစ်ပါတယ်။ Organizing မှာဆိုရင် assigning tasks၊ grouping tasks တို့ဆိုတဲ့ တာဝန်ခွဲဝေပေးမှုတွေdelegation authority လို့ခေါ်တဲ့ လုပ်ပိုင်ခွင့်တွေ ခွဲဝေပေးဖို့တွေပါလာပါတယ်။ လူတစ်ယောက် ဒါမှမဟုတ် အဖွဲ့အစည်းတစ်ခုကို တာဝန်တစ်ခုပေးအပ်လိုက်ပြီဆိုရင် ပေးအပ်လိုက်တဲ့ တာဝန်နဲ့သင့်လျော်တဲ့ လုပ်ပိုင်ခွင့်ပါ တစ်ပါတည်း ထည့်ပေးလိုက်မှ အဲ့ဒီတာဝန်ကိုကျေပွန်အောင် ထမ်းဆောင်နိုင်မှာပဲဖြစ်ပါတယ်။ ဥပမာနဲ့ပြောရရင် လူတစ်ယောက်ကို ပစ္စည်းတစ်ခု ဝယ်ခိုင်းလိုက်တယ်ဆိုရင် အဲ့ပစ္စည်းတန်ဖိုးက ၁၀၀၀ ဆိုပါစို့ ဒါပေမယ့် သူသွားဝယ်တဲ့အခါမှာ ဈေးတက်နေလို့ပဲဖြစ်စေ ၁၂၀၀ ဖြစ်နေပြီဆိုရင် သူဝယ်ရမလား၊ မဝယ်ရမလားဆိုတဲ့ ဆုံးဖြတ်ချက်ချဖို့ သူ့မှာဆုံးဖြတ်ချက်ချပိုင်ခွင့် ပေးထားဖို့လိုပါတယ်။ အဲ့လိုပဲ အဲ့ဒီပစ္စည်း ပြတ်နေတယ်ဆိုရင်လည်း အမျိုးတူတခြားပစ္စည်းဝယ်ခဲ့ရမလား မဝယ်ခဲ့ရဘူးလားဆိုတာ ဆုံးဖြတ်ချက်မျိုး ချပိုင်ခွင့်ရှိနေဖို့လိုပါတယ်။ သို့မှသာ သူ့ကိုတာဝန်ပေးအပ်လိုက်တဲ့ ပစ္စည်းဝယ်ခြင်းကို တာဝန်ကျေပွန်စွာ ထမ်းဆောင်နိုင်မှာပဲဖြစ်ပါတယ်။ ဒါကြောင့် management လုပ်သူဟာ Organizing ကို မေ့ထားလို့မရပါဘူး။

တတိယအချက်ဖြစ်တဲ့ Leading လို့ခေါ်တဲ့ ဦးဆောင်မှု၊ ခေါင်းဆောင်မှုကလည်း management လုပ်ရာမှာအရေးပါလှပါ တယ်။ ဦးဆောင်မှု၊ ခေါင်းဆောင်မှုလုပ်ခြင်းမှာ ရာထူးနဲ့တာဝန်ပေးချက်အရလုပ်ဆောင်ရတာရှိသလို လူမှုဆက်ဆံရေး၊ ပေါင်းသင်းဆက်ဆံရေး ကောင်းမွန်မှုကြောင့်ခေါင်းဆောင်ရခြင်းတွေ လုပ်ခိုင်းရတာမျိုးတွေရှိပါတယ်။ Organization တစ်ခုမှာ management လုပ်သူတစ်နည်းအားဖြင့် manager လို့ခေါ်တဲ့သူတွေဟာ ခေါင်းဆောင်မှုလုပ်ဆောင်နိုင်သူတွေဖြစ်ဖို့လိုအပ်ပါတယ်။ Organization တိုင်းမှာ မတူညီတဲ့ culture တွေ သဘောသဘာဝ တွေရှိနေပါတယ်။ အဲ့လိုပဲ မိမိ Organization မှာဘယ်လိုculture တွေ ရှိတယ်ဆိုတာကို management လုပ်မယ့်သူကသိထားဖို့လိုပါတယ်။ နောက်ပြီးကိုယ် Leading လုပ်ရမယ့် ဝန်ထမ်းတွေအဖွဲ့ဝင်တွေရဲ့ သဘောသဘာဝကို သိထားဖို့လည်းလိုပါတယ်။ ဘာကြောင့်လဲဆိုတော့ ကိုယ်နဲ့အတူ ပူးပေါင်းဆောင်ရွက်မယ့် ဝန်ထမ်းတွေ အဖွဲ့ဝင်တွေကို motivate လုပ်ပြီးကိုယ့် organization ရဲ့ goal ကိုရရှိအောင်ဆောင်ရွက်နိုင်မှာမို့ပဲဖြစ်ပါတယ်။ organization မှာလူတိုင်း ကတော့ကိုယ့်အလုပ်တာဝန်ကိုကျေပွန်အောင် ဆောင်ရွက်နေကြ တယ် ဆိုပေမယ့်ခေါင်းဆောင်မှုကတော့ လိုအပ်တာပဲဖြစ်ပါတယ်။ ဥပမာ ပေးရရင် သူငယ်ချင်းတွေစုပြီး ခရီးထွက်မယ်ကိစ္စလိုဟာမျိုးလေးမှာတောင် ခေါင်းဆောင်မှုက အရေးပါလှပါတယ်။ ဘယ်သူက ဦးဆောင်ပြီးလူစုမှာလဲ၊ ဘယ်သူက ကားလက်မှတ်ဝယ်ပေးမှာလဲ၊ တည်းခိုဖို့ ဘယ်သူစီစဉ်မှာလဲ စသဖြင့်ပေါ့။ ကိစ္စအရပ်ရပ်မှာ ဦးဆောင်ဦးရွက်ပြုမယ့်သူကတော့ လိုအပ်နေတာပဲဖြစ်ပါတယ်။ ဒါကတော့ ဦးဆောင်ဦးရွက်ပြုမှုခေါင်းဆောင်မှု အခန်းကဏ္ဍ အရေးပါမှုတွေပါပဲ။

နောက်ဆုံးအဆင့်ဖြစ်တဲ့ Controlling ကို Management မှာ ထိန်းချုပ်ခြင်းလို့ ပြောတာထက် စောင့်ကြည့်တယ်၊ ပြန်လည်သုံးသပ်တယ်လို့ဆိုလို့ရပါတယ်။ ကိုယ့်ရဲ့အဖွဲ့ဝင်တွေ၊ဝန်ထမ်းတွေရဲ့ လုပ်ဆောင်ချက်တွေ တိုးတက်လာသလား။ဘယ်နေရာမှာလိုအပ်ချက်တွေရှိနေလဲစသဖြင့်ပြန်လည်သုံးသပ်တာတွေနောက်ပြီး organization ရဲ့ရည်ရွယ်တဲ့ မျှော်မှန်းချက်တွေ၊ ရည်မှန်းချက်တွေ ပန်းတိုင် တွေကို ရအောင် လုပ်ဆောင်နိုင်ရဲ့လား စောင့်ကြည့်စစ်ဆေးတာတွေနဲ့ ပြန်လည်ပြင်ဆင်ရမယ့်အရာတွေ၊ လိုအပ်ချက်တွေကိုပြန်လည်ပြင်ဆင်ရမယ့် အရာတွေ၊လိုအပ်ချက်တွေကို ဖြည့်ဆည်း ခြင်းတွေတစ်ဦးချင်း သို့မဟုတ် အဖွဲ့အလိုက်လုပ်ဆောင် ချက်တွေကိုအကဲဖြတ်တာတွေဟာ Controlling အပိုင်းမှာ လုပ်ဆောင်ရမယ့်အရာတွေပဲဖြစ်ပါတယ်။

Management function အရ ပြောရလျှင် မိမိတို့မှာရှိတဲ့ Resources တွေဖြစ်တဲ့ လူသားအရင်းအမြစ်တွေငွေ အရင်းအနှီးတွေ ကုန်ကြမ်းတွေ နည်းပညာတွေနဲ့ သတင်းအချက်အလက်တွေကို အသုံးချပြီး Planning,Organizing, Leading Controlling လုပ်ဆောင်ပြီး မိမိရည်ရွယ်တဲ့ ပန်းတိုင်တွေ ရည်မှန်းချက်တွေ မျှော် မှန်းချက်တွေကို ထိထိရောက်ရောက် အောင်အောင်မြင်မြင် ရရှိအောင် ဆောင်ရွက်ခြင်းပဲဖြစ်ပါတယ်။

Management လုပ်ဆောင်တဲ့သူတွေမှာ skills (၃)မျိုးရှိဖို့ လိုအပ်ပါတယ်။ Conceptual skills လို့ ခေါ်တဲ့ဆင်ခြင်တွေးတောဆုံးဖြတ်နိုင်တဲ့ အရည်အချင်း၊ Human skills လို့ခေါ်တဲ့ လူမှုပေါင်းသင်းဆက်ဆံရေးအရည်အချင်း Technical skills လို့ခေါ်တဲ့ လုပ်ငန်းပိုင်းဆိုင်ရာ ကျွမ်းကျင်မှုတွေရှိဖို့လိုအပ်ပါတယ်။ Management လုပ်သူ လေးမျိုးခွဲခြားပြီး skills သုံးမျိုးနှင့် ချိတ်ဆက်ကြည့်ခြင်းပဲဖြစ်ပါတယ်။ Manager တွေအားလုံးဟာ ဒီ skills(၃)မျိုးလုံးရှိဖို့ လိုအပ်ပြီး management လုပ်ရတဲ့ အဆင့်အလိုက် များများရှိရမှာနဲ့ နည်းနည်းရှိရမှာပဲ ကွဲပြားသွားပါတယ်။




ပုံမှာပြထားတဲ့အတိုင်း ဆွေးနွေးရလျှင် Management မှာ ထိပ်ဆုံးမှာရှိတဲ့တွေကတော့ organization တစ်ခုလုံးရဲ့ တာဝန်ကို ကိုင်တွယ်ဖြေရှင်းဆောင်ရွက်ရသူတွေဖြစ်ပါတယ်။ ထိပ်ဆုံး အဆင့်ဖြစ်တဲ့ top managers တွေဟာ Conceptual skills အများဆုံး လိုအပ်ပါတယ်။ သူတို့ဟာ top မှာရှိနေတဲ့အတွက် decision ချမှတ်တာတွေ ဆောင်ရွက်ရသူတွေဖြစ်တာကြောင့် ဒီ conceptual skill အများဆုံးရှိမှသာသင့်တော်တဲ့ ဆုံးဖြတ်ချက်တွေချမှတ်နိုင်မှာပဲဖြစ်ပါတယ်။ ဒါ့အပြင် လူမှုပေါင်းသင်းဆက်ဆံရေးလည်း ကောင်းမွန်ဖို့ လိုအပ်ပါတယ်။ technical skill ကတော့ အများကြီး မလိုအပ်ဘူးဆိုတာကတော့ သူတို့မှာလုပ်ငန်းမှာ ထဲထဲဝင်ဝင်ကိုယ်တိုင်ကိုယ်ကျ ဝင်ရောက်လုပ်ကိုင်ဖို့မလိုပေမယ့် လုပ်ငန်းသဘောတရားကိုခြုံငုံပြီး သိရှိနားလည်ထားဖို့လိုအပ်လို့ပဲဖြစ်ပါတယ်။

ဒုတိယအဆင့် စီမံခန့်ခွဲသူတွေကတော့ organization က unit တွေအလိုက် တာဝန်ရှိသူတွေပဲဖြစ်ပါတယ်။ Middle manager လို့ခေါ်တဲ့ ဒုတိယအဆင့်စီမံခန့်ခွဲသူတွေမှာတော့ အများဆုံးရှိသင့်တဲ့ skills ဟာ Human skills လို့ခေါ်တဲ့ လူမှုဆက်ဆံရေးကျွမ်းကျင်မှုပါပဲ။ Middle manager တွေဟာ အထက်ကစီမံခန့်ခွဲသူတွေနဲ့လက်အောက်ဝန်ထမ်းတွေရဲ့ကြားမှာ ရှိနေတဲ့အတွက် အထက်နဲ့လုပ်ဆောင်ချက်တွေ အဆင်ပြေအောင် ဆောင်ရွက်ရသလိုလက်အောက်က ဝန်ထမ်းတွေနဲ့လည်း ပေါင်းသင်းဆက်ဆံရေးကောင်းမွန်အောင် တည်ဆောက်ဖို့လိုအပ်ပါတယ်။ နောက်ပြီး middle manager တွေဟာ ရာထူးနဲ့ လျော်ညီတဲ့ဆုံးဖြတ်ချက်တွေ ချမှတ်ရသူတွေဖြစ်တာကြောင့် conceptual skills လည်း များများရှိဖို့လိုအပ်ပါတယ်။ အဲ့လိုပဲ technical skills ကျွမ်းကျင်ဖို့လည်းလိုအပ်ပါတယ်။

တတိယlevelဖြစ်တဲ့ စီမံခန့်ခွဲသူတွေကတော့ ထုတ်လုပ်မှု / ဝန်ဆောင်မှုကဏ္ဍမှာတာဝန်ရှိတဲ့သူတွေဖြစ်ပါတယ်။ တတိယအဆင့် စီမံခန့်ခွဲသူတွေထဲမှာ functional manager , general manager တွေ ပါဝင်ပြီး organization ရဲ့ လုပ်ငန်းဆောင်ရွက်ချက်တွေ လုပ်ဆောင်ရသူတွေလည်းဖြစ်ပါတယ်။ တတိယအဆင့်စီမံခန့်ခွဲသူတွေကတော့ human skills အများဆုံးရှိဖို့ လိုအပ်ပါတယ်။ technical skills လည်း များများရှိဖို့ လိုအပ်ပါတယ်။ သူတို့ဟာ လက်တွေ့နယ်ပယ်မှာ လုပ်ဆောင်ကြရတဲ့သူတွေဖြစ်တာကြောင့် conceptual skills အတော်အသင့်ရှိရုံနဲ့ လုံလောက်ပါတယ်။

နောက်ဆုံး Level ဖြစ်တဲ့ non-managers လို့ခေါ်တဲ့ လက်တွေ့နယ်ပယ်မှာ ထဲထဲဝင်ဝင် လုပ်ဆောင်ရသူတွေဟာ technical skills ဖြစ်တဲ့ လုပ်ငန်းကျွမ်းကျင်မှုရှိဖို့ အထူးလိုအပ်ပါတယ်။ အဲဒီလိုပဲ human skills နဲ့ conceptual skills လည်း အထိုက်အသင့် ရှိဖို့လိုအပ်ပါတယ်။ Management လုပ်တဲ့အခါမှာ အောင်မြင်ပြီး ကောင်းမွန်သင့်တော်တဲ့ရလဒ်တွေ ပေါ်ထွက်လာနိုင်သလို ကျရှုံးမှုတွေ မအောင်မြင်မှုတွေဖြစ်တတ်တာကိုလည်း မေ့ထားလို့မရပါဘူး။ Management failure ဖြစ်စေတဲ့အချက်တွေကတော့-

၁။ မိမိရဲ့ Customers တွေရဲ့ feedback တွေကို နားထောင် မှုမရှိခြင်း။
၂။ ဈေးကွက်ရဲ့လိုအပ်ချက်တွေကိုသေချာမသိခြင်း။
၃။ Teamsတွေကိုခိုင်ခိုင်မာမာတည်ဆောက်ထားမှုမရှိခြင်း။
၄။ နည်းဗျူဟာတွေ plans တွေကို သူများနဲ့မတူ ကွဲပြားစွာ ထူးခြားစွာ ချမှတ်နိုင်မှုမရှိခြင်း။
၅။ အချိန်နဲ့ တစ်ပြေးညီပြောင်းလဲနေတဲ့ ခေတ်ရေစီးကြောင်းမှာ ပြောင်းလဲမှုလိုက်ပါ ဆောင်ရွက်နိုင်မှုမရှိခြင်း။
၆။ လူမှုဆက်ဆံရေး၊ပေါင်းသင်းဆက်ဆံရေးနှင့် ပတ်ဝန်းကျင်နဲ့ ချိတ်ဆက်မှု အားနည်းချက်တွေရှိခြင်းတို့ကြောင့်ပဲ ဖြစ်ပါတယ်။

Management လုပ်တဲ့အခါမှာ မိမိရဲ့Management ကို ကျရှုံးစေတဲ့ အောင်မြင်မှုမရစေနိုင်တဲ့ အချက်တွေကို ဂရုပြုပြီး Manager ကောင်းတစ်ယောက်ဖြစ်ရန် Management ကောင်းမွန်သူ တစ်ယောက်ဖြစ်ရန် လိုက်နာဆောင်ရွက်သင့်တဲ့အချက်တွေနဲ့ skills တွေကို သိရှိစေရန်ဖော်ပြလိုက်ခြင်းဖြစ်ပါသည်။

# နိုင်ငံတော်အတိုင်ပင်ခံကိုယ်တိုင် တက်ရောက်၍ ပန္နက်တော်တင်သည့် ရန်ကုန်-ဒလ မြစ်ကူးတံတားစီမံကိန်းကို ၃ လအတွင်း စတင်လုပ်ဆောင်မည်

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ကိုယ်တိုင် တက်ရောက်၍ ပန္နက်တော်တင်ခဲ့သည့် ရန်ကုန်- ဒလမြစ်ကူးတံတားစီမံကိန်း၏ တည်ဆောက်ရေးလုပ်ငန်းကို သုံးလအတွင်း စတင်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ မြစ်ကူးတံတားစီမံကိန်းမှာ မြန်မာ- ကိုရီးယားချစ်ကြည်ရေးအတွက် လုပ်ဆောင်ခြင်းဖြစ်ပြီး ယခုနှစ်မှ ၂၀၂၂ ခုနှစ်အတွင်း အပြီးတည်ဆောက်မည်ဖြစ်ကြောင်း ဆောက်လုပ်ရေးဝန်ကြီးဌာနမှ သိရသည်။

မြစ်ကူးတံတားစီမံကိန်း ပြီးစီးပါက ဇရိယာအကျယ်အဝန်း ၈၆ ဒသမ ၅ စတုရန်းမိုင်ရှိ ဒလမြို့နယ်၏ မြို့ပြဖွံ့ဖြိုးတိုးတက်မှုအပါအဝင် လူမှုရေး၊ စီးပွားရေး၊ လမ်းပန်းဆက်သွယ်ရေးများ အဆင်ပြေ ချောမွေ့လာမည်ဖြစ်သလို တစ်ပြိုင်တည်း ဖွံ့ဖြိုးတိုးတက်ရန်အတွက်ကိုလည်း ဒေသခံများ မျှော်လင့်ကြကြောင်း သိရသည်။

အဆိုပါမြစ်ကူးတံတား စီမံကိန်းမှာ ယခင်အစိုးရလက်ထက်ကတည်းက အကောင်အထည်ဖော်ခဲ့ခြင်း ဖြစ်သော်လည်း ကန့်ကွက်မှုများရှိခဲ့ကြောင်း သိရသည်။

လက်ရှိတွင် နိုင်ငံတော်အတိုင်ပင်ခံကိုယ်တိုင် တက်ရောက်၍ ပန္နက်တော်တင်ခဲ့သည့်အတွက် တံတားတည်ဆောက်ရန် ရာခိုင်နှုန်းများစွာ ဖြစ်ပေါ်လာသလို ဒေသခံများ၏ မျှော်လင့်ချက်မှာလည်း ပိုမိုခိုင်မာလာကြောင်း၊ ထို့အပြင် ဒလမြို့နယ်ရှိ အိမ်ခြံမြေဈေးကွက်အနေအထားမှာလည်း တစ်ဖြည်းဖြည်းချင်း တိုးတက်လာနိုင်ချေရှိကြောင်း အိမ်ခြံမြေလုပ်ငန်း လုပ်ကိုင်သူအချို့က သုံးသပ်ပြောဆိုကြသည်။

ချောစု



# ပြည်တွင်းစီးပွားရေး ကဏ္ဍများတွင် တန်းတူညီမျှသည့် ယှဉ်ပြိုင်မှုမျိုးရှိရန် လိုအပ်နေ

ပြည်တွင်းစီးပွားရေးကဏ္ဍများတွင် တန်းတူညီမျှသည့် ယှဉ်ပြိုင်မှုမျိုးရှိရန် လိုအပ်နေသေးကြောင်း Myanmar Distillery ကုမ္ပဏီမှ ဥက္ကဋ္ဌ ဦးအောင်မိုးကျော်က ပြောသည်။

"ကျွန်တော်တို့ချည်းပဲလည်း အခွန်ထမ်းနေလို့မရပါဘူး။ ပြည်တွင်းကပဲဖြစ်ဖြစ်၊ ပြည်ပကပဲဖြစ်ဖြစ် သတ်မှတ်အခွန်နှုန်းထားကို ပေးဆောင်ပြီး တန်းတူညီမျှစွာ ယှဉ်ပြိုင်မှုရမှာပါ။ ဒါမှလည်း ပြည်တွင်းသုံးစွဲသူတွေက ပြည်ပကတင်သွင်းလာတာတွေကို သင့်တော်တဲ့ ဈေးနှုန်းနဲ့ ဝယ်ယူ သုံးစွဲနိုင်မှာဖြစ်ပါတယ်။ ဒေသတွင်း သုံးစွဲမှုအတွက် မှောင်ခိုမပြုလုပ်ဘဲ တန်းတူယှဉ်ပြိုင်စေချင်ပါတယ်" ဟု Myanmar Distillery မှ ကုမ္ပဏီ ဥက္ကဋ္ဌ ဦးအောင်မိုးကျော်က ပြောသည်။

Myanmar Distillery ကုမ္ပဏီသည် ၂၀၁၇- ၂၀၁၈ ခုနှစ် စည်းကြပ်နှစ်အတွက် အထူးကုန်စည်ခွန် ပေးဆောင်သော အခွန်ထမ်းများစာရင်းတွင် အဆင့် ၃ နှင့် ကုန်သွယ်လုပ်ငန်းခွန် ပေးဆောင်သော အခွန်ထမ်းစာရင်းတွင် အဆင့် ၆ နေရာ၌ ရပ်တည်လျက်ရှိကြောင်း သိရသည်။

Myanmar Distillery အနေဖြင့် မြန်မာနိုင်ငံ၏ အကြီးဆုံးအခွန်ထမ်းဆောင်သူ ငါးဦးတွင် တစ်ဦး အပါအဝင်ဖြစ်သလို ၎င်းတို့၏ CSR လုပ်ငန်းစဉ်ဖြစ်သည့် Clean Water Project စီမံကိန်းကိုလည်း စဉ်ဆက်မပြတ် လုပ်ဆောင်နေကြောင်း၊ လာမည့်နှစ်ဆန်းပိုင်းတွင်လည်း အဆိုပါအစီအစဉ်ကို ဆက်လက်လုပ်ဆောင်သွားမည့်အပြင် အခြားသော စီမံကိန်းများကိုလည်း အကောင်အထည်ဖော်လုပ်ဆောင်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ကုမ္ပဏီအနေဖြင့် အမေရိကန်နိုင်ငံ ကုန်သည်ကြီးများအသင်းမှ ပေးသည့် CSR လုပ်ငန်း အကောင်းဆုံးဆုကို ၃ နှစ်တိတိ လက်ခံရရှိပြီးဖြစ်ကြောင်း၊ ထို့အပြင် လုံခြုံစိတ်ချရသည့် ကုန်စည်ပို့ဆောင်မှုလုပ်ငန်းတွင်လည်း the sustainable freight transport and logistic in the mekong region ဆုကိုလည်း ရရှိခဲ့ကြောင်း သိရသည်။

ချောစု

# ကုန်သွယ်မှုအခွင့်အရေးဆက်လက် ခံစားခွင့်ပြုမှသာ နိုင်ငံဖွံ့ဖြိုးတိုးတက်မှုများ ဆောင်ရွက်နိုင်မည်ဟု UMFCCI ဆို

မြန်မာနိုင်ငံအား ကုန်သွယ်မှုဆိုင်ရာ အထူးအခွင့်အရေး (GSP^EBA)ကို ဆက်လက်ခံစားခွင့်ပြုမှသာ ဖွံ့ဖြိုးတိုးတက်မှုများကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း မြန်မာနိုင်ငံ ကုန်သည်/စက်မှုအသင်းချုပ်က ဥရောပသမဂ္ဂ တာဝန်ရှိသူများနှင့် တွေ့ဆုံစဉ်ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

မြန်မာနိုင်ငံကုန်သည်/စက်မှုအသင်းချုပ် တွဲဖက် အထွေထွေအတွင်းရေးမှူး၊ မြန်မာနိုင်ငံ အထည်ချုပ်လုပ်ငန်းရှင်များအသင်း အထွေထွေအတွင်းရေးမှူးချုပ် ဒေါ်ခိုင်ခိုင်နွယ်သည် ဘယ်လ်ဂျီယံနိုင်ငံဆိုင်ရာ မြန်မာသံရုံးမှ စီးပွားရေးသံမှူးဦးတင့်ဇော်ညွန့်နှင့်အတူ ဒီဇင်ဘာ ၁၁ ရက်က ဥရောပကော်မရှင်၊ ကုန်သွယ်ရေးဌာနရုံးချုပ်၌ ကုန်သွယ်ရေးဌာန (Directorate -General For Trade) နှင့် အလုပ်အကိုင်နှင့် လူမှုရေးရာဌာန (Directorate-General For Employment, Social Affairs and Inclusion) တို့မှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် (GSP/EBAw) ဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးရာတွင် ယခုလိုထည့်သွင်းဆွေးနွေးခဲ့ခြင်းဖြစ်သည်။

ဥရောပကော်မရှင်မှ GSPဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များကလည်း မြန်မာနိုင်ငံတွင် များပြားလှစွာသော စိန်ခေါ်မှုများရှိနေသော်လည်း အထည်ချုပ်လုပ်ငန်းများ၏ ဖွံ့ဖြိုးတိုးတက်မှုများနည်းတူ အခြားသောလုပ်ငန်းကဏ္ဍများကိုလည်း ဖွံ့ဖြိုးတိုးတက်လာစေလိုပါကြောင်း၊ စိန်ခေါ်မှုဖြစ်နေသော အစမ္ပခိုင်းစေမှုများ၊ ကလေးလုပ်သားများ ပပျောက်စေရေးအတွက် မြန်မာစီးပွားရေးလုပ်ငန်း အဖွဲ့အစည်းအသီးသီးမှ အစိုးရနှင့်ပူးပေါင်း ဆောင်ရွက်မှုသာ လူ့အခွင့်အရေးနှင့် လုပ်သားအခွင့်အရေးကို လေးစားသော ဒီမိုကရေစီစနစ်ကို ဖော်ဆောင်နိုင်မည် ဖြစ်ပါကြောင်း၊ ဥရောပသမဂ္ဂမှလည်း နိုင်ငံ့စီးပွားရေးအောင်မြင်မှုကို မြင်တွေ့လိုပါကြောင်းနှင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် တတ်အားသရွေ့ ပံ့ပိုးကူညီသွားမည်ဟု ပြောကြားခဲ့ကြောင်း သိရသည်။

ဥရောပသမဂ္ဂသည် မြန်မာနိုင်ငံ၏ လတ်တလော ဖြစ်ပေါ်နေသောကိစ္စရပ်များကို အခြေခံ၍ မြန်မာနိုင်ငံသို့ ခံစားခွင့်ပြုထားသော (GSP/EBA)အခွင့်အရေးအပေါ် လေ့လာစောင့်ကြည့်နေချိန်တွင် မြန်မာနိုင်ငံ၏ GSP ရရှိပြီးချိန်မှစ၍ ဖွံ့ဖြိုးတိုးတက်လာလျက်ရှိသော လုပ်သား ဈေးကွက်အခြေအနေနှင့် ပြောင်းလဲဖြစ်ပေါ်လာနိုင်ဖွယ်ရာရှိသော သက်ရောက်မှုများကို အထည်ချုပ်လုပ်ငန်းများအပါအဝင် စီးပွားရေးလုပ်ငန်းများကိုယ်စား ဆွေးနွေးတင်ပြရန် မြန်မာနိုင်ငံ ကုန်သည်/စက်မှုအသင်းချုပ်က သွားရောက် ဆွေးနွေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

သန်းထိုက်အောင်

# လာမည့်နှစ်သစ်တွင် ပင်စင်စား ဝန်ထမ်းများ၏ ပင်စင်လစာ တိုးမြှင့် ခံစားခွင့်ပြု

လာမည့် ၂၀၁၉ ခုနှစ် ဇန်နဝါရီ ၁ ရက်မှစတင်၍ အငြိမ်းစားဝန်ထမ်းများ၏ ပင်စင်လစာကို တိုးမြှင့်ခံစားခွင့် ပြုလိုက်ပြီဖြစ်ကြောင်း စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၏ အမိန့်ကြော်ငြာစာအရ သိရသည်။

အမိန့်ကြော်ငြာစာတွင် ယခုနှစ် ဧပြီ ၁ ရက်မတိုင်မီ အငြိမ်းစားလစာခံစားသည့် ပင်စင်စားများ၏ ပင်စင်ခံစားခွင့်ကို လက်ရှိတာဝန်ထမ်းဆောင်နေသည့် ဝန်ထမ်းများ အငြိမ်းစားယူပါက ရရှိမည့်ပင်စင်ခံစားခွင့်အတိုင်း တိုးမြှင့်ခံစားခွင့်ပြုခြင်းဖြစ်ကြောင်း သိရသည်။

"အရင်ကယူထားတဲ့ပင်စင်စားရော အခုနောက်ပိုင်းမှ ပင်စင်ယူတဲ့သူရော ခံစားခွင့်တူတူဖြစ်သွားပါပြီ"ဟု စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ထို့အပြင် တိုးမြှင့်ပင်စင်လစာကို သတ်မှတ်လစာနှုန်းထားများအပေါ် အခြေပြု၍ ပင်စင်နည်းဥပဒေနှင့်အညီ တွက်ချက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ချောစု

# နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုအဖြစ် အမေရိကန်ဒေါ်လာသန်း ၄၀၀ ကျော်ကို နိဝင်ဘာလအတွင်း ခွင့်ပြုပေးခဲ့

နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုအဖြစ် အမေရိကန်ဒေါ်လာ သန်းလေးရာကျော်ကို ယခုနှစ် နိဝင်ဘာလအတွင်း ခွင့်ပြုပေးခဲ့ကြောင်း မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်မှ သိရသည်။

နိဝင်ဘာလအတွင်း ပို့ဆောင် ဆက်သွယ်ရေးကဏ္ဍတွင် အမေရိကန် ဒေါ်လာသန်း ၁၇၀ ကျော်၊ စက်မှုကဏ္ဍတွင် ရင်းနှီးမြှုပ်နှံမှု တိုးမြှင့်ခြင်း အပါအဝင် အမေရိကန်ဒေါ်လာ ၈၆ သန်းကျော်၊ ဟိုတယ်နှင့် ခရီးသွားကဏ္ဍတွင် ရင်းနှီးမြှုပ်နှံမှု တိုးမြှင့်ခြင်းအပါအဝင် အမေရိကန် ဒေါ်လာ ၄ သန်းကျော်၊ မွေးမြူရေးနှင့် ရေလုပ်ငန်းကဏ္ဍတွင် ရင်းနှီးမြှုပ်နှံမှု တိုးမြှင့်ခြင်းအပါအဝင် အမေရိကန်ဒေါ်လာ ၁၆ သန်းကျော်၊ အခြားဝန်ဆောင်မှုကဏ္ဍတွင် အမေရိကန်ဒေါ်လာ ၁၃၈ သန်းကျော်နှင့် လယ်ယာကဏ္ဍတွင် အမေရိကန်ဒေါ်လာ ၁၀ သန်းကျော်၊ စုစုပေါင်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတန်ဖိုး အမေရိကန် ဒေါ်လာ ၄၂၈ ဒသမ ၄၀၈ သန်းကို ခွင့်ပြုပေးနိုင်ခဲ့ပြီး ပြည်တွင်းလုပ်သားများအတွက် အလုပ်အကိုင်အခွင့်အလမ်းပေါင်း ၁၁၂၈ ခုကို ဖန်တီးပေးနိုင်ခဲ့ကြောင်း သိရသည်။

ထို့ပြင် နိုင်ငံသားရင်းနှီးမြှုပ်နှံမှုအဖြစ် နိဝင်ဘာလအတွင်း အိမ်ရာအဆောက်အဦတည်ဆောက်ဖွံ့ဖြိုးမှုကဏ္ဍတွင် ကျပ် ၂ ဘီလီယံကျော်၊ စက်မှုကဏ္ဍတွင် ကျပ် ၁၇၁ ဘီလီယံကျော်၊ဟိုတယ်နှင့် ခရီးသွားကဏ္ဍတွင် ကျပ်သန်း ၈၀၀၊ သတ္တုတူးဖော်ရေးကဏ္ဍတွင် ကျပ် ၁၆ ဘီလီယံကျော်၊လျှပ်စစ်ဓာတ်အားကဏ္ဍတွင် ကျပ် ၅ ဒသမ ၉ ဘီလီယံနှင့် အခြားဝန်ဆောင်မှုကဏ္ဍတွင် ကျပ် ၂၇ ဘီလီယံကျော်ကို ခွင့်ပြုပေးခဲ့ပြီး အလုပ်အကိုင်အခွင့်အလမ်းပေါင်း ၂၁၇၄ ခုကို ဖန်တီးပေးနိုင်ခဲ့ကြောင်း သိရသည်။

တာဝန်ယူမှုရှိသော ရင်းနှီးမြှုပ်နှံမှုများ ပိုမိုစီးဝင်လာစေရေးနှင့် လာမည့်နှစ် ၂၀ အတွင်း ရင်းနှီးမြှုပ်နှံမှုပမာဏ အမေရိကန်ဒေါ်လာ ၂၀၀ ဘီလီယံကျော် ရရှိစေရန် မျှော်မှန်း ရေးဆွဲထားသည့် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရေးစီမံကိန်းကိုလည်း အများပြည်သူသို့မိတ်ဆက်တင်ပြထားကြောင်း သိရသည်။ **သန်းထိုက်အောင်**

# ကုန်ပစ္စည်းများတင်ပို့ခြင်း၊ တင်သွင်းခြင်းနှင့် Inspection , Quarantine System အကြောင်း

**ယခင်တစ်ပတ်မှအဆက်**

အဆိုပါစနစ်သည် မိမိဒေသတွင်းသို့ တင်သွင်းသော ကုန်ပစ္စည်းများအတွက်သာမကဘဲ အခြားပြည်ပနိုင်ငံများသို့တင်ပို့သော ပို့ကုန်များ အတွက်ပါ အရည်အသွေးအာမခံချက်ကို ဖော်ဆောင်နိုင်မည်ဖြစ်ပေသည်။ နိုင်ငံ၏ အရေးကြီးသော ကဏ္ဍတစ်ခုဖြစ်သည့်အတွက် ဌာနတစ်ခုထဲက ဆောင်ရွက်ခြင်းမျိုးမဟုတ်ဘဲ ဌာနအသီးသီးရှိ ကဏ္ဍအသီးသီးက ပါဝင်ဆောင်ရွက်ရန် အထူးလိုအပ်လှပေသည်။

အဆိုပါစနစ်နှင့်ပတ်သက်၍ စနစ်၏ ဆောင်ရွက်ပုံများနှင့် မြန်မာ့စိုက်ပျိုးရေး ပို့ကုန်များအတွက် အရေးပါသောအချက်အလက်များပါ သိရှိနိုင်စေရန် တရုတ်နိုင်ငံ၏ Inspection, Quarantine System ကို ကိုးကား၍ တင်ပြလိုပါသည်။ တရုတ်နိုင်ငံသည် ကုန်ပစ္စည်းများထုပ်ပိုးရာတွင် အသုံးပြုသော ထင်းရှူးသေတ္တာများမှတစ်ဆင့် နီမတုတ်ပိုးပျံ့နှံ့မှုကြောင့် ဒေါ်လာ ၄ ဘီလီယံခန့် ဆုံးရှုံးခဲ့ဖူးသော သာဓက ရှိခဲ့ဖူးသည်။ ထို့ကြောင့် Inspection, Quarantine System ကို အလေးထား ဆောင်ရွက်လာခြင်းဖြစ်ပါသည်။ တရုတ်နိုင်ငံတွင် အဆိုပါစနစ်အတွက် ယခင်က တရုတ်နိုင်ငံတွင် (General Administration of Quality Supervision, Inspection and Quarantine - AQSIQ) ဌာနမှ ဦးဆောင်၍ လုပ်ဆောင်ခဲ့သော်လည်း ယခုအခါ ၂၀၁၈ ခုနှစ် China Civil Service Reform အရ တရုတ်ပြည်သူ့သမ္မတနိုင်ငံ အကောက်ခွန်ကြီးကြပ်ကွပ်ကဲရေးအဖွဲ့ (General Administration of Customs of the People's Republic of China-GACC) က တာဝန်ယူ၍ ဦးဆောင် ဆောင်ရွက်လျက်ရှိပါသည်။ အဆိုပါစနစ်တွင် GACC အပြင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဈေးကွက်ထိန်းချုပ်ရေးနှင့် ကွပ်ကဲရေးအဖွဲ့ (SMRA)၊ ကျန်းမာရေးဝန်ကြီးဌာနနှင့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန (MOFCOM) တို့ပါပါဝင်၍ ပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။ Inspection and Quarantine System ကို ခွဲခြမ်းစိတ်ဖြာပါက ပို့ကုန်သွင်းကုန်စစ်ဆေးခြင်းနှင့် ပြည်တွင်း ကုန်သွယ်မှုဆိုင်ရာစစ်ဆေးခြင်းဟူ၍ နှစ်ပိုင်းရှိပါသည်။ အချို့သော နိုင်ငံများသည် စိုက်ပျိုးရေးထွက်ကုန်များ၊ ရေထွက်ပစ္စည်းများနှင့် အခြားစားသောက်ကုန်ပစ္စည်းများကို တင်သွင်းမှုပြုရာ၌ နှစ်ဖက် သဘောတူစာချုပ် bilateral agreement များ ချုပ်ဆို၍ ဝယ်ယူတင်သွင်းမှုပြုကြပါသည်။ အဆိုပါ သဘောတူညီချက်သည် အကောက်ခွန်မဲ့ အတားအဆီး (non-tariff barrier) ဖြစ်၍ နည်းပညာဆိုင်ရာ အတားအဆီး (Technical Measure) လည်းဖြစ်၍ WTO ၏ TBT agreement များချုပ်ဆို၍ အဖွဲ့ဝင် နိုင်ငံများအပေါ် ကြိုတင်အသိပေးကြေညာချက် ထုတ်ပြန်မှုမျိုး ကြိုတင်ပြုလုပ်ရန် လိုအပ်ပါသည်။ အိမ်နီးချင်း တရုတ်နိုင်ငံသည် အဆိုပါ bilateral agreement ကို အသုံးပြု၍ စိုက်ပျိုးရေးထွက်ကုန်များ၊ ရေထွက်ကုန်ပစ္စည်းများ စသည်တို့ကို ဝယ်ယူတင်သွင်းလျက်ရှိပါသည်။ တရုတ်နိုင်ငံသို့ စိုက်ပျိုးရေးထုတ်ကုန်များ ကွဲပြွန်းဆိတ်သိုးအစရှိသော တိရစ္ဆာန်များ တင်ပို့ရန်အတွက် အဆိုပါနိုင်ငံရှိ GACC မှ ချမှတ်ထားသော Inspection နည်းလမ်းများအတိုင်း စစ်ဆေးမှုခံယူရမည်ဖြစ်ပါသည်။ ယခင်က AQSIQ အဖွဲ့အစည်းမှ အဆိုပါကဏ္ဍအတွက် စစ်ဆေးမှုများပြုလုပ်ခဲ့သော်လည်း ယခုအခါတွင် AQSIQ သည် တရုတ်

**မောင်မောင် (CTQM)**

အကောက် ခွန်အဖွဲ့အစည်းနှင့်ပူးပေါင်း၍ GACC ဟူ၍ ဖွဲ့စည်းလိုက်ပြီဖြစ်ပါသည်။

တရုတ်နိုင်ငံသို့ တင်ပို့မည့် ကုန်ပစ္စည်းများအတွက် -

(က) ပထမအချက်အနေဖြင့် တရုတ်နိုင်ငံ၏ အစားအစာကျန်းမာသန့်ရှင်းမှုစည်းမျဉ်းများနှင့် အစားအစာဘေးကင်းလုံခြုံမှုဆိုင်ရာလုပ်ထုံးလုပ်နည်းများစသည်တို့နှင့်ညီညွတ်ရမည်ဖြစ်ပါသည်။

(ခ) ဒုတိယအချက်အနေဖြင့် စိုက်ပျိုးရေးထုတ်ကုန်များအတွက် GAP guideline များနှင့်အညီ စိုက်ပျိုးထုတ်လုပ်ရမည်ဖြစ်ပြီး၊ စိုက်ခင်းတစ်ခုစီမှ ထွက်ကုန်များအတွက် နောက်ကြောင်းပြန် ခြေရာခံလိုက်နိုင်သော (Traceability System) မှတ်တမ်းထားရှိရမည် ဖြစ်ပါသည်။ အဆိုပါစနစ်အတွက် တရုတ်နိုင်ငံသည် လက်ရှိအချိန်တွင် QR code စနစ် အသုံးပြုလျက်ရှိပါသည်။ တရုတ်နိုင်ငံ၏ စိုက်ခင်းများတွင် စိုက်ခင်းတစ်ခုစီ၌ တစ်ကြိမ် စိုက်ပျိုးတိုင်း QR code တစ်ခုထားရှိပြီး အဆိုပါ စိုက်ခင်းမှ ထွက်ကုန်တိုင်းအတွက် ထုပ်ပိုးရောင်းချရာတွင် ၎င်း code ကို ထုပ်ပိုးပစ္စည်းနှင့်အတူ ကပ်ပေးလျက်ရှိပါသည်။ စစ်ဆေးသူ(သို့) စားသုံးသူတစ်ယောက် အနေနှင့် ထို QR code ကို Scan ဖတ်လိုက်သည်နှင့် အဆိုပါသီးနှံ၏ စတင်စိုက်ပျိုးချိန်မှစ၍ ရိတ်သိမ်းခူးဆွတ်ပြီးချိန်၊ ထုပ်ပိုးချိန်၊ ဈေးကွက်အတွင်း သို့ သယ်ယူပို့ဆောင်ချိန်၊ ဈေးကွက်အတွင်း ရောက်ရှိချိန် စသည်တို့ကို mobile ဖုန်းတစ်လုံးရှိရုံမျှဖြင့် Traceability လိုက်နိုင်ပါသည်။ အဆိုပါစနစ်သည် အီလက်ထရောနစ်မှတ်တမ်းစနစ်ဖြစ်ပြီး၊ ဒေတာဆာဗာထား၍ စိုက်ပျိုးသီးနှံကို ဈေးကွက်အတွင်းသို့ ဖြန့်ဖြူးသည့်စနစ်ဖြစ်ပြီး ထွေထွေထူးထူးမဟုတ်ဘဲ ရိုးရှင်းလွယ်ကူသော စနစ်တစ်ခုဖြစ်ပါသည်။

(ဂ) တတိယအချက်အနေနှင့် ၎င်းတို့၏ GACC မှချမှတ်ထားသော စည်းမျဉ်းစည်းကမ်းများနှင့်အညီ စိုက်ပျိုးထုတ်လုပ်ကြောင်းကို GACC မှ သက်ဆိုင်ရာတာဝန်ရှိသူများက စိုက်ကွင်းများအထိလာရောက်စစ်ဆေးကြည့်ရှုမည်ဖြစ်ပါသည်။ တိရစ္ဆာန်နှင့် တိရစ္ဆာန်ထွက်ပစ္စည်းများအတွက်လည်း ရောဂါဘယ ကင်းရှင်းကြောင်းနှင့် မွေးမြူရေးဆိုင်ရာ သတ်မှတ် လုပ်ထုံးလုပ်နည်းများနှင့် ဆောင်ရွက်ကြောင်း စစ်ဆေးလေ့ရှိပါသည်။ သတ်မှတ်စစ်ဆေးချက်များနှင့် ညီညွတ်ပါက သက်ဆိုင်ရာ တာဝန်ရှိသူများနှင့် bilateral agreement ချုပ်ဆို၍ တရားဝင်တင်ပို့နိုင်ကြောင်း သိရှိရပါသည်။ အဆိုပါစနစ်ဖြင့် လာအိုနိုင်ငံမှ ငှက်ပျောသီးများကို တရုတ်နိုင်ငံသို့ တရားဝင်တင်ပို့လျက်ရှိပြီး၊ အခြားဒေသတွင်းနိုင်ငံများဖြစ်သည့် မွန်ဂိုလီးယား၊ နယူးဇီလန ၊ ဩစတေးလျ စသည့်နိုင်ငံများမှလည်း စိုက်ပျိုးရေးထွက်ကုန်အမျိုးမျိုးကို တရုတ်နိုင်ငံသို့ တင်ပို့လျက်ရှိပါသည်။ တရုတ်နိုင်ငံအတွင်းသို့ ဝင်ရောက်လာသော ကုန်ပစ္စည်းများအပေါ်တွင်လည်း စမ်းသပ်စစ်ဆေးမှုများ ပြန်လည်ပြုလုပ်ပါသည်။ အထူးသဖြင့် ဆန်၊ ဂျုံ၊ ပဲ၊ ပြောင်း စသည့် သီးနှံများကို ပိုးသတ်မှိုင်းတိုက်သည့်စနစ်ပါ ထားရှိပါသည်။တင်သွင်းစားသောက်ကုန်များအပြင် ထုပ်ပိုးသေတ္တာများ (အထူးသဖြင့် သစ်သားပုံးများဖြင့် ထုပ်ပိုးသော အထုပ်အပိုးများ)

**စာမျက်နှာ (၃၁)သို့**

# မြန်မာနိုင်ငံကြံနှင့် သကြားစက်မှုလုပ်ငန်း

a&&Sn fw n fwbEZ,qw,dw u fapzN

**ယခင်တစ်ပတ်မှအဆက်**

## Refine Sugar (Re-export) ပြည်ပတင်ပို့မှု အခြေအနေ

မြန်မာနိုင်ငံတစ်ဝှမ်းလုံးတွင် ၂၀၁၅ ခုနှစ်၊ ဇွန်၊ ဇူလိုင်လများအတွင်း မုတ်သုန်မိုးသည်းထန်စွာရွာသွန်းမှုများကြောင့် တိုင်းဒေသကြီး/ပြည်နယ်များအချို့တွင် ရေကြီးရေလျှံမှုများ ဖြစ်ပေါ်ခဲ့ပြီး လယ်ယာမြေများ ရေလွှမ်းခံရသည့်အတွက် စိုက်ပျိုးထားသည့်စပါးနှင့် အခြားသီးနှံများ ထိခိုက်ပျက်စီးဆုံးရှုံးခြင်းများ ဖြစ်ပေါ်ခဲ့၍ လယ်ယာထွက်ကုန်သီးနှံများ၏ ပြည်ပတင်ပို့နိုင်မည့် ပမာဏလျော့နည်းကျဆင်းနိုင်ကြောင်း သုံးသပ်တွေ့ရှိရသည့်အတွက် ကုန်သွယ်မှုလျာထားချက် ပြည့်မီစေရေးနှင့် ကုန်သွယ်မှုပမာဏ တိုးတက်စေရေးအတွက် Re-export စနစ်ဖြင့် ကုန်ပစ္စည်းအချို့အား စမ်းသပ်ခွင့်ပြုပေးလျက်ရှိရာ Refine Sugar(Re-export) ပြည်ပတင်ပို့မှုအနေဖြင့် ၂၀၁၆-၂၀၁၇ ခုနှစ်တွင် တန်ချိန် ၁ ဒသမ ၉၈ သန်း၊ တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာသန်းပေါင်း ၁၁၂၁ သန်းကျော်၊ ၂၀၁၇-၂၀၁၈ ခုနှစ်တွင် တန်ချိန် ၁ ဒသမ ၁၀ သန်း၊ တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာသန်းပေါင်း (၇၁၆)သန်းကျော်၊ ၂၀၁၈-၂၀၁၉ ခုနှစ်တွင် နိုဝင်ဘာလ ၂ ရက်ထိ တန်ချိန် သုညဒသမ ၇၉ သန်းကျော်၊ တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာသန်းပေါင်း ၄၇၆ သန်းကျော် တင်ပို့ခဲ့ပါသည်။ သို့သော်လည်း ဒေါ်လာငွေကြေး ဈေးနှုန်းများ ကမောက်ကမ ဖြစ်လာသည့်အတွက် သကြား Re-export တင်ပို့ခြင်းအား ယာယီရပ်ဆိုင်းထားခဲ့ရပါသည်။ မလွှဲသာ၍ ရပ်ဆိုင်းခဲ့ရသည့် အကျိုးဆက်သည် သကြားတန်ချိန် နှစ်သန်းနီးပါး ဈေးကွက်ကို ရပ်လိုက်ရသဖြင့် ဈေးကွက်ရပြီးသားကို အဆက်ဖြတ်သကဲ့သို့ ဖြစ်ရသည့် အကျိုးဆက်သာ

**DOCA (Domestic)**

အဖတ်တင်မည် ဖြစ်ပါသည်။

### အလုပ်အကိုင်အခွင့်အလမ်းများ ရရှိမှုအခြေအနေ

သကြားစက်မှုလုပ်ငန်းများသည် ကျေးလက်ဒေသများတွင် တည်ဆောက်ထားခြင်းကြောင့် အနီးဝန်းကျင်ရှိသူများအား အလုပ်အကိုင်အခွင့်အလမ်းများရရှိစေပါသည်။ ငွေရည်ပုလဲကုမ္ပဏီအုပ်စု၊ ဆင်းရွှေလီသကြားစက်(၂)စက်ရှိဝန်ထမ်း၊ အလုပ်သမား၊ ကြံတောင်သူများ၊ ကြံခုတ်လုပ်သား၊ မှီခိုသူ အင်အားစုစုပေါင်းသည်ပင် သုံးသိန်းနီးပါးရှိသဖြင့် မြန်မာနိုင်ငံ၏ စက်ရုံပေါင်း ၂၂ ရုံနှင့်တွက်ချက်ပါက သောင်းပေါင်းများစွာသော လူထုအကျိုးပြုလုပ်ငန်းများအဖြစ် တည်ရှိနေပါသည်။ အဆိုပါအခွင့်အလမ်းများ ဖန်တီးပေးနိုင်ပါကတောမှ မြို့ပြနှင့် နိုင်ငံခြားသို့ ရွှေ့ပြောင်းအလုပ်လုပ်ခြင်းများကို ကာကွယ်နိုင်မည်ဖြစ်ပါသည်။ နိုင်ငံရပ်ခြားသို့ အလုပ်သွားလုပ်သူများအကြား မညီညွတ်၍ မိမိဒေသသို့ ပြန်လာသူများရှိပါက ကျေးလက်၏ သကြားစက်မှုလုပ်ငန်းသည် Social Safety Net ကို ဆောင်ကြဉ်းလာပါသည်။ သကြားစက်မှုလုပ်ငန်း တိုးတက်ဖွံ့ဖြိုးအောင် ဆောင်ရွက်ခြင်းဖြင့် သကြားစက်မှုလုပ်ငန်း၏ ဝင်ငွေသာမက အခြားဆက်စပ်လုပ်ငန်းအသီးသီး၏ ဝင်ငွေများ တိုးတက်လာမည်ဖြစ်ပါသည်။ သကြားစက်ရုံများ စွမ်းအားပြည့် ကြိတ်ဝါးနိုင်ခြင်း၊ SMEs စက်များအား အဆင့်မြင့်သကြားထုတ်လုပ်လာနိုင်အောင် ဆောင်ရွက်ပေးခြင်းဖြင့် ပြည်တွင်းစားသုံးမှုထက်ပိုသော သကြားများအား ပြည်ပတင်ပို့ရောင်းချခြင်းဖြင့် Re-export တင်ပို့သည့်နေရာတွင် အစားထိုးကုစားနိုင်မည်ဖြစ်သလို ပြည်ပပို့ကုန်ဝင်ငွေလည်း ပိုမိုတိုးတက်ရရှိ လာနိုင်ပါသည်။ သကြားတန်ချိန်နှစ်သန်းနီးပါး ပိုလျှံလာသည်အထိ တိုးချဲ့ထုတ်လုပ်နိုင်မည့်အချိန်မှသာ Re-export ကို တဖြည်းဖြည်းလျော့သင့်သည်ဟု စာရေးသူ ထင်မြင်မိပါသည်။

**ဆက်လက်ဖော်ပြပါမည်။**

## ရန်ကုန်တောင်ပိုင်းခရိုင် စားသုံးသူအခြေင်းပွားမှုဖြေရှင်းရေးအဖွဲ့၏ (၁၂/၂၀၁၈) လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

ရန်ကုန်တောင်ပိုင်းခရိုင်စားသုံးသူ အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့၏ (၁၂/၂၀၁၈) လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ဒီဇင်ဘာ ၁၉ ရက်တွင် ရန်ကုန်တောင်ပိုင်းခရိုင်အထွေထွေ အုပ်ချုပ်ရေးမှူးရုံး၊ ရှင်စောပုခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။



အဆိုပါ လုပ်ငန်းညှိနှိုင်း အစည်းအဝေးတွင် ရန်ကုန်တောင်ပိုင်းခရိုင် အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ ဥက္ကဋ္ဌ ကိုယ်စား ခေတ္တခရိုင်အုပ်ချုပ်ရေးမှူး ဦးကောင်းမြတ်ဟိန်းသူက အဖွင့်အမှာစကားပြောကြားပြီး ရန်ကုန်တောင်ပိုင်းခရိုင်အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့အတွင်းရေးမှူး ဦးရွှေဖြူက ၂၀၁၈ ခုနှစ် နိုဝင်ဘာလအတွင်း စားသုံးသူ အကာအကွယ်ပေးရေး အသိပညာပေးဟောပြောပွဲများ ဆောင်ရွက်ခဲ့မှု၊ နိုဝင်ဘာလ လျာထားချက်နှင့် ဆောင်ရွက်ပြီးစီးခဲ့မှု၊ ဒီဇင်ဘာလအတွင်း စားသုံးသူအကာအကွယ်ပေးရေး အသိပညာပေးဟောပြောပွဲများနှင့် ကွင်းဆင်းစစ်ဆေးရေး လုပ်ဆောင်မည့်လျာထားချက်၊ နိုဝင်ဘာလအတွင်း ကွမ်းခြံကုန်းမြို့နယ်၊ မြို့မဈေး၌ FDA နှင့်ပူးပေါင်း၍ ဈေးကွက်စစ်ဆေးခဲ့မှု၊ တောင်ပိုင်း ခရိုင်အတွင်း ဈေးကွက်မှ အမှတ်တံဆိပ်ပြည့်စုံစွာ ဖော်ပြထားခြင်း မရှိသော မုန့်မျိုးစုံ၊ စားသုံးဆီ၊ စားသောက်ကုန်များအား ဈေးကွက်မှ တားမြစ်ခဲ့မှု အခြေအနေ၊ ကျောက်တန်းမြို့နယ်၊ မြို့မဈေးတွင် ပိုးသတ်ဆေးသတ်မှတ် ပမာဏ ထက်ကျော်လွန်ပါဝင်သော ကျင်းထုံခြင်ဆေးခွေ ၁၃ ဗူးအား ခရိုင်စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့ အနေဖြင့် ပူးပေါင်းအဖွဲ့များနှင့် ဖျက်ဆီးရန်အတွက် သိမ်းဆည်းခဲ့မှုများ၊ ကျောင်းသား၊ ကျောင်းသူများ စားသုံးရန် မသင့်သော အစားအသောက်များအား သိရှိစေရန် ရည်ရွယ်၍ ကျောင်းကျန်းမာရေးအဖွဲ့နှင့် ပူးပေါင်းစီစဉ်ထားသော သတိပေးဗီနိုင်းများအား တောင်ပိုင်းခရိုင်အတွင်းရှိ ကျောင်းများတွင် ချိတ်ဆွဲနိုင်ရေးအတွက် ဆွေးနွေးတင်ပြခဲ့ကြောင်း သိရှိရသည်။

ဆက်လက်၍ ရန်ကုန်တောင်ပိုင်းခရိုင်စားသုံးသူ အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ဝင်များဖြစ်သော ခရိုင်ပညာရေးမှူးရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်သင်းသင်းမြတ်၊ သန်လျင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ဦးစီးအရာရှိ ဒေါ်နွဲ့နွဲ့ဝင်း၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါက်တာနိုင်လင်းတို့မှ ဝိုင်းဝန်းဖြည့်စွက် ဆွေးနွေးတင်ပြခဲ့ကြောင်း သတင်းရရှိပါသည်။

**သိန်းနိုင်(သန်လျင်)**

## အနောက်ပိုင်းခရိုင် စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ လသာမြို့နယ် သံဈေးသို့ ကွင်းဆင်းစစ်ဆေး

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဈေးများဌာန၏ ကွပ်ကဲမှုအောက်ရှိလသာမြို့နယ် (သံဈေး) သို့ ဒီဇင်ဘာ ၁၉ ရက်တွင်အနောက်ပိုင်းခရိုင်စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရှိရပါသည်။ ထိုသို့ဆောင်ရွက်ရာတွင် ခရိုင်စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့အတွင်းရေးမှူး ခရိုင်ဦးစီးမှူးဦးကျင်ငွေမှ ဦးဆောင်၍ ခရိုင်စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ဝင်များ၊ အဖွဲ့ဝင်များ၏ကိုယ်စား လှယ်များ၊ စည်ပင် ကျန်းမာရေးဌာန၊ လသာမြို့နယ်စည်ပင်သာယာအုပ်ချုပ်ရေးမှူးရုံး၊ ဈေးသာယာရေးအဖွဲ့ဥက္ကဋ္ဌ၊ ဈေးတာဝန်ခံနှင့်ဝန်ထမ်းများ၊ စားသုံးသူရေးရာဦးစီးဌာနမှ ဝန်ထမ်းများ ပါဝင်သော ပူးပေါင်းအဖွဲ့ဖြင့် ဆောင်ရွက်ခဲ့ကြကြောင်း သတင်းရရှိပါသည်။ ဈေးအတွင်း စားသောက်ကုန်ရောင်းချသူများအနေဖြင့် မိမိရောင်းချသောကုန်စည်များအပေါ် တာဝန်ယူမှု တာဝန်ခံမှုရှိစေရေး၊ သက်တမ်းကုန်ဆုံးရက်များကို အထူးဂရုပြုစစ်ဆေးရန်၊ ကုန်စည်များ တွင်ပါရှိရမည့် အချက်အလက်များ ပြည့်စုံစေရေး၊ စားသုံးသူအကာအကွယ်ပေးရေး ဗဟိုကော်မတီမှ ထုတ်ပြန်ထားသည့်ကုန်စည်များတွင် မြန်မာဘာသာဖြင့်ဖြစ်စေ၊ မြန်မာဘာသာနှင့် အခြားဘာသာယှဉ်တွဲလျက်ဖြစ်စေ ဖော်ပြပေးရေး၊ ထုတ်ပြန်ထားသည့် ကြော်ငြာစာ အမှတ် (၁/၂၀၁၈) နှင့်စပ်လျဉ်းပြီး ရှင်းလင်းဟောပြောပြီး သက်တမ်းလွန်ကုန်စည်များ ရှိ/မရှိ၊ FDAမှ တားမြစ်ထား သောကုန်စည်များ ရှိ/မရှိ စစ်ဆေးခဲ့ကြောင်း သိရပါသည်။ ထို့အပြင် ဝန်ဆောင်မှုနှင့်ပတ်သက်သည့် ဆိုင်များ၊ လူသုံးကုန်ပစ္စည်းအရောင်းဆိုင်များသို့ ကုန်စည်များ၊ ဝန်ဆောင်မှုများနှင့် ပတ်သက်၍ အငြင်းပွားမှုမရှိစေရေး သတင်းအချက်အလက်များ ပြည့်စုံစွာ ရှင်းပြပေးရန် အသိပညာပေးခဲ့ပြီး၊ လက်ရှိဖြစ်ပွားလျက်ရှိသော အငြင်းပွားမှုများကို ဖြေရှင်းပေးနေရသောအခြေအနေများကိုလည်း အလေးထားသတိမူနိုင်ကြစေရန် အသိပညာပေးမှုဝေခဲ့ပြီး လက်ကမ်းစာစောင်များလည်း ဝေငှခဲ့ကြောင်း သိရှိရပါသည်။ ထိုသို့ဆောင်ရွက်ရာတွင်အလှကုန်ဆိုင်၊ သဘော်သားပစ္စည်းအရောင်းဆိုင်၊ ကုန်မျိုးစုံဆိုင်၊ မုန့်မျိုးစုံဆိုင်၊ အထည်ဆိုင်၊ အပ်ချုပ်ဆိုင်၊ ပရဆေးဆိုင်စသည်ဖြင့် ဆိုင်ပေါင်း (၄၀) ဆောင်ရွက်နိုင်ခဲ့ကြောင်း သတင်းရရှိပါသည်။

**West (DOCA) Yangon**

## မိတ္ထီလာခရိုင်စားသုံးသူ အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

မိတ္ထီလာခရိုင်၊ စားသုံးသူရေးရာဦးစီးဌာန၊ခရိုင်စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို နိုဝင်ဘာလ ၃၀ ရက်က မိတ္ထီလာခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရှိ အစည်းအဝေးခန်းမ၌ ကျင်းပခဲ့ရာ ခရိုင်စားသုံးသူ အငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့ ဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူးဦးသက်လွင်၊ ဒု-ခရိုင် အုပ်ချုပ်ရေးမှူးနှင့် လ/ထညွှန်ကြားရေးမှူးများ၊ အဖွဲ့ဝင် ခရိုင်အဆင့်ဌာနဆိုင်ရာများ၊ စားသုံးသူကိုယ်စားလှယ်၊ စီးပွားရေးလုပ်ငန်းရှင် ကိုယ်စားလှယ်များနှင့် စားသုံးသူရေးရာဦးစီးဌာနမှ ဝန်ထမ်းများ စုစုပေါင်း ၂၃ ဦး တက်ရောက်ခဲ့ပါသည်။

အစည်းအဝေးတွင် ခရိုင်စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ ဥက္ကဋ္ဌ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ခရိုင်အုပ်ချုပ်ရေးမှူးဦးသက်လွင်က အဖွင့်အမှာစကားပြောကြားပြီး၊ မိတ္ထီလာခရိုင် စားသုံးသူရေးရာဦးစီးဌာန၊ ခရိုင်ဦးစီးမှူး ဦးကျော်မြင့်က ဆက်လက်ဆွေးနွေးရာ ၂၀၁၈ ခုနှစ် ဧပြီမှ စက်တင်ဘာလအထိ ဘဏ္ဍာနှစ်အတွင်း အသိပညာပေးလုပ်ငန်းများ၊ ကွင်းဆင်း စစ်ဆေးခြင်း လုပ်ငန်းများနှင့် တိုင်ကြားစာလက်ခံဆောင်ရွက်နေသည့်အခြေအနေများ၊ ဆက်လက်ဆောင်ရွက်သွားမည့် လုပ်ငန်းစဉ်များကို အသေးစိတ် ဆွေးနွေးခဲ့ပါသည်။

ဌင်းတင်ပြဆွေးနွေးမှုအပေါ် အဖွဲ့ဝင်၊ ကော်မတီဝင်များမှ အကြံပြုဆွေးနွေးခဲ့ပြီး ဆက်စပ်ဌာနအဖွဲ့အစည်းများက ဆက်လက် ပူးပေါင်းပါဝင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် အစည်းအဝေးဆုံးဖြတ်ချက်များ ဆုံးဖြတ်ခဲ့ကြောင်း သိရပါသည်။ **မူမူသန်း (မိတ္ထီလာ)**

## မြောင်မြို့နယ် ဖွားစောကျေးရွာရှိ ကုန်စုံဆိုင်များအား ကွင်းဆင်းစစ်ဆေး

စစ်ကိုင်းခရိုင် စားသုံးသူရေးရာဦးစီးဌာန မြောင်မြို့နယ်မှ ဝန်ထမ်းများသည် မိတ်ဘက်ဌာနများနှင့် ပူးပေါင်း၍ ဒီဇင်ဘာ ၁၉ ရက်တွင် မြောင်မြို့နယ် ဖွားစောကျေးရွာရှိ ကုန်စုံဆိုင်များသို့ သွားရောက်၍ စားသုံးရန်မသင့်သော အစားအသောက်များ ရောင်းချခြင်း ရှိ/မရှိ ကွင်းဆင်းစစ်ဆေးခဲ့ကြပါသည်။

မြောင်မြို့နယ်၊ ဖွားစောကျေးရွာရှိ ကုန်စုံဆိုင် (၄)ဆိုင်မှ ရောင်းချသော စားသောက်ကုန်များတွင် ခွင့်မပြုဆိုးဆေး၊ စားသောက်ကုန်များ၊ ရက်လွန်အစားအသောက်များ၊ တားမြစ်ထားသော စားသောက်ကုန်ပစ္စည်းများ ရောင်းချခြင်း မပြုရန် ကွင်းဆင်းစစ်ဆေးကာ စားသုံးသူ အကာအကွယ်ပေးရေးဥပဒေပါ စီးပွားရေးလုပ်ငန်းရှင်များ၏ ကျင့်ဝတ်များ၊ စားသုံးသူ အကာအကွယ်ပေးရေး ဗဟိုကော်မတီမှ ထုတ်ပြန်ထားသော အောက်တိုဘာ ၂၆ ရက်တွင် အမိန့်ကြော်ငြာစာအမှတ် ၁/၂၀၁၈ ဖြင့်ထုတ်ပြန်ထားသော ကုန်စည်များ ထုတ်လုပ်ခြင်း၊ ကုန်သွယ်ခြင်းတို့ပြုရာတွင် စားသုံးသူဘေးကင်းလုံခြုံရေးအတွက် ကုန်စည်များတွင် မြန်မာဘာသာဖြင့်ဖြစ်စေ၊ မြန်မာနှင့်အခြားဘာသာတွဲလျက်ဖြစ်စေ ဖော်ပြခြင်း အသိပေးအကြောင်းကြားစာအားလည်း အသေးစိတ် အသိပညာပေးခဲ့ကြောင်း သိရှိရပါသည်။

စစ်ဆေးခဲ့သော ကုန်စုံဆိုင်များတွင် ဆိုးဆေးလွန်ကဲမှု ဖြစ်နေသော အမှတ်တံဆိပ်မပါ အရောင် တင်မုန့်၊ တုတ်ထိုးချိုချဉ်များ ရောင်းချနေသည်ကို တွေ့ရှိရ၍ ဆက်လက်ရောင်းချခြင်း မပြုရန် တားမြစ်ခဲ့ပြီး နောင်တွင် ဆက်လက်ရောင်းချသည်ကို တွေ့ရှိပါက သိမ်းဆည်းခြင်းများ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပညာပေး ဆွေးနွေးခဲ့ကြောင်း သိရပါသည်။

**ယဉ်အောင် (စစ်ကိုင်း)**

## အမှတ် (၁၀) တန်းမြင့် လေ့ကျင့်ရေးသင်တန်းကျောင်း နန်းဗဟိုရ်ရွာတွင် ဟောပြောပွဲ ပြုလုပ်ခြင်း

နန်းဗဟိုရ်ရွာ၊ အမှတ်( ၁၀ ) တန်းမြင့် လေ့ကျင့်ရေးသင်တန်းကျောင်း၊ လေ့ကျင့်ရေး ဟောပြောပွဲခန်းမတွင် တပ်မတော်အရာရှိ/အရာခံများ၊ အကြပ်များနှင့် အမျိုးသမီးမိသားစုဝင်များ စုစုပေါင်းအင်အား ၁၅၀ ဦးအား ဒီဇင်ဘာ ၂၆ ရက်နေ့တွင် စားသုံးသူရေးရာဦးစီးဌာန၊ ခရိုင်ဦးစီးမှူး ဦးစိုးအောင်က စားသုံးသူများ၏ အခွင့်အရေးများရပိုင်ခွင့်များ၊ လိုက်နာရမည့် စည်းကမ်းချက်များ၊ ကမ္ဘာ့စားသုံးသူ အခွင့်အရေးများနေ့ ပေါ်ပေါက်လာပုံ၊Asia စားသုံးသူ အကာအကွယ်ပေးရေးအဖွဲ့များ ဖွဲ့စည်းထားပုံ၊ စားသုံးသူရေးရာဥပဒေများ၊ CICC ဖွင့်လှစ်ထားရှိပြီးဖြစ်၍ စားသုံးသူများနစ်နာမှုရှိလျှင် လာရောက်တိုင်ကြားနိုင်ကြောင်းပြောကြားခဲ့ပါသည်။ ဆက်လက်၍ အငယ်တန်းစာရေး ဒေါ်သိမ့်သိမ့်ထွန်းက အသင့်ထုပ် ပိုးထားသော အစားအသောက်များနှင့် ဝန်ဆောင်မှုများအကြောင်းကို လည်းကောင်း၊ ပြန်ကြားရေးနှင့် ပြည်သူ ဆက်ဆံရေး ဦးစီးဌာန၊ ဦးစီးမှူး ဒေါ်သန်းထိုက်အောင်က စာဖတ်ရိုန်မြှင့်မားရေးအတွက် မိမိအပါအဝင် မိမိ၏မိသားစုများ စာဖတ်ကြရန် တိုက်တွန်းလိုပါကြောင်း၊ အလိမ္မာစာမှာရှိဆိုသကဲ့သို့ ယဉ်ကျေးလိမ္မာ ရှိစေရန် အသိပညာတိုးပွားစေရန်အတွက် သိကောင်းစရာများခေါင်းစဉ်ဖြင့်လည်းကောင်း ဟောပြောခဲ့ကြောင်း သတင်းရရှိပါသည်။

**ဇင်မိုးဝါ (ကလေးမြို့)**

## ယင်းမာပင်ခရိုင်စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့ (၂၁)ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

စစ်ကိုင်းတိုင်းဒေသကြီး စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန စားသုံးသူရေးရာဦးစီးဌာန ယင်းမာပင်ခရိုင် စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့၏ (၂၁)ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဒီဇင်ဘာ ၁၁ ရက်က ယင်းမာပင်ခရိုင်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ခရိုင်အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင် စုစုပေါင်း ၁၅ ဦး တက်ရောက်ခဲ့ကြောင်း သတင်းရရှိပါသည်။

အဆိုပါ အစည်းအဝေးတွင် ခရိုင်အငြင်းပွားမှု ဖြေရှင်းရေးဥက္ကဋ္ဌက လစဉ်ပုံမှန်အစည်းအဝေးကို တာဝန်ကျေပွန်အောင် မပျက်မကွက်ကျင်းပဆောင်ရွက်တဲ့အတွက် စားသုံးသူရေးရာဦးစီးဌာနအား အထူးကျေးဇူးတင်ရှိပြီး စားသုံးသူပြည်သူများ၏ ကိုယ်စားဂုဏ်ယူ ဝမ်းမြောက်ပါကြောင်း၊ မိမိဌာန၊ တာဝန်ကိုကျေပွန်အောင်ထမ်းဆောင်နိုင်မှ ဌာနလည်းဂုဏ်သိက္ခာရှိကြောင်း၊ လုပ်ငန်းတာဝန်ဆောင်ရွက်စဉ်လိုအပ်သည့် အချက်အလက်နှင့် ရှေ့ဆက်ဆောင်ရွက်မည့်လုပ်ငန်းများအား အဖွဲ့ဝင်များမှလည်း ပူးပေါင်းပါဝင်ဆွေးနွေးတင်ပြစေလိုကြောင်း ပြောကြားပြီး စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအတွင်းရေးမှူးကဌာနအနေဖြင့် လုပ်ငန်းစီမံချက်များကို တိုင်းဒေသကြီးရုံး၏ လျာထားချက်များရေးဆွဲပြီး နိုဝင်ဘာလအတွင်း လုပ်ငန်းဆောင်ရွက်မှု အခြေအနေများ၊ပညာပေးဟောပြောပွဲများကို လျာထားချက် ပြည့်မီကျော်လွန်အောင်ဆောင်ရွက်နိုင်ခဲ့ပြီး နိုဝင်ဘာလအတွင်းလေးမြို့နယ် ကွင်းဆင်းဆောင်ရွက်ရာမှတွေ့ရှိခဲ့သော စားသုံးရန်မသင့်၊ သက်တမ်းလွန်၊ အရောင်ဆေးဆိုးများပါဝင်နေသော ကုန်ပစ္စည်းများအားသက်ဆိုင်ရာ မိတ်ဖက်ဌာနများနှင့် သိမ်းဆည်းလာသော ကုန်ပစ္စည်းများကို ခရိုင်စားသုံးသူ အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့၏ ဆုံးဖြတ်ချက်အတိုင်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဆွေးနွေးကြပြီး ခရိုင်စားသုံးသူရေးရာ အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ဥက္ကဋ္ဌမှ နိုဝင်ဘာလအတွင်း သိမ်းဆည်းခဲ့သော ကုန်ပစ္စည်းများကိုဒီဇင်ဘာ ၁၈ ရက်တွင် မီးရှို့မြေမြှုပ်ဖျက်ဆီးရန်၊ ဖောင်းကားကျေးရွာနှင့် ကနီကမ်းနားလမ်း ဈေးဆိုင်များအား ကွင်းဆင်းစစ်ဆေးဆောင်ရွက်ရန်၊ လစဉ်ပုံမှန်အစည်းအဝေးအား ပုံမှန်အတိုင်း ဆက်လက်ဆောင်ရွက်သွားရန်နှင့် အစည်းအဝေးဆုံး ဖြတ်ချက်များအား ဆောင်ရွက်သွားကြရန် ဆုံးဖြတ်ချက်များ ချမှတ်ခဲ့ကြောင်း သတင်းရရှိပါသည်။

**ခိုင်မို့မို့(မြင်းမူ)**

## ကလေးမြို့ စည်ပင်သာယာဈေးအတွင်း ရှောင်တခင် ကွင်းဆင်းစစ်ဆေး

စားသုံးသူရေးရာဦးစီးဌာန၊ ကလေးခရိုင်ဦးစီးမှူးရုံး၊ ကလေးမြို့မှ ၂၀၁၈ ခုနှစ် ဒီဇင်ဘာ ၂၄ ရက်တွင် မြို့မစည်ပင်ဈေးသို့သွားရောက်၍ ကြက်သား၊ ဝက်သား၊ အမဲသားများ ရောင်းချနေသူများအား လတ်ဆတ်သော အသားရောင်းချမှုရှိ/မရှိကို စားသုံးသူရေးရာ ဦးစီးဌာန ခရိုင်ဦးစီး မှူး ဦးစိုးအောင်ဦးဆောင်၍ ခရိုင် တိရစ္ဆာန်မွေးမြူရေးနှင့် ကုသရေးဦးစီး ဌာန၊ ခရိုင်ကျန်းမာရေးဦးစီးဌာန၊ ခရိုင် အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန၊ မြို့နယ်စည်ပင်သာယာရေးကော်မတီ၊ မြို့မဈေးခေါင်းနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ဈေးစားသုံးသူရေးရာ အဖွဲ့ငယ်မှ အဖွဲ့ဝင်များသည် အသားများရောင်းချသည့် ဈေးဆိုင် ၁၇ ဆိုင်သို့ ကွင်းဆင်းစစ်ဆေးခဲ့ပါသည်။

ထိုသို့စစ်ဆေးရာတွင် စားသုံးရန်မသင့်သောအသားများဖြစ်သည့် ဝက်သားလိုင်စင် ဆိုင်မကြီးမှ ပိဿာချိန်ရှစ်ပိဿာနှင့် လက်လီဆိုင်မှ သုံးပိဿာ၊ ကြက်သားတစ်ပိဿာစုစုပေါင်းအချိန် ၁၂ ပိဿာသိမ်းဆည်းပြီး အဖွဲ့စုံဖြင့် မြေမြှုပ်ဖျက်ဆီးခဲ့ကြောင်း သိရှိရပါသည်။

**စန္ဒာမွန် (ကလေးမြို့)**

## မကွေးခရိုင် စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့မှ မကွေးမြို့ မကြီးကန်ကျေးရွာရှိ ကုန်မျိုးစုံ အရောင်းဆိုင်ကြီးများသို့ ထုတ်ကုန်လုံခြုံစိတ်ချရမှုရှိစေရေး ကွင်းဆင်းစစ်ဆေး



မကွေးခရိုင် စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့သည် စားသုံးသူပြည်သူများ အစားအသောက်များ ဘေးအန္တရာယ်ကင်းရှင်းရေး၊ လုံခြုံစိတ်ချရမှုမရှိသော ကုန်ပစ္စည်းများ ဝယ်ယူသုံးစွဲခြင်းမရှိစေရန်နှင့် လုပ်ငန်းရှင်များမှ သတ်မှတ်စံချိန်စံညွှန်းနှင့်ညီသော ကုန်ပစ္စည်းများ ထုတ်လုပ်လာနိုင်စေရန် ရည်ရွယ်၍ ဈေးများ၊ ကုန်မျိုးစုံအရောင်းဆိုင်များ၊ စတိုးဆိုင်များ၊ ဆေးဆိုင်များ၊ ဓာတ်မြေသြဇာ အရောင်းဆိုင်များနှင့် စိုက်ပျိုးရေးဆေးဆိုင်များသို့ အပတ်စဉ်ထုတ်ကုန်လုံခြုံစိတ်ချရမှုရှိစေရေး ကွင်းဆင်းစစ်ဆေးမှုများကို ဆောင်ရွက်လျက်ရှိပါသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၁၉ ရက်တွင် မကြီးကန်ကျေးရွာရှိ ရွှေမြင့်မိုရ်စတိုး၊ ဝေလျှံစတိုး၊ ရွှေရည်ဦးစတိုးဆိုင်ကြီးများသို့ ကွင်းဆင်းစစ်ဆေးခဲ့ရာ အချို့ကုန်စည်များဖြစ်သော အချိုရည်ဘူးများ၊ အာလူးကြော်ထုပ်များ၊ ဆပ်ပြာရည်ဘူးများ၊ မျက်နှာသစ်ဆပ်ပြာများ၊ မိတ်ကပ်ဘူးများ၊ ခေါင်းလိမ်း ဆီဘူးများသည် စားသုံးသူအကာအကွယ်ပေးရေးဥပဒေပုဒ်မ ၈(ဂ)ပါ အချက်အလက်များ ပြည့်စုံစွာ ဖော်ပြမှုမရှိခြင်း၊ သက်တမ်းလွန်နေခြင်းများကြောင့် စားသုံးသူ ပြည်သူများအတွက် လုံခြုံစိတ်ချစွာ အသုံးပြုနိုင်ရန် အာမခံချက်မရှိကြောင်း အသိပေးဆွေးနွေးမှုများ သက်တမ်းလွန်ပစ္စည်းများအား ဈေးကွက်အတွင်းမှ သိမ်းဆည်းခြင်းများ ဆောင်ရွက်ခဲ့ရာ ကုန်စည်အမျိုးအစား ၁၁ မျိုး၊ အရေအတွက် ၂၉ ခု၊ ခန့်မှန်းတန်ဖိုး ကျပ် ၂၆၈၀၀ အား အဖွဲ့စုံဖြင့် သိမ်းဆည်းခဲ့ပြီး ဆိုင်ရှင်များအား စားသုံးသူ အကာအကွယ်ပေးရေး ဥပဒေပုဒ်မ ၁၉(ခ) အရ သတိပေး လက်မှတ်ရေးထိုးစေခြင်းများ ဆောင်ရွက်ခဲ့ပါသည်။

မကွေးခရိုင် စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့အနေဖြင့် မကွေးခရိုင်အတွင်းရှိ စားသုံးသူပြည်သူများ ဘေးကင်းလုံခြုံမှုရှိစေရေးအတွက်မြို့ပေါ်ရှိ ဈေးများ၊ ကုန်မျိုးစုံ အရောင်းဆိုင်များသာမက ကျေးလက်နေပြည်သူများ ဘေးအန္တရာယ် ကင်းရှင်းရေးအတွက် ကျေးရွာများရှိ ကုန်မျိုးစုံ အရောင်းဆိုင်များ၊ စတိုးဆိုင်များအားလည်း ကွင်းဆင်းစစ်ဆေး ဆောင်ရွက်ရန် စီမံချက်ချ ဆောင်ရွက်လျက်ရှိပါကြောင်း သတင်းရရှိပါသည်။

**စန္ဒာစိုးလွင်(မကွေး)**

## တန့်ဆည်မြို့နယ်အတွင်းရှိ ဆေးဆိုင်များနှင့် စည်ပင်သာယာဈေး အမှတ်(၁)ရှိ ကုန်စုံဆိုင်များအား ကွင်းဆင်းစစ်ဆေး



စစ်ကိုင်းတိုင်းဒေသကြီး၊ ရွှေဘိုခရိုင်၊ စားသုံးသူ အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ အတွင်းရေးမှူး၊ ဦးကျော်ငွေခေါင်းဆောင်၍ ရွှေဘိုခရိုင် စားသုံးသူရေးရာဦးစီးဌာန၊ တန့်ဆည်မြို့နယ် စားသုံးသူရေးရာဦးစီးဌာနနှင့် မိတ်ဖက်ဌာနဆိုင်ရာများပါဝင်သော ပူးပေါင်းအဖွဲ့သည် ဒီဇင်ဘာ ၁၉ ရက်တွင် တန့်ဆည်မြို့နယ်အတွင်းရှိ ဆေးဆိုင်ခုနစ်ဆိုင်အား Zifam CS1၊ Zifam Tazolin ဆေးအတုများ၊ သက်တမ်းလွန်ဆေးဝါးများ ရောင်းချခြင်းရှိ/မရှိနှင့် စည်ပင်သာယာဈေးအမှတ်(၁)ရှိ ကုန်စုံဆိုင်(၁၄)ဆိုင်အား စားသုံးရန်မသင့် အစားအသောက်များ၊ သက်တမ်းလွန်အစားအစာများ ရောင်းချ ခြင်းရှိ/မရှိ ရှောင်တခင် ကွင်းဆင်းစစ်ဆေးရာ ဆေးဆိုင်များမှ စံမညီဆေးဝါးအတုများ ရောင်းချခြင်းမရှိသော်လည်း သက်တမ်းလွန်နေသည့် Acyvir Acyclovir usp 3%၊ Flixotide Evohaler-fluticasone propionate၊ Moxitam ၊ ကုန်စုံဆိုင်များမှ သက်တမ်းလွန်နေသည့် Cake Boy၊ Cookies၊ Disko နို့ဆီ၊ Sprite ဖျော်ရည်ဗူး Blue Mountain ဖျော်ရည်ဗူး၊ Milk ဘီစကစ်၊ ရှလွတ် အုန်းနို့ ကြက်သားခေါက်ဆွဲထုပ်၊ FDA ခွင့်မပြုသည့် ရွှေငရုတ်မင်း ငရုတ်/ အရောင်တင်မှုန့်စသည့် ကုန်ပစ္စည်းစုစုပေါင်းတန်ဖိုး ကျပ် ၄၂၄၀၀ အား သိမ်းဆည်းခဲ့ပြီး ယင်းနေ့ နေ့လယ်ပိုင်းတွင် တန့်ဆည်မြို့နယ်၊ စားသုံးသူရေးရာ ရုံးဝင်းအတွင်းတွင် သိမ်းဆည်းပစ္စည်းများအား ပူးပေါင်းအဖွဲ့ဖြင့် မီးရှို့ဖျက်ဆီးခဲ့ပါကြောင်း သတင်းရရှိပါသည်။

**ခင်ထား(တန့်ဆည်)**

## ပုသိမ်ခရိုင်အငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့၏ (၂၄)ကြိမ်မြောက် လုပ်ငန်းညှိနှိုင်း အစည်းအဝေးကျင်းပ

ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်ခရိုင် စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့၏ (၂၄)ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဧရာဝတီတိုင်းဒေသကြီး စားသုံးသူရေးရာဦးစီးဌာနတွင် ဒီဇင်ဘာ ၂၆ ရက်က ကျင်းပပြုလုပ်ခဲ့ရာ အဆိုပါအစည်းအဝေးသို့ ခရိုင်အငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့ အဖွဲ့ဝင် ၈ ဦး၊ ကိုယ်စားတက်ရောက်လာသူ ၄ ဦးနှင့် ဖိတ်ကြား၍ တက်ရောက်လာသူ ၂ ဦး၊ စားသုံးသူရေးရာဦးစီးဌာနဝန်ထမ်း ၆ ဦး အပါအဝင် စုစုပေါင်း ၂၀ ဦး တက်ရောက်ခဲ့ပါသည်။

အစည်းအဝေးတွင် ပုသိမ်ခရိုင် စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့ဥက္ကဋ္ဌ၏ ခွင့်ပြုချက်အရ အတွင်းရေးမှူး ဦးစိုးဦးက အဖွင့်အမှာစကားပြောကြားခဲ့ပြီး ပုသိမ်ခရိုင် စားသုံးသူ အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ အတွင်းရေးမှူးမှ ခရိုင်စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့၏(၂၃)ကြိမ်မြောက် အစည်းအဝေးဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက် ပြီးစီးမှုအခြေအနေများ တင်ပြခြင်း၊ အထက်ဌာနလမ်းညွှန်ချက်များ ဖတ်ကြားရှင်းလင်းခြင်းနှင့် ဒီဇင်ဘာလအတွင်း ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များကို တင်ပြခဲ့ပါသည်။ ထို့နောက် တက်ရောက်လာသော အဖွဲ့ဝင်များမှလည်း မိမိတို့ အငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့နှင့်အတူ ပူးပေါင်းဆောင်ရွက်ရသည့် ကိစ္စရပ်များကို အသီးသီး ဆွေးနွေးခဲ့ကြောင်း သတင်းရရှိပါသည်။

**ဧရာမြေ(ပုသိမ်)**

# မန်ယူတွင် ပေါ့ဂ်ဘာပျော်နေပြီဟု ဆိုးလ်ရှားဖွင့်ဟ



မန်ယူအသင်း၏ ယာယီနည်းပြဖြစ်သူ ဆိုးလ်ရှားက ကွင်းလယ်ကစားသမား ပေါ့ဂ်ဘာမှာ မန်ယူအသင်းတွင် ပျော်ရွှင်နေပြီဖြစ်ကြောင်း ဖွင့်ဟပြောဆိုလိုက်သည်။

ယခင်နည်းပြဟောင်း မော်ရင်ဟိုလက်ထက်က ပေါ့ဂ်ဘာသည် အသင်းပြောင်းရန် အသံအကျယ်လောင်ဆုံး ထွက်ခဲ့သူတစ်ဦးဖြစ်သော်လည်း လက်ရှိ ယာယီနည်းပြ ဆိုးလ်ရှားလက်ထက်တွင် ခြေစွမ်းပြပြီး အသင်းကို ဦးဆောင်မှုပေးနိုင်သည်သာမကဘဲ ကိုယ်တိုင်ဂိုးသွင်းယူနိုင်ကာ အကောင်းဆုံးပုံစံကို ပြသနေပြီဖြစ်သည်။

နည်းပြ ဆိုလ်ရှားက 'ပေါ့ဂ်ဘာဟာ ကမ္ဘာ့အကောင်းဆုံး ကွင်းလယ်ကစားသမား တစ်ယောက်ပါ။ သူ့ကို ကန့်သတ်ချုပ်ချယ်မှုတွေမလုပ်ဘဲ လွတ်လွတ်လပ်လပ် ကစားခွင့်ပေးဖို့လိုတယ်။ ပေါ့ဂ်ဘာက သူ့မှာလုပ်ပြနိုင်တာတွေ အများကြီးရှိနေတယ်။ ပြီးခဲ့တဲ့ နှစ်ပွဲမှာ သူဘယ်လိုကစားသွားလဲဆိုတာ အားလုံးမျက်မြင်ပဲလေ။ ခုတော့သူ မန်ယူမှာ ပျော်နေပါပြီ။ ပေါ့ဂ်ဘာဟာ မန်ယူအတွက် မရှိမဖြစ် ကစားသမားတစ်ယောက်ပါ'ဟု ပြောကြားလိုက်သည်။

မန်ယူအသင်း နောက်ခံကစားသမားဟောင်း ဖီးလ်နဗီးလ်က ပေါ့ဂ်ဘာမှာ ဥရောပဘောလုံးလောကတွင် အကောင်းဆုံး ကွင်းလယ်ကစားသမားတစ်ဦးဖြစ်ကြောင်း ပြောကြားခဲ့သည်။ ထို့ပြင် နည်းပြ ဆိုးလ်ရှားကလည်း ပေါ့ဂ်ဘာသည် အသင်း၏ ကွင်းလယ်ပိုင်းတွင်သာမကဘဲ မည်သည့်နေရာတွင်မဆို ကစားနိုင်စွမ်းရှိကြောင်း၊ အသင်းကို ကောင်းစွာဦးဆောင်နိုင်စွမ်းရှိကြောင်း၊ ပွဲအဖြေကို ပြောင်းလဲနိုင်စွမ်းရှိသည့် ကစားသမားဖြစ်ကြောင်း ထပ်မံပြောကြားလိုက်သည်။




ဟန်နေသစ် စုစည်းသည်

# ပရီးမီးယားလိဂ်ချန်ပီယံဆုအတွက် စိုးရိမ်စရာမရှိကြောင်း ဒီဂျန်လိုဗရန် ပြောကြား




လီဗာပူးအသင်း၏ ဗဟိုခံစစ်ကစားသမား ဒီဂျန်လိုဗရန်က မိမိတို့အသင်းအနေဖြင့် ယခုနှစ်ရာသီတွင် ပရီးမီးယားလိဂ်ချန်ပီယံဆုကို ရရှိရန်အတွက် စိုးရိမ်မှုမရှိကြောင်း ထုတ်ဖော်ပြောကြားလိုက်သည်။ လီဗာပူးအသင်းသည် ယခုနှစ်ရာသီ အင်္ဂလန်ပရီးမီးယားလိဂ်တွင် ပြိုင်ဆင်မှု အားအကောင်းဆုံးဖြစ်ခဲ့သလို တိုက်စစ်ပိုင်းကလည်း အကောင်းဆုံးပုံစံတွင် ရှိနေသည်။ ရာသီအစပိုင်းက ပရီးမီးယားလိဂ်ချန်ပီယံဖြစ်ရန် မန်စီးတီးအသင်း၏ နောက်က ဒုတိယဦးစားပေးအနေဖြင့်သာ ရှိနေခဲ့သော်လည်း လက်ရှိပရီးမီးယားလိဂ်ပွဲစဉ်(၁၉) ပြီးဆုံးချိန်တွင် အမှတ်ပေးဇယားကို ဦးဆောင်ပြီး ဒုတိယနေရာမှ စပါးအသင်းကို ခြောက်မှတ်နှင့် တတိယနေရာမှ မန်စီးတီးအသင်းကို ခုနစ်မှတ်အထိ ဖြတ်ထားနိုင်ခဲ့သည်။

လီဗာပူးအသင်း၏ ဗဟိုခံစစ်ကစားသမား ဒီဂျန်လိုဗရန်က 'လက်ရှိအချိန်မှာ ကျွန်တော်တို့အသင်း ရလဒ်တွေကောင်းနေသလို အသင်းမှာရှိနေတဲ့ ကစားသမားတွေကလည်း ချန်ပီယံဆုကို ရယူဖို့ စိတ်အားထက်သန်နေကြပါတယ်။ အခုဆိုရင် ကျွန်တော်တို့အတွက် အနီးကပ်ဆုံးပြိုင်ဘက်က စပါးအသင်းနဲ့ မန်စီးတီးအသင်းတို့ပဲရှိပါတယ်။ အဓိကသတိထားရမှာက မန်စီးတီးပါပဲ။ လာမယ့် ပွဲစဉ်(၂၁)မှာ ကျွန်တော်တို့အသင်း မန်စီးတီးအသင်းနဲ့ ဆုံတွေ့ရမှာပါ။ အဲဒီပွဲက ချန်ပီယံဆုအတွက် အဆုံးအဖြတ်ပေးသွားနိုင်ပါတယ်'ဟု ပြောကြားလိုက်သည်။





# ဘာစီလိုနာအသင်းသို့ နေမာပြန်လာရန် မျှော်လင့်နေသေးကြောင်း မက်ဆီပြောကြား

ဘာစီလိုအသင်း၏ တိုက်စစ်မှူး မက်ဆီက အသင်းသို့ နေမာပြန်လာရန် ယခုအချိန်အထိ မျှော်လင့်နေသေးကြောင်း ထုတ်ဖော်ပြောကြားလိုက်သည်။

၂၀၁၇ ခုနှစ်ကပင် ပြင်သစ်လီဂူးကလပ် ပီအက်စ်ဂျီအသင်းသို့ စံချိန်တင်ပြောင်းရွှေ့ကြေးဖြင့် ရောက်ရှိသွားသည့် နေမာသည် အသင်းဟောင်း ဘာစီလိုနာသို့ ပြန်လာရန် ဆန္ဒရှိနေကြောင်း သတင်းများပေါ်ထွက်ခဲ့သော်လည်း ၎င်းကစားသမားအတွက် မြင့်မားသည့် ပြောင်းရွှေ့ကြေးဖြင့် ပြန်ခေါ်ရမည်ကို ဘာစီလိုနာအသင်းမှ လိုလားခြင်းမရှိကြောင်း သိရသည်။

မက်ဆီက' ဘာစီလိုနာအသင်းက နေမာထွက်သွားပြီးနောက်မှာ ရလဒ်ပိုင်းကျဆင်းလာခဲ့တယ်လို့ သတင်းတွေ ထွက်ပေါ်လာခဲ့တယ်။ ဒါကိုကျွန်တော်လည်း လက်ခံပါတယ်။ နေမာလိုကစားသမားမျိုးက နောက်ထပ်တစ်ယောက်မရှိနိုင်တော့ဘူး။ နေမာဟာ အကောင်းဆုံး တိုက်စစ်မှူးတစ်ဦးပါ။ သူ့ကို လက်လွှတ်ဆုံးရှုံးလိုက်ရတာ ဘာစီလိုနာအသင်းအတွက် များစွာ နစ်နာရပါတယ်။ ဖြစ်နိုင်ရင်တော့ နေမာအနေနဲ့ ဘာစီလိုနာအသင်းကို ပြန်လာစေချင်ပါတယ်။ ကျွန်တော်တို့ တစ်သင်းလုံးက သူနဲ့လက်တွဲပြီး ကစားချင်နေကြတာပါ။ သူပြန်လာမယ်ဆိုရင် အသင်းသားအားလုံးက ဝမ်းသာစွာကြိုဆိုကြမှာပါ'ဟု ပြောကြားလိုက်သည်။

# ဟီဂူအင်ကိုခေါ်ယူရန် ချယ်လ်ဆီးအသင်း၏ ကမ်းလှမ်းမှုကို ဂျူဗင်တပ် ဝမ်းမြောက်ဝမ်းသာလက်ခံ




တိုက်စစ်ပိုင်းပြဿနာများဖြင့် ရင်ဆိုင်နေရသည့် ချယ်လ်ဆီးအသင်းသည် လာမည့် ဇန်နဝါရီ အပြောင်းအရွှေ့ ဈေးကွက်ဖွင့်ချိန်တွင် ထိပ်တန်းတိုက်စစ်မှူးတစ်ဦးကို ခေါ်ယူရန် ပြင်ဆင်နေရာ ယခုအချိန်တွင် ဂျူဗင်တပ်အသင်းမှ ဝါရင့်တိုက်စစ်မှူး ဟီဂူအင်ကို ခေါ်ယူရန်ကမ်းလှမ်းမှုပြုလုပ်ခဲ့သဖြင့် ဂျူဗင်တပ်အသင်းက ဝမ်းမြောက်ဝမ်းသာဖြင့် လက်ခံလိုက်ကြောင်း သတင်းများတွင် ဖော်ပြထားသည်။

ချယ်လ်ဆီးအသင်းသည် တိုက်စစ်မှူး မိုရာတာကို ရောင်းထုတ်ပြီး ကစားသမားသစ်ခေါ်ယူရန် ပြင်ဆင်လျက်ရှိရာ ရီးရဲလ်မက်ဒရစ်အသင်းမှ အစ္စကိုနှင့် ဂျူဗင်တပ်အသင်းမှ ဟီဂူအင်တို့ကို အဓိကပစ်မှတ်ထားနေရာ ယခုအချိန်တွင် ဟီဂူအင်ကို ခေါ်ယူစာချုပ်ရန် သဘောတူညီမှုရရှိခဲ့ပြီဖြစ်သည်။

ဟီဂူအင်သည် ဂျူဗင်တပ်အသင်းမှ အေစီမီလန်အသင်းသို့ အငှားဖြင့် သွားရောက်ကစားနေသူဖြစ်သည်။ ၎င်းကစားသမားသည် အေစီမီလန်အသင်းတွင် ၁၄ ပွဲ ပါဝင်ကစားထားရာတွင် ငါးဂိုးသွင်းပေးထားနိုင်သည်။ ဂျူဗင်တပ်အသင်းသည် တိုက်စစ်ပိုင်းအတွက် စီရိုနယ်ဒိုကို ခေါ်ယူလိုက်ခြင်းကြောင့် ၎င်းကစားသမားကို အေစီမီလန်အသင်းသို့ အငှားချထားလိုက်ခြင်းဖြစ်သည်။ ဂျူဗင်တပ်အသင်းသည် ဟီဂူအင်ကို အသင်း၌ ပြန်လည်နေရာပေးတော့မည်မဟုတ်ဘဲ အပြီးသတ်ရောင်းထုတ်ရန် ပြင်ဆင်လာခဲ့သည်။

## ဘောလုံးလောက သတင်းတိုများ

- **ဝက်စ်ဟမ်းအသင်းသည် အာဆင်နယ်နှင့် မန်စီးတီးအသင်းတို့၏ ကစားသမားဟောင်း နာဆရီကို တစ်ပတ်လုပ်ခလစာ ပေါင် ၈၀၀၀၀ ပေးကာ ခြောက်လစာချုပ်ဖြင့် ခေါ်ယူလိုက်ပြီဖြစ်ကြောင်း သိရသည်။**
- ပြင်သစ်လီဂူးဝမ်းကလပ် မိုနာကို အသင်း၏ နည်းပြဖြစ်သူ ဟင်နရီက စပါးအသင်းမှ ထွက်ခွာရန် ပြင်ဆင်နေသည့် ကွင်းလယ်ကစားသမား ဒမ်ဘီလီကို ခေါ်ယူသွားမည်ဟု ထုတ်ဖော်ပြောကြားလိုက်သည်။
- **မန်ယူအသင်းသည် လာမည့်ရာသီတွင် နည်းပြသစ်ခန့်အပ်ရန် ရီးရဲလ်မက်ဒရစ်အသင်း နည်းပြဟောင်း ဇီဒန်းကို ခန့်အပ်ရန် စဉ်းစားနေသလို ဂျူဗင်တပ်အသင်းနည်းပြ အယ်လီဂရီကို ခေါ်ယူရန်လည်း ဆန္ဒရှိနေကြောင်း သိရသည်။**
- ဘာစီလိုနာအသင်းမှ စပိန်နောက်ခံကစားသမား ပီကေးသည် လာမည့် ၂၀၂၀ ပြည့်နှစ်တွင် ဘောလုံးကစားခြင်းမှ အနားယူတော့မည်ဖြစ်ကြောင်း သိရသည်။
- **စပါးအသင်းသည် ၎င်းတို့၏ ကွင်းလယ်ကစားသမား နှစ်ဦးဖြစ်သည့် ဒမ်ဘီလီနှင့် ဝါညာမာတို့နှစ်ဦးပေါင်းကို ပေါင် ၇၅ သန်းရလျှင် လက်လွှတ်သွားမည်ဖြစ်ကြောင်း သိရသည်။**

# လယ်ယာထွက်ကုန်ပစ္စည်းများအပါအဝင် စိုက်ပျိုးရေးထုတ်ကုန်များရဲ့ ပြည်ပတင်ပို့မှုကျဆင်းခြင်းကို ကုစားနိုင်ဖို့ဆိုလျှင်...

## သစ်သီးဝလံကဏ္ဍမှ ပြည်ပတင်ပို့နိုင်မှုနှင့် ရေရှည်ဈေးကွက်ဖော်ဆောင်နိုင်ရေး

မြန်မာနိုင်ငံ၏ လယ်ယာထွက်ကုန်ပစ္စည်း ထုတ်လုပ်မှုတွင် သစ်သီးဝလံကဏ္ဍသည် ပြည်တွင်းထုတ်လုပ်မှု အားကောင်းလျက်ရှိပြီး ပို့ကုန်အတွက် ဖြည့်တင်းပေးလျက်ရှိသော ကဏ္ဍတစ်ရပ်ပင် ဖြစ်ပေသည်။ မြန်မာနိုင်ငံသည် စိုက်ပျိုးရေးကိုအခြေခံသော နိုင်ငံတစ်နိုင်ငံ ဖြစ်သည့် အားလျော်စွာ ပြည်သူအများစုမှာ လယ်ယာထွက်ကုန်များကို ဦးစားပေးစိုက်ပျိုးထုတ်လုပ်၍ အသက်မွေးကြပေသည်။ ထိုသို့ ဦးစားပေး စိုက်ပျိုးကြသည့် လယ်ယာထုတ်ကုန်များတွင် သစ်သီးဝလံများသည်လည်း အပါအဝင်ဖြစ်ပေသည်။ ပြည်တွင်းစားသုံးရန်သာမက ပြည်ပသို့ တင်ပို့နိုင်စေရန်ရည်ရွယ်၍ စီးပွားဖြစ်စိုက်ပျိုး ထုတ်လုပ်လျက်ရှိကြပါသည်။ ထိုသို့ စိုက်ပျိုးထုတ်လုပ်လျက် ရှိကြသောကြောင့် ပြည်တွင်းစားသုံးမှုဖူလုံစေရန်သာမက နိုင်ငံခြားသို့ တင်ပို့ရောင်းချရသဖြင့် စိုက်ပျိုးထုတ်လုပ်သူတောင်သူများ အပါအဝင် ကုန်သည်လုပ်ငန်းရှင်များနှင့် သယ်ယူပို့ဆောင်ရေး လုပ်ငန်း လုပ်ကိုင်သူများမှာ အကျိုးအမြတ်များစွာရရှိကြပြီး ကျေးလက်နေပြည်သူများအတွက်လည်း အလုပ်အကိုင်အခွင့်အလမ်းများ ရရှိကြပေသည်။ ထို့ကြောင့် အကျိုးအမြတ် ဖြစ်ထွန်းလျက်ရှိသည့် သစ်သီးဝလံများ စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချမှုများ ရေရှည်တည်တံ့စေရေးအတွက် ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ပါသည်။ ထိုသို့ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်စေရန်အတွက် ဈေးကွက်ထိုးဖောက်မှုနှင့် ကုန်သွယ်မှုလုပ်ငန်းများကို မြှင့်တင်ဆောင်ရွက်ကြရမည်ဖြစ်ပေသည်။ ဈေးကွက် ထိုးဖောက်နိုင်ရန်နှင့် ရရှိထားသောဈေးကွက်များ ရေရှည်ထိန်းသိမ်းနိုင်ရေးအတွက်မူ ထုတ်ကုန်များ လုံလောက်ပေါများစွာ ထုတ်လုပ်နိုင်ရန် အထူးလိုအပ်ပေသည်။ ဈေးကွက်၏ လိုအပ်ချက်ကို လုံလောက် စွာ ဖြည့်တင်းနိုင်ရေးသည် ဈေးကွက်တည်ငြိမ်မှု၏ အထောက်အပံ့ ကောင်းတစ်ရပ်ပင် ဖြစ်ပေသည်။

လက်ရှိ မြန်မာနိုင်ငံ၏ သစ်သီးဝလံများတင်ပို့မှုတွင် ဖရဲသီး၊ သခွားမွှေး၊ သရက်သီး၊ သီဟိုဠ်စေ့တို့ကို အဓိကစိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချလျက်ရှိပြီး တင်ပို့နိုင်မှုမှာ နှစ်စဉ်တိုးတက်မြင့်မားလျက်ရှိနေပေသည်။ ဘဏ္ဍာနှစ်အလိုက် သစ်သီးဝလံကဏ္ဍမှ တင်ပို့နိုင်မှုကို လေ့လာကြည့်သော် အောက်ပါအတိုင်း တွေ့ရှိရပေသည်-

**သစ်သီးဝလံများ၏ ပြည်ပတင်ပို့မှုအခြေအနေ**

တန်ဖိုး- အမေရိကန်ဒေါ်လာသန်း

| စဉ် | သစ်သီးဝလံများ | ဘဏ္ဍာနှစ် | | | | |
|---|---|---|---|---|---|---|
| | | ၂၀၁၄-၂၀၁၅ | ၂၀၁၅-၂၀၁၆ | ၂၀၁၆-၂၀၁၇ | ၂၀၁၇-၂၀၁၈ | ၂၀၁၈-၂၀၁၉ (၂၃.၁၁.၂၀၁၈ ထိ) |
| ၁။ | ဖရဲသီး | ၆၈.၂၆၉ | ၆၀.၂၇၄ | ၇၃.၈၄၃ | ၇၇.၄၅၈ | ၆.၁၆၂ |
| ၂။ | သခွားမွှေး | ၂၂.၈၂၇ | ၁၈.၂၃၃ | ၂၅.၈၂၂ | ၂၅.၇၃၄ | ၀.၆၆၇ |
| ၃။ | သရက်သီး | ၁၃.၄၉၉ | ၉.၆၂၃ | ၁၀.၀၂၅ | ၁၀.၅၀၉ | - |
| ၄။ | သီဟိုဠ်စေ့ | ၁၃.၁၂၉ | ၁၅.၃၀၂ | ၈.၃၄ | ၁၄.၉၅၁ | ၂.၆၀၉ |
| ၅။ | အခြားသစ်သီးဝလံများ | ၆.၁၉၅ | ၂၆.၆၁၉ | ၆၁.၇၂၅ | ၈၆.၉၈၆ | ၆.၄၃၇ |
| | **စုစုပေါင်း** | ၁၂၃.၉၁၉ | ၁၃၀.၀၅၁ | ၁၇၉.၇၅၅ | ၂၁၅.၆၃၈ | ၁၅.၈၇၅ |

အထက်ပါ ဇယားအရ ပြည်ပတင်ပို့နိုင်မှုမှာ နှစ်စဉ်တိုးတက်လျက်ရှိပြီး ပြည်ပတင်ပို့မှုအလားအလာ ကောင်းလျက်ရှိနေသည်ကို တွေ့ရှိရပေသည်။ ထိုသို့ တိုးတက်မှုများ ရေရှည်တည်တံ့ရေးနှင့် ဈေးကွက်ရရှိမှု လွယ်ကူချောမွေ့စေရေးအတွက် အစီအစဉ်များ ချမှတ်ဆောင်ရွက်ထားရန်လည်း လိုအပ်မည်ဖြစ်ပါသည်။ ဈေးကွက်ခိုင်မာအားကောင်းရန်နှင့် ကုန်သွယ်မှုမြင့်မားလာစေရန်အတွက် အခြေခံကျသောကဏ္ဍမှာ ပြည်တွင်းစားသုံးမှု ဖူလုံစေရေးနှင့် ဈေးကွက်လိုအပ်ချက်ကို လုံလောက်စွာဖြည့်တင်းပေးနိုင်ရေးအတွက် ထုတ်လုပ်မှုကဏ္ဍပင်ဖြစ်ပါသည်။ ဈေးကွက်၏ လိုအပ်ချက်ကိုပြည့်မီအောင် ဖြည့်တင်းပေးနိုင်မှသာလျှင် ရေရှည် ဈေးကွက်ခိုင်မာနိုင်မည်ဖြစ်ပေသည်။ ထုတ်လုပ်မှုမြင့်မားရေးအတွက် စိုက်ပျိုးထုတ်လုပ်သည့် တောင်သူများအား စိုက်ပျိုးမှုနည်းပညာအကူအညီများ၊ ငွေကြေးအကူအညီများ ထောက်ပံ့ ဆောင်ရွက်ပေးခြင်းများ ပြုလုပ်ပေးသင့်ပါသည်။ စိုက်ပျိုးထုတ်လုပ်ရာတွင် ထုတ်ကုန်များ လုံလောက်စွာ ရရှိစေ



DOCA (Domestic)

ရန်အတွက် သီးနှံများကို တစ်စုတစ်ဝေးတည်း စိုက်ပျိုးထုတ်လုပ်ကြရန် လိုအပ်ပေသည်။ တစ်ဆက်စပ်တည်း စိုက်ပျိုးထုတ်လုပ်ခြင်းဖြစ်သည့် ဖရဲသီးစိုက်ပျိုးရေးဇုန်များ၊ သခွားမွှေးစိုက်ပျိုးရေးဇုန်များ၊ သရက်သီး စိုက်ပျိုးရေးဇုန်များကို သတ်မှတ်၍ အကောင်အထည်ဖော်ကြရမည် ဖြစ်ပါသည်။ သီးနှံများ အလိုက်ဇုန်များ သတ်မှတ်ဖော်ဆောင်ကြခြင်းနှင့်အတူ လိုအပ်သော ပံ့ပိုးကူညီမှုများကိုလည်း သက်ဆိုင်ရာ အသင်းအဖွဲ့များ၊ လုပ်ငန်းရှင်များနှင့် အစိုးရဌာနများက ပူးပေါင်းကူညီပံ့ပိုးကြရမည်ဖြစ်ပြီး ဒေသခံစိုက်ပျိုးထုတ်လုပ်သည့် တောင်သူများကလည်း နည်းစနစ်တကျဖြင့် အရည်အသွေးကောင်းမွန်သော သီးနှံများကို စိုက်ပျိုးထုတ်လုပ်ကြရမည်ဖြစ်ပါသည်။ ထိုကဲ့သို့ သီးနှံဇုန်များ ဖော်ဆောင်ခြင်းအားဖြင့် အရည်အသွေးကောင်းမွန်သည့် လိုအပ်သော ထုတ်ကုန်များကို လုံလောက်စွာ ရရှိနိုင်မည် ဖြစ်ပါသည်။

ထို့ပြင် သစ်သီးဝလံများ၏ ရေရှည်ဈေးကွက်ခိုင်မာရေးအတွက်မူ အရည်အသွေး (Quality) ကဏ္ဍသည်လည်း အရေးကြီးသည့် ကဏ္ဍတစ်ရပ်ပင်ဖြစ်ပေသည်။ ထုတ်ကုန်များကို အရည်အသွေး ကောင်းမွန်စွာ ထုတ်လုပ်နိုင်မှသာလျှင် ဈေးကွက်တည်ငြိမ်ကာ စိုက်ပျိုးထုတ်လုပ်သူတောင်သူများ၊ ကုန်သည်လုပ်ငန်းရှင်များ တွက်ချေကိုက် အဆင်ပြေမည်ဖြစ်ပါသည်။ ထိုသို့ အရည်အသွေး ကောင်းမွန်စွာ ထုတ်လုပ်နိုင်ဖို့ဆိုလျှင် အရည်အသွေးကောင်းသောမျိုးများကို ရွေးချယ်စိုက်ပျိုးသင့်ပေသည်။ ထိုကဲ့သို့ စိုက်ပျိုးနိုင်ရေးအတွက် အစိုးရဌာနများက ကူညီပံ့ပိုးပေးခြင်းဖြင့်လည်းကောင်း၊ ပုဂ္ဂလိကလုပ်ငန်းရှင်များက ခေတ်မီမျိုးစေ့များ ထုတ်လုပ်သည့်လုပ်ငန်းများကို ဖော်ဆောင်ခြင်းဖြင့်လည်းကောင်း တောင်သူများအနေဖြင့် အရည်အသွေး ကောင်းသောမျိုးများကို လွယ်ကူအဆင်ပြေစွာသုံးစွဲနိုင်ရေးကို ဦးစားပေးဆောင်ရွက်ကြရပေမည်။ အရည်အသွေးကောင်းသောထုတ်ကုန်များ ရရှိရန်မှာ အရည်အသွေးကောင်းမွန်သည့် မျိုးစေ့များ လိုအပ်သည်မှာ ဧကန်ပင် ဖြစ်ပေသည်။ ဒါ့အပြင် သစ်သီးဝလံထုတ်ကုန်များ၏ ရေရှည်ဈေးကွက် တည်ငြိမ် စေရေးနှင့် ကုန်သွယ်မှုမြင့်မားရေးအတွက် အခြေခံအဆောက်အအုံများ (Infrastructures)၏ အခန်းကဏ္ဍမှာလည်း အရေးကြီးပေသည်။ စိုက်ပျိုးထုတ်လုပ်သည့် စိုက်ခင်းများမှ ဈေးကွက်သို့ လွယ်ကူ ချောမွေ့စွာရောက်ရှိရေးအတွက် လမ်းတံတားများ၊ သီးနှံများအတွက် အအေးခန်း သိုလှောင်ရုံများ၊ ကုန်းတွင်းဆိပ်ကမ်းများ (Dry Port)ကို လုံလောက်စွာ တည်ဆောက်ထားမှုများ ရှိရမည်ဖြစ်ပါသည်။ သို့မှသာလျှင် ကုန်စည်သီးနှံများမှာ ဈေးကွက်သို့ အဆင်ပြေချောမွေ့စွာဖြင့် စီးဆင်းနိုင်မည်ဖြစ်ပေသည်။ ထို့ပြင် ထုတ်ကုန်များ၏ ဈေးကွက်ခိုင်မာရေးအတွက် အဓိကကျသော နောက်ထပ်ကဏ္ဍတစ်ခုမှာ ဈေးကွက် ရှာဖွေခြင်းပင်ဖြစ်ပေသည်။ ပြည်တွင်းကုန်စည်ပြပွဲများတွင် ပါဝင်ပြသခြင်းဖြင့် လည်းကောင်း၊ ပြည်ပကုန်စည်ပြပွဲများတွင် သွားရောက်ပြသခြင်းများဖြင့် လည်းကောင်း စားသုံးသူအများစုရှိရာ ရေရှည် အလားအလာကောင်းမွန်သည့် ဈေးကွက်များနှင့် ချိတ်ဆက်ဆောင်ရွက်ကြရမည်ဖြစ်ပေသည်။

ထိုကဲ့သို့ သစ်သီးဝလံများ၏ ရေရှည်ဈေးကွက်ခိုင်မာရေးအတွက် အထက်တွင်ဖော်ပြအပ်သော ထုတ်လုပ်မှုကဏ္ဍ၊ အရည်အသွေး (Quality)ကဏ္ဍ၊ အခြေခံအဆောက်အအုံများကဏ္ဍ (Infrastructures)၊ ဈေး ကွက်ရှာဖွေခြင်း စသည့်ကဏ္ဍများကို အရှိန်အဟုန်ဖြင့် ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ပါသည်။ ထိုသို့ ဆောင်ရွက်ကြရာတွင် စိုက်ပျိုးထုတ်လုပ်သူတောင်သူများ၊ ကုန်သည်လုပ်ငန်းရှင်များ၊ အသင်းအဖွဲ့များ၊ သက်ဆိုင်ရာအစိုးရဌာနများက စိတ်ဝမ်းညီစွာ ပူးပေါင်းဆောင်ရွက်ကြမှသာ အောင်မြင်နိုင်မည်ဖြစ်ပါကြောင်း အကြံပြုရေးသားလိုက်ရပေသည်။

**ဆက်လက်ဖော်ပြပါဦးမည်. . .။**

### စာမျက်နှာ (၂၇) ကုန်ပစ္စည်းများတင်ပို့ခြင်း . . . . မှအဆက်

စာမျက်နှာ (၂၇) ကုန်ပစ္စည်းများတင်ပို့ခြင်း . . . . မှအဆက်

ကိုပါ ပိုးမွှားကင်းရှင်းမှုသေချာစေရန် စစ်ဆေးစမ်းသပ်ပါသည်။ စမ်းသပ်စစ်ဆေးချက်များကိုRisk Analysis ပြုလုပ်၍ အန္တရာယ်ရှိပါကတားမြစ်များ ဆက်လက်ပြုလုပ်ပါသည်။

တရုတ်နိုင်ငံသည် အထက်ဖော်ပြပါစနစ်များဖြင့် စိုက်ပျိုးရေးထွက်ကုန်များ တိရိစ္ဆာန်များစသည် တို့ကိုတင်သွင်းလျက်ရှိသကဲ့သို့ ၎င်းတို့၏စိုက်ပျိုး ရေးနှင့် တိရစ္ဆာန်ထွက်ကုန်များကို ပြည်ပသို့တင်ပို့ ရန် GACC မှ တာဝန်ယူ၍ စစ်ဆေးပေးလျက်ရှိပါ သည်။ စစ်ဆေး၍ အရည်အချင်းမပြည့်မီသော ကုန်ပစ္စည်းများကို ပြည်ပသို့ တရားဝင်တင်ပို့ခွင့်မပေးကြောင်း သိရှိရပါသည်။ တရုတ်နိုင်ငံ၏ Food Policy သည် ၎င်းတို့၏လူဦးရေများပြားမှုအရ အစားအစာလုံလောက်မှုကို ဦးစားပေးကြောင်း လေ့လာသိရှိရပါသည်။ လုံလောက်သော အစားအစာပြည့်ဝမှုမှသည် လုံခြုံစိတ်ချရသော အစားအစာများ စားသုံးနိုင်ရေးကို ဦးတည်၍ လျှောက်လှမ်းလျက်ရှိပါသည်။ မည်သို့ပင်ဆိုစေကာမူ တရုတ်နိုင်ငံ၏ စိုက်ပျိုးရေးထွက်ကုန်များအပေါ် စစ်ဆေးခြင်းနှင့် တားဆီးခြင်းဆိုင်ရာစနစ်သည် မြန်မာနိုင်ငံအနေနှင့် နိုင်ငံ၏ လယ်ယာထွက်ကုန်များကို တင်ပို့ရောင်းချရန်အတွက် အထူးဂရုပြုရမည့်အချက် ဖြစ်ပေသည်။ စိုက်ပျိုးရေးကို အခြေခံသော နိုင်ငံတစ်ခုအနေဖြင့် ရေရှည်တည်တံ့ခိုင်မြဲပြီး စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်သော စီးပွားရေးအခြေအနေတစ်ခု ဖန်တီးရန်အတွက် ပို့ကုန်များ အရည်အသွေးပြည့်မီပြီး လုံခြုံ စိတ်ချရမှုရှိစေရန် ကြိုးပမ်းဆောင်ရွက်ရမည် ဖြစ် ပေသည်။ ထို့အတူ အရည်အသွေးပြည့်မီသော ကုန်ပစ္စည်းများ ပြည်ပသို့တင်ပို့နိုင်ရန် ကြိုးစားရမည် ဖြစ်သကဲ့သို့ ပြည်တွင်းသို့ ဝင်ရောက်လာသော အရည်အသွေးမမီသည့် ကုန်ပစ္စည်းများကို တားဆီးရန်နှင့် စားသုံးသူပြည်သူများ၏ ကျန်းမာရေးနှင့် အကျိုးစီးပွားကို ကာကွယ်ရန်အတွက် Inspection and Quarantine System တစ်ခုပီပြင်စွာ ပေါ်ပေါက်လာရန် ကဏ္ဍအသီးသီးမှ တာဝန်ရှိသူများ ပူးပေါင်း ၍ ဆောင်ရွက်နိုင်ရန် ကြိုးစားရမည်ဖြစ်ပါသည်။ နိုင်ငံတကာဈေးကွက်သို့ ထိုးဖောက်တင်ပို့နိုင်သော ကုန်ပစ္စည်းများဖြစ်စေရေးနှင့် ပြည်တွင်းစားသုံးသူများ ကျန်းမာသန့်ရှင်းပြီး အရည်အသွေး ပြည့်မီသောကုန်ပစ္စည်းများကို အသုံးပြုနိုင်စေရေးရည်ရွယ်၍ လေ့လာတွေ့ရှိမှတ်သားခဲ့ရမှုများကို ပြန်လည်တင်ပြပေးလိုက်ရပါသည်။

# ဗီယက်နမ်သည် အာဆီယံတွင် FDI ဆွဲဆောင်မှု အကောင်းဆုံးနိုင်ငံ ဖြစ်လာခြင်း

[ကျော်သူရ (စီးပွားရေးသံမှူး)]

ဗီယက်နမ်နိုင်ငံ၏ စီးပွားရေးတိုးတက်လာခြင်းနှင့် ပြည်တွင်းလုပ်ငန်းများဖွံ့ဖြိုးလာခြင်း ကြောင့် ဗီယက်နမ်သည် အာဆီယံအဖွဲ့ဝင်နိုင်ငံများအကြား၌FDI (foreign direct investment) ကိုဆွဲဆောင်ရာ၌ အစဉ်အဆက်တိုးတက်ရရှိကြောင်းသိရှိရပါသည်။

ဗီယက်နမ်၏ အလိုက်သင့်စီးပွားရေးပြုပြင်ပြောင်းလဲနိုင်မှု၊ အလုပ်လုပ်နိုင်သောငယ်ရွယ်သူ အများအပြားရှိခြင်းနှင့် မြို့ပြသို့ ရွှေ့ပြောင်းနေထိုင်သူ တိုးပွားလာခြင်း၊ လုပ်အားခသင့်တင့်သော လုပ်သား အင်အားရှိခြင်း၊ ပုံမှန်တိုးတက်နေသောစီးပွားရေး ဝန်းကျင်ကောင်းရှိခြင်းနှင့် နိုင်ငံရေး တည်ငြိမ်မှုများကြောင့် ပြည်တွင်းသို့ FDI ပိုမိုဝင်ရောက်လာစေရန် ဗီယက်နမ်၏ ဆွဲဆောင်မှုများ ဖြစ်ကြောင်း ဖိလစ်ပိုင်နိုင်ငံရှိ Kaunlad Lending Investors Corporation ၏ ဥက္ကဋ္ဌ Mr. Berly D Alvarez က ပြောကြားခဲ့ပါသည်။

ဗီယက်နမ်သည် လျှပ်စစ်ဓာတ်အားစီမံကိန်းများ၊ မော်တော်ကားလမ်းနှင့်ရထားလမ်း တည်ဆောက်ရေးနှင့် ပြန်ပြည့်မြဲ စွမ်းအင်စသည့် အခြေခံအဆောက်အအုံကဏ္ဍသို့ FDIစီးဝင်လာစေရန် ဆွဲဆောင်လျက်ရှိပါသည်။ ၂၀၁၉ ခုနှစ်တွင် ဗီယက်နမ်စီးပွားရေးတိုးတက်မှုကို ၆ ဒသမ ၆ ရာခိုင်နှုန်းရရှိရန် ရည်မှန်းထားပြီးငွေဖောင်းပွမှုနှုန်းသည် အစိုးရ၏ထိန်းချုပ်မှုအောက်တွင်ရှိပြီး စက်မှုကုန်ချောထုတ်လုပ်မှုတိုးတက်လာမည်ဖြစ်ကြောင်းနှင့် ၂၀၁၉ ခုနှစ်တွင် ဗီယက်နမ်သည် FDI ကို ပိုမိုဆွဲဆောင်နိုင်လိမ့်မည်ဖြစ်ကြောင်း VinaCapital ကုမ္ပဏီ၏ အမှုဆောင်အရာရှိချုပ် Mr. Don Lam က ပြောကြားခဲ့ပါသည်။

ဗီယက်နမ်စီးပွားရေးသည် ၂၀၁၉ ခုနှစ်တွင် ၆ ဒသမ ၈ ရာခိုင်နှုန်းအထိ တိုးတက်နိုင်ပြီး ၎င်း၏ဈေးကွက်ပြုပြင်ပြောင်းလဲရေးသည် တိုင်းပြည်စီးပွားရေးကို အထောက်အကူပြုမည်ဟု Quant Group Corporation ဥက္ကဋ္ဌ Mr. Pakpoom Vallisutau က ပြောကြားခဲ့ပါသည်။ အမေရိကန်သည် တရုတ်ထွက်ကုန်တင်သွင်းခြင်းကို လျှော့ချ၍ ဗီယက်နမ်အပါအဝင် အခြားအာဆီယံနိုင်ငံများမှ ထွက်ကုန်ကို ပြောင်းလဲ တင်သွင်းလာနိုင်ကြောင်း၊ ယင်းကဲ့သို့ အခြေအနေမျိုးသည် ဗီယက်နမ်စီးပွားရေးအတွက် ကောင်းမွန်သော်လည်း အခြေခံအဆောက်အဦ ဖွံ့ဖြိုးရေးအတွက် ဗီယက်နမ်အစိုးရနှင့် စီးပွားရေးလုပ်ငန်းများအပေါ် ပို၍ ဖိအားပေးလာမည်ဖြစ်ကြောင်း၊ ကောင်းမွန်သော ပညာရေးနှင့် သက်မွေးပညာသင်တန်းသည် ဗီယက်နမ်လုပ်သားထု၏ ကုန်ထုတ်စွမ်းအားကို မြှင့်တင်နိုင်သဖြင့် ပညာရေးကဏ္ဍကိုဦးစားပေးသင့်ကြောင်း HSBC Vietnam ၏ အမှုဆောင်အရာရှိချုပ် Mr. Pham Hong ကပြောကြားခဲ့ပါသည်။ ဗီယက်နမ်စီးပွားရေးလုပ်ငန်းများအနေဖြင့် ယှဉ်ပြိုင်မှုကို မြှင့်တင်ရန်အတွက် နည်းပညာကဏ္ဍ၌ ပိုမိုရင်းနှီးမြှုပ်နှံ၍ Industry 4.0 ၏ အရေးသာမှုကို အကျိုးရှိရှိအသုံးချကြရန် ပညာရှင်များက အကြံပြုထားပါသည်။ ထို့အပြင် အစိုးရ၏မူဝါဒပြုပြင် ပြောင်းလဲရေးသည် FDI ကို ပိုမိုဆွဲဆောင်ရန်အတွက် အရေးကြီးသကဲ့သို့ နောက်ထပ်ဗီယက်နမ် စီးပွားရေးတိုးတက်ရေးနှင့် အခြေခံအဆောက်အဦနှင့် စက်မှုကုန်ချောထုတ်လုပ်မှုစသည့် ကဏ္ဍများ၌ တိုင်းပြည်၏ ယှဉ်ပြိုင်နိုင်စွမ်းကို မြှင့်တင်ရေးအတွက်လည်း အရေးကြီးပါသည်။

အရှေ့တောင်အာရှ၏စီးပွားရေးသည် ၂၀၁၈ ခုနှစ်တွင် ၅ ဒသမ ၃ ရာခိုင်နှုန်းတိုးတက်မည်ဟု ICAEW က ခန့်မှန်းခဲ့သော်လည်း ၂၀၁၉ ခုနှစ်အတွက် တိုးတက်မှုနှုန်းအား ၅ ရာခိုင်နှုန်းသို့ လျှော့ချခဲ့ပါသည်။ အမေရိကန်-တရုတ် ကုန်သွယ်ရေးစစ်ပွဲရှိနေသောကြောင့် အရှေ့တောင်အာရှ၏ စီးပွားရေးတိုးတက်မှု ခန့်မှန်းချက်ကို လျှော့ချခဲ့ခြင်းဖြစ်ကြောင်း၊ တရုတ်နိုင်ငံမှ ဝယ်လိုအား ကျဆင်းလာခြင်းသည် အရှေ့တောင်အာရှဒေသ၏ စီးပွားရေးအပေါ် အဓိကအကျိုးသက်ရောက်မှုတစ်ခုဖြစ်လာပြီး အထူးသဖြင့် တရုတ်နိုင်ငံသို့ တင်ပို့မှုမြင့်မားသည့် စင်ကာပူနှင့် မလေးရှားနိုင်ငံများကဲ့သို့ ပို့ကုန်အခြေပြုနိုင်ငံများကိုအထိ နာမည်ဖြစ်ကြောင်း သိရသည်။ အရှေ့တောင်အာရှစီးပွားရေးသည် ၂၀၁၈ ခုနှစ်၊ ဒုတိယနှစ်ဝက်တွင် တစ်နှစ်ထက်တစ်နှစ် ၅ ဒသမ ၂ ရာခိုင်နှုန်း တိုးတက်ခဲ့သော်လည်း တတိယသုံးလပတ်တွင် တိုးတက်မှုသည် ၄ ဒသမ ၈ ရာခိုင်နှုန်းသို့ ကျဆင်းခဲ့ကြောင်း တွေ့ရှိရပါသည်။

ဗီယက်နမ်၏ စီးပွားရေးဝန်းကျင်သည် စည်းကမ်းဥပဒေမူဘောင်အားနည်းခြင်း၊ အဂတိလိုက်စားမှု မြင့်မားခြင်း၊ မူပိုင်ခွင့်ကာကွယ်ပေးမှုအားနည်းခြင်း၊ ကျွမ်းကျင်ပြီး စွမ်းအားမြင့်မားသောလုပ်သားထု အကန့်အသတ်ရှိခြင်းစသည့် စိန်ခေါ်မှုများစွာကို ရင်ဆိုင်နေရဆဲဖြစ်ကြောင်းနှင့် ပညာရေးနှင့် သက်မွေးပညာကို မြှင့်တင်ပေးသကဲ့သို့ တိုင်းပြည်၏ တရားစီရင်ရေးစနစ်နှင့် အခြေခံ အဆောက်အဦ တိုးတက်ရေးကိုလည်း ဆောင်ရွက်ပေးရန် လိုအပ်ကြောင်း ဥက္ကဋ္ဌ Mr. Alvarez က ပြောကြားခဲ့ပါသည်။

■

# ကုန်သွယ်မှုပမာဏ ချိန်ခွင်လျှာတစ်ဖက်စောင်းနင်းဖြစ်မှု နှစ်အတော်ကြာလာပြီးနောက် အိန္ဒိယစိုက်ပျိုးရေးထွက်ကုန်များကို ပိုမိုတင်သွင်းရန် တရုတ်သဘောတူ

အမေရိကန်နှင့် ကုန်သွယ်ရေးစစ်ပွဲတင်းမာမှုများဖြစ်ပေါ်လျက်ရှိရာ တရုတ်သည် အိန္ဒိယမှ ဘာစမာတီမဟုတ်သည့် ဆန်နှင့် သကြားများကို ဝယ်ယူရန်မကြာသေးမီက ဆုံးဖြတ်ခဲ့ပြီးနောက် ယခုအခါ သလဲသီး၊ စပျစ်သီး၊ ပဲပုပ်အစားအစာ၊ ငါးဆီ၊ ငါးစာများကို တင်သွင်းရန်စိတ်ဝင်စားနေကြောင်း၊ သို့ဖြစ်၍ သလဲသီးနှင့် စပျစ်သီးခြံများသို့ လှည့်လည်ကြည့်ရှုရန်နှင့်ပဲပုပ်စာထုတ်လုပ်သည့် စက်ရုံများသို့သွားရောက်ကြည့်ရှုရန် ကိုယ်စားလှယ်အဖွဲ့များကို တရုတ်က ယခုလအတွင်း စေလွှတ်မည်ဖြစ်ကြောင်း သိရှိရပါသည်။

နိုဝင်ဘာလကုန်ပိုင်းတွင် တရုတ်ဒုတိယဝန်ကြီးနှင့်ပြုလုပ်ခဲ့သည့် အစည်းအဝေးတစ်ခုတွင် တရုတ်သို့ ကျွဲသား/အမဲသားများ၊ နို့၊ ရုံးပတီနှင့် sapota သီးများကို တင်ပို့ရန် အိန္ဒိယက တွန်းအားပေးဆွေးနွေးနေကြောင်း၊ တရုတ်ကလည်း နို့နှင့်နို့ထွက်ပစ္စည်းများ၊ ပန်းသီးနှင့်သစ်တော်သီးများကို အိန္ဒိယက တင်သွင်းခွင့်ပြုရန် ကြိုးပမ်းနေကြောင်း သိရှိရပါသည်။

တရုတ်နိုင်ငံထုတ် နို့နှင့်နို့ထွက်ပစ္စည်းများတင်သွင်းခွင့်ကို ၂၀၀၈ ခုနှစ်မှစ၍ အိန္ဒိယကပိတ်ပင်ထားခဲ့ပြီး တရုတ်ထံမှတင်သွင်းလာသည့် ပန်းသီးနှင့်သစ်တော်သီးများ၌ ရောဂါပိုးမွှားများအကြိမ်ကြိမ် တွေ့ရှိခဲ့သည့်အတွက် အဆိုပါသီးနှံများကိုလည်း အိန္ဒိယက တင်သွင်းခွင့် ပိတ်ပင်ထားကြောင်း၊ အိန္ဒိယနိုင်ငံမှ အမဲသား/ကျွဲသားများမှာ World Organization for Animal Health အောက်ရှိ OIE ထံမှ ထောက်ခံချက်ရရှိထားပြီး ဖြစ်သော်လည်း ခွာနာလျှာနာရောဂါကူးစက်မည်ကို စိုးရိမ်သည့် အကြောင်းပြချက်ဖြင့် တရုတ်က အိန္ဒိယအမဲသား/ကျွဲသား တင်သွင်းခွင့်ကိုပိတ်ပင်ထားကြောင်း သိရှိရပါသည်။

တရုတ်တာဝန်ရှိသူတစ်ဦးက ပြောကြားရာ၌ နှစ်နိုင်ငံကုန်သွယ်မှုပမာဏချိန်ခွင်လျှာ ညီမျှလာစေရန်အတွက် အရည်အသွေးကောင်းမွန်သည့် စိုက်ပျိုးရေးထွက်ကုန်များ တင်သွင်းရန်ကြိုးစားနေပြီး အိန္ဒိယ၏ လိုလားချက်များကို အပြုသဘောဖြင့် စဉ်းစားကြည့်ရှုပေးရန် သဘောတူထားပြီးဖြစ်သည်ဟု ပြောကြားထားကြောင်း၊ ၂၀၁၇-၁၈ တွင် တရုတ်သို့ အိန္ဒိယတင်ပို့ခဲ့သည့် ပမာဏမှာ အမေရိကန် ဒေါ်လာ ၃၃ ဘီလီယံထိရှိခဲ့ပြီး အိန္ဒိယသို့ တရုတ်ပစ္စည်းတင်သွင်းမှုမှာ အမေရိကန် ဒေါ်လာ ၇၆ ဒသမ ၂ ဘီလီယံထိရှိခဲ့ကြောင်း သိရှိရပါသည်။

**ယဉ်ယဉ်နွယ်၊ စီးပွားရေးသံမှူး**
**မြန်မာသံရုံး၊ နယူးဒေလီမြို့။**

# ၂၀၁၉ ခုနှစ်တွင်ကျင်းပမည့် Aid for Trade Global Review အတွက် သုတေသနစစ်တမ်းကောက်ယူ

ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၌ Aid for Trade Global Review အစီအစဉ်ကို နှစ်နှစ်လျှင် တစ်ကြိမ်ကျင်းပလျက်ရှိရာ သတ္တမအကြိမ်မြောက် အစီအစဉ်အား ၂၀၁၉ ခုနှစ် ဇူလိုင်လ ၃ ရက်မှ ၅ ရက်အထိ ကျင်းပသွားရန် စီစဉ်ဆောင် ရွက်လျက်ရှိပါသည်။ ယင်းအစီအစဉ်တွင် ကုန်သွယ်မှုဆိုင်ရာအကူအညီများနှင့် ပတ်သက်၍ Monitoring and Evaluation အစီရင်ခံစာကို တင်ပြသွားမည်ဖြစ်ပါသည်။

အဆိုပါ Monitoring and Evaluation အစီရင်ခံစာအတွက် ၂၀၁၉ ခုနှစ်တွင် ကျင်းပမည့် Aid for Trade Global Review အစီအစဉ်ဆိုင်ရာ သတ်မှတ် အာဘော်နှင့်အညီ ကုန်သွယ်မှုဆိုင်ရာ အကူအညီများမှတစ်ဆင့် စီးပွားရေးကဏ္ဍများဖြန့်ကြက် တိုးတက်စေရေး၊ အားလုံးချိတ်ဆက် ပါဝင်နိုင်ရေးအတွက် အခွင့်အာဏာ ပိုမို ခွဲဝေပေးရေးနှင့် ရေရှည်တည်တံ့ခိုင်မြဲသော ဖွံ့ဖြိုးတိုးတက်မှုဖြစ်စေရေး အချက်များကို အခြေခံကာ စစ်တမ်းမေးခွန်းများကို ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့မှ ပြုစုထားပြီး ယင်းမေးခွန်းများအတွက် လိုအပ်သော ဖြေဆိုမှုများကို ကုန်သွယ်မှုဆိုင်ရာ အကူအညီရယူလျက်ရှိသည့် အဖွဲ့ဝင်နိုင်ငံများအနေဖြင့် မိမိနိုင်ငံအလိုက် Online မှ ဖြေဆိုပေးနိုင်ရန် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့မှ အကြောင်းကြား တိုက်တွန်းထားကြောင်း သိရှိရပါသည်။

ယင်းစစ်တမ်းမေးခွန်းများနှင့် ပတ်သက်၍ ကုန်သွယ်မှုဆိုင်ရာ အကူအညီများကို ရယူလျက်ရှိသော နိုင်ငံများအနေဖြင့် မဖြစ်မနေ ဖြေဆိုပေးရန် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့မှ မေတ္တာရပ်ခံထားပါသည်။ ဖြေဆိုချက်များကို အခြေခံကာ ကုန်သွယ်မှုဆိုင်ရာ အကူအညီများကို အလှူရှင်နိုင်ငံများက ထပ်မံပေးအပ်နိုင်ရေး အကဲဖြတ် ဆုံးဖြတ်မည်ဖြစ်ရာ မေးခွန်းများအား အလေးထားဖြေကြားပေးရန် လိုအပ်ကြောင်း၊ သက်ဆိုင်ရာ Online Website မှ ဖြေဆိုရာတွင် အချိန်ကုန်သက်သာပြီး လွယ်ကူအဆင်ပြေအောင် ဖန်တီးပေးထားကြောင်း၊ မေးခွန်းတစ်ခုအတွက် အနီးစပ်ဆုံးအဖြေတစ်ခုကိုသာ ဖြေဆိုရန်ဖြစ်ကြောင်း၊ ဆောင်ရွက်ခြင်း မရှိသေးသည့်အချက်များနှင့် ပတ်သက်သော မေးခွန်းများကို ဖြေဆိုခြင်းမပြုဘဲ ချန်လှပ်ထားနိုင်ကြောင်း၊ ဖြေဆိုရာတွင် အသေးစိတ်အချက်အလက်များအတွက် အတိအကျဖြေဆိုရန် အခက်အခဲရှိပါက အနီးစပ်ဆုံးခန့်မှန်းဖြေဆိုနိုင်ကြောင်း၊ မေးခွန်းအဖြေများကို ၂၀၁၈ ခုနှစ် ဒီဇင်ဘာ ၃၁ ရက်မတိုင်မီ သက်ဆိုင်ရာ Online Website မှအပြီး ဖြေဆိုပေးရမည်ဖြစ်ကြောင်း သိရှိရပါသည်။

**ညီညီအောင်၊ (WTO) သံမှူး**

# ဝင်ငွေကျဆင်းမှုကြောင့် ထိုင်းနိုင်ငံတစ်ဝန်းရှိ အလုပ်သမားများ၏ လူနေမှုအဆင့်ကိုထိခိုက်

လာမည့် ရွေးကောက်ပွဲအတွက် နိုင်ငံရေးမဲဆွယ်လှုပ်ရှားမှုများမှ အကျိုးအမြတ်များကို ရရှိလိမ့်မည်ဟု ထိုင်းအလုပ်သမားများက မျှော်လင့်ထားကြသော်လည်း စီးပွားရေးနှေးကွေးကျဆင်းမှုနှင့် နည်းပညာကြောင့် ပေါ်ပေါက်လာရသော ဂယက်ရိုက်ခတ်မှုများကြောင့် ၎င်းတို့အများစုမှာ ဝင်ငွေနှင့်ထွက်ငွေမျှတအောင် ရုန်းကန်နေရကြောင်း ကျွမ်းကျင်သူများ၏ ပြောကြားချက်ကို ကိုးကား၍ နေးရှင်းသတင်းတွင် ဖော်ပြသည်။

လာမည့်နှစ်အတွက် လုပ်ခဝင်ငွေကို ၅ ဘတ်မှ ၁၁ ဘတ်အကြား တိုးမြှင့်ပေးသွားရန် အနိမ့်ဆုံးလုပ်ခသတ်မှတ်ရေးကော်မတီက အဆိုပြုထားသည်။

"စစ်အုပ်စုက ကျောထောက်နောက်ခံပေးထားတဲ့ အစိုးရအားနည်းလာကြောင်းနဲ့ ရွေးကောက်ပွဲကျင်းပရန် စီစဉ်ပေးရတဲ့အတွက် အလုပ်သမားတွေအတွက် အကျိုးစီးပွားရရှိစေနိုင်ပါတယ်"ဟု ချူလာလောင်ကွန်တက္ကသိုလ်မှ အလုပ်သမားစီးပွားရေးဆိုင်ရာ စီးပွားရေးပညာရှင်တစ်ဦးက ပြောသည်။

နုတ်ထွက်တော့မည့် အစိုးရကလည်း အလုပ်သမားများအတွက်အနိမ့်ဆုံးလစာမြှင့်တင်မှုကို အဆိုပြုသွားမည်ဖြစ်သကဲ့သို့ အခြားသော နိုင်ငံရေးပါတီများကလည်း အလားတူကတိကဝတ်များကို ပေးသွားမည်ဟုမျှော်လင့်ကြောင်းသူကပြောသည်။ ဖြူထိုင်းပါတီ၏ရွေးကောက်ပွဲကတိကဝတ်ဖြစ်သော အလုပ်သမားတစ်ယောက်၏ တစ်နေ့လုပ်ခလစာ ဘတ် ၃၀၀ တိုးမြှင့်ပေးမည့်ကတိကိုယင်လတ်ရှင်နာဝပ် အစိုးရက ၂၀၁၂ ခုနှစ်နှင့် ၂၀၁၃ ခုနှစ်တွင် ဖြည့်ဆည်းပေးခဲ့သည်။ လွန်ခဲ့သောလေးနှစ်မှ ငါးနှစ်အတွင်း အလုပ်သမားများ၏ လစာမှာ တိုးတက်မှုမရှိခဲ့သည့်အတွက်အလုပ်သမားများအား အထောက်အကူပေးရန် လုပ်ခလစာများကို တိုးမြှင့်ပေးသင့်ကြောင်း သူကပြောသည်။

"စက်ရုံလုပ်သားများက အချိန်ပိုအလုပ်တွေကို လုပ်ပြီး ရပ်တည်နိုင်အောင်ကြိုးစားနေရပါတယ်။ ဒါကြောင့် မိသားစုကို အချိန်မပေးနိုင်တဲ့အတွက် လူမှုရေးစရိတ် မြင့်တက်ခဲ့ရပါတယ်"ဟု သူကထောက်ပြဝေဖန်သည်။

ပုဂ္ဂလိကကုမ္ပဏီများက နေ့စားလုပ်ခကို အကုန်ပါဝင်လာနိုင်အောင် ညှိနှိုင်းပေးနိုင်ဖို့အတွက် အနိမ့်ဆုံးလစာမြှင့်တင်မှုကို နောက်တစ်နှစ်ထပ်မံမစောင့်တော့ဘဲ ၂၀၁၉ ခုနှစ်တွင်ဆောင်ရွက်ရန် အလုပ်သမားရေးအထူးပြုလေ့လာနေသူ ထိုင်းဖွံ့ဖြိုးရေးသုတေသနသိပ္ပံမှ သုတေသနညွှန်ကြားရေးမှူးယောင်ယုချာလမ်ဝေါင်းကပြောသည်။



လာမည့်နှစ်တွင် စီးပွားရေးတိုးတက်မှုနှုန်းသည် နှေးကွေးကျဆင်းပြီး သုံးရာခိုင်နှုန်းမှ လေးရာခိုင်နှုန်းသာရှိမည်ဟုတွက်ချက်လျက် အလုပ်သမားများ၏ နေ့စားလုပ်ခသည် ထူးထူးခြားခြား မြင့်တက်မည်ဟု သူက ခန့်မှန်းထားသည်။

"ငွေကြေးဖောင်းပွမှုနှုန်းအပေါ် အခြေခံတွက်ချက်ပြီး အနိမ့်ဆုံးလုပ်ခကို ညှိနှိုင်းသွားဖို့ အကြံပြုချင်ပါတယ်" ဟု သူကပြောသည်။

တစ်စိတ်တစ်ပိုင်းအားဖြင့် သတင်းအချက်အလက် နည်းပညာတော်လှန်ရေးကြောင့် ထိုင်းအလုပ်သမားများအတွက် အလုပ်အကိုင်အခွင့်အလမ်းများ ကျဆင်းမည်ကိုလည်းသူကစိုးရိမ်လျက်ရှိသည်။ အလုပ်သမားများကို ထိုင်းနိုင်ငံအတွင်းသို့ ခေါ်ယူရေးနှင့်ပတ်သက်၍ အိမ်နီးချင်းနိုင်ငံများနှင့် နားလည်မှုစာချွန်လွှာများလက်မှတ်ရေးထိုးသည့်အခါ အစိုးရက ဂရုစိုက်ဆောင်ရွက်သင့်ကြောင်းသူက သတိပေးသည်။

**စံမီအောင်**

# ကုန်သွယ်မှုစစ်ပွဲကြောင့် ၂၀၁၈ ခုနှစ်အတွင်း တရုတ်နှင့် အမေရိကန်နိုင်ငံတို့ နှစ်ဦးစလုံး အမေရိကန်ဒေါ်လာ ဘီလီယံပေါင်းများစွာဆုံးရှုံး

အမေရိကန်နှင့် တရုတ်ကုန်သွယ်မှုစစ်ပွဲကြောင့် မော်တော်ကား၊ နည်းပညာနှင့် အထူးသဖြင့် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းများကို ထိခိုက်ခဲ့သည့်အတွက် ၂၀၁၈ ခုနှစ်အတွင်း နှစ်နိုင်ငံစလုံးတွင် အမေရိကန်ဒေါ်လာ ဘီလီယံပေါင်းများစွာ ဆုံးရှုံးခဲ့ကြောင်း ရိုက်တာသတင်းတွင်ဖော်ပြသည်။

စီးပွားရေးပညာရှင် အများအပြား၏ တွက်ချက်မှုအရ ကုန်သွယ်မှုအကောက်ခွန်တိုးမြှင့်မှုကြောင့် အများဆုံးထိခိုက်သောကဏ္ဍမှာ အငြင်းပွားမှုကြောင့် အထိခိုက်ဆုံးမှာ အမေရိကန်ပဲပိစပ်လုပ်ငန်းကဏ္ဍဖြစ်ပြီး ကမ္ဘာ့အကြီးမားဆုံးစီးပွားရေး နှစ်ခုစလုံးအပေါ် ပြင်းထန်စွာဂယက်ရိုက်ခတ်ခဲ့သည်။

ဆွေးနွေးပွဲများတွင် အငြင်းပွားမှုများကို ဖြေရှင်းနိုင်ခြင်း မရှိသေးသော်လည်း ကြီးမားသော ဆုံးရှုံးမှုများကြောင့် အမေရိကန်ပြည်ထောင်စုသမ္မတ ဒေါ်နယ်ထရမ့်နှင့် တရုတ်နိုင်ငံ သမ္မတရှီကျင့်ဖျင်တို့အား ကုန်သွယ်မှုအငြင်းပွားမှုများကို မူလသတ်မှတ်ထားသော မတ် ၁ ရက်မတိုင်မီပြုလုပ်ကြရန် တွန်းအားပေးလျက်ရှိသည်။

အမေရိကန်နှင့် တရုတ်နိုင်ငံတို့သည် တစ်နိုင်ငံချင်းအလိုက်နှစ်စဉ် အမေရိကန်ဒေါ်လာ ၂ ဒသမ ၉ ဘီလီယံဖိုးခန့် ဆုံးရှုံးနိုင်ဖွယ်ရှိကြောင်း ပါဒူးတက္ကသိုလ်လယ်ယာစိုက်ပျိုးရေး စီးပွားရေးပညာရှင် ဝေါလီတိုင်နာကပြောသည်။

လယ်ယာစိုက်ပျိုးရေးကုန်သွယ်မှုကဏ္ဍတွင် အငြင်းပွားမှုကြောင့် နှစ်ဖက်စလုံးတွင်ထိခိုက်ခဲ့သည်။ အဘယ်ကြောင့်ဆိုသော် တရုတ်နိုင်ငံသည် ကမ္ဘာတွင် ပဲပုပ်အများဆုံးတင်သွင်းသောနိုင်ငံဖြစ်ပြီး ယခင်နှစ်ကပဲပုပ်တင်သွင်းမှုအတွက် အမေရိကန်ပြည်ထောင်စုကို မှီခိုအားထားခဲ့ရာ စုစုပေါင်းတန်ဖိုး အမေရိကန်ဒေါ်လာ ၁၂ ဘီလီယံအထိရှိခဲ့သည်။

တရုတ်ကုန်ပစ္စည်းများကို အမေရိကန်ပြည်ထောင်စုက အခွန်ကောက်ခံခဲ့သည်ကို လက်တုံ့ပြန်သည့်အနေဖြင့် တရုတ်နိုင်ငံက အမေရိကန် ပဲပုပ်တင်သွင်းမှုအတွက် အခွန် ၂၅ ရာခိုင်နှုန်း တိုးမြှင့်ကောက်ခံပြီးနောက်ပိုင်းမှစ၍ တရုတ်နိုင်ငံသည် အများအားဖြင့် ဘရာဇီးနိုင်ငံမှ ပဲပုပ်ကို တင်သွင်းခဲ့သည်။ ဝယ်လိုအား မြင့်တက်လာမှုက အမေရိကန်ချီကာဂိုကုန်စည်ဒိုင်တွင် ပဲပုပ်ကြိုရောင်းကြိုဝယ်ဈေးကွက်တွင် ဘရာဇီးပဲပုပ်၏ပရီမီယံဈေးမှာ စံချိန်တင်မြင့်တက်ခဲ့သည်။ ဤအချက်ကိုကြည့်ခြင်းဖြင့် ကုန်သွယ်မှုစစ်ပွဲကြောင့် အမေရိကန်ပဲပုပ်တင်ပို့သူများအတွက် ဈေးနှုန်းကျဆင်းစေခဲ့ပြီး တရုတ်တင်သွင်းသူများအတွက် ကုန်ကျစရိတ်ကိုမြင့်တက်စေခဲ့ကြောင်း တွေ့ရသည်။

**စံမီအောင်**

# နိုင်ငံခြား အလုပ်သမားများအား တရားမျှတစွာဆက်ဆံရေးအတွက် ဂျပန်နိုင်ငံက စီမံချက်မူကြမ်းရေးဆွဲ

လာမည့်ဧပြီမှ စတင်ကျင့်သုံးမည့် ဗီဇာအစီအစဉ်အသစ်အရ နိုင်ငံခြားအလုပ်သမားများအား ခန့်အပ်ပါကလိုက်နာရမည့်တာဝန်များကို သတ်မှတ်ပေးသည့် နည်းဥပဒေကို ဂျပန်တရားရေးဝန်ကြီးဌာနက ပြုစုလျက်ရှိကြောင်း အင်န်အိပ်ချ်ကေသတင်းတွင် ဖော်ပြပါသည်။

မကြာသေးမီက ပြင်ဆင်လိုက်သော လူဝင်မှုထိန်းသိမ်းရေးဥပဒေအရ အလုပ်အကိုင်ရှားပါးမှု အကြီးအကျယ်ဖြစ်ပွားနေသော ဂျပန်နိုင်ငံတွင် နိုင်ငံခြားအလုပ်သမားအများအပြားအား အမြဲတမ်းနေထိုင်ခွင့်အဆင့်ကို ပေးသွားမည်ဖြစ်သည်။ နိုင်ငံခြားသား အလုပ်သမားများအားတရားမျှတစွာဆက်ဆံပြီး လစာကိုမှန်မှန်ကန်ကန်ရရှိအောင် တရားရေးဝန်ထမ်းများက ဆောင်ရွက်သွားမည်ဖြစ်သည်။

နည်းဥပဒေကြမ်းအရ အလုပ်ရှင်များသည် လုပ်ခလစာများကို ဘဏ်ငွေစာရင်းဖွင့်၍ ထည့်ပေးပြီး ဂျပန်လူမျိုးမဟုတ်သော ဝန်ထမ်းများအတွက် မိုဘိုင်းဖုန်းရရှိအောင် ဆောင်ရွက်ပေးရမည်ဖြစ်သည့် အလုပ်ရှင်များသည် နိုင်ငံခြားလုပ်သားများ၏လစာကို ဂျပန်လုပ်ဖော်ကိုင်ဖက်အလုပ်သမားများနှင့် အနည်းဆုံးတန်းတူရရှိအောင်ပေးရမည်။ ထို့အပြင် အကယ်၍လစာနည်း၍အိမ်ပြန်မည့် အလုပ်သမားများအား ပြန်မည့်အလုပ်သမား၏ ခရီးသွားစရိတ်ကာမိအောင်ပေးရမည်ဖြစ်သည်။

စည်းမျဉ်းဥပဒေကြမ်းတွင် ဆိုးရွားသော အလုပ်အကိုင်ရှာဖွေရေးပွဲစားများအား အရေးယူမည့် အစီအမံများကို ထည့်သွင်းထားသည်။ ပွဲစားများအား ငွေမပေးရသေးသောနိုင်ငံခြား အလုပ်သမားအားနိုင်ငံသို့ရောက်လျှင် ရောက်ခြင်းအလုပ်ရှင်က စစ်ဆေးရမည်ဖြစ်ပြီး အသက်(၁၈)နှစ်နှင့်အထက်ရှိသူများသည် နေထိုင်ခွင့်အသစ်ကို လျှောက်ထားနိုင်သည်။ ကျွမ်းကျင်မှု အမျိုးမျိုးရှိနေကြသော နိုင်ငံခြားအလုပ်သမား ၃၄၅၀၀၀ အားလုပ်ငန်းကဏ္ဍ ၁၄ ခုတွင် ဧပြီမှစ၍ လာမည့်ငါးနှစ်အတွင်း ခန့်ထားသွားမည်ဖြစ်ကြောင်း ဂျပန်အစိုးရက ခန့်မှန်းထားသည်။

**စံမီအောင်**

# ဇန်နဝါရီလမှ အောက်တိုဘာလအတွင်း တရုတ်နိုင်ငံ၏ သယ်ယူပို့ဆောင်ရေး ရင်းနှီးမြှုပ်နှံမှုတည်ငြိမ်

၂၀၁၈ ခုနှစ်၊ ပထမ (၁၀) လ၌ တရုတ်နိုင်ငံ၏ Fixed-Asset Investment (FAI) မှ သယ်ယူပို့ဆောင်ရေးကဏ္ဍသည် တည်ငြိမ်စွာ တိုးတက်နေကြောင်း တရုတ်နိုင်ငံ၏ ပို့ဆောင်ရေးဝန်ကြီးဌာနမှ အသိပေးခဲ့ပါသည်။

အချိန်ကာလတစ်ခုအတွင်းတွင် Fixed-Asset Investment (FAI) သည် သယ်ယူပို့ဆောင်ရေး၌ တစ်နှစ်ထက်တစ်နှစ် ၂ ဒသမ ၆ ထရီလီယံယွမ် (အမေရိကန်ဒေါ်လာ ဘီလီယံ ၃၇၅ ခန့်) ရောက်ရှိရန် သုည ဒသမ ၇ ရာခိုင်နှုန်း တိုးတက်ခဲ့ကြောင်း ပို့ဆောင်ရေးဝန်ကြီးဌာန ကြေညာချက်တွင် ပြောကြားခဲ့ပါ သည်။

တရုတ်နိုင်ငံရှိ လမ်းများတွင် ရင်းနှီးမြှုပ်နှံမှုပမာဏသည် ပထမ (၁၀) လ အတွင်း၌ ၁ ဒသမ ၇၆ ထရီလီယံယွမ်အထိ ရောက်ရှိခဲ့ပါသည်။ အချိန်ကာလတစ်ခုအတွင်းတွင် အမြန်လမ်းများနှင့် ကျေးလက်လမ်းများတွင် Fixed-Asset Investment (FAI) သည် တစ်နှစ်ထက်တစ်နှစ် ၁၁ ဒသမ ၆ ရာခိုင်နှုန်းနှင့် ၁ ဒသမ ၅ ရာခိုင်နှုန်း အသီးသီးအသုံးပြုခဲ့ကြောင်း ပို့ဆောင်ရေးဝန်ကြီးဌာန၏ အချက်အလက်များမှ ပြသနေပါသည်။

၂၀၂၀ ခုနှစ်တွင် တရုတ်နိုင်ငံသည် လုံခြုံစိတ်ချရပြီး အဆင်ပြေ၍ အချိန်တိုနှင့် ခရီးရောက်သည့် ခေတ်မီသယ်ယူပို့ဆောင်ရေးစနစ်ကို ရရှိရန် ရည်ရွယ်နေပါသည်။ ၂၀၁၈ ခုနှစ်တွင် တရုတ်နိုင်ငံအနေဖြင့် အထူးသဖြင့် ဆင်းရဲနွမ်းပါးသော ဧရိယာများ၌ ထပ်မံ၍ မီးရထားလမ်းများနှင့် လမ်းကွန်ယက်များချဲ့ထွင်နိုင်ရန်အတွက် သယ်ယူပို့ဆောင်ရေးကဏ္ဍတွင် ၂ ဒသမ ၆ ထရီလီယံယွမ်ဝန်းကျင် အသုံးပြုရန်စီစဉ်ထားကြောင်း သိရသည်။

**ခြူးသီရိရွှင် (WTO)**

## Victoria Harbour Embroidery Factory

維多利亞港電腦繡花,雷射切割廠

PaH Jack Wolfskin mont·bell THE NORTH FACE CTF Bergans



No. (73-B), Min Theikdi Kyaw Swar Road,
Hlaing Thar Yar Industrial Zone (3), Yangon, Myanmar.
Tel : 09 450006221, 09 420011250
Email : moemoe.mm824@gmail.com



## ZABUYADANAR CUSTOMS BROKER AGENCY

U MAUNG MAUNG KYWE
MANAGING DIRECTOR
09-253050556,+959 5168696
01-391620, 01374267, 01370040
zabuyadanarbrokeragency@gmail.com

Logistics and Transportation Services







## PYAE SONE THANLWIN
Construction Company Limited.

PYAE SONE THANLWIN မှ လုပ်ကြီးမင်းတို့၏

- လုံးချင်း (အထပ်မြင့်/အထပ်နိမ့်) အဆောက်အဦးများ
- အဆင့်မြင့်တိုက်ခန်းများနှင့် ကွန်ဒိုမီနီယမ် တိုက်ခန်းများ
- စက်ရုံ၊ အလုပ်ရုံ၊ Super Market များတည်ဆောက်ခြင်းလုပ်ငန်းများ
- မြေကွက်နေရာကောင်းများရှိသော မြေပိုင်ရှင်များနှင့် အကျိုးတူပူးပေါင်းခြင်း
- အိမ်အတွင်း၊ အပြင် အလှဆင်ခြင်း လုပ်ငန်းများ
- Aluminium Composite ဖြင့်လုပ်တာဝ်ဆင်ခြင်း လုပ်ငန်းများ ကို

နိုင်ငံတကာအဆင့်မီ ဒီဇိုင်းဖြင့် စံချိန်စံညွှန်းအမီ ဆောက်လုပ်ပေးခြင်း၊

သတ်မှတ်ချိန်အမီ သေသပ်လှပစွာ ဆောက်လုပ်ပေးခြင်း တို့ကို PAE

စနစ်ဖြင့် စိတ်တိုင်းကျ တာဝန်ယူ တည်ဆောက် ပေးနေပါကြောင်း

သတင်းကောင်းပါးအပ်ပါသည်။

**Hot Line 09-4500 47500, 09-5132435**

**Yangon Office**

No.59/4, Nawaday Garden Housing, Hlaingtharyar Township, Yangon.
Tel : +951 681366, +959 49331313, +959 49201313, +959 425273339
E-mail : psthanlwin@gmail.com, azm.powerhouse@gmail.com

**Nay Pyi Taw Office**

No.Pha/213, Tha Pyae Gone , Zabuthiri Township,Nay Pyi Taw.
Tel : +9567 432535, +959 49223499
E-mail : psthanlwin@gmail.com, azm.powerhouse@gmail.com



## မြန်မာ့ပဏ္ဍိုင် ဆောက်လုပ်ရေး ကုမ္ပဏီလီမိတက်
MYANMA PIVOT CONSTRUCTION CO., LTD.





No.1104,Bo Myat Tun Tower,
MahaBandoola Road,
Botahtaung Township,
Yangon,Myanmar.
Ph : 951-296227
Mobile : 095016608
E-mail : myanmapivot2010@gmail.com






**Under Management of Established Company " PPC Group of Companies" in Singapore**



## Property Services

- Property Management
- M & E Services
- Cleaning
- Security

## Renovation Service

- Renovation of Existing Building
- Painting, Roofing, Flooring, Ceiling
- Installation of Electricity & Plumbing
- Consultancy Services

## Real Estate Services

- Leasing, Purchasing & Selling



No.19,4th Floor,Innwa Road, Kyauk Myaung Gyim Quarter, Tamwe Township, Yangon, Myanmar.
Tel: 09-260258485, 09-776432964
Email : ppcmyanmar@gmail.com | Website : www.ppcmyr.net

COMMERCE INTERNATIONAL

# ၂၀၁၈ ခုနှစ် စတုတ္ထသုံးလပတ်အတွက် ကမ္ဘာ့ကုန်သွယ်မှုဆိုင်ရာ Outlook Indicator နှင့်ပတ်သက်၍ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့မှ ခန့်မှန်းချက်ထုတ်ပြန်




| Drivers of trade | Level of Index | Direction of change |
|---|---|---|
| Merchandise trade volume (Q2) | 101.5 | → |
| Export orders | 96.6 | ↓ |
| International air freight (IATA) | 100.0 | ↓ |
| Container port throughput | 101.2 | ↓ |
| Automobile production and sales | 96.9 | ↓ |
| Electronic components | 93.9 | ↓ |
| Agricultural raw materials | 97.2 | ↓ |

၂၀၁၈ ခုနှစ် စတုတ္ထသုံးလပတ်အတွက် ကမ္ဘာ့ကုန်သွယ်မှုဆိုင်ရာ Outlook Indicator နှင့် ပတ်သက်၍ ခန့်မှန်းချက်သတင်းအား ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့မှ ၂၀၁၈ ခုနှစ် နိုဝင်ဘာ ၂၆ ရက်တွင် ထုတ်ပြန်ခဲ့ပါသည်။

သတင်း ကောက်နုတ်ချက်အရ ၂၀၁၈ ခုနှစ် စတုတ္ထသုံးလပတ်အတွက် ကမ္ဘာ့ကုန်သွယ်မှုဆိုင်ရာ Outlook Indicator ညွှန်းကိန်းမှာ ၉၈ ဒသမ ၆ အဖြစ်ဖော်ပြလျက်ရှိပါသည်။ တတိယသုံးလပတ်အတွက် ညွှန်းကိန်း ၁၀၀ ဒသမ ၃ ထက် လျော့နည်းသည့်အပြင် အခြေခံညွှန်းကိန်း ၁၀၀ အောက်သို့ နိမ့်ကျသွားသည်ကို တွေ့ရှိရပါသည်။ ခန့်မှန်းချက်အရ ကမ္ဘာ့ကုန်စည်ကုန်သွယ်မှု (Merchandise Trade) မှာ အကျဘက်သို့ ဆက်လက်ဦးတည်နေပြီး လက်ရှိဖြစ်ပေါ်နေသော ညွှန်းကိန်းမှာ ၂၀၁၆ အောက်တိုဘာလမှစ၍ တွက်ချက်ရရှိခဲ့သော ညွှန်းကိန်းများအနက် အနိမ့်ဆုံးသော ညွှန်းကိန်းဖြစ်သည်ဟု ဆိုပါသည်။

ပို့ကုန်အမှာစာရရှိမှု၊ မော်တော်ကား ထုတ်လုပ်ရောင်းချမှု၊ လျှပ်စစ်ပစ္စည်းများ ထုတ်လုပ်ရောင်းချမှုနှင့် စိုက်ပျိုးရေး ထွက်ကုန်များ တင်ပို့ရောင်းချမှုညွှန်းကိန်းများမှာလည်း အခြေခံညွှန်းကိန်း ၁၀၀ အောက်တွင်သာရှိနေသည်ကို တွေ့ရှိရပါသည်။

Container Port များနှင့်ပတ်သက်သော လုပ်ငန်းဆောင်ရွက်နိုင်မှုညွှန်းကိန်းနှင့် လေကြောင်းပို့ဆောင်မှုညွှန်းကိန်းများမှာ ယေဘုယျအားဖြင့် အခြေခံညွှန်းကိန်း ၁၀၀ အထက်တွင်ရှိသော်လည်း အတက်ဘက်တွင်ဦးတည်မနေဘဲ တန့်နေသည့် အနေအထားတွင် တွေ့ရှိသည်ဟု ဖော်ပြထားပါသည်။

ခန့်မှန်းချက် အစီရင်ခံစာတွင် ဖော်ပြပါရှိသည့် ညွှန်းကိန်းများအရ ကမ္ဘာ့ကုန်သွယ်မှုမှာ ဆက်လက်အားနည်းနေမည့် အနေအထားတွင်ရှိပြီး အထူးသဖြင့် ပို့ကုန်တင်ပို့မှုတွင်ဆက်လက်၍ သိသိသာသာ ကျဆင်းနိုင်ကြောင်း သုံးသပ်တွေ့ရှိရပါသည်။

ကမ္ဘာ့စီးပွားရေး အင်အားကြီးနိုင်ငံများအကြား ကုန်သွယ်ဆက်ဆံရေးမှာ အခိုက်အတန့်အားဖြင့် ပြေလည်နိုင်မည့် အခြေအနေများ ပေါ်ပေါက်ခဲ့သော်လည်း လက်ရှိ နောက်ဆုံး အခြေအနေများအရ ခန့်မှန်းရခက်သည့် အနေအထားတွင်ရှိနေပါသည်။ နောက်ဆုံးထွက်ပေါ်ခဲ့သော သတင်းအချက်အလက်များအရ ကုန်သွယ်ရေးဆိုင်ရာ တင်းမာမှုအပြင် နည်းပညာဆိုင်ရာ အငြင်းပွားမှုများမှ တစ်ဆင့်ပေါ်ပေါက်လာသည့် ဆက်စပ်မူဝါဒများမှာ ကမ္ဘာ့ကုန်သွယ်မှုအပေါ်များစွာထိခိုက်နိုင်ခြေရှိရာ ကမ္ဘာ့လုံးဆိုင်ရာစီးပွားရေးအပေါ် ကြီးမားသည့် သက်ရောက်မှုများ အထူးသဖြင့် အပြုသဘောမဆောင်သည့် ရိုက်ခတ်မှုများ ဆက်လက် ကြုံတွေ့လာနိုင်ကြောင်း သုံးသပ်တွေ့ရှိရပါသည်။

သို့ရာတွင် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ဝင်နိုင်ငံအချို့အနေဖြင့် လက်ရှိဖြစ်ပေါ်လျက်ရှိသော ကုန်သွယ်ဆက်ဆံရေးပဋိပက္ခမှနေ၍ ပေါ်ထွက်လာသော ဈေးကွက်ဝေစုကို အမိအရဆုပ်ကိုင်နိုင်စွမ်းရှိနေပြီး ၎င်းတို့အတွက် ကုန်သွယ်မှုဆိုင်ရာ အကျိုးအမြတ်များ ပိုမိုဖြစ်ထွန်းစေမည့် အခွင့်အလမ်းများ ပေါ်ပေါက်လာကြောင်း လေ့လာတွေ့ရှိရပါသည်။

**ညီညီအောင်၊ (WTO) သံမှူး**

## အမေရိကန် ကုန်စည်များအပေါ် တန်ပြန်ခွန်စည်းကြပ်မည့် အစီအစဉ်အား ဇန်နဝါရီ ၃၁ ရက်သို့ အိန္ဒိယထပ်မံရွှေ့ဆိုင်း

ပြီးခဲ့သည့် မတ် ၉ ရက်မှစ၍ သံမဏိနှင့် အလူမီနီယံပစ္စည်းများအပေါ် အမေရိကန်က သွင်းကုန်ခွန် တိုးမြှင့်ခဲ့သည့်အပေါ် တုံ့ပြန်သည့်အနေဖြင့် အိန္ဒိယကလည်းဒေါ်လာ ၂၃၅ သန်း တန်ဖိုးရှိ အမေရိကန်ကုန်စည် ၂၉ မျိုးအပေါ် အခွန်တိုးမြှင့်ကောက်ခံမည်ဖြစ်ကြောင်း ကြေညာထားခဲ့ရာ ယင်းအခွန်နှုန်းထားဖြင့် စတင်စည်းကြပ်မည့်ရက်အား ယခုအခါ ၂၀၁၉ ခုနှစ် ဇန်နဝါရီလ ၃၁ ရက်သို့ ထပ်မံရွှေ့ဆိုင်းလိုက်ကြောင်း သိရှိရပါသည်။

ယခင်နောက်ဆုံးထုတ်ပြန်ခဲ့သည့် ကြေညာချက်အရ တိုးမြှင့်ကောက်ခံမည့် အခွန်နှုန်းထားသစ်ကို ဒီဇင်ဘာ ၁၇ ရက်တွင် စတင်အသက်ဝင်ရန် စီစဉ်ထားခဲ့ကြောင်း၊ ယခုနောက်ဆုံးထုတ်ပြန်ချက်ပါ Deadline သစ်သည် လာမည့်နှစ် ဖေဖော်ဝါရီလတွင် လာရောက်မည့် အမေရိကန်ကုန်သွယ်ရေးအတွင်းဝန် Wilbur Ross ၏ အိန္ဒိယခရီးစဉ်မတိုင်မီ ရက်အနည်းငယ်အလိုတွင်ဖြစ်ကြောင်း သိရှိရပါသည်။

အမေရိကန်ကုန်စည် ၂၉ မျိုးအား တန်ပြန်ခွန်တိုးမြှင့်မည့် ပထမဆုံးကြေညာချက်ကို ပြီးခဲ့သည့်ဇွန်လတွင် အိန္ဒိယအစိုးရက ထုတ်ပြန်ခဲ့ပြီး ယင်းကြေညာချက်အရ ဩဂုတ်လ ၄ ရက်တွင် စတင်စည်းကြပ်ရန်ဖြစ်ကြောင်း၊ သို့ရာတွင် နှစ်နိုင်ငံတာဝန်ရှိသူများအကြား ဆွေးနွေးမှုများကို အကြိမ်ကြိမ်ပြုလုပ်ခဲ့ပြီး အိန္ဒိယဘက်က အခွန်တိုးမြှင့်မည့်အစီအစဉ်အား ရွှေ့ဆိုင်းလာခဲ့ရာ ယခုအကြိမ် ရွှေ့ဆိုင်းမှုသည် စတုတ္ထ အကြိမ်မြောက်ဖြစ်သည်။

**ယဉ်ယဉ်နွယ်၊ စီးပွားရေးသံမှူး**
**မြန်မာသံရုံး၊ နယူးဒေလီမြို့။**

**Trash is not Garbage**
**အသုံးပြု၍မရသော အရာတိုင်းသည် အမှိုက်မဟုတ်ပါ။**



## တရုတ်နိုင်ငံထုတ် ဓာတုပစ္စည်းတစ်မျိုးအပေါ် Anti-dumping duty ကို ငါးနှစ်ကြာ စည်းကြပ်ရန် အိန္ဒိယအတည်ပြု

အိန္ဒိယအစိုးရဝင်ငွေခွန်ဦးစီးဌာနသည် အိမ်နီးချင်းနိုင်ငံမှ တင်သွင်းလာသည့် ဈေးပေါသောသွင်းကုန်များကြောင့် ထိခိုက်မှုမှ ပြည်တွင်းထုတ်လုပ်သူများအား ကာကွယ်ရန်အတွက် ဆပ်ပြာမှုန့်/အစွန်းချွတ်ဆေးပြုလုပ်ရာတွင် အသုံးပြုသည့် တရုတ်နိုင်ငံထုတ် ဓာတုပစ္စည်းတစ်မျိုး 'Zeolite 4A' အပေါ် တန်ပြန်စုပုံခွန် (Anti-dumping duty) ကို ငါးနှစ်ကြာစည်းကြပ်ရန် အတည်ပြုသတ်မှတ်လိုက်ကြောင်း ၂၀၁၈ ခုနှစ် ဒီဇင်ဘာ ၁၆ ရက်ထုတ် PTI သတင်းစာမျက်နှာ၌ ဖော်ပြထားပါသည်။

အိန္ဒိယအစိုးရ Central Board of Indirect Taxes and Customs (CBIC) က ထုတ်ပြန်ခဲ့သည့် ကြေညာချက်အရ 'Zeolite 4A' အပေါ် စည်းကြပ်မည့် တန်ပြန်စုပုံခွန်နှုန်းထားမှာ တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၁၆၃ ဒသမ ၉၀ - ၂၀၇ ဒသမ ၇၂ အတွင်းဖြစ်ပြီး ယခုထုတ်ပြန်သည့် ကြေညာချက်အား ရုပ်သိမ်းခြင်း/ပြင်ဆင်ခြင်း/အစားထိုးခြင်းတို့ကို ကြားကာလတွင် ပြုလုပ် ခြင်းမရှိပါက ငါးနှစ်ကြာအကျုံးဝင်မည်ဟု ဖော်ပြပါရှိပါသည်။

အိန္ဒိယသည် တရုတ်နိုင်ငံအပါအဝင် ပြည်ပနိုင်ငံများမှ ကုန်ကျစရိတ်အောက် လျော့နည်းတင်သွင်းလာသည့် ဈေးပေါသောသွင်းကုန်များကို ထိန်းချုပ်ရန်အတွက် ကုန်စည်အမယ်များစွာအပေါ် Anti-dumping duty များ စည်းကြပ်ကောက်ခံရှိပြီး အိန္ဒိယအနေဖြင့် တရုတ်နှင့် ကုန်သွယ်မှုလိုငွေ မှာ ၂၀၁၆-၁၇ တွင် အမေရိကန်ဒေါ်လာ ၅၁ ဒသမ ၁၁ ဘီလီယံသာရှိခဲ့ရာမှ ၂၀၁၇-၁၈ တွင် အမေရိကန်ဒေါ်လာ ၆၃ ဒသမ ၁၂ ဘီလီယံထိ တိုးလာခဲ့ခြင်းကြောင့် တရုတ်နှင့် ကုန်သွယ်မှုပြုရာ၌ လိုငွေများစွာဖြစ်ပေါ်နေခြင်း အပေါ်တွင်လည်း စိုးရိမ်ပူပန်လျက်ရှိကြောင်း သိရှိရပါသည်။

**ယဉ်ယဉ်နွယ်၊ စီးပွားရေးသံမှူး၊ မြန်မာသံရုံး၊ နယူးဒေလီမြို့။**